www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

# မင်းတစ်ယောက်တည်းသာ

(အချစ်လုံးချင်းဝတ္ထုသစ်)



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ ဇန်နဝါရီလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၅၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

ဂ၉၅ ◦ ၈၃
မမသဒ္ဒါမောင်
မင်းတစ်ယောက်တည်းသာ/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ – စာ ၊ ၁၂ ◦ ၇ × ၁၈ စင်တီ။
(၁) မင်းတစ်ယောက်တည်းသာ


စာရေးသူ၏ ၅၅ အုပ်မြောက်

# မမသဒ္ဒါမောင်

---

## မင်းတစ်ယောက်တည်းသာ

www.burmeseclassic.com



ကိုယ့်ဘဝတစ်သက်တာမှာ…

ဟိုအရင်ကရော …

အခုရော…

နောင်ဘဝအတွက်ပါ…

စွဲလမ်းမြတ်နိုးစွာ ချစ်ခဲ့တဲ့မိန်းကလေးက

မင်းတစ်ယောက်တည်းသာ ရှိတာပါ "ချို"…။

|မင်းနေ့|

www.burmeseclassic.com

www.burmeseclassic.com





တစ်စုံတစ်ယောက်အတွက်နဲ့ စိတ်ဒဏ်ရာ ရခဲ့ပါသည့် မိန်းကလေးအပေါ်မှာ အသက်ရှူနှုန်းနဲ့ ထပ်တူထပ်မျှ ခွဲမရအောင် ချစ်မိသွားလိမ့်မည်ဟု သူ လုံးဝမထင်ခဲ့ပါ။ မင်းကို, ကိုယ့်အသက်လို တန်ဖိုးထားပြီး ချစ်မိခဲ့တာပါ “ချို”။

|ညီထွဋ်သာ|

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်အပေါ်မှာ ကိုယ်စိတ်နှလုံးသုံးပါးအစုံနဲ့ ပုံချစ်ခဲ့မိတဲ့ ကျွန်မအတွက် . . . နောက်တစ်ယောက်ကို ထပ်ချစ်ဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စတစ်ရပ်ပါ။

[ရှန်ချီ]

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

Taxi ပေါ်မှ ဆင်းကာ ကားခရှင်းပေးလိုက်ပါ၏။ ခါးကို ဖြန့်မတ်လိုက်ပြီး Coffee ဆိုင်ဘက် မျက်နှာမူလိုက်စဉ် နံနက်ခင်းလေပြည်က ကျွန်မမျက်နှာနှင့် တစ်ကိုယ်လုံးကို ဖြတ်တိုက်သွားလေသည်။ ဆောင်းလေအေးတို့က ကျွန်မရင်ကို မအေးစေပါချေ။

မျက်စိကို စုံမှိတ်၍ ပင့်သက်လေပူကို မှုတ်ထုတ်လိုက်မိ၏။ ကိုယ့်ကိုယ်ကိုယ် အကြိမ်ပေါင်းများစွာ မေးခဲ့ပြီးဖြစ်ပါလျက် ယခုချိန်ထိ စိတ်က ခုန်ခုန်းမချဖြစ်သေးပါ။ 'ညီထွေးသာ' ကို တကယ်ရှိပါရဲ့လား။ အဖြေက မရှိပါ။ သို့သော် (၂၆) နှစ်အရွယ် မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဒီလိုလူက ငြင်းပယ်စရာအချက် မရှိတာမို့ ခေါင်းညိတ်လက်ခံရုံသာ ရှိလေသည်။

လှချင်ပချင်သည့်အရွယ် မဖြစ်ချင်တော့တာ ဘာကြောင့်လဲ။ မျက်နှာကို Cream puff ခပ်ပါးပါးသာ ပုတ်လာတာမို့ ခပ်ပြောင်ပြောင်သာ ဖြစ်နေမည်သာ။ ဒါဖြင့် အဝတ်အစားကရော သက်သောင့်သက်သာ ရှိစေရန်နှင့် အသက်ရှူချောင်စေရန် ခပ်ပွပွ ဘလောက်စ်ကိုသာ ဖြီးစလွယ်ဝတ်လာတာပါ။ ဆံပင်ကို ခပ်တိုတိုရှင်းရှင်း ညှပ်ထားပြီး မိန်းမဆန်သည့်တန်ဆာတို့ မရှိသလောက် ဖြစ်နေပါသည့် ဤမိန်းမကို အဘယ်ကြောင့်များ သူ ချစ်ရတာပါလိမ့်။

"တိုယ် ဒီမှာချို"

မြက်ခင်းစပ် စားပွဲဝိုင်းမှ လက်ထောင်ပြလိုက်သဖြင့် ဆိုင်ထဲဝင်မည့်ခြေလှမ်းက တုံ့ခနဲ ရပ်သွားရပါ၏။ 'ညီထွဋ်သာ' တို့ကတော့ ထုံးစံအတိုင်း သပ်ရပ်ကြည့်ကောင်းနေတာပါ။ သူ့ပုံစံကို မြင်လိုက်သည်နှင့် ကောင်မလေး တော်တော်များများ သဘောတကျဖြင့် ကြည့်တတ်ကြလေ၏။ Gentleman အသေးစားလေးနှယ် ချောမောခန့်ထည်နေတာ မဟုတ်ပါလား။

"ကြာပြီလား"

"သိပ်မကြာသေးပါဘူး ချိုရဲ့၊ နာရီဝက်လောက်ပဲ ရှိပါတယ်"





နာရီဝက်တဲ့လား။ ကျွန်မအလှည့်တုန်းကဖြင့် (၁၅) မိနစ်လေးတောင် သည်းမခံနိုင်ခဲ့တာလေ။ ဒေါသတွေ ထွက်ခဲ့မိတာ၊ အော်ဟစ်ပေါက်ကွဲခဲ့မိတာ၊ သည်းကြီးမည်းကြီးနဲ့ ငိုကွေးမိခဲ့တာတွေရဲ့ အဆုံးသတ်က ဘာများပါလဲ။ "ကျိန်ရစ်ခြင်း" ဆိုသည့်အရာကို ကျွန်မဘာဝ စာမျက်နှာထက်မှ ခွဲဆုတ်ဖြုပစ်လိုက်ချင်တာ အမှန်ပါ။

"ချို ကြာသွားရင် sorry ပါ"

"ရပါတယ် ကိစ္စမရှိပါဘူး။ ချို ဘာသောက်ချင်လဲ၊ ကော်ဖီပဲလား"

"အင်း"

စွဲစွဲမြဲမြဲ သောက်ခဲ့ပါသည့် ကော်ဖီကိုတော့ မပြတ်နိုင်ပါ။ မိုးလင်း, နေ့လယ်, ညနေ, ညအိပ်ခါနီးအထိ အမြဲသောက်တတ်လွန်းလို့ ကော်ဖီစွဲနေပြီဆိုပြီး မမ သတိပေးတတ်တာလေ။ ကော်ဖီစွဲတာက အသည်းကွဲတာလောက် မပြင်းထန်တာ မမ သိရဲ့သားနဲ့ ပြောရတယ်လို့။ ကော်ဖီ မှာပြီးချိန်ထိ ဘာမှမပြောသေးဘဲ ဒီတိုင်း ထိုင်နေမိကြ၏။ တွေ့ဖို့ခေါ်တာက ကျွန်မပို့ 'ဘာပြောမှာလဲ' ဟု သူ မမေးပါ။ တစ်ဖက်သားအပေါ် စာနာနားလည်ပေးနိုင်စွမ်းရှိတာကိုက ကျွန်မ သဘောအကျမိဆုံးအချက်ပါပဲ။

"ညီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အမှန်ဆို ကျွန်မက သူ့ထက် အသက် (၅) လကျော်ကြီးတာ ဖြစ်ပါတယ်။ သို့သော် ရွယ်တူတွေနယ် တရင်းတနှီးပြောတာကို သူ သဘောကျသဖြင့် ဤသို့ပင် ခေါ်ဖြစ်ခဲ့တာပါ။ သူ့အလုပ် သူ့နေရာမှာ လူလေးစားခြင်း ခံရပေမယ့် ကျွန်မနှင့်တွေ့လျှင်ဖြင့် သူ ပိုင်ဆိုင်ထား ပါသည့် အရှိန်အဝါတို့ကို ဘေးဖယ်ထားပြီး သူငယ်ချင်းတွေနယ် ပြောဆိုဆက်ဆံဖြစ်ခဲ့တာပါ။

"ပြောမယ်"

သက်ပြင်းကို ရှိုက်ထုတ်လိုက်ပြန်ပါတယ်။ အဖြေပေးတော့မည် ဟူသည့် ရည်ရွယ်ချက်ဖြင့် ဒီနေရာကိုရောက်လာပြီးမှ ဘာမှမပြောဖြစ် ဘဲ ပြန်ခဲ့မိရင် မမ ဆူတော့မှာပါ။ ရင်ထဲမှာရှိခဲ့တဲ့ သူ့ကို စက္ကန့်မလပ် သတိရနေတုန်းမို့ ကျွန်မကိုယ်ကျွန်မ မုန်းနေမိတာ ဘယ်နှနှစ်တောင် ရှိနေပြီလဲ။ ကြာတော့လည်း လွမ်းဖို့မေ့သွားမှာပါဆို။ ပြောတော့ဖြင့် အလွယ်လေးပါပဲ။ လက်တွေ့မှာဖြင့် မုန်းဖို့ မေ့ဖို့ ခက်နေတာလေ။

"ချို"

မျှော်လင့်ချက်တို့ဖြင့် တောက်ပလာပါသည့် သူ့မျက်ဝန်းတို့ ကို အားနာစွာဖြင့် ပြန်ကြည့်နေမိပါတယ်။ ချစ်ခြင်းက အားနာခြင်းနှင့် နည်းနည်းလေးမှ မသက်ဆိုင်လှပါ။ ခက်သည်က ကျွန်မကိုယ်ကျွန်မ





လိမ်ညာနေမိပြီလားဟု သံသယဝင်မိခြင်းက မပျောက်တာပါပဲ။ အချစ် ဦးဆိုတာ ဘဝတစ်သက်တာမှာ အမြဲအမှတ်ရနေတတ်တာများလား။ ဒီနေ့အထိ တိုက်ဆိုင်တဲ့အချိန်, သူနှစ်သက်သည့်အရောင်, ပစ္စည်း, အစားအစာ အသေးအဖွဲလေးကအစ အမှတ်တရအဖြစ် ရင်ထဲမှာပါမက ဦးနှောက်ထဲမှာပါ သိနေတာ ဘာကြောင့်ပါလဲ။

ရွှေရွှေမှုမှုချစ်တတ်သည့် အရွယ်မျိုးမဟုတ်ပါဘဲ အရွယ် ရောက်သည့် အသက် (၂၁) နှစ်မှာ ပထမဦးဆုံးအကြိမ်, ပထမဦးဆုံး နှလုံးသား, ပထမဦးဆုံးရင်ခုန်သံနှင့် ပထမဦးဆုံးအချစ်တွေ ရှိသမျှ အကုန်ပုံပေးပြီး ချစ်ခဲ့မိတာပါ။ စိတ်တူကိုယ်တူဖြင့် နှစ်ကိုယ်တူချစ်ခဲ့ ပါလျက် ကျွန်မတို့ရဲ့တူနှစ်ကိုယ်တိုင်းပြည်ကို သူကပင် ဖြိုချဖျက်ဆီး ပစ်ခဲ့တာလေ။

ယောကျ်ားတွေ ပေးနိုင်တာက "သစ္စာ" မိန်းမတွေပေးနိုင် တာက "မေတ္တာ" တဲ့။ တကယ်တမ်း လက်တွေ့မှာဖြင့် နှစ်နှစ်ကာကာ ချစ်ခဲ့သည့်သူက ကျွန်မအပေါ် သစ္စာဖောက်ခဲ့တာ မဟုတ်ပါလား။ အချစ်ဆိုတာ အနှစ်မပါဘဲ အကာသက်သက်သာဟူသည့်အချက်နှင့် အရှုံးတရားကို ကျွန်မ သိအောင် သူ သက်သေပြခဲ့တာပါ။

"ညီလိုချင်တဲ့အဖြေကို အတိအကျ မပေးနိုင်ဘူး"

"ဟာ! ချို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့"

စကားဆက်ပြောမှာမို့ သူ ငြိမ်သွားပါ၏။ "တွဲကြည့်ကြမယ်လေ" ဟု ပြောချင်ပေမယ့် "မိန်းမတို့ကူရွေးမြှေး၍မရ" ဟူသည့် စကားပုံမျိုးကို ဖျက်လို့မှ မရတာလေ။ ရိုးရိုးလေးသာချစ်ခဲ့ရင် ဘဝလမ်းမတာ ပြောင့်ဖြူးခဲ့မှာ အမှန်ပါ။ စိတ်ရောကိုယ်ပါ နစ်ပြီးချစ်မိခဲ့သည့်အတွက် "နောင်တ" ဆိုသည့်အရာက ကျွန်မတစ်ကိုယ်လုံးကို ဖိသတ်ထမ်ခဲ့တာလေ။

"အရင်ဆုံး ညှိချင်စရာအချက်တွေ ကြိုပြောချင်လို့ အခုလို တွေ့တာပါ၊ ညီ"

"ပြောပါ ချို"

"နံပါတ်တစ် ... တစ်ယောက်ကိုတစ်ယောက် မလိမ်ညာမဖုံးကွယ်ကြေး"

သူ ဆတ်ခနဲ ခေါင်းညိတ်ပြလေ၏။ သဘောတူသတဲ့လား။ လူ့လောကမှာ အခါအခွင့်တိုက်ဆိုင်မှုမျိုး အရေးတကြီးကိစ္စမျိုးမို့ ရှောင်လွှဲလို့ မရရင်ဖြင့် အနည်းနဲ့အများ ဒီမုသာဝါဒကံကို ကျူးလွန်ကြမည်သာ။ သို့သော် ခွင့်လွှတ်ပေးနိုင်မည့် အတိုင်းအတာမျိုးသာ ဖြစ်သင့်မှန်း လူတိုင်း သိထားရမှာပါ။

ဒါဖြင့် ကျွန်မနှင့်ပတ်သက်ခဲ့ပါသည့် သူကရော။ ကျွန်မကို





လိမ်ညာဖုံးကွယ်တာမျိုး ရှိခဲ့ပါသလား။ ရှိခဲ့ပါ၏။ လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး နှစ်နှစ်ကျော်တွဲဖြစ်ခဲ့ပါလျက် သူမို့ လှည့်စားရက်တာလေ။ သစ္စာမဲ့ခြင်း၏နိဒါန်းအစက လိမ်ညာလှည့်စားခြင်းပင် မဟုတ်ပါလား။

"အကယ်၍ မလွှဲသာ မရှောင်သာလို့ ချို့အတွက် စိတ်ထိခိုက်စရာမျိုး ရှိခဲ့ရင် ကိုယ်တိုင်အသိမပေးချင်တာမျိုးမဲ့ ဆိုပါတော့၊ အဲဒီအခါ ကိုဇော်ကနေတစ်ဆင့် မမကို ပြောနိုင်းလည်း ဖြစ်ပါတယ်"

"ကိုယ် နားလည်ပါတယ်"

"Ok! ... နံပါတ်နှစ် ... တွေ့ချင်လို့ ချိန်းတဲ့အခါမျိုး, phone ဆက်တာမျိုး အဆင်မပြေရင် ပွင့်ပွင့်လင်းလင်း ပြောရမယ်၊ အကယ်၍ နောက်ကျတာမျိုးရှိခဲ့ရင်လည်း အတတ်နိုင်ဆုံး သည်းခံပေးရမယ်"

"Ok! ... ဖြစ်တယ်"

"နံပါတ်သုံး ... အပြုအမူ, အပြောအဆိုပဲဖြစ်ဖြစ်၊ အနေအထိုင်ပဲဖြစ်ဖြစ်၊ မနှစ်မြို့က်ရင် ချက်ချင်းပြောရမယ်၊ ပြုလည်း ပြုပြင်ရမယ်၊ သေးသေးမွှားမွှားလေးကအစ စိတ်ထဲချုပြီး ကွယ်ရာမှာ ပြောတာမျိုး မလုပ်ရဘူး"

"ကောင်းပြီ"

"နံပါတ်လေး"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးထားသည့်အပြုံးက လျော့မသွားပါချေ။ စည်းကမ်းတွေ ဒီလောက်စီပြီး ပြောနေတာကို စိတ်မဆိုးဘူးတဲ့လား။ တကယ်ဆို ဇီဇာကြောင်လွန်းသည်ဟု ပြစ်တင်ဝေဖန်လျှင်လည်း ရပါလျက်နှင့် သူ့မှာ စိတ်ရှည်နိုင်တာလေ။ ကလေးတွေကို ဂရုစိုက်ကုသပေးနေပါသည့် ဆရာဝန်မို့ပဲလား။ စိတ်ရှည်သည်းခံနိုင်စွမ်းကြီးပါရဲ့။

"တစ်ယောက်က သဘောမတူရင် အသားမထိကြေး"

"တာ ... ဒါတော့"

"မလိုက်နာချင်ဘူးပေါ့လေ"

"ချိုကလည်း ချစ်သူဘဝဖြစ်မှတော့ လက်ကိုင်တာ ပခုံးဖက်တာ ဘာညာတော့ ရှိမှာပေါ့၊ ဒါတော့ မဖြစ်ဘူး"

"ချိုဆိုလိုတာက လက်မထပ်ခင်ကာလအတွင်း စည်းကျော်တာမျိုးကိုပါ"

"ဪ ... ဒါလား။ No problem! ... သဘောတူတယ်"

"နံပါတ်ငါး"

"ရှိသေးတယ်ပေါ့လေ"

"စိတ်မရှည်ရင် အခုထပြန်လည်း ဖြစ်ပါတယ်, ညီ"

"No ! No! အဲဒီလောက် မရက်စက်ပါနဲ့ ... sorry ပါ"

စကားပြောတာကို ခဏနားရင်း ခပ်နွေးနွေးကော်ဖီကို ယူ





သောက်လိုက်မိ၏။ ဆိုင်ဖျော်ပေးမယ့် အရသာရှိအောင် ဖျော်ထားသား ပါပဲ။ ကော်ဖီဆိုတာ အနံ့မွှေးပြီး အရသာခါးစိမ့်စိမ့်ရှိမှသာ ကော်ဖီစစ် တာပါ။ ဒါဖြင့် ချို့ချစ်သူကရော ခါးစိမ့်စိမ့် နှစ်သက်ပါသည့် မိန်းက လေးကို ချိုမြသည့်ချစ်ခြင်းတို့ဖြင့် ရူးသွပ်စေခဲ့တာလေ။

မုန်းတီးစက်ဆုပ်တာလား။ နာကြည်းပြီး စိတ်နာတာလား။ ခေါင်းစဉ်တပ်ရာ မရေရာတော့ပါ။ နာမည်မကြားချင်, လူကိုမတွေ့ချင်, သူ့အကြောင်းတွေးတောစဉ်းစားတာမျိုး မဖြစ်ချင်တော့တဲ့ ခါးခါး သီးသီး ဖြစ်ခဲ့ရတာလေ။ 'အချစ်ကြီး၍ အမုန်းကြီးသည်' ဟု ပြောလည်း ပြောကြပါစေတော့ ...ဒီကမ္ဘာပေါ်မှာ နောက်ထပ် တစ်ကြိမ် ပြန်ကိုမဆုံချင်တော့တာ အမှန်ပါ။

"ချို့အပေါ် စိတ်ပျက်ငြီးငွေ့လာတာမျိုးပဲဖြစ်ဖြစ်၊ ချို့ထက် ပိုပြီး ချစ်ရမယ့်သူ ရှိလာရင်ပဲဖြစ်ဖြစ်၊ မကွယ်မဝှက် အမှန်အတိုင်း ရိုးသားစွာ ပြောစေချင်ပါတယ်"

"ဟာ! ချိုရာ"

"ပန်းခင်းရှိရာ လိပ်ပြာဝဲတယ်ဆိုပြီး နမူနာမပြချင်ပါနဲ့ ညီ၊ ရည်းစားဘဝမှာ ဖျက်ရာဖျက်ကြတာ အခဆန်းမဟုတ်ပေမယ့် ချို့အပေါ် ခလေးမစားနဲ့ သစ္စာအဖောက်ခံရတာမျိုး အဖြစ်မခံနိုင်လို့ပါ"

သူ ခေါင်းညိတ်ပြန်လေ၏။ လူငယ်ဆရာဝန်မို့ ကွယ်ရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုနိပ်ပုန်းခုတ်စရာမလိုပါ။ အေးနားပတ်လည်မှာ တွဲဖက်ဒေါက်တာတွေ ရှိနေသလို ခပ်ချောချောနာ့စ်မလေးတွေလည်း အများကြီးရှိတာ မဟုတ်ပါလား။ ကျွန်မ စောင့်ကြည့်နိုင်မည့် အခွင့်အရေးမျိုး မရှိသော်ငြား လိပ်ပြာလုံစွာ ရှိစေချင်တာမို့ ဒီစကားမျိုး ထည့်ပြောဖြစ်တာလေ။

သစ္စာစောင့်သိပြီး ယုံကြည်စွာ လက်တွဲဖြစ်ခဲ့သည့်ချစ်သူရဲ့ လျှို့ဝှက်ကိစ္စကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရတာမို့ ယောကျ်ားတွေကို စိတ်နာပြီး (၃) နှစ်ကျော်ကာလမှာ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ ထပ်ချစ်ဖို့ ရင်ခုန်ဖို့ ပျော်ရွှင်ဖို့ကိစ္စကို ဘာတစ်ခုမှ စိတ်ထဲမရှိခဲ့ပါ။ ဒီနှစ်မှာမှ ရင်းနှီးပတ်သက်ခဲ့ပါသည့် ညီကို ရွေးချယ်ပါဟု မမနှင့်ကိုဇော် ပြောလွန်းလို့သာ စဉ်းစားဆုံးဖြတ်ခဲ့တာပါပဲ။

"ချိုတို့ကိစ္စမှာ လူကြီးတွေ ကန့်ကွက်တာမျိုးဖြစ်ရင်လည်း နောက်ဆုတ်သင့်ရင် ဆုတ်နိုင်ဖို့အတွက် စဉ်းစားရမယ်လေ၊ အထူးသဖြင့် ချို လက်ခံဖြစ်တဲ့ ညီအတွက် နောင်တ ဘာတစ်စုံတစ်ရာမှ မရချင်လို့ပါပဲ"

"ဘယ်လို"

"အခု ချိုပြောတဲ့ အချက် (၆) ချက်ကို ညီ သဘောတူနိုင်မလား။ သေချာပြန်စဉ်းစားကြည့်ပါ၊ ပြောချင်တဲ့အရာ ကုန်ပါပြီ"

"ဒါဖြင့် ... ချိုက ... ချိုက"





"ညီတောင်းဆိုမျှော်လင့်ထားတာကို ချို လက်ခံပေးပါ့မယ်"

"ဟာ! ... ဝမ်းသာလိုက်တာ ချိုရာ"

"Ho! Rule! number four"

"Sorry! Sorry! ... ဝမ်းသာသွားလို့ စိတ်လွတ်သွားရတာပါ"

စားပွဲထက် တင်ထားပါသည့် ကျွန်မလက်ကို လှမ်းဆုပ်ကိုင်လိုက်စဉ် သတိပေးလိုက်သဖြင့် သူ ချက်ချင်းလွှတ်ပေးလိုက်ပါ၏။ မျက်ဝန်းတွေပါမက နှုတ်ခမ်းအစုံပါ သူ့ရင်ထဲ အဘယ်မျှ ပျော်ရွှင်နေသည်ဆိုတာကို သိသာစေပါ၏။ နောက်ထပ် နှလုံးသားတစ်စုံဆိုတာ ရှိနိုင်ပါ့မလား။ အက်ကြောင်းအဏ်ရာ ရှိနေပါသည့် နှလုံးသားဖြင့် ညီအပေါ် ခေါင်းညိတ်မိခြင်းကြောင့် စိတ်တွင်းမှ မျက်နှာပူအားနာနေမိလေသည်။

ကျေးဇူးပြု၍ ဖြူစင်စွာ ထပ်ချစ်ခွင့်ပေးလှည့်ပါ။ ရိုးသားခြင်းနှင့် ပြုံးပျော်ပါရစေ၊ လှည့်စားခြင်းတို့ ကင်းဝေးပြီး အနာတရ ဖြစ်ခဲ့ပါသည်။ နှလုံးသားမှ ဒဏ်ရာကို ညီချစ်ခြင်းတို့ဖြင့် ဖေးကူကုသနိုင်ပါစေသား။

လူတစ်ယောက်အပေါ်မှာ ကိုယ့်စိတ်နှလုံး သုံးပါးအစုံနဲ့ ပုံအပ်ခဲ့မိတဲ့ ကျွန်မအတွက် နောက်တစ်ယောက်ကို ထပ်ချစ်ဖို့ဆိုတာက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စတစ်ရပ်ပါ။ မျှော်လင့်ချက်အကြီးကြီး မထားရဲတော့သလို နောက်ထပ်ငိုကြွေးခြင်း၊ နောက်ထပ်နာကျင်ခြင်း၊ နောက်ထပ်ရင်နင့်ခြင်းတွေနဲ့ နောင်တတရားမျိုး 'ရှုံ့ချို' ထံ ထပ် မရောက်ပါစေနဲ့ဟုသာ ဆုတောင်းမိတာ အမှန်ပါ။

❋ ❋ ❋



## အခန်း (၂)

ရေချိုးခန်းထဲမှာ လေချွန်၍ သီချင်းညည်းရင်း ရေချိုးနေတာ ကြာပြီမို့ အပြီးသတ်လိုက်ရပါတယ်။ သိပ်ကြာလွန်းပါက သူ့မာမီ၏သတိပေးသံကို ကြားရတော့မှာပါ။ အခန်းပြတင်းပေါက်မှ လှမ်းကြည့်လိုက်မိစဉ် ခြံထဲသို့ ဝင်လာသည့် ကားကြောင့် ပြုံးလိုက်မိလေသည်။ ဝမ်းကွဲအစ်မတော့ ရောက်လာလေပြီ။

"သားရေ!"

မာမီ့အော်သံကို ကြားရချေပြီ။ Night duty ဆင်းလာသည့် သားကို နားချိန်တောင် မပေးချင်ပုံပါ။ သူ့လုပ်နေပါသည့် ဆေးရုံမှာ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူရတာ မတူပေမယ့် senior ဖြစ်သည့် ကိုဦး (သက်ပိုင်ဦး) နှင့် မမက တွဲနေပြီမို့ ထစ်ခနဲရှိ မွစိမွစိပြောရန် သူ့ထံ ရောက်လာတတ်တာမို့ နားမှု မျက်စိနောက်ရဦးမှာပါပဲ။

"ကောင်လေး"

"လာပါပြီ . . . စောစောစီးစီး ဘယ်လိုဖြစ်နေတာလဲ"

လှေကားမှ ဆင်းလာရင်း အသံပြုလိုက်ရပါ၏။ ဒီအစ်မကတော့ ပျာယီးပျာယာဖြင့် ရောက်လာပြီး စကားကို ပေါက်ပေါက်ဖောက်သည့်နှယ် ပြောတော့မှာလေ။ သူတို့မိသားစုကတော့ ခွေမျိုးတွေရှိပြဿနာမရှိပါ။ ကိုဦးကတော့ အတော့်ကို နားညည်းရသည့် ရည်းစားကို ရလိုက်တာ အမှန်ပါပဲ။

"(၉) နာရီကျော်နေပြီဟဲ့ . . . ဒါ စောတော့မလား"

"Night duty ဆင်းထားတာ မမရ . . . ကိုယ်ချင်းစာတတ်မှပေါ့"

"ဟုတ်လား . . . sorry ဟာ၊ ငါသိချင်တာရှိလို့ လာခဲ့တာ"

"ဒါဖြင့်လည်း phone ဆက် မေးရောပေါ့ဗျ"

"ဒါတော့ နင်ပြောမှလား . . . နင့်မျက်နှာကြည့်ပြီး မေးမှသေချာမှာမို့ ရောက်လာတာပေါ့"

သူ ပခုံးတွန့်ပြလိုက်မိပါ၏။ ဒီအစ်မကြောင့် ကြားထဲကနေ





ကိုဦးအပေါ် မျက်နှာပူမိတာလေ။ ဇီဇာကြောင်တာ၊ သံသယများတာ၊ ချုပ်ကိုင်တတ်တာက နှစ်ယောက်ပင် မရှိပါချေ။ ရှုရှုမှုမှုချစ်တဲ့အရွယ်လည်း မဟုတ်ပါဘဲ ကိုဦးကို သည်းသည်းလှုပ် ချစ်မိတာက လက်ဖျားခါချလောက်ပါရဲ့။

"ကော်ဖီသောက်မယ်ဆို လိုက်ခဲ့လေ"

"ကော်ဖီက အရေးမှမကြီးတာ"

"မမအတွက် အရေးမကြီးပေမယ့် ကျွန်တော့်အတွက်တော့ အရေးကြီးတယ်"

"ကြည့် . . . အမြဲတမ်း သူ့သဘောချည်းပဲ"

ငြိုသည်မဟုတ်တာမို့ ငြိုခန်းထဲမှာ တကူးတက ငြိုမခံဘဲ ထမင်းစားခန်းဆီသို့ ဦးဆောင်၍ ခေါ်ခဲ့ပါ၏။ အိမ်ကိုလာတိုင်း တခါတို နှုတ်ဆက်စကားမျိုးသာ ပြောလေ့ရှိပြီး အတွင်းရေးကိစ္စတွေဆိုသာ သူနှင့် တိုးတိုးကျိတ်ကျိတ် တိုင်ပင်တတ်ကျင့်ရှိသည့် အစ်မပါပဲ။

"ကဲ! ပြော . . . ဘာဖြစ်လာပြန်ပြီလဲ"

"ဘာဖြစ်ရမလဲ . . . အခု phone လည်း မဆက် message လည်း မပို့နဲ့ ငါ့ကို ဒင်း ခေါက်ထားတာ ကြာပြီ၊ ဘာသဘောလဲလို့ မေးပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... မအားလို့နေမှာပေါ့ဗျ"

"မအားစရာလား။ အဓိပ္ပာယ်မရှိလိုက်တာ၊ ဝါလည်း အလုပ်တစ်ဖက်နဲ့ ဘယ်မှာ အားလပ်ချိန်ရှိလို့လဲ၊ လူချင်းမတွေ့နိုင်ရင်တောင် အသံလေးတော့ ပေးရမှာပေါ့"

သူ နှာခေါင်းရှုံ့လိုက်မိပါ၏။ ကရားထဲမှ နှပ်ထားပါသည့် တော်ဖီကို ခွက်ထဲ ငှဲ့ထည့်ကာ သကြားအနည်းငယ်နှင့် နို့ပါရော၍ ဖျော်နေမိသော်ငြား မပကဖြင့် ခုချိန်ထိ ရှေ့ရှိ ပန်းကန်ပြားပေါ်မှာ မှောက်ထားသည့် ခွက်ပင် မလှန်ဖြစ်သေးပါချေ။ အသက် (၃၀) အရွယ် အပျိုမကြီးတကြီးရဲ့အချစ်ရေးက သူ့ကို အဖျားခတ်တာတော့ ကံမကောင်းပါလား။

"ဟဲ့! ဒီလောက်ပြောနေတာတောင် နည်းနည်းပါးပါး ပြောဦးမှပေါ့"

"ဘာပြောရမှာလဲ၊ ကျွန်တော်က ကာယကံရှင်မှ မဟုတ်တာ"

"ကိုဦးက နင့် senior ပဲဟာ"

"ကိုဦးက ကိုဦး။ ညီထွဋ်က ညီထွဋ်သာပဲဟာ၊ ဘာမှမဆိုင်ဘူး။ တစ်ခါလေး မိတ်ဆက်ပေးလိုက်ရုံနဲ့ ပြဿနာဖြစ်တိုင်း လူကို ဆွဲဆွဲထည့်နေတာတော့ မမိုက်ဘူး"





"ဘာ ... အစ်မကို အဲဒီလို ပြောစရာလား။ နင်တော့လား"

"လူဆိုတာ သူ့ဘက် ကိုယ့်ဘက် မျှမျှတတ တွေးပေးတတ်ရတယ်ဗျ။ မမဘက်ကချည်း အမြဲ ဒီလိုတပူပူ တဆူဆူလုပ်နေတာ တိုဘက်မှာ ဘယ်လောက် stress ဖြစ်မလဲ စဉ်းစားကြည့်"

"ချစ်တာကိုးဟဲ့ ... သူက အဲဒီလို ပြောလို့လား"

လုပ်ချလိုက်ပြန်ပါပြီ။ မောင်ဖြစ်သူရှေ့ ပြောသင့် မပြောသင့် ချင့်ချိန်ဘဲ ပြောချလိုက်တာ မဟုတ်လား။ 'မေစံပယ်' တို့ဂုဏ်တော့ ပြောလိုက်ရင် ဘွင်းဘွင်းချည်းပါပဲ။ ဂုဏ္ဍေတွေ၊ သိက္ခာတွေဆိုပြီး အချစ်မှာ ထည့်မတွက်တတ်သလိုပါလေ၊ လက်ရဲ နှုတ်ရဲ ဒီအစ်မကို ဖြင့် သူ လက်လန်ပါရဲ့။

"သူကတော့ ဖွင့်မပြောမလား။ ဘေးက မြင်တဲ့လူတိုင်း သိသာနေတာပဲ"

"နင် မညာဘဲ အမှန်အတိုင်း ပြောနော်"

ကိုယ်ခန္ဓာကို ရှေ့ကိုင်းပြီး မေးလိုက်သဖြင့် ထိုင်ခုံကျောမှီကို သူ မှီ၍ ရှောင်လိုက်ရပါ၏။ ကိုဦးလည်း ဒီလိုမျိုးမုံစံတွေကြောင့် အစ်မဖြစ်သူကို လန့်နေတာထင်ပါရဲ့။ အခွင့်အရေး ယူတတ်သည့် ယောက်ျားမျိုးနဲ့ တွေ့ရင်ဖြင့် ဒီအချိုးမျိုးက အန္တရာယ်ပါလေ။

"မောင်နှမတွေ ဘာဖြစ်နေကြပြန်တာလဲ၊ စံပယ်က ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



off မို့လို့လား"

"မဟုတ်ပါဘူး အန်တီလေးရဲ့ . . . သွားရမှာ၊ သိချင်တာရှိလို့ ဝင်လာတာ"

"ထမင်းစားသွားပါလား"

"မစားပါဘူး"

မာဓိက ပေါင်မုန့်ကို Microwave ထဲမှ နွေးပြီး ထုတ်လာလေ၏။ Cream မပါသည့် အစိမ့်မို့ 'ချို' ကို စိတ်ထဲမှ သတိရမိသွားပါသည်။ အချိုမကြိုက်သည့် ကောင်မလေးက သူ့အာရုံကို ဖမ်းစားနိုင်လွန်းတာ မဟုတ်ပါလား။

"ဘာပြဿနာရှိလို့လဲ"

"စံပယ့်ကိစ္စပါ"

"ကြီးမှ ဝက်သက်ပေါက်တာလည်း ကြည့်ပေါက်ဦး။ လူသိရှင်ကြား အော်ကြီးဟစ်ကျယ်နဲ့၊ တကယ်ပဲ"

"အန်ရှီတို့ပဲ စံပယ့်ကို အပျိုကြီးမဖြစ်စေချင်ဘူးဆို"

"ဒါတော့ဒါပေါ့ . . . ညည်း အိမ်ထောင်မြန်မြန်ပြုမှပဲ ငါ့သားနားပူသက်သာမှာ၊ ဘယ့်နှယ်! . . . တဆိတ်ရှိ ရောက်လာပြန်ပြီ"

"အန်တီလေးနော်"

"မဟုတ်လို့လား"





မမက မာဓိကို မျက်စောင်းခဲလိုက်ပြီး မကျေမနပ်ဖြင့် မျက်နှာရှုပ်သွားလေ၏။ မာဓိအစ်ကိုကြီးက သမီးတစ်ယောက်မွေးထားပြီး မာဓိက သားတစ်ယောက် မွေးထားတာမို့ တစ်ဦးတည်းသော သားသမီးတွေ ဖြစ်ခဲ့ရတာပါ။ သို့သော် ငယ်စဉ်ကတည်းက သူက တည်ငြိမ်အေးဆေးသလောက် 'မေစံပယ်' ကဖြင့် မရှုပ်ပျာဖြစ်ခဲ့တာပင်။

"ဘာမေးမလို့လဲ"

"ကိုဦး အသစ်တွေ့နေပြီလား"

သူ ပေါင်မုန့်ဝါးနေရင်းမှ အသံထွက်အောင်ပင် ရယ်မိတော့မ်း နောက်ဆုံးတော့ ဒီလို သံသယမေးခွန်းပဲ ထွက်လာတာလေ။ ဒီအစ်မတစ်ယောက်ကတော့ မမြင်ဖူး မူးကိုမြစ်ထင်သလိုနှယ် ကိုဦးအပေါ် စိတ်အာရုံ အကုန်ပုံထားပါရောလား။ ကိုယ့်အစ်မမို့ ပစ်ပစ်ခါခါ မပြောရက်ပေမယ့် အမြင်ကတ်စရာပင် ကောင်းနေတာပါလေ။

"ရယ်မနေနဲ့လေ . . . ငါ့အပေါ် ဒီလောက် အေးတိအေးစက်ဖြစ်လာတာ အကြောင်းရှိရမှာပေါ့"

"မမက မဖြစ်နိုင်တာကို ပြောနေတာကိုး"

"နင်တို့ ယောက်ျားလေးတွေက တစ်ယောက်ကို လေးငါးခြောက်လ တွဲရုံနဲ့ ရိုးပြီး ငြီးငွေ့တတ်တဲ့အမျိုးပဲဟာ"

"ဝါးလုံးသိမ်းပြီး ယမ်းပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နင့် Senior ဆိုပြီး ဘက်မလိုက်နဲ့နော် ကောင်လေး။ ငါ သိရင် မလွယ်ဘူးမှတ်"

"ကြွကြွဖန်ဖန်ဗျာ ... အပျော်တွဲတဲ့အရွယ်မျိုးမှ မဟုတ်တာ မမရာ၊ နည်းနည်းပါးပါး မျက်စဉ်းခတ်ပြီး ကြည့်ပါဦး"

"ငါ့စိတ်ကို နင်မှ မဖတ်တတ်တာ ... ဘယ်စာနာတတ်ပါ့ မလဲ"

သူ ကျိတ်ပြုံးလိုက်မိပါ၏။ အချစ်ကို ဒီအရွယ်မှ တွေ့ဖူးသလို ပါပဲလား။ မိန်းကလေးနှင့်ယောက်ျားလေး၏ရင်တွင်းခံစားချက် ခြား နားပုံချင်း မတူညီကြတာ အမှန်ပါ။ ဆယ်ကျော်သက်အရွယ်မှစ ပြောင်းလဲလာသည့် ဟိုမုန်းတွေ၊ အရွယ်ရောက်ချိန်မှာ စတင်ခံစား တတ်လာပါသည့် ရင်ခုန်မှုဆိုတာတွေက သိစိတ်နှင့် မသိစိတ်ကို ယှဉ်တွဲချင့်ချိန်ပြီး ထိန်းချုပ်တတ်ရမှာလေ။

ဆေးကျောင်းတက်စဉ်မှာရော ရင်မခုန်ရဘူးလား။ ပညာရေး ကို ပထမဦးစားပေးအရာအဖြစ် အဓိကထားခဲ့တာမို့ ရင်ခုန်ခြင်း အတတ်ပညာကို တမင်မေ့လျော့ထားခဲ့မိရုံသာ ရှိတာပါ။ ရင်ခုန်ရုံနှင့် အချစ်တစ်ခု အပီအပြင် ဖြစ်တတ်တာမျိုးမှ မဟုတ်တာပဲ။ ဆန့်ကျင် ဘက်လူသားအချင်းချင်းရဲ့ ကွဲပြားခြားနားမှုကို နားလည်ထားပါက ဒီကိစ္စကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ အမှန်ပါ။





"ကျွန်တော့်ကို မချစ်တတ်ဘူးဆိုပြီး လှောင်တာလား"

"ဘယ်လို ... နင် ... နင် ချစ်သူရှိနေပြီလား"

"ရှူး!"

"ဘာလဲ ... အန်တီတို့ မသိဘူးလား"

"လောလောဆယ် မပြောသေးတာပါ"

"ဘယ်သူလဲ၊ ဘယ်ကလဲ၊ ချောလား"

မေးခွန်းတွေ တစ်သီကြီး ထွက်လာလေ၏။ မိန်းမဆိုတာ စပ်စုတတ်သည့်အမျိုးတဲ့။ သူ၏'ရှိ'ကဖြင့် သူများကိစ္စကို အကြောင်း ရှာပြီး စပ်စုတတ်သူ မဟုတ်ပါချေ။ အချစ်မှာ လှတာ၊ ရုပ်ဆိုးတာမျိုး ရှိတာမှ မဟုတ်ဘဲ။ ဒီတိုင်း နှလုံးသားက သူ့ဘာသာ ရွေးချယ်သွား တတ်တာပါလေ။

"မမကို ပြောလိုက်ရင် ပွကုန်မှာပေါ့"

"အံမာ ... ငါ့ကို စလောင်းလို့ ပြောတာပေါ့လေ၊ နင် မပြောလည်း ကိုဦးကို မေးရုံပေါ့"

"ဟင်းဟင်း ... ဆေးရုံကမှ မဟုတ်တာ၊ ကိုဦး ဘယ်သိ ပါ့မလဲ"

"ဒါဖြင့် အပြင်ကပေါ့"

"မမ ဒီကိုလာတာ တခြားကိစ္စ မဟုတ်ဘူးလား။ ဘယ့်နှယ်!



www.burmeseclassic.com

သူများကိစ္စ စိတ်ဝင်စားနေပြန်တာလဲ"

"နင်နော် . . . မပြောပြရင် အန်တီလေးနဲ့ ငါ တိုင်ပြောမှာ"

"ကျောင်းနေတဲ့ ချာတိတ်အရွယ်မှ မဟုတ်တော့တာ၊ အဆူခံထိမယ် မတွက်ထားနဲ့"

"နင်က လူလည်ပဲ"

ကော်ဖီသောက်ခြင်းကို လက်စသတ်လိုက်ပါ၏။ ဒီအစ်မကတော့ ကိုယ့်ကိစ္စကို မေ့ပြီး သူများကိစ္စကို သိချင်စိတ်ဖြင့် စပ်စုချင်နေပြန်ပြီလေ။ ဒီလောက် စိတ်အပြောင်းအလဲ မြန်လွန်းပါသည့် မမကို ကိုဦးတစ်ယောက် ဘာများ မျက်စိကျသွားမှန်းပင် မသိပါ။ နောက်ခံ Background ကောင်းတာကတော့ အမှန်တရားပါပဲ။

"မပြောပြဘူးလား"

"ဒါပေါ့"

"ဘယ်လောက် ကြာပြီလဲ"

"အဖြေပြန်ရတာ သိပ်မကြာသေးဘူး"

"ဒါဆို နင်ချမ်းသာတာကို မျက်စိကျသွားတာပဲ ဖြစ်လိမ့်မယ် . . . မှန်ရဲ့လား"

"မှားတယ် . . . သူ့ဆီက ဒီအဖြေရဖို့ ကျွန်တော် ဘယ်လောက် စောင့်ခဲ့ရလဲဆိုတာ မမမှ မသိတာ၊ မာနအကြီးစားဗျ"





"ဘာမာနလဲ . . . ပြုတ်စားလို့မှ မရတာ"

အဲဒါပါပဲ။ အဲဒီလို မာနမရှိလို့ ကိုဦးနဲ့ တွေ့ပြီး မြန်မြန်ကြီး ချစ်သွားတာပါ။ ကိုဦးက ဘာမှမပြောပေမယ့် မိန်းကလေးရှင့်ဖြစ်ရသည့် သူကသာ မျက်နှာပူရတာမျိုးပါ။ မမတို့ကဖြင့် ချစ်တာတစ်ခုတည်း သိပြီး ဘေးဘီကို သိပ်ထည့်မတွက်တတ်တာ အခက်ပါဘဲ။ လူကြားထဲ စိတ်ကောက်ချင်ကောက်၊ ထအော်ချင်အော်နှင့် စိတ်ကို ထွက်ချတတ်တာ မဟုတ်ပါလား။

"ငါ လုံးဝမကျေနပ်ဘူး"

"ကိုဦးကိုလား"

"နင့်ကို"

"နေရင်းထိုင်ရင်း အမှုပတ်ပြန်ပြီ"

"ငါ ရအောင်စုံစမ်းပြမယ် . . . အန်တီရေ! စံပယ်ပြန်ပြီ"

"အေးအေး"

သူ့ကို မျက်စောင်းခဲလိုက်ပြီး မာမီ့ကို လှမ်းပြောနုတ်ဆက်လျက် မမ ပြန်သွားလေတော့၏။ အချစ်ကို တွေ့ရှိစဉ်က ကာယကံရှင်နှစ်ဦးစလုံး အပျော်ကြီး ပျော်တတ်ကြမှာပါ။ ဒါဖြင့် သူ့အလှည့်မှာရော ပျော်ခဲ့ပါသလား။ တစ်ဖက်သတ် ခံစားချက်တို့ဖြင့် အနိုင်ကြည့်ချစ်ခဲ့မိတာ သူ့ကိုယ်သူပင် သိနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



'ချို' … ကိုယ့်အပေါ် တကယ်စစ်မှန်တဲ့ မေတ္တာမျိုးနဲ့ ချစ်လာနိုင်မယ့်နေ့ကို စိတ်ရှည်ရှည်နဲ့ စောင့်နေတာ မင်း သိပါလေစ။

ဪ … ကိုယ့်ရင်ထဲက ချစ်သော 'ချို'ရယ်။

❋ ❋ ❋



## အခန်း (၃)

Toilet တက်ချင်နေသည့် မမနှင့် ရေချိုးခန်းမှထွက်စဉ် ကျွန်မတို့ ဆုံတွေ့လေ၏။ မမထံမှ မျက်စောင်းခဲတာကို ရပြီး ခေါင်းထက် စိုနေပါသည့် ဆံပင်တို့ကို တဘက်ဖြင့် ခြောက်အောင် သုတ်လိုက်ပါသည်။ လုပ်နေသည့်အလုပ်က ပင်ပန်းတာမို့ သူငယ်ချင်းဖင်မာပါ ဆံပင်ခပ်တိုတိုထားဖြစ်သလို ကျွန်မလည်း တိုတိုကပ်ကပ် ညှပ်ဖြစ်လေ၏။

ခေါင်းဖြီးရလွယ်သလို ခေါင်းလျှော်ရလည်း မခက်ခဲတော့ချေ။ ရုံး uniform ကို မမ မီးပူတိုက်ပေးထားသဖြင့် ကိုယ်ခန္ဓာထက်



www.burmeseclassic.com

www.burmeseclassic.com



ချပ်ချပ်ရပ်ရပ်ဝတ်လိုက်ပါ၏။ သူများကုမ္ပဏီတွေနှယ် စကဒ်အတိုတွေ ဝတ်ရတာမျိုးမဟုတ်ဘဲ ဘောင်းဘီရှည် ဝတ်ရတာမို့ ဆံပင်အတိုထား ပုံနှင့် အတော်အသင့်လိုက်ဖက်သွားတာပါ။

"Dryer မမှုတ်ဘူးလား"

"ဟင့်အင်း"

"ဒီနေ့ ငါတို့ကုမ္ပဏီကို CEO အသစ်ရောက်လာမယ်တဲ့"

အံဆွဲထဲမှ လက်ပတ်နာရီကို ယူပတ်ရင်း နားစွင့်လိုက်မိ၏။ မမလည်း အလုပ်သွားတော့မှာမို့ ကျွန်မ နောက်ကျောဘက်မှာ အဝတ်လဲနေလေသည်။ မမလည်း ကျွန်မလို အလုပ်ရှုပ်တာ မုန်းပေမယ့် ဆံပင်ကိုတော့ စည်းရထုံးရလွယ်ရန် ကျောလယ်ခန့်မျှ အရှည် ထားဖြစ်ပါ၏။ ကျွန်မကသာ ခေါင်းစည်းရမှာ ကလစ်ပန်ရမှာကို မနှစ်သက်တာမို့ ခပ်တိုတိုပင် ထားဖြစ်တာပါ။

"ချို"

"အင်း ... ပြော"

"နင်နဲ့ညီထွဋ်သာ အဆင်ပြေသွားပြီလား"

"ဆိုပါတော့"

"ဘယ်လိုကြီးလဲဟယ်"

"မမပဲ သူ့ကို ရွေးစေချင်တယ်ဆို"





"ဒါနဲ့ပဲ ခေါင်းညိတ်လိုက်ရောလား။ နည်းနည်းပါးပါး ရင်ခုန်ဦးမှပေါ့"

မျက်နှာထက် ဘာမှမမြင်သာသည့် cream ပါးပါးလေးကိုသာ လူးလိုက်ပါ၏။ Puff ဖြင့် ခပ်ဖွဖွတို့လိုက်ပြီး ဆံပင်ကို ဘေးခွဲကြောင်းပေါ်စေရန် ဘီးဖြင့် ဖြီးလိုက်ပါသည်။ ဘေးမှာ မမလာရပ်နေပြီး မှန်တင်ခုံရှေ့မှ ထရပ်လိုက်ရ၏။ မမက အလုပြင်ချိန် ပိုကြာမှာ မဟုတ်လား။

"ပြောတာ ကြားရဲ့လား"

"ရင်ခုန်တဲ့အရွယ်မှ မဟုတ်တော့တာ"

"နင့်ကိုယ်နင် (၂၆) လို့ မမြင်ဘဲ (၆၂) နှစ်အရွယ် ထင်နေသား။ ငါ မပြောလိုက်ချင်ဘူး"

"ကျစ်! ... မမရော၊ ကိုဇော်ရော ထောက်ခံလို့ ခေါင်းညိတ်ပြီးပြီလေ၊ ဘာလို့ နှစ်မျိုးပြောချင်ရတာလဲ"

"ကြည့်! ... ကိုယ်တကယ်မချစ်ဘဲနဲ့ မျက်စိမှိတ်ခေါင်းညိတ်ထားတော့ ဘယ်ကောင်းမှာလဲ၊ ညီထွဋ်သာ သိရင် စိတ်မကောင်းဖြစ်ဦးမယ်"

"သူသိတာပဲဟာ"

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



မမက နှုတ်ခမ်းဆိုးရင်းမှ အံ့ဩသွားပြန်ပါ၏။ စောစောစီး သူ့အကြောင်း ပြောနေတာမို့ ဟိုတစ်ယောက်ကတော့ မျက်ခုံးတွေ လှုပ်နေမလားဟု တွေးလိုက်မိပါသည်။ ချစ်သူထားသည်ဆိုတာ သာမန်ကိစ္စဖြစ်သလို သူများအတွက်က ပေါ့ပေါ့ပါးပါးလေးပါပဲ။ ကျွန်မတို့အရွယ်မှာဖြင့် အပျော်ဆိုတာထက် ပိုလေးနက်သည့် လက်ထပ်ခြင်းမျိုးအထိ ရည်ရွယ်ရတာမျိုးပါ။

"အဲဒါတောင် ဘာမှမပြောဘူးလား"

"မမလည်း သူ့အကြောင်း သိရဲ့သားနဲ့ ချို မဖြေချင်တာကို ဘယ်တုန်းက သူ အတင်းမေးဖူးလို့လဲ"

"နင် ... တကယ်ချစ်နိုင်လို့လား"

"ကြိုးစားရမှာပေါ့"

"အမယ်လေးနော် ... ဟိုက ကြားရင် နံရံနဲ့ခေါင်း ဆောင့်ချင်တော့မှာပဲ၊ ဘယ့်နှယ်ဟာလေးမှန်းကို မသိတော့ပါဘူး။ ချစ်ရင် ချစ်တယ် ရှင်းရှင်းပြောလိုက်ပေါ့"

"မပြောချင်ပါဘူး"

"ဟဲ့!"

"အဲဒီချစ်တာရဲ့နောက်ဆက်တွဲတွေကို မလိုချင်လို့ပေါ့ ... မမရာ"





"ဘာနောက်ဆက်တွဲတွေလဲ"

ဇော်! ... ဒီအစ်မကြီးဖြင့် ကျွန်မရင်ထဲထိ မြင်ချင်နေပြန်ပါပြီ။ ကိုဇော်နဲ့ချစ်သူသက်တမ်းသုံးနှစ်မှာ တရားဝင်စေ့စပ်ဖြစ်ပြီး ဒီနှစ်ထဲ လက်ထပ်ရန် ရည်ရွယ်ထားပါသည့် 'ကိုရဲရင့်ဇော်' နှင့် မမ 'နှင်းသာမှူး' တို့၏ထောက်ခံမဲနှစ်ခု၊ သူငယ်ချင်း 'ဖေမာ'၏မဲအပါအဝင် သုံးမဲနှင့် အတူ သူ့ကို လက်ခံဖြစ်ခဲ့တာလေ။ ဒါလည်း မကျေမနပ်ဖြင့် အပြစ်မြင်ပြန်သတဲ့လား။

"မခွဲနိုင် မခွာရက်တဲ့ သမုဒယတွေ၊ ပြီးရင် အဲဒီနောက်မှာ တစ်ပါလာတဲ့ အမုန်းတွေ၊ နာကြည်းချက်တွေ၊ ဒဏ်ရာတွေအားလုံးကို ပြောတာ"

"အသည်းတစ်ခါလေး ကွဲဖူးရုံနဲ့ အမှတ်ရနေတုန်းပဲလား"

"အနာဆိုတာ အရှင်းပျောက်သွားရင်တောင် အမာရွတ်တော့ ကျန်ခဲ့တာလေ"

"ချို"

ဗီရိုထဲမှ လက်ဆွဲအိတ်အပျော့လေးထောင့်အမည်းကို ထုတ်ယူလိုက်ပြီး ယူသွားရမည့် File အပါအဝင် ခုတင်ထက်ပုံထားပါသည့် ပစ္စည်းတွေကို အိတ်ထဲကောက်ထည့်လိုက်ပါ၏။ ဝတ်ပုံစားပုံပင်မက ကိုင်နေကျပစ္စည်းတွေပင် ယောက်ျားဆန်နေသည်ဟု ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မြင်နေပေမယ့် ထုံးစံပင် ဖြစ်နေလေပြီ။

"နင် ခုထိ သူ့ကို ချစ်နေတုန်းလား"

ရင်ထဲအောင့်သွားရပါ၏။ အနာကို ဆွပြန်ပါရောလား။ အင်း ပေါ့လေ ... ကျောင်းအတူပြီးခဲ့ပါသည့် သူငယ်ချင်း၊ အိမ်ကို ဝင်ထွက်ပြီး တရင်းတနှီးရှိခဲ့ပါသည့် သူ။ မပတ်ကွာစ်အုပ်စုထဲမှ (၅၂၈) သံယောဇဉ်က ဘယ်ကုန်နိုင်ပါ့မလဲ။ တကယ်ဆို အဲဒီလို (၅၂၈) နဲ့သာ တင်းတိမ်ရောင့်ရဲခဲ့ပါလျှင် ကျွန်မအတွက် ရင်နာစရာအဖြစ်အပျက်မျိုးက ဖြစ်လာနိုင်မှာ မဟုတ်တာလေ။

ကိုယ့်ထက် (၅) နှစ်ကျော် အသက်ကြီးတဲ့ သူ့အပေါ် အားကိုးမိတာ၊ ဆိုးနွဲ့မိတာ၊ မိုလ်ကျမိတာတွေအားလုံးက ချစ်ခြင်းကြောင့် ဖြစ်တည်လာတဲ့ အကျိုးဆက်တွေပါ။ ဒါကို သိပါလျက်နှင့် သူ သည်းခံခဲ့ပါလျက် နောက်ဆုံးတော့ မထင်မှတ်ဘဲ နောက်ကျောကို ဓားနဲ့ တခုံးထိုးခဲ့တာ မဟုတ်လား။

'ကို' ... 'ကို' အသုံးပြုခဲ့တဲ့ ဓားသွားတခုံးက ကျွန်မနှလုံးသားအထိ စူးစိုက်ဝင်စေခဲ့တာပါလေ။

"ဟင်လို့"

"ညီနဲ့ချို့ကို မမ သဘောမတူလို့လား"

"မဟုတ်ပါဘူး"





"အဲဒါဆို အဲဒီမေးခွန်း ဘာလို့မေးရတာလဲ၊ လူကို ကြည့်မရ ဖြစ်နေလား"

"ဒေါ်သက ခုထိ မပြေနိုင်သေးပုံထောက်ရင် သူ့ကို နင် မမေ့သေးပါလား၊ ချို"

သက်ပြင်းရှိုက်လိုက်မိပါ၏။ ယုံကြည်စွာ တွဲဖြစ်ခဲ့သည့် သက်တမ်းက နှစ်နှစ်ပါ။ ဒီလောက်အတွင်းစိတ်အထိ မြင်နိုင်သည့် ချစ်သူက အနီးကပ်ရန်သူဖြစ်ခဲ့ရတာ ဘာကြောင့်ပါလဲ။ သူ့ကြောင့် နောက်ထပ်မချစ်ရဲတော့တာ။ သူ့ကြောင့် နောက်ထပ် မည်သူ့ကိုမှ မယုံရဲတော့တာ ကျွန်မကိုယ်တိုင်ပင် သိနေတာပါ။

မမေ့သေးဘူးတဲ့လား။ ဦးနှောက်မှတ်ဉာဏ်ထဲမှာပါမက နှလုံးသားအတွင်း ထိစွဲနေပါသည့် သူ့ပုံရိပ်၊ သူ့လေသံ၊ သူ့ကိုယ်ငွေ့၊ သူ့ကိုယ်ရနံ့တွေက ပျောက်လို့မှ မရတာ မသိဘူးလား။ အမုန်းဆိုသည့်အရာက ချစ်ခြင်းနှင့်အလွှားပါးပါးလေးသာ ကွာထားတာမို့ 'မုန်းတယ်' ဟုသာ အော်ဟစ်ပြောဖြစ်ခဲ့တာပါ။

နာကျင်ခြင်းတွေ အဆုံးမဲ့မဟုတ်လား။ မေ့မယ်ဟု လွယ်လွယ်တွေးသော်ငြား တကယ့်လက်တွေ့မှာ ခက်ခဲလွန်းလှလေ့၏။ မတွေ့ချင်၊ မမြင်ချင်တော့ပါဟု ပြောခဲ့ပေမယ့် ဒီအသားအညိုရောင်၊ ဒီအရပ်အမောင်း၊ ဒီခန္ဓာကိုယ်၊ ဒီလိုဆံပင်ပုံစံမျိုးနှင့် အမျိုးသားမျိုးကို တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်စွာ မြင်လိုက်တိုင်း သူများဖြစ်နေမလားဟူသည့် မသိစိတ်က အလိုလို လှုံ့ဆော်ပြီး ကြည့်မိတတ်တာ အရှေးတစ်ပိုင်းပါပဲ။

'ကို' ... 'ကို' ထားခဲ့တဲ့နေ့မှာပဲ ကျွန်မရဲ့အပျော်မှန်သမျှ ပျက်သုဉ်းပျောက်ကွယ်ခဲ့ရတာပါလေ။

"မေ့နိုင်အောင် ကြိုးစားနေတာပဲ"

"ညီထွဋ်သာကို သနားလိုက်တာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ သူ့အပေါ် တကယ်မချစ်နိုင်ဘဲ ခေါင်းညိတ်လိုက်ရတယ်လို့"

"မမပဲ ဦးနှောက်နဲ့ ရွေးဆို"

"ဒါတော့ ဒါပေါ့။ နှလုံးသားကို အပြီးမပေးနိုင်ရင်တောင်မှ သံယောဇဉ်ပဲဖြစ်ဖြစ် လက်ဆောင်ပေးသင့်တာ မဟုတ်လား"

"အဲဒီအရာကို ဆွဲထုတ်လို့ရရင် ထုတ်ပစ်လိုက်ချင်တာ"

"ဟဲ့!"

"ဟုတ်တယ်လေ ... သူ့ကို ဦးစားပေးပြီး ရွေးမိခဲ့လို့ ချို့စာမျက်နှာမှာ အမှားတွေဖြစ်ကုန်တာ၊ အချစ်တွေ, အသက်တွေ, မြတ်နိုးတာတွေ, တွယ်တာတာတွေ, သံယောဇဉ်ရှိတာမှန်သမျှ ချောင်ထိုးလိုက်ပြီ"





"တကယ်ပဲလား"

"ချိုသွားပြီ, မမ"

မမအခန်းထဲမှ ထွက်ခဲ့ပါ၏။ ကျွန်မအခန်းက ကျဉ်းသလို အလုပ်ခန်းအဖြစ် သုံးတတ်သဖြင့် အဝတ်အစား အသုံးဆောင်ပစ္စည်းမှန်သမျှ မမအခန်းမှာပင် ထားဖြစ်လေသည်။ အလှလည်း သိပ်မပြင်ဖြစ်တာမို့ မမနှင့်ပင် အတူသုံးဖြစ်တာပါ။ မမက ကျွန်မထက် ခန္ဓာကိုယ်ပိုပြည့်ပြီး အရပ်လည်း မဆိုစလောက်လေး နိမ့်ပါသည်။

သို့သော် ... ကျွန်မက ယောကျ်ားဆန်သလောက် ခပ်မာတောင့်တောင့်ဖြစ်ပြီး မမကဖြင့် နူးညံ့ပျော့ပျောင်းကာ မိန်းမဆန်လေ၏။ မျက်နှာသာ ခပ်ဆင်ဆင်ရှိပြီး စိတ်ကအစ ဆန့်ကျင်ဘက်ဖြစ်နေသည့် ညီအစ်မတွေပါ။ ညှော်ခန်းနံရံမှာ ချိတ်ထားပါသည့် သော့ထဲမှ တစ်ခုကို ဖြုတ်ယူလိုက်ပါသည်။ အိမ်ကို သော့ပိတ်ခဲ့ပြီး စောစောပြန်ရောက်သည့်လူက သော့ရှာစရာမလိုအောင် သော့တံနှစ်ခုပါသည့် သော့မျိုး သုံးထားတာဖြစ်ပါ၏။

"ထမင်းချိုင့်ရော"

"မယူတော့ဘူး"

"ကြည့်! ... တေပေနေတာနဲ့ ဗိုက်အောင့်ဦးမယ်"

"ဆာရင် ရှိတာဝယ်စားမှာပေါ့ မမရာ၊ ကလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ မပူနေပါနဲ့"

"ကလေးမဟုတ်လို့ ပိုပူရတာပေါ့၊ ကလေးဆို လူကြီးပြော စကား နားထောင်မှာ"

"အခု ချိုက နားမထောင်လို့လား"

ပြတင်းပေါက်မှ ကြည့်နေသည့် မမက ဘာမှထပ်မပြောတော့ပါချေ။ လေ့ကားဘုံးထစ်ကိုဆင်းပြီး ခြံထဲမှ တံခါးအသေးလေးကို ပြန်ပိတ်လိုက်ပါသည်။ လမ်းထဲမှထွက်ရင်း လမ်းထိပ်ဘက်သို့ ဆက်လျှောက်လာခဲ့ပါ၏။ ကုမ္ပဏီရှိရာဆီ Taxi စီးရင် (၁၅၀၀) ပဲမို့ အသွားရော အပြန်ပါ စီးဖြစ်ပါသည်။ ကားမှတ်တိုင်အနီးမှာ ခြေစုံရပ်လိုက်ပါ၏။

'ညီထွဋ်သာ' ကို သနားလိုက်တာတဲ့။ ကျွန်မကိုရော မသနားဘူးလား။ သနားစရာမှ မလိုတာလေ။ 'ဘယ်သူမပြု မိမိမှု' ဟု ဆိုရိုးရှိတာ မဟုတ်ပါလား။ ကိုယ့်ဘာသာ ရင်ခုန်သံမြန်ပြီး အချစ်ကို စတွေ့ခဲ့မိတာလေ။ 'မမြင်ဖူးလို့ မူးကို မြစ်ထင်' တဲ့။ စိတ်နှလုံးအတူဖြင့် ချစ်မိခဲ့သည့် ချစ်ခြင်းဇာတ်လမ်းကို အဖြေမှန်အောင် မတွက်နိုင်ခဲ့တာက ကျွန်မမှာသာ အပြစ်ဖြစ်ခဲ့တာ အမှန်ပါ။

"Taxi"

ခပ်လှမ်းလှမ်းမှ လာနေသည့် Taxi ကို လက်ပြ၍ လှမ်းတားလိုက်စဉ် အပေါ်မှာ ထပ်ဝတ်ထားပါသည့် အပါးစား အကျီအိတ်ကပ်





ထဲမှ Phone message မြည်သံကို ကြားလိုက်ရလေ၏။ ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်ပြီး ကုမ္ပဏီနေရာကို အရင်ပြောလိုက်ပါသည်။ ပြီးမှ phone ကို ယူကြည့်လိုက်မိ၏။ ထင်သည့်အတိုင်း 'ညီထွဋ်သာ' ဘက်မှ စတင်ဆက်သွယ်လာသည့် message ပါပဲ။

"Morning, Cho"

"Morning!"

"Where"

"Going to Com. And you?"

"Hospital"

Message နှစ်စောင် ပြန်ပို့ပြီးနဲ့ မလိုတော့ဘူးထင်ပြီး phone ပိတ်လိုက်စဉ် နောက်ထပ်ဝင်လာသည့် message တို့ကြောင့် ကျွန်မ ပြုံးလိုက်မိပါသည်။ အလုပ်မအားသည့်လူက စောစောစီးစီး phone သုံးနေပါရောလား။ ကလေးဆန်သည့်အလုပ်မျိုး လုပ်တတ်ရတယ်လို့။

"I love you so much, Cho. I miss you"

"Busy"

အသည်းပုံလေး (၅) ခုက Viber မှ ပေါ်လာတာမို့ ပြုံးမိရင်း phone ကို သိမ်းလိုက်ရပါသည်။ ဒီလို အရူးထတာမျိုးက 'ရန်ချို' ၏ အတိတ်တံခါးရက်စွဲများမှာ ကျန်ရစ်ခဲ့လေပြီ။ ရင်မောခြင်းတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆုံးသတ်က ဘယ်မှာလဲ။

'သိပ်ချစ်ပါတယ်' ဆိုတဲ့ စကားမျိုး မကြားခဏ ဖောဖော သီသီသုံးခဲ့တာ။ 'မတွေ့ရရင် တွေ့ချင်တယ်' ဟု မကြာမကြာပြောဖြစ်ခဲ့တာ။ 'ဘယ်လောက်ချစ်လဲ' ဟု မရှက်မကြောက်မေးခဲ့မှုတာတို့က အိပ်မက်တွေသာ ဖြစ်ခဲ့ရင် အဘယ်မျှကောင်းလိုက်မည်နည်း။

ဤဆွေတွေ့ သိကွာတွေ ဘေးဖယ်ထားပြီး သူရှိရာတိုက်ခန်းဆီ ခြေဦးအမြဲလှည့်ခဲ့မိကာတည်းက ကျွန်မအတွက် ကြက်ခြေခတ်တွေ ဖြစ်ခဲ့ရတာပါ။ အချစ်မှာ ချို့ယွင်းချက်မျိုးရှိတတ်ပါသလား။ 'ရန်ရှိ' က ထိုသို့ အသိတွေ ချို့ယွင်းခဲ့သည့် မိန်းကလေးပါပဲ။

❋ ❋ ❋



## အခန်း (၄)

ကားကို ကုမ္ပဏီဝင်းထဲကွေ့ဝင်လိုက်ပြီး Under ground parking မှာ နေရာယူရပ်ထားလိုက်ပါ၏။ ဒီကုမ္ပဏီမှာ လူကြီးနေရာအဖြစ် တာဝန်ယူရမှာမို့ စိတ်ထဲမှာ သိပ်ပြီး မသက်သာပါ။ အသက် (၃၀) စွန်းစွန်းအရွယ်သာ ရှိသေးတာမို့ ရွယ်တူအင်ဂျင်နီယာတွေကို အုပ်ချုပ်ရမှာက သူ့အဖို့ အတားအဆီးနေမယ်ပါပဲ။

မြေအောက်ဓာတ်လှေကားမှစီးပြီး ရုံးခန်းရှိရာအထပ်ဆီ တက်ခဲ့ပါ၏။ လူကြီးပိုင်းတွေသာ ကိုယ်ပိုင်ကားဖြင့် လာတတ်တာမို့ Lift စီးသည့်လူ သိပ်မရှိပါချေ။ Lobby ထဲမှ မဝင်ဖြစ်သဖြင့် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လူ သိပ်မမြင်ပါချေ။ MD ကိုယ်တိုင် Meeting Room သို့သာ လာ ရန် မှာထားသဖြင့် Corridor မှ ပုံမှန်ခြေလှမ်းဖြင့် လျှောက်ခဲ့ပါသည်။

တံခါးအနီးမှာ ခြေစုံရပ်ကာ Necktie ကို သေချာထည့်ပြီး သပ်ရပ်စေရန် ပြန်ပြင်လိုက်မိလေ၏။ လက်မှ နာရီကို တစ်ချက်ကြည့် လိုက်စဉ် မနက် (၁၀) နာရီတိတိကို ညွှန်ပြနေပါသည်။ အချိန်အတိ အကျပါပဲ။ တံခါးကို သူ အသာခပ်ဖွဖွ သုံးချက်ခေါက်လိုက်ပါသည်။

"ဒေါက်! ဒေါက်! ဒေါက်!"

စေ့ထားပါသည့် တံခါးကို ဖွင့်လိုက်ပြီး ဝင်လိုက်ပါ၏။ အစည်းအဝေးခန်းမထဲမှာ လူက အပြည့်ပါပဲ။ ဝန်ထမ်းတွေ အကုန်လုံး ခေါ်ထားတာများလား။ သူ အံ့ဩသွားစဉ်မှာပင် MD ဦးသက်နှင်းက မတ်တတ်ရပ်ကာ ကြိုလိုက်လေသည်။

"Welcome မောင်နန္ဒ ... အားလုံးပဲ မှတ်ထားကြပါ။ December ကုမ္ပဏီရဲ့ CEO အဖြစ်ရောက်လာတဲ့ ဦးမင်းနန္ဒ ဖြစ်ပါတယ်"

လက်ခုပ်သံတွေ တဖြောင်းဖြောင်း ထွက်လာလေ၏။ တကူး တကကြီး ကြိုသလို ဖြစ်သွားတာမို့ သူ မျက်နှာပူသွားရပါသည်။ သူ ရပ်နေပါသည့် စင်မြေ့ဇါရှေ့ဆုံးတန်းခုံမှ အမျိုးသမီးလေးက မတ် တတ်ရပ်နေပြီး ရှေ့ကို ထွက်လိုက်လေ၏။ သူ့လက်ထဲသို့ Order





ပေးထားပါသည့် ခပ်လှလှပန်းစည်းက ရောက်လာသဖြင့် သူ ငုံ့ကြည့် လိုက်မိပါသည်။

"ကြိုဆိုပါတယ်ရှင်"

"မှုံ"

"ဟောဗျာ ... မောင်နန္ဒတို့က သိထားနှင့်ကြတာကိုး"

"Classmate တွေပါ အန်ကယ်"

ရာထူးရှိသူတွေနှင့် လက်ဆွဲနှုတ်ဆက်နေရပါ၏။ အားလုံးက ကိုယ့်နာမည်ပြောပြီး မိတ်ဆက်နေပေမယ့် သူ ဘာကိုမှ မမှတ်မိပါ။ သူနှင့်မလှမ်းမကမ်းမှာ ရပ်ပြီး စကားပြောနေပါသည့် 'ရဲရင့်ဇော်' နှင့် 'နှင်းသာမှုံ' ကိုသာ လှည့်ကြည့်လှည့်ကြည့်ဖြင့် စိတ်က ဗျာများနေမိ လေ၏။ 'မှုံ' ကိုမြင်တာနှင့် သူမကို တွေ့ချင်စိတ်က များလာတော့ တာလေ။

မင်း ဘယ်မှာ ဘာတွေလုပ်နေပြီလဲ 'ချို'။

"လာ,မလာ မသေချာတာနဲ့ သီးသန့်ရုံးခန်းတောင် မစီစဉ် နိုင်သေးဘူး မောင်နန္ဒ။ လောလောဆယ်တော့ ရဲရင့်တို့နဲ့ပဲ တစ်ခန်း တည်း ရုံးထိုင်ထားပါဦး နှင်းသာက နောက်တော့ စီစဉ်ပေးပါလိမ့်မယ်"

"ရပါတယ် အန်ကယ်"

MD က အရင်ဆုံး ထွက်သွားပြီမို့ ရဲရင့်တို့နှင့်အတူ သူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ရပါ၏။ အင်ဂျင်နီယာရုံးခန်းက အတော်အသင့်ကျယ်ဝန်းပြီး စားပွဲတစ်လုံးစီဖြင့် အစီအရီရှိလေသည်။ အခန်းအလယ်မှာဖြင့် စားပွဲ အရှည်ရှိပြီး စည်းဝေးလို့ရရန် စီစဉ်ထားပါ၏။ အခန်းထောင့်နားရှိနေ ပါသည့် စားပွဲကို အလင်းရောင်ရသည့်နားသို့ ရွှေ့ပေးရန် 'မွှံ' က ညွှန်ကြားနေလေသည်။

"မတွေ့တာ အတော်ကြာပြီ"

"ကိုယ့်အထက်လူကြီးမို့ ဘယ်လိုသုံးရမလဲ စဉ်းစားနေတာ"

"မလိုပါဘူး ရဲရင့်ရာ . . . မင်းကလည်း"

စားပွဲပြင်ပြီးပြီမို့ ခုံအရှင်တစ်ခုံကို သူကိုယ်တိုင်ယူပြီး ရွှေ့ လိုက်ပါ၏။ စားပွဲရွှေ့ ရပ်နေပါသည့် 'မွှံ' နှင့် မျက်နှာချင်းဆိုင် ဖြစ် သွားစဉ် 'မွှံ'က မျက်နှာကို ခပ်လွှဲလွှဲထားလိုက်သည့်နှယ်ပါ။ ဘာလဲ . . . ကာယကံရှင်မဟုတ်ပါဘဲ ကြားလူက မျက်နှာပူနေပါသလား။

"မွှံ"

"နောက်မှ ဟိုဘက်က အခန်းကို ရှင်းပေးပါ့မယ်"

"ကိုယ့်ကို စကားတောင် မပြောချင်တော့ဘူးလား"

"အဲဒီလိုမဟုတ်ပါဘူး"

"ဟိုတုန်းကထက် ပိုလှလာသလိုပဲ မွှံတို့ လက်ထပ်ပြီးကြ ပြီလား"





"ဒီနှစ်ထဲ ယူဖြစ်မှာပါ"

ပြောစရာစကားမရှိတော့သည့်နှယ်ပါ။ သူစပြောမှသာ ပြန် ပြောနေတာမို့ အတော်လေး အူကြောင်ကြောင်ဖြစ်နေသလိုပါပဲ။ ဒီလောက် (၈) နှစ်ကျော် ပေါင်းလာပါသည့် သူငယ်ချင်းတွေက ဘယ်လိုဖြစ်ပြီး စိမ်းကားနေတာပါလိမ့်။ 'ရဲရင့်' ကတော့ ထားပါတော့။ ယောက်ျားလေးမို့ စကားမများတတ်တာလေ။ 'မွှံ' က သွက်လက် ချက်ချာသည့် မိန်းကလေးဖြစ်ပြီး အဘယ်ကြောင့် နှုတ်နည်းနေရပါ သလဲ။

"မွှံ"

"မွှံ လုပ်စရာတွေ ရှိပါတယ် CEO"

"နှမလို့ပဲ အရင်လိုခေါ်ပါလား"

"ဘယ်ဖြစ်ပါ့မလဲ၊ ကိုယ့်ထက် ရာထူးကြီးတဲ့ CEO ကို"

"မွှံရာ"

"အပြင်မှာပဲ ခေါ်ပါရစေ"

"ချိုရော"

မကြားယောင်ဆောင်ပြီး သူမစားပွဲရှိရာဆီ လှည့်သွားလေ တော့၏။ အမေးတောင် မခံပါလား။ အစ်မဖြစ်သူ အိမ်ထောင်မပြု သေးတာမို့ ချိုလည်း မယူသေးဘူးထင်ပါရဲ့။ ဘုရားရေ ! တော်ကြာ



www.burmeseclassic.com

သူ့ကို စိတ်နာတယ်ဆိုပြီး စိတ်ပေါက်ပေါက်နဲ့ ကောက်ယူလိုက်ရင် ဘယ့်နှယ်လုပ်ရပါ့မလဲ။

မဖြစ်နိုင်ပါဘူးနော်။ အလို! ရင်ဘတ်ထဲမှာ ဒီလိုတွေးလိုက်မိတာနဲ့ အောင့်ပါရောလား။ သူနဲ့လမ်းခွဲပြီး နောက်ထပ်ချစ်သူအသစ်များ တွဲနေပြီလား။ တွဲချင်လည်း တွဲနိုင်တာပေါ့နော်။ ဖြစ်နိုင်ပါ့မလား။ သူ့အပေါ် ချို အဘယ်မျှ ချစ်သလဲဆိုတာကို သူသာလျှင် အသိဆုံးပါလေ။

ရဲရင့်ကိုပါ မေးချင်ပေမယ့် သူ့ကို နည်းနည်းမှ မကြည့်ပါဘဲ အလုပ်ကို သဲကြီးမဲကြီး ရှုပ်နေသလို လုပ်နေလေ၏။ ဒီနေရာကို ဆက်လုပ်လို့ရပါ့မလား။ နေ့စဉ် မြင်နေရမည့် 'မှူး' မျက်နှာကို နေ့စဉ် ကြည့်မိရင် 'ချို' ကို သူ အမြဲသတိရပြီး မေ့နိုင်ပါတော့မလား။

"ရဲရင့်"

"ဗျာ . . . CEO"

"ခဏလေး"

ခန်းမထဲ မပြောချင်သဖြင့် ခုံမှထကာ 'ရဲရင့်ဇော်' ကိုခေါ်ပြီး ရုံးခန်းမှ ထွက်ခဲ့ပါ၏။ ရုံးချိန်မို့ ဝန်ထမ်းတွေ ရှိနေသဖြင့် အတွင်းရေးကိစ္စကို မသိစေချင်ပါ။ Life ဖြင့် အပေါ်ဆုံးထပ်ကို တက်ခဲ့ပါသည်။ မိုးပျံတိုက်အပေါ်ဆုံးထပ်မှာ ရှိနေသည့် ရှခင်းမြင်ကွင်းကျယ်မှာ





coffee ဆိုင်ရှိတာမို့ နားချိန်မှာ အပျင်းပြေနားပြီး လာသောက်လို့ရပါ၏။

စိတ်ကူးကောင်းသည့် အင်ဂျင်နီယာ ကန်ထရိုက်ပါပဲလား။ Waiter တွေ မထားပါဘဲ ကိုယ်တိုင်ယူစနစ်ဖြစ်ပြီး ထမင်းစားချင်လည်းရသည့် ကုမ္ပဏီ Canteen ဖြစ်နေလေသည်။ အဆင်ပြေလိုက်တာ။ ညှိသည်နှင့် ချိန်းရင်လည်း ကုမ္ပဏီထဲ ဝင်စရာမလိုပါဘဲ အပြင်ဘက်ဓာတ်လှေကားနှင့် တက်လို့ရသဖြင့် Ok တာပါလေ။

"ဘာများသောက်ချင်လို့လဲ CEO"

"ခဏနေ Lunch စားရတော့မှာ မဟုတ်လား။ ရေပဲသောက်မယ်"

"သံပရာရည် မှာပေးမယ်နော်"

သူက လမ်းမကြီးကို အပေါ်စီးမှ မြင်နေရသည့် စားပွဲကို ရွေး၍ ထိုင်လိုက်ပါ၏။ လေဟာနယ်ခေတ်ပြီး အုတ်တံတိုင်းမဟုတ်ပါဘဲ steel တန်းတွေ ကာထားတာမို့ လေတဝိုးဝိုးနှင့် အသက်ရှူချောင်သည့်နယ်ပါ။ 'ရဲရင့်' က ဖျော်ရည်ခွက်နှစ်ခွက်မှာ plastic ပိုက်ထည့်ကာ ယူလာလေ၏။

"ရင်မောနေပြီလား"

"အင်း"

www.burmeseclassic.com



"တာဝန်ကြီးတာ မှန်ပေမယ့် ငါတို့တွေ တင်ထားတဲ့ လုပ်ငန်းစဉ်တွေကိုပဲ စစ်ဆေးရမှာပါ၊ နောက်ထပ် project အသစ်တွေကိုတော့ မင်းဦးဆောင်ပြီး meeting လုပ်ရမှာပေါ့၊ ဟာ! sorry! မင်းနဲ့ငါပဲ သုံးခဲ့လို့ အကျင့်ပါပြီး"

"ရပါတယ် ရဲရင့်ရာ . . . ပြဿနာမှ မဟုတ်တာ"

'ရဲရင့်'က မသက်မသာ ပြုံးလိုက်ပြီး ဖျော့ရည်စသောက်နေလေ၏။ ဒီလို အအေးက သူ့ရင်ထဲက မီးတောက်ကို ငြိမ်းသတ်လို့ ရနိုင်ပါ့မလား။ မတွေ့ဖြစ်တော့တဲ့ (၃) နှစ်တာကာလအတွင်း သူ အလူးအလိမ့် ကြေကွဲခံစားခဲ့ရတာကို သူကိုယ်တိုင်ပဲ သိတာပါ။ ကံကြမ္မာဟူသည့်အရာက မထင်မှတ်သည့်အချိန်မှာ ရုတ်တရက် တိုက်ခိုက်တတ်တာ မဟုတ်ပါလား။

"မှုံတို့ အရင်အိမ်လေးမှာပဲလား"

"အေး"

'ရဲရင့်' မျက်နှာ တစ်မျိုးကြီးဖြစ်သွားလေ၏။ ဘာလဲ . . . မပြောချင်လို့လား။ ကိုယ့်ချစ်သူရဲ့မိသားစုအကြောင်းကို အနည်းအကျဉ်းတော့ ပြောပြနိုင်ရမှာလေ။ ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးကပါ သူ့အပေါ် သစ္စာမဲ့သူအဖြစ် သတ်မှတ်ထားပြီလား။ သူ သစ္စာမပျက်ပြယ်တာကို သူပင် သိထားတာပါလေ။





"ချိုရော"

"အလုပ်ဝင်နေပြီ"

"ဟုတ်လား . . . ကုမ္ပဏီပဲလား"

"ဆိုပါတော့ . . . Decration ဆင်ရတဲ့ အသေးစားကုမ္ပဏီမှာ"

"ဪ"

ဝါသနာအတိုင်း ရွေးချယ်သည့်လမ်းကို ဆက်လျှောက်ခဲ့တာပဲလား။ သူနဲ့စတွေ့ချိန်ကဖြင့် ကျောင်းပြီးကာစ သင်တန်းတွေ တက်နေတုန်းပါလေ။ လန်းဆန်းတက်ကြွသည့်အရွယ် အပြုံးနုနုတို့ဖြင့် အချစ်ချိုချိုလေးတွေ ပေးခဲ့ပါသည့် ကောင်မလေး၏ပုံရိပ်တို့က ခုချိန်ထိ သူ့အာရုံထဲမှာ တဝဲလည်လည် ရှိနေတုန်းပါပဲ။

"သူ . . . အခုလက်ရှိ"

"ငါ လုပ်စရာတွေ ရှိသေးတယ် နန္ဒရ"

"ခဏလေးပါ ရဲရင့်၊ ငါနဲ့ စကားတောင် မပြောချင်လောက်အောင် ဖြစ်နေပြီလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

"ချိုနဲ့ပတ်သက်ပြီး ဖြေရှင်းစရာတွေ ငါ့မှာ ရှိနေတယ်"

"ချိုက မှုံညီမဆို့ သူ့အကြောင်းကို မှုံပဲ ကောင်းကောင်းသိ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ နန္ဒ၊ ငါက မှုံ့လောက် ဘယ်သိပ်ပါ့မလဲ၊ ပြီးတော့ ချိုက နို့ကတည်းက မင်းလောက် ငါ့အပေါ် ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံခဲ့တာမှ မဟုတ်တာ၊ မင်း သိပါတယ်''

အပြတ်ပါပဲလား။ နောက်ထပ် စကားဆက်ပြောခွင့် မရှိအောင်ကို အပြီးအပြတ် ပြောလိုက်တာလေ။ 'ရဲရင့်' တောင်မှ စကားပြောကြွယ်နေပါရောလား။ အညှုတွေ့, အချွဲတွေ့, ခရာတာတာ စကားလုံးတွေကို သူ၏ 'ချို' တစ်ယောက်သာ ပြောတတ်ခဲ့တာလေ။ အထူးသဖြင့် မိုးလောက်ကြီးချစ်ပါတယ် ဆိုတာကို နှုတ်ဖျားက ပြောမတွက်ရင်လည်း မျက်ဝန်းတောက်တောက်လေးက အလိုလိုပြောနေတတ်တာပါ။

ဩော် ... 'ချို' ရယ်။

''ငါက ... ငါက ချိုနဲ့ ပြန်တွေ့ခွင့်တောင် မရှိတော့ဘူးလား''

နှုတ်ပိတ်ထားပြန်လေ၏။ ပြောစရာစကား မရှိတာလား။ သို့တည်းမဟုတ် ပြောချင်စိတ် မရှိတာများလား။ ဘာမှမရေရာပါဘဲ 'မင်းနန္ဒ' ဆိုသည့် သူ့ကို ချောင်ထိုးထားကြသည့်နှယ်ပါ။ သူက အဲဒီလောက်ထိ အသုံးမကျသည့် အပယ်ခံဘဝနဲ့ လူသားတဲ့လား။ ရင်နာလိုက်တာနော်။





''အဲဒါ ငါ ဆုံးဖြတ်နိုင်တဲ့ကိစ္စမှ မဟုတ်တာ''

''မှုံ့ကရော''

''ချိုနဲ့ပတ်သက်ပြီး ဘာမေးမေး မပြောနဲ့တဲ့၊ ငါ့ကို ကြိုးစိတ်ထားတယ်''

သေစမ်း! တိုက်ပွဲက မမျှတသည့်နှယ်ပါ။ 'ချို' ဘက်မှာက အင်အားတောင့်နေပြီး သူ့ဘက်မှာက သူတစ်ဦးတည်းသာ ရှိတာပါ။ အားလျော့စရာပါပဲလား။ 'ချို' မင်းအတွက်ဆိုရင် မင်းကို ရှေ့မှာ ဓားမားမတ်မတ်ရပ်ပြီး ကာကွယ်ထားပေးတာက အစ်မဖြစ်သူနဲ့ ခဲအိုလောင်းတဲ့လား။ ကိုယ့်က ကိုယ်က မင်းရဲ့ဘေးမှာရှိပြီး စောင့်ရှောက်နိုင်တဲ့ ကိုယ်ရံတော် Body guard ရာထူးတောင်မှ မရတော့တဲ့ကောင်ဝါတော့။

''အဲဒီလောက်တောင် မုန်းတာတဲ့လား''

''သူက ကာယကံရှင်လေကွာ၊ ပိုခံစားရမှာပေါ့၊ သူ့အတွက် မင်းက ပထမဦးဆုံးကိုး''

''ငါကရော အချစ်ဦး မဟုတ်လို့လား''

''ဖြေရှင်းခွင့်ဆိုတာ သူပဲ ပေးနိုင်တာမျိုးပဲ နန္ဒ၊ အနာဆိုတာ ဖြစ်ဖြစ်ချင်း ကုမှပျောက်တာ မင်းအသိပါ၊ မင်းခွဲခဲ့တဲ့ နှလုံးသားနဲ့ မိန်းကလေးကို ကြားလူဖြစ်တဲ့ ငါတောင် အတော်လေး သနားခဲ့ရတာ''



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲအောင့်သွားရပါသည်။ ဒါဖြင့် သူကရော မနာကျင်ခဲ့ လို့လား။ ဖွင့်ပြလို့ရရင် ဒီရင်ဘတ်ကြီးကို ဆုတ်ဖြဲဖွင့်ပြလိုက်ချင်တော့ ပါလော။

❋ ❋ ❋



## အခန်း (၅)

ကုမ္ပဏီကားရပ်ပြီး ပစ္စည်းတွေ လာပို့တာမို့ 'ချို' နဲ့ 'ဇင်မာ' ထွက်ပြီး စီစဉ်ရပါ၏။ စတိုပစ္စည်းတွေကို ကုမ္ပဏီနောက်မှာဂိုဒေါင် ထဲ သိမ်းရမှာပါ။ မှာထားသည့် အရေးကြီးပစ္စည်းလေးပုံးကိုသာ ရုံးခန်း ထဲ ပို့နိုင်းပြီး သယ်နိုင်းရလေ၏။ ဝန်ထမ်းအနည်းငယ်သာရှိသဖြင့် စနစ်တကျရှိဖို့၊ သေသပ်ဖို့၊ အလုပ်ချိန်တိုတိုနဲ့ အမြန်ပြီးဖို့က ခေါင်း ဆောင်ဖြစ်သည့် ကျွန်မတို့နှစ်ဦးအပေါ်မှာ တာဝန်ရှိလေသည်။

"ချို ... အဲဒီပုံးတွေအကုန်လုံး အနောက်ဂိုဒေါင်ထဲ ပို့ ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



“မကွဲစေနဲ့နော်၊ ပစ်ချလို့မရဘူး။ အထဲမှာ မီးဆိုင်းတွေ မီးလုံးတွေရှည်း”

‘ဖင်မာ’ က ပြောလည်းပြော၊ ရှေ့မှလည်း ဦးဆောင်ကာ ကုမ္ပဏီဘေးဘက်လမ်းမှ ကားကို ဆက်ရှေ့နိုင်းလိုက်လေ၏။ တာဝန်ရှိသူက ကျွန်မအနီးမှာ စာရွက်စာတမ်းစစ်ရင်း ကျန်ခဲ့လေသည်။ ပစ္စည်းပို့ voucher မှာ list က ရေးထားပြီးသားမို့ ပစ္စည်းစာရင်းနှင့် တိုက်စစ်ပြီး လက်မှတ်ထိုးရုံသာ ရှိပါ၏။ ခဏအကြာမှာ ကားပြန်ထွက်လာပြီမို့ Supervisor ကိုနေလင်းက ကျွန်မကို လက်မှတ်ထိုးခိုင်းလေသည်။

“ဒီသုံးရွက်နော်”

“ဟုတ်ပါတယ် ရှိ”

“ပြီးပြီလား ရှိ”

“အင်း”

“Boss မလာသေးဘူးလား”

“မလာသေးဘူး”

ပစ္စည်းပို့ကုမ္ပဏီကား ထွက်သွားမှပင် ရုံးခန်းထဲ ပြန်ဝင်ခဲ့ရပါ၏။ အသေးစားကုမ္ပဏီမို့ တစ်ထပ်တိုက် အပုလေးသာဖြစ်ပြီး Boss ရုံးခန်းမှလွဲ၍ Hall ကြီးအတိုင်း ပစ္စည်းတွေ ပုံထားရတာပါ။





Boss ရုံးခန်းသာ အလုံဖြစ်ပြီး ကျွန်မတို့ရှိနေသည့် Hall ခန်းက မှန်ချပ်ထူများသာ ကာထားသဖြင့် အပြင်လမ်းမကြီးမှ မြင်နေရသလို အထဲမှာ ဘယ်သူဘာလုပ်နေတယ်ဆိုတာ သိနိုင်ပါ၏။

မိန်းကလေး (၅) ယောက်မျှသာ အမြဲရှိနေသဖြင့် အကွယ်နေရာရှိဖို့အတွက် အလင်းရောင်လည်းရ၊ အကွယ်လည်းဖြစ်စေရန် ဘေးတစ်ဖက်ခြမ်းထောင့်ဖက်မှာ လိုက်ကာအပြာနုကို မှန်ချပ်ဘေးဘက်မှာပင် ကာထားလေသည်။ နေပူနေသည့်အခါမျိုးမှာမှ လိုက်ကာကို ဆွဲကာထားတတ်တာပါ။

“ဒီနေ့ အပြင်ထွက်ရမှာ မဖင်မာလား”

“မဟုတ်ဘူး . . . ရှိ သွားရမှာ”

“ဒါဖြင့် အသက်နဲ့ကြည့်ပြာပါ လိုက်ရမှာပေါ့”

“အသက်ပဲ လိုက်ခဲ့ရင် ဖြစ်တယ်လေ၊ နှစ်ယောက်မလိုပါဘူး တအောင့်နေသွားရမယ်၊ ထမင်းချိုင့်ပါလာလား”

“ဟင့်အင်း”

“ကောင်းတယ် . . . ကြုံတဲ့နေရာ စားကြတာပေါ့”

“ဟုတ်ကဲ့”

‘ခင်သက်ရီ’ က အပြင်ထွက်ရမည်မို့ ပျော်နေလေ၏။ အပြင်ထွက်တိုင်း နေပူတာ, ပင်ပန်းရတာ, ခေါင်းကိုက်တာမျိုး ဖြစ်တတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သိထားပါလျက် ပျော်နေတာမို့ အံ့ဩမိပါသည်။ စက္ကူပုံးမှ Tape တွေကို ဆွဲဖွင့်ကာ ပစ္စည်းတွေတစ်ခုချင်း ထုတ်စစ်ရလေ၏။ သွား ပြင်ဆင်ရမည့် အိမ်အတွက် လိုတာမရှိရလေအောင် ကြိုပြင်ထားခြင်း ဖြစ်လေသည်။

"တီ!"

"ဟော! မနှင်းလာပြီ"

ကုမ္ပဏီဘေးလမ်းမှာပင် ကားအဖြူလေး ရပ်သွားပါသည်။ ကားပေါ်မှ အဖြူဆွတ်ဆွတ် အမျိုးသမီးလှလှလေး ဆင်းလာလေ၏။ နာမည်နှင့် လိုက်ဖက်အောင်ကိုပဲ Boss မမက အဖြူရောင်ကို နှစ် သက်ပြီး အမြဲဝတ်တတ်ပါသည်။ ရုပ်ရည်လေးကအစ ရှုချင်စဖွယ် ရှိပြီး စိတ်ထားလည်း အတော်ဖြူစင်သူဖြစ်လေ၏။

"Morning ပါ မမ"

"Morning ပါ၊ အတော်ပဲ ... ချို အားလား"

"ဟုတ်ကဲ့ ... အားပါတယ် မမ"

"ဒါဆို ရုံးခန်းထဲ ခဏနော်"

"ဟုတ်ကဲ့"

Boss ခေါ်တာပဲ မအားဘူး ပြောလို့ရပါ့မလား။ 'ဇင်မာ' ကို မျက်ရိပ်ပြလိုက်ပြီး လုပ်လက်စအလုပ်ကို ဆက်လုပ်နိုင်ရန်





ယူသွားရမည့်စာရင်းကို ကြိုလုပ်ထားတတ်ကျင့် ရှိတာမို့ တော်ပါသေး ရဲ့။ ဘာမဆို အမြဲတိုင်ပင်ပြီး လုပ်တတ်သဖြင့် ကျွန်မ မရှိလည်း 'ဇင်မာ' က အဆင်ပြေစွာ လုပ်တတ်ပါသည်။

"ဒေါက်! ဒေါက်!"

တံခါးခေါက်သံပေးပြီး ရုံးခန်းတံခါးကို အသာဖွင့်၍ ဝင်လိုက် ပါ၏။ 'မနှင်း' က ဆံုလည်ခုံကို လှည့်ပြီး (ကျွန်မ ဝင်လာသည့် အပေါက်ဝကို ကျောပေးကာ) phone ပြောနေလေသည်။ စားပွဲရှေ့ မှာ ရပ်စောင့်ပြီး အသံမပေးချင်သဖြင့် အပေါက်ဝတံခါးအနီးမှာသာ ခြေစုံရပ်ထားမိပါ၏။ phone ပြောနေတာကို ချောင်းနားထောင်မိ တာမျိုး မဖြစ်စေချင်ပါလေ။

"နှင်းပြောပြီးပြီလေ ဒက်ဒီ၊ သူနဲ့မှ ဒီလောက်ကြီး မရင်းနှီး ဘာ၊ ဟုတ်ပါတယ် ... ဒက်ဒီပြောတာကို နှင်း သဘောပေါက်ပါ တယ်၊ ငြင်းလည်း မငြင်းပါဘူး။ ခက်တာက နှင်းရောသူပါ တွေ့ရင် ပြောစရာ သိပ်မရှိတဲ့ အေးစက်စက်ကြီး ဖြစ်နေလို့ပါ။ အင်းလေ ... နှင်း ကြိုးစားပါ့မယ်၊ ဒါဖြင့် ဒါပဲနော် ဒက်ဒီ"

တစ်အိမ်တည်း အတူနေတဲ့ သားအဖက အခုလို phone ပြောဖို့ လိုပါသလား။ အင်းပေါ့လေ ... နေ့ဘက် တစ်နေကုန် ကုမ္ပဏီ နေရာမှာ အလုပ်လုပ်ပြီး ညဘက်မှာလည်း ထမင်းလက်ဆုံစားဖို့



www.burmeseclassic.com

www.burmeseclassic.com



တောင် အချိန်မပေးနိုင်ကြတဲ့ မိသားစုတွေကို။ ဒီလောက်တော့ ရှိမှာပေါ့။

"လာလေ ချို . . . ထိုင်"

အခုမှပင် ကျွန်မကို မြင်သွားပြီး ခေါ်ထိုင်ခိုင်းလေ၏။ အလုပ်ကိစ္စ တိုင်ပင်လျှင် ကျွန်မရော၊ ဇင်မာကိုပါ အတူခေါ်ပြီး စည်းဝေးတတ်သော်ငြား ကိုယ်ရေးကိုယ်တာကိစ္စ လူသိပ်မသိစေချင်သည့် လျှို့ဝှက်ချက်တို့ကို ပြောလျှပ်ဖြင့် နှုတ်လုံသည့် ကျွန်မကိုသာ တစ်ယောက်တည်း ယုံကြည်စွာဖြင့် တိုင်ပင်တတ်တာ 'မနှင်း'ရဲ့အကျင့်ဖြစ်လေသည်။ အခုလည်း ဘာကိစ္စကိုများ ပြောချင်တာပါလိမ့်။

"ချို"

"ရှင်"

"ပြောစရာရှိလို့ ခေါ်လိုက်တာပါ"

"ဟုတ်ကဲ့"

စကားကို ဆက်မပြောဘဲ ငြိမ်သွားလေ၏။ မျက်နှာထက်မှာတော့ အပြုံးယဲ့ယဲ့လေးမျှ ထင်နေလေသည်။ ဘယ်လိုပါလိမ့်။ အသက်(၃၀) ပြည့်တော့မည့် မမ 'ဒီဇင်ဘာနှင်း'၏ မျက်ဝန်းတွေထဲမှာ 'အချစ်' ဆိုသည့်အရာကို ဖျတ်ခနဲ မြင်လိုက်ရသည်နှယ်ပါလား။

"ချို"





"ဟုတ်ကဲ့ မမ"

"အချစ်ဆိုတာကို ဘယ်လိုမြင်သလဲဟင်"

"ရှင်!"

ထင်မထားသည့် မေးခွန်းကြောင့် ကျွန်မ အလန့်တကြား ဖြစ်သွားရပါ၏။ အလို! ခါတိုင်းဆိုရင်ဖြင့် 'ဒက်ဒီနဲ့စိတ်ဆိုးလာတယ်' ဆိုတာမျိုး 'မမ ဆုံးဖြတ်ချက် မှန်ရဲ့လား' ဆိုတာမျိုး 'တချုပ်ချုပ်ဖို့ သက်သေနေရာမှာ ကူညီပါဦး' ဟူသည့် စကားတို့ကိုသာ ပြောဖြစ်ခဲ့တာပါ။ အခုတော့ မျှော်လင့်မထားပါသည့် ခေါင်းစဉ်က 'အချစ်' တဲ့လေ။

"အံ့ဩနေလို့လား။ တို့အရွယ်နဲ့ ကလေးကလားစကားတွေ ပြောနေတယ်လို့ ချိုတော့ ထင်မှာပဲ"

"မဟုတ်ပါဘူး မမရဲ့၊ ထင်မထားလို့ပါ"

"အင်းပေါ့လေ . . . ချိုလည်း အသက် (၂၆) နှစ်ပြည့်တော့ မှာဆိုတော့ အနည်းအကျဉ်းတော့ အချစ်ဆိုတဲ့အရာကို ခံစားဖူးမှာပါ ပဲ"

အနည်းအကျဉ်းတဲ့လား။ ဘယ်ကပါ့မလဲ၊ အကြီးကြီးပဲ ချစ်ခဲ့မိတာပါ။ ရင်ဘတ်ထဲမှာ နေရာမလပ် အပြည့်အထိ အချစ်ကြီး ချစ်ခဲ့တဲ့ကာလက (၂) နှစ်ကျော်ကြီးများတောင် မဟုတ်လား။ သူ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တွေလို အပျော်သဘောသပ်သပ်မျိုးနဲ့ ရည်းစားထားခဲ့တာမျိုးမှ မဟုတ်တာလေ။ တစ်သက်တာ လက်တွဲဖော်အဖြစ် ရာသက်ပန် ရည်စူးခဲ့တာကို 'ကို' သိရဲ့သားနဲ့ကွယ်။

"လူကြီးတွေ သဘောကျရုံနဲ့ လူငယ်ချင်း အင်းလို့ ခေါင်းညိတ်တာမျိုး မလိုချင်တာ အမှန်ပဲ၊ ဒီအရွယ်ဖြစ်ပေမယ့် ရင်တော့ ခုန်ချင်သေးတယ် ... ချို၊ တို့ကို အထင်တော့ မသေးလိုက်နဲ့နော်"

စိတ်က အတိတ်ကို ဖျတ်ခနဲ လွင့်သွားသဖြင့် မျက်တောင် အမြန်ခတ်လိုက်ရပါ၏။ Boss မမ ပြောနေတာကို အာရုံမစိုက်မိတာက အပြစ်ဖြစ်နေပြီ မဟုတ်လား။ 'မနှင်း'က ပြောရင်းမှ ကျွန်မကို လှည့်ကြည့်လိုက်လေ၏။ အကြံဉာဏ်တောင်းချင်၍ စကားစပျိုးတာမှ ဘာများပြောရမှာပါလဲ။

"ယောကျ်ားလေးတွေ ဘာကြိုက်တတ်လဲ၊ အရက်တို့ ဘီယာတို့ဆိုပြီး စ,မပြောလိုက်နဲ့နော်"

ကျွန်မ ပြုံးလိုက်မိပါသည်။ စီးပွားရေးလောကမှာ ခြေချ[illegible] ပြီမို့ ယောကျ်ားတွေရဲ့သဘောကို 'မနှင်း' လည်း သိသင့်သလော[illegible] သိနေမည်သာ။

ယောကျ်ားတွေ ဘာကြိုက်တတ်ပါသလဲ။ သူ ဘာကို [illegible] သက်သလဲဆိုသည့် အရောင်, ပစ္စည်း, အနံ့ကအစ အကုန်လုံး သိ[illegible]





ပါးလျက်နဲ့ ကျောခိုင်းခဲ့ခြင်းက ကြေကွဲစရာ အခဆုံးသတ်ပင် မဟုတ်ပါလား။

"ချို"

"မမလူက ဘာအလုပ်လုပ်သလဲ"

"ဘာဖြစ်လို့လဲ"

"သူလိုအပ်မယ့်ပစ္စည်းမျိုး စဉ်းစားနိုင်အောင် မေးကြည့်တာပါ ဥပမာ ဆရာဝန်ဆိုရင် သူအသုံးပြုမယ့် ဆေးကုပစ္စည်းမျိုးဆိုပါတော့"

"အင်ဂျင်နီယာပါ"

"ဟင်!"

ရင်ထဲ ဒိတ်!ခနဲ ဆောင့်ခုန်လေ၏။ ဘုရားရေ! တွေးထားတာနှင့် သွေဖီပြီး တိုက်ဆိုင်ရသတဲ့လား။ အဲဒီလို B.E တွေ, B.Tech တွေဆိုသည့် ဘွဲ့ရလူတွေနှင့် ရင်မဆိုင်ချင်သည့်ရောဂါက ခုချိန်ထိ ကျွန်မရင်ထဲမှာ ဆူးစူးနေသလိုရှိတုန်း မဟုတ်ပါလား။ ကံတရားက ရှောင်ရာသာမပေး ပြန်ပါရောလား 'ရန့်ချို'။

"အကြံဉာဏ်ပေးနိုင်မယ် မဟုတ်လား၊ မိန်းကလေးဆိုရင် စဉ်းစားပြီး ပေးလို့ရတဲ့လက်ဆောင်က အများကြီးပဲ"

"သူ ဘာအရောင် အများဆုံး ဝတ်တတ်သလဲ၊ ရွေမွှေး



www.burmeseclassic.com

www.burmeseclassic.com



ခွတ်လား။ အင်္ကျီအဝတ်အစား Brand မျိုးလည်း ရွေးလို့ရတာပဲ"

"အများဆုံး ဝတ်လေ့ရှိတာ အပြာ၊ မိုးပြာရောင် ဖျော့ဖျော့ပဲ"

နှလုံးသားက ဆတ်ခနဲ တုန်ယင်သွားပြန်လေသည်။ အဲဒီ အချက်ဒါလည်း တိုက်ဆိုင်မှုပဲလား။ အဲဒီလို အရောင်မျိုးတွေကို စင်ကြယ်အောင် ကျွန်မကိုယ်တိုင် လျှော်ဖွပ်ပေးခဲ့တာပါ။ အပြာဖျော့ဖျော့ ချစ်သူက အစိမ်းရင့်ရင့်မျိုး ပြောင်းလဲသွားတတ်တာပါပဲ။

"ရေမွှေးဆွတ်,မဆွတ်တော့ တို့လည်း မသိဘူး။ ဘာပဲဖြစ်ဖြစ် သုံးသုံး Brand အကောင်းဆုံး သုံးမှာပေါ့။ အဝတ်အစားမျိုးပေးတာက ရိုးပါတယ် ချိုရယ်"

မျက်နှာမပျက်မိအောင် ထိန်းလိုက်ရပါ၏။ ရိုးသတဲ့လား။ စိတ်ကူးကောင်းတွေ မလုပ်ဖြစ်ဘဲ ရိုးရှင်းတာမျိုးပဲ ရွေးလုပ်ပေးခဲ့ပါသလား ချို။ အဝတ်အစားရွေးပေးတာ ဘီးဆိုလျှင်လည်း ဖြီးရအဆင်ပြေတာကို ဝယ်ပေးခဲ့တာ။ သွားပွတ်တံကို နှစ်လတစ်ကြိမ် မှန်မှန်ဝယ်ပေးခဲ့တာတို့က သူ့အတွက် ခပ်ရိုးရိုးရှင်းရှင်းကြီး ဖြစ်ခဲ့ပါသလား။ Shoe စီးလျှင်ပဲဖြစ်ဖြစ် ကတ္တီပါစီးလျှင်ပဲဖြစ်ဖြစ် နောက်ရက်စီးမှာကို အဆင်သင့်ဖြစ်အောင် သေချာပြောင်လက်တဲ့အထိ တိုက်ချွတ်ပေးမိတာ တို့က မလိုအပ်ဘူးတဲ့လားကွယ်။





"အဖိုးတန်ပစ္စည်းမျိုးဆိုရင်ကော"

"စိတ်ခုသွားမှာစိုးတယ်"

"အင်း . . . အဲဒါဆိုရင် ချိုလည်း မစဉ်းစားတတ်တော့ဘူး"

"ချို့ချစ်သူကိုရော . . . ဘာပေးတတ်သလဲ"

ဘုရား! . . . အလစ်အငိုက် မေးခွန်းပါပဲလား။ ပထမတစ်ယောက်ကိုက ဂရုတစိုက်နှင့် အမှတ်တရ လုပ်ပေးခဲ့သမျှ အားလုံးကို မေ့ထားချင်၍ ယခုတစ်ယောက်ကိုဖြင့် ကျွန်မ ဘာတစ်ခုမှ မဖြည့်ဆည်းပေးမိပါ။ 'ညီ'ကလည်း လိုချင်တာကို ဘာဆိုဘာမှ မတောင်းဆိုသဖြင့် ဒီတိုင်း ဘာသိဘာသာနေမိခဲ့တာလေ။ အားနည်းချက်ဆိုတာတွေက ချို့ဆီမှာ အများကြီး ရှိနေမှန်း 'ညီ' သိနေမှာပါ။

"အဖြေပြန်ပေးတာ သိပ်မကြာသေးတော့ ဘာမှမပေးဖြစ်သေးဘူး မမရဲ့၊ ခေါင်းလိမ်းဆီ ကြိုက်တတ်ရင်လည်း Gel ဖြစ်ဖြစ်, Spray ဖြစ်ဖြစ် သိပ်ပြီး ဝန်မကြီးတာမျိုးပေးရင် ကောင်းမလားလို့"

"Ok! . . . ဘာအနံ့မျိုး ကောင်းမလဲ"

"သိပ်မရှူးဘဲ သင်းသင်းလေးလောက်ပဲ"

"Thanks! . . . ချို"

အကြံဉာဏ်ပေးတာမဟုတ်ဘဲ ဒီတိုင်း ရေရွတ်လိုက်ရုံသာ အမျိုးသားသုံး Facial Foam တွေ, Lotion တွေ, Roll on တွေ



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် နာရီလို လက်ဝတ်လက်စားတွေအထိ အများကြီး ရှိနေပါ လျက် ကျွန်မထံမှ အကြံဉာဏ်ယူရသတဲ့လား။ ဟိုတုန်းကဖြင့် လန်း ဆန်းတက်ကြွပါသည့် ဦးနှောက် နှလုံးသား စိတ်ကူးအစုံဖြင့် သူ လို အစ်သမျှ ပစ္စည်းတွေကို ပျော်ရွှင်မြူးသည့် စိတ်ဖြင့် ဖြည့်ဆည်းပေး ခဲ့သည့် 'ရန်ရှို' က . . . ယခုတော့ဖြင့် . . .။

❋ ❋ ❋



## အခန်း (၆)

"တီ! တီ!"

"လာပြီ . . . ဘယ်သူလဲ"

မနက်စောစောရောက်လာသည့် ကားသံကြောင့် အိမ်ရှေ့ ရေနံတာအသေးကို ထွက်ကာ ကြည့်မိပါ၏။ ကားအပြာရင့်ရောင်လေး ကို မြင်လိုက်ရသဖြင့် အလန့်တကြား ဖြစ်သွားရလေသည်။ အလို! ဘယ်လိုဖြစ်ပြီး 'ဒေါက်တာ ညီထွဋ်သာ' က ကျွန်မတို့အိမ်ကို ရောက် လာတာပါလဲ။

"ဟာ! ဝမ်းမသာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းလာသည့်သူက ခပ်ပြုံးပြုံးဖြင့် လက်ပြနှုတ်ဆက်နေပါ၏။ မမလည်း အလုပ်မသွားသေးတာမို့ ပြောရတော့မှာပါ။ မဖြစ်သေးပါဘူး။ သူ့ကို အမြန်ကြိုရတော့မှာ မဟုတ်ပါလား။ လှေကားသုံးထစ်ကိုဆင်းပြီး ခြံရှေ့ထွက်လိုက်စဉ် သူက ကားတံခါးဖွင့်ကာ နောက်ခန်းထဲမှ ပစ္စည်းတွေ ငုံ့နှိုက်နေလေ၏။ အလို! ဘာတွေများ ဝယ်လာလို့ပါလိမ့်။

"ညီ"

"Ok! လာကြိုတယ်ပေါ့လေ၊ ချို အလုပ်သွားတော့မလား"

"ဟင့်အင်း! မသွားရသေးဘူး။ ညနေမှ Boss နဲ့ Date ထားတယ် . . . ခြံသွားကြည့်ဖို့"

"ဘယ်လို . . . Boss နဲ့"

"အင်းလေ . . . ဘာဖြစ်လို့လဲ"

"Boss က အမျိုးသား မဟုတ်လား"

ကျွန်မက ပထမ အံ့ဩသွားပြီး နောက်မှ သူ့စိတ်ထဲကို မြင်လိုက်သဖြင့် ရယ်မိလေတော့၏။ Boss နှင့် Date ထားတယ်ဆိုပြီး သဝန်တိုတာကို ကျွန်မ သိနေပါ၏။ လှောင်တာတော့ မဟုတ်ပါ။ ကျွန်မကို အလွန်ချစ်နေတာကို သိနေတာ မဟုတ်ပါလား။ အံ့ဩရုပ် 'ညီထွန်းသာ'။





"ချို"

"ပြောလေ"

"မောင်မေးတာကို ဖြေပါကွာ"

"ဟယ် . . . ဘာကြီးလဲ"

"ဖြေပါဆိုနေမှ"

"ဟား ဟား ဟား"

"ဟာ . . . ဘာလို့ရယ်နေရတာလဲ"

"ရယ်ရတာပေါ့၊ ညီက ချို့ကို အူတိုနေတာကိုး"

"မောင်ပြောတာ မှားလို့လား"

"ဒါပေါ့"

"ချိုနော်"

"ဘာလဲ . . . စိတ်ကောက်မလို့လား"

သူ ငြိမ်နေမိပါ၏။ ခပ်စောစောလာပြီး တွေ့ချင်သည့်စိတ်ကို မမြင်ဘူးတဲ့လား။ အနှောင့်အယှက်ဖြစ်မှာစိုးပြီး ဆင်ခြင်ချင့်ချိန်နေရသည့်အချိန် နာရီ မိနစ် စက္ကန့်တွေက ဘယ်လောက်များနေပြီလဲ။ ချစ်တဲ့စိတ်က တနာစိတ်နှင့်အတူတူ ယှဉ်တွဲပြီး ဖြစ်လာတတ်တာမျိုးပါ။ ဒါကို သူ၏'ချို'က မသိယောင်ဆောင်ထားရတယ်လို့။

Boss နဲ့တဲ့။ ဒီသူဌေးက နားရက်ဆိုလည်း အပြည့်အဝပေး



www.burmeseclassic.com

www.burmeseclassic.com



မှပေါ့။ အခုတော့ ညနေကြီး ချိန်းထားတာတဲ့လား။ ညဘက်ကြီး Dinner Party တွေ သွားတက်လျှင်တော့ ပြဿနာကြီးတော့မှာပါ။ ရင်ပူစေအောင်များ တမင်လုပ်နေတာလား ချို။

"ဟယ်! တကယ်ပဲ မျက်စိမျက် မျက်နှာပျက်နဲ့ ဘယ်လို ဖြစ်ရတာလဲ"

"ချိုလုပ်ပုံက ဟုတ်မှမဟုတ်တာ"

"ဩော် . . . ကိုယ်ထင်ရာ စွတ်တွေးနေတာကျ မပြောဘူး။ Boss ဆိုတာနဲ့ အသက်ကြီးကြီး အဘိုးကြီးကို ပြေးမြင်လိုက်တာပဲ"

"မဟုတ်ဘူးလား"

"မဟုတ်ဘူး . . . ညီမြင်ရင် အသည်းတွေ ပြုတ်ကျလုမတတ် ခိုက်သွားစေမယ့် မမလှလှလေး"

မျက်လုံးထောင့်ကပ်ကာ ပြောလိုက်ပါသည့် မိန်းကလေးက အဘယ်မျှ ချစ်စရာကောင်းလိုက်ပါသလဲ။ ဝရန်တာအသေးလေးကို တက်နေတုန်းမို့ 'ချို' လက်တစ်ဖက်ကို သူ ဆွဲလိုက်မိလေ၏။ ရုတ်တရက်မို့ လန့်ပြီး လဲကျလာသည့် 'ချို' ရော သူပါ သဲမြေထက်မှာ ပုံလဲတော့တာပါ။ လက်ထဲသယ်လာသည့် အထုပ်တွေကို မလွှတ်ချသေးပါဘဲ 'ချို'ကိုပါ ရောထွေးပိုက်ထားမိသည်က 'ညီထွဋ်သာ'ပါပဲ။

"အို! အရမ်းလုပ်ရသလား"





"ချိုက မောင် အသည်းယားအောင် လုပ်ပြတာကိုး"

"ဘာလုပ်ပြမိလို့လဲ"

"ချစ်မျက်စောင်းလေး ခဲလိုက်တယ်လေ"

"ဟယ်! လူမြင်ကွင်းကြီးထဲမှာ ဒါက ဘယ်လိုဖြစ်ကြတာလဲ"

အလုပ်သွားရန် ထွက်လာသည့် မမ၏အထိတ်တလန့်အော်သံကြောင့် လဲကျနေရာမှ နှစ်ယောက်သား ကျုံးထလိုက်ရပါ၏။ ခုထိ မျက်နှာမှာ အပြုံးတွေက ရှိနေတုန်းပါလေ။ ပစ္စည်းထုပ်တွေကို ကူသယ်ပေးရန် ပြင်လိုက်စဉ် သူက ကျွန်မလက်ကို ထိမိပြန်ပါ၏။

"ညီနော်"

"မတော်တဆထိတာပါ ချိုရယ်"

"အဖြစ်သည်းနေလိုက်တာ၊ အိမ်ထဲဝင်မယ်ဆိုလည်း မြန်မြန်ဝင်ကြတော့"

"ကြားလား ချို၊ မမက လူမမြင်နိုင်တဲ့နေရာကို ဝင်ကြတဲ့ . . . အား!"

"ဟဲ့! ဒီကလေးနှစ်ယောက်ကတော့လေ ပေးပေး၊ ငါပဲ ကူသယ်ပေးတော့မယ်၊ လူလာရင် ပြီးရောပေါ့၊ ဘာလို့ ဒါတွေ ဝယ်လာရတာလဲ၊ ပိုက်ဆံကုန်တာပေါ့ ညီထွဋ်ရယ်"

"ဖားထားတာလေ မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"ချိုချထားတဲ့ ဆံပင်တွေကို နည်းနည်းလျှော့ရအောင်လို့"

"အံမယ်"

"ကြည့်စမ်း! ... ရှည်းစားကို ဆံပင်မျိုးစည်းကမ်းတွေနဲ့ ဘောင်ခတ်ထားရတယ်လို့ မကြားဖူးတာတွေ လျှောက်လုပ်နေပါရောလား ချို"

စောစောကပဲ နားနားကပ်ကာ ခပ်တိုးတိုးစနေတာမို့ သူ့လက်မောင်းကို ဆွဲဆိတ်မိတာပါ။ မမက သူ့ကို ခွင့်ပြုပေးခဲ့သည့် အစ်မမှန်းသိနေတာမို့ သူက သိပ်မကြောက်သည့်ပုံစံမျိုး ဖြစ်နေပြီ မဟုတ်ပါလား။ ချစ်သူရည်းစားဆိုတာ နှစ်ကိုယ့်တစ်စိတ်ဖြင့် နှလုံးသားတစ်ခုအဖြစ်သာရှိပြီး စိတ်တူကိုယ်တူ ဖြစ်ရမှာလေ။

အခုတော့ သူ နှုတ်ဖွာတာနှင့် ချိုနှင့်သူ့ကြားက စည်းမျဉ်းဥပဒေတွေကို မမပါ သိကုန်ချေပြီ။ စိတ်တိုမိပေမယ့် စိတ်ဆိုးစရာမဟုတ်တာကိုတော့ ကျွန်မ သိနေပါ၏။ 'ချစ်တယ်' ဟူသည့် စကားတစ်ခွန်းကို ရဲရဲပြောမထွက် ဝန်မခံရဲသည့်အဖြစ်က ကျွန်မမှာပဲ ရှိတာမဟုတ်ပါလား။

"မမ အလုပ်သွားတော့မှာလား"

"မနှင်ချင်ပါနဲ့တော်၊ ငါ့လူ လာကြိုနေပါပြီ"





"ကြားလား ချို၊ မမက ကြားနေပြီ ... ငါ့လူတဲ့၊ ချိုရော ကြားချင်ဘူးလား"

"ကြားစရာမှ မဟုတ်တာကို"

"ကော်ဖီသောက်မလား ညီတွင့်ရှိသာ၊ Breakfast ဘာစားထားသလဲ"

"ဘာမှမစားဖြစ်ဘူး မမရဲ့"

"အတော်ပဲ မနက်စောစော မမ ပဲပြုတ်နံပြား ဝယ်ထားတာ စားရမှာပေါ့"

"မမကလည်း အကောင်းစားမဟုတ်၊ ဘာမဟုတ်နဲ့"

"နင်ကြိုက်တဲ့အရာကို ညီထွင့်လည်း သိသင့်တာပေါ့ ချို၊ နေရာထကာ မြို့မထားချင်နဲ့၊ တော်ကြာမှ ပွင့်ထွက်ကုန်မယ်"

မမကို မျက်စောင်းခဲလိုက်မိပါ၏။ သူက ပြုံးစစနှင့် ကျွန်မကို ကြည့်နေလေသည်။ အလုပ်မအားလပ်သည့်ကြားက အိမ်ကိုလာလည်သတဲ့လား။ အင်းပေါ့လေ ... ချစ်သူဖြစ်မှတော့ နေ့တိုင်း Phone ဆက်ချင်သလို တစ်ပတ်တစ်ခါတော့ မြင်ချင်မှာပေါ့။ ကျွန်မအလှည့်ထုန်းကဖြင့် သင်တန်းပြီးတာနှင့် သူ့ရုံးကိုက်ခန်းကို တိတ်တိတ်လေး သွားခဲ့တာပါ။

အစကတော့ သူနှင့်ကိုဇော် အတူနေသည့် တိုက်ခန်းကို



www.burmeseclassic.com

www.burmeseclassic.com



မမနှင့်အတူတူ သွားရှင်းလင်းပေးခဲ့ရတာပါ။ ဘယ်သူမှ မရှိသည့်အခန်းမို့ မမက မီးဖိုခန်းဘက် ရှင်းနေစဉ် ကျွန်မက အိပ်ခန်းနှင့်ဧည့်ခန်းကို တာဝန်ယူခဲ့ရတာပင်။ အဲဒီတစ်နေ့မှာပဲ အမှတ်မထင် သူနှင့်ဆုံခဲ့ရတာပါလေ။

ပထမဦးဆုံးအကြိမ်, ပထမဦးဆုံးအသိအတွေ့, ပထမဦးဆုံးရင်ခုန်သံတို့နှင့်အတူ ကျွန်မ၏နှလုံးသားနုနုထွတ်ထွတ်လေးကို သူအပိုင်သိမ်းကျုံးယူငင်သွားခဲ့တာပင်။ ကြာတော့ ကြာခဲ့ပါပြီ။ သို့သော် . . . မနေ့တစ်နေ့ကလိုပင် နှလုံးသားက နာကျင်နေစဲပါပဲ။

"ချို"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ၊ မောင်ရောက်လာတာ မမျော်ဘူးလား"

ယဲ့ယဲ့မျှ ပြုံးလိုက်မိပါ၏။ ကျွန်မဘေးမှာ အချစ်သစ်နဲ့ချစ်သူရှိနေတာတောင်မှ ရည်းစားဟောင်းကို မသိစိတ်တွင်းမှ တမ်းတနေမိတာ ညီ့အပေါ် ဘယ်တရားပါ့မလဲ။ ပွင့်ပွင့်လင်းလင်း ပြောသင့်တာ မှန်ပေမယ့် တကယ့်တမ်း ပြောဖြစ်ရင်ဖြင့် ဒီလူငယ်လေးတစိတ်မကောင်းဖြစ်ပြီး ကျွန်မအပေါ် ဝန်တိုတော့မှာပါလေ။

"ထင်မှမထားတာ"





"မောင်လို့ခေါ်ပါလား ချိုရာ"

"အင်း"

"အိမ်ရှေ့မှာ စားမလား၊ ယူလာရမလား"

"နေပါစေ မမ . . . ကျွန်တော်တို့ ထမင်းစားခန်းမှာပဲ လာသောက်ပါ့မယ်"

"ဒါဖြင့်လည်း ပြီးရော၊ အပြင်သွားရင် သော့ခတ်ဖို့ မမေ့နဲ့ဦး"

"ဟုတ်!"

"တီ! တီ!"

"ဟော! ကိုဇော် လာကြိုနေပြီ မမ"

ကိုဇော်က ခြံရှေ့ရပ်ထားပါသည့် ကားပြာလေးကို မြင်သဖြင့် ကားပေါ်မှ ဆင်းလိုက်လေ၏။ ပြတင်းပေါက်အနီးရှိ ခုံမှာထိုင်နေသာမို့ ကိုဇော် ရောက်လာတာကို မြင်နေရလေသည်။ ခဲအိုလောင်းသဖြင့် အိမ်ပေါ်တက်လာတော့မှာပါ။ ညီနှင့်မျက်နှာချင်းဆိုင်တွေ့တော့မှာလေ။ မျက်နှာပူစရာအဖြစ်ပါပဲလား။

"အတော်ပဲ . . . ကိုဇော်နဲ့ မိတ်ဆက်ပေးဖို့လိုပြီ"

"ဘယ်သူလဲ မှံ"

"ညီ့တွဲဖို့သာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ညှော်"

ညှော်ခန်းမှာ ဆုံကြစဉ် ကိုဇော်မျက်နှာက ထင်ထားသည့် အတိုင်း တစ်မျိုးလေး ဖြစ်သွားပါ၏။ သူနှင့်ပတ်သက်ပြီး ဖြစ်ခဲ့သည့် ဇာတ်လမ်းတစ်ပုဒ် (သို့တည်းမဟုတ်) ပုံပြင်ဒဏ္ဍာရီတစ်ပုဒ်က ရှိခဲ့ တာကို။ ညီက ဖော်ရွေစွာဖြင့် လက်ဆွဲနှုတ်ဆက်လိုက်တာကို မမရော ကျွန်မပါ ကြည့်နေဖြစ်လေသည်။

"မှုပြောပြထားတာ ကြာပြီ ... အခုမှပဲ တွေ့ဖူးကြတော့ တယ်၊ ရဲရင့်ဇော်ပါ ညီ"

"ဟုတ်ကဲ့ပါ အစ်ကို"

"ဒါဖြင့် ကိုယ်တို့ Wedding ကို စုံတွဲတက်ဖြစ်တော့မှာပေါ့ လေ ... ဟုတ်လား ချို"

ဘာမှမပြောဖြစ်ပါ။ ကိုဇော့်လေသံထဲမှာ ဝမ်းသာလိုက်လှဲ သည့် အရိပ်အယောင်မျိုးမှ မပါဝင်တာကို။ သူငယ်ချင်းဖြစ်သူအတွက် နဲ့ ချို့ကို မျက်နှာပူအားနာပြီး စကားပဲရဲရဲပြောမထွက်တော့တာ သိ သာနေလေသည်။ ပြီးခဲ့တာတွေဖြစ်ပေမယ့် ဒီမျက်နှာတွေကို မြင်ရတိုင်း သူ့ကို တမ်းတခြင်းတစ်ဖက် နာကျင်ခြင်းတစ်ဖက်ဖြင့် ခံစားရတာကို ကျွန်မကိုယ်တိုင်သာ သိနေတာပါ။

"Wedding က ဘယ်တော့လဲ အစ်ကို"





"December last week"

"နီးနေပြီပဲ"

"ဟုတ်တယ် ... ဒါကြောင့် အလုပ်ရှုပ်နေတာပေါ့"

"သွားကြစို့ 'ကို'..."

"OK! ကိုယ်တို့ သွားလိုက်ဦးမယ် ညီ။ နောက်မှ ထပ်ဆုံကြ တာပေါ့"

"ဟုတ်ကဲ့ အစ်ကို"

မမနှင့်ကိုဇော်က အိမ်ပေါ်မှ ဆင်းသွားပါ၏။ မနက်အဆာ [illegible]စားရန်အတွက် သူနှင့်အတူ ထမင်းစားခန်းသို့ ဝင်လာခဲ့ပါသည်။ အိမ်သေးသေးကိုကြည့်ရင်း သူက ခပ်ပြုံးပြုံးဖြင့် လိုက်လာလေ၏။ သူ ဘာကိုစဉ်းစားနေမည်မှန်း ရိပ်မိနေပါသည်။

"ချို"

"အင်း"

"မမ လက်ထပ်ပြီးရင် ဘယ်မှာနေမှာလဲ"

"ဒီမှာပဲ နေမှာပေါ့ ... ဘာဖြစ်လို့လဲ"

"ဘယ်ဖြစ်ပါ့မလဲ ချိုရဲ့ ... အိမ်က ကျဉ်းကျဉ်းလေးကို"

"ဖြစ်အောင် နေရမှာပေါ့ ... ချိုမှ မမနဲ့ မခွဲနိုင်တာ"

"ဒါဖြင့် မောင့်ကိုရော"



www.burmeseclassic.com

www.burmeseclassic.com



"စကားများလိုက်တာနော် ...ချိုက လေများတဲ့လူ
သဘောမကျဘူး"

"မောင်ပြောတာက"

"လူကို ချုပ်ချယ်တာလည်း မကြိုက်ဘူး။ အစောကြီးကတည်
က ကြိုပြောထားပါရဲ့"

"မောင်က ချစ်လွန်းလို့ပါ ချိုရယ်"

"ရှူး!"

"ဘာဖြစ်လို့လဲ"

ကျွန်မ ခေါင်းကိုသာ ခါပြလိုက်ပါ၏။ မနက်စာ ကော်ဖီမှု
နံပြားကို ညှပ်ထားပေးသည့်အတွက် ပဲပြုတ်ဆီဆမ်းထားတာကို ထ
စားရပါသည်။ ခုံနှစ်ခုံက မျက်နှာချင်းဆိုင်ဖြစ်နေတာမို့ သူက ကျွ
ဘေးကို ရွှေ့၍ ထိုင်လိုက်လေ၏။ သတိပေးသည့် မျက်ဝန်း
မျက်မှောင်ကြုတ်ပြစဉ် သူက သဘောကျစွာ ရယ်လေတော့သည်
လူကို မထိတထိနှင့် သူ့ စနောက်ချင်မှန်း သိလိုက်ရပါ၏။

❋ ❋ ❋



## အခန်း (၇)

Boss မမ မောင်းလာသည့် ကားက ဆိတ်ငြိမ်ရပ်ကွက်ရှိ
အိမ်ထဲသို့ ကွေ့ဝင်လာ၏။ နေရောင်လည်း ရဖြိုး အပင်ကြီးတွေနှင့်
အရိပ်ရနေသည့် လမ်းမို့ ခပ်နွေးနွေး ခံစားချက်ကို ရလိုက်ပါသည်။
ညနေစောင်းနေရောင်က အင်အားမရှိတော့ပေမယ့် အနည်းငယ်တော့
ရှိနေသေးလေ၏။

"ဒီမြို့ပဲ"

"ကျယ်သားပဲ မမရဲ့ ဟော!...တိုက်တောင် ဆောက်ထ
ားသား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ပြီးတော့ ပြီးတော့မှာပဲ"

"အဲဒါကြောင့် ချိုကို ခေါ်လာတာပေါ့၊ Decration ဆင်ရင် ဘာလိုသလဲဆိုတာ ချိုက ပိုသိတယ်လေ"

"လုလိုက်တာ"

"လုမှာပေါ့ . . . သူကိုယ်တိုင် Drawing ဆွဲပြီး ဆောက်နေ တာ"

"သြော်"

ဂုဏ်ယူပျော်နေသည့်အပြုံးက အသက်ဝင်လွန်းလှပါ ကားဖြူလေးပေါ်မှ ဆင်းလိုက်ကြပါသည်။ မမှူက စေ့ထားသည့် ခြံ တံခါးကို တွန်းဖွင့်ဝင်လိုက်လေ၏။ အကြမ်းသာခင်းထားပါသည့် လမ်း မှာ ဒေါက်ချွန်ဝတ်လာသည့် 'ဒီဇင်ဘာနှင်း' အတွက် လမ်းလျှောက်ရ ခက်ခဲပေမယ့် ကျွန်မကတော့ ခစ်ပါးပါး shoe မို့ လျှောက်ရ လွယ်ကူ ပါသည်။

"မြေကြီးက ပြင်ထားတာပါလား"

"ဟုတ်တယ် . . . ဂျပန်မြက်ခင်းစိုက်ဖို့လေ"

ကျွန်မ ခေါင်းညိတ်လိုက်မိ၏။ နေရောင်က တိုက်နောက် လိမ့်မှော်ရောင်ရင့်ရင့်ဖြင့် ပွပေးနေလေသည်။ ဒါဖြင့် နေရှိရာအရပ်





ချက်နှာမူပြီး ဆောက်ထားတာပေါ့။ တိုက်ပုံစံက ခပ်ဆန်းဆန်းလေး ဖြစ်ကာ လသာဆောင်တွေ ခုနစ်တာသေးသေးလေးတို့က ခေါင်းရင်း ရော၊ အရှေ့မှာပါမက အနောက်ဖက်မှာပါ လုပ်ထားလေ၏။

တဝေါင့်ကြီးဖြစ်နေတာမျိုး မဟုတ်ပါဘဲ ထောင့်ချိုးနေရာ ၏ စောက်ဖြတ်ပုံစံ အပြာလေးချိုးကာ မှန်တပ်ရန် ကြေးဘောင်ခွေ ထားလေသည်။ အပြင်ပုံစံကို လှည့်ပတ်ကြည့်နေမိရင်း ရင်ထဲမှာ အမျိုးအမည်မသိသည့် ခံစားချက်က ဖျတ်ခနဲ ရောက်လာလေ၏။

ဘုရားရေ! သူတစ်ခါတုန်းက ပြောခဲ့ဖူးသည့်ပုံစံမျိုးအတိုင်း ဖြစ်နေပါရောလား။ အထဲမှာသာ Hotel ပုံစံ လှေကားနှစ်ဝင်းတပ်ပြီး ညှိခန်းကို လှမ်းမြင်နိုင်သည့် အလယ်နေရာမှာ ကျွန်းကလေးသဖွယ် ချန်ထားသာ ထုတ်ထားပါလျှင် လုံးဝကို ကွက်တိဖြစ်တော့မှာပါ။ အလို! ဖြစ်ပါစေ၊ Boss မမနှင့် စေ့စပ်မည့်လူက သူများ ဖြစ်နေမလား။

"ကြိုက်နေပြီလား ချို"

"ဟင် . . . ဒီလိုပါပဲ"

"အထဲဝင်နှင့်လေ . . . မမ phone ဆက်စရာရှိလို့ နောက်မှ လိုက်လာမယ်"

"ဟုတ်ကဲ့"

အောက်ထပ်မှာ ကျွန်းတံခါးတပ်ထားပြီမို့ အသာတွန်းဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဝင်လိုက်ပါ၏။ ကျွန်မ ပါးစပ်အဟောင်းသားဖြင့် ခြေစုံရပ်လိုက်မိလေသည်။ တိုက်ဆိုင်မှုဟု ထင်ထားသော်ငြား ထင်မထားသည့်အရာတို့က ကျွန်မကို စောင့်နေလေသည်ကိုး။ ဘုရားရေ! တကယ့်ကိုသူပြောဖူးသည့်အတိုင်း အတွင်းမှာ တည်ဆောက်ထားပါလေ။

ညှိခန်းနေရာကို ခပ်ကျယ်ကျယ် ယူထားပြီး Hall ခန်းမကြီးအဖြစ် ပြင်ထားလေ၏။ အခန်းတွေ စဖွဲ့နေပြီမို့ ဒါ ဘာအခန်းလဲဆိုတာကို ကြိုသိနိုင်လေသည်။ ဒါက စာဖတ်ခန်း, ဒါက အိပ်ခန်းစသဖြင့်မှန်းဆလိုက်ပြီး ထမင်းစားခန်းမှရော စာဖတ်ခန်းမှပါ ခြံကိုလှမ်းကြည့်လို့ရရန် စီမံထားပါ၏။ ဒါဖြင့် မီးဖိုခန်းနှင့် Toilet တို့ကတစ်ဖက် အနိမ့်ပိုင်းမှာ ရှိနေပါသလား။

ဆောက်နေစဲမို့ အိမ်ထဲသို့ ဖိနပ်မချွတ်ဖြစ်ဘဲ ဒီအတိုင်းဝင်ခဲ့တာပါ။ သစ်သားစတွေ အင်္ဂတေမှုန့်တွေ အမှုန့်အမွှား အစအနတို့ကတစ်အိမ်လုံးပြည့်နေလေသည်။ အတွင်းခန်းဘက်ကွေ့ဝင်လိုက်စဉ်ကျွန်မ တွေးထားသည့်အတိုင်းပင် လှေကားသုံးထစ်ကို ဆင်းခဲ့ရပြီးမှမီးဖိုခန်းကို ရောက်လေ၏။

လူက ခြေလှမ်းကို ရွေ့လို့မရနိုင်အောင် တအံ့တသြဖြင့်မှင်တက်နေရတာပါ။ တကယ့်ကို သူ့စိတ်ကူးထဲမှ အိမ်ကို လက်ရှိမျက်စိရှေ့မှာ မြင်နေရတာ မဟုတ်ပါလား။ အာရုံက အတိတ်ကို





ချော်ခနဲ လွင့်သွားလိုက်၊ လက်ရှိပစ္စုပ္ပန်ကို ပြန်ရောက်လိုက်ဖြင့် နှလုံးနှင့်သံက မမှန်တော့ပါချေ။

ရယ်မောသံတွေ၊ စနောက်သံတို့ဖြင့် ပျော်ရွှင်သည့် အတိတ်က မနေ့တစ်နေ့ကလိုပါပဲလား။ အဲဒီနေ့မှာမှ မမနှင့်အတူတူ လိုက်ခဲ့ပါတာ။ အဲဒီနေ့မှာမှ တိုက်တိုက်ဆိုင်ဆိုင် သူနှင့်တွေ့လိုက်ရတာ။ အဲဒီနေ့မှာပဲ သူ့ရင်ခွင်ထဲ ရုတ်တရက် လဲပြိုကျပြီး နှလုံးသားလေး Accident ဖြစ်ခဲ့ရတာပါ။

နွေးထွေးစွာ၊ လှိုက်ဖိုစွာ၊ ရှက်ရွံ့စွာ၊ ရင်ခုန်စွာ၊ သွေးခုန်နှုန်းတွေ မြန်ဆန်စွာဖြင့် ရင်ဘတ်ထဲမှာ ပိုးကောင်လေးတွေ ရှုစ်ရှုစ်ပျံနေသလို အသည်းတယားယားဖြင့် ပျော်ခဲ့ရတာပါလေ။ အသက် (၂၁) အရွယ်၊ နောက်ဆုံးနှစ်ဖြေပြီး သင်တန်းတက်နေသည့်ကာလမှာ ‘အချစ်’ ဆိုသည့်အရာကို ခလုတ်တိုက်ပြီး တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့ရတယ်လို့။

ရင်နှင့်အမျှ ချစ်ခဲ့ရတာပါ ‘ကို’ ... မြင်မြင်ချင်း ချစ်ခဲ့မိတာပေမယ့် ရင်ထဲမှာ တနင့်တပိုးကြီးနဲ့ ချစ်မိခဲ့တာပါ။ ‘ကို့’ အတွက် ‘သို့’အသက်၊ ‘ကို့’အရွယ်နဲ့တော့ ချို့က ပါးပါးလေး ဆိုပေမယ့် ချို့အတွက်ကဖြင့် ‘ကို’ကို အကြီးကြီးပဲ ချစ်ခဲ့မိတာ အမှန်ပါ။ ဒါတွေကို ‘သို့’ သိပါလျက်နဲ့ ‘ချို့’ ကို တမင်ချန်ရစ်ခဲ့ရတယ်လို့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



အရှုံးအမှုးချစ်တတ်တဲ့အရွယ် မဟုတ်သေးပြား ရှုမိုက်မိုက် ချစ်မိတာကို ဝန်ခံပါရစေ။ အချစ်ဆိုတာရဲ့နောက်ကွယ်က အမုန်းထုံ တိုင်းကြီးကို မမြင်တတ်ခဲ့ပါ။ ကြင်နာခြင်းနှင့် တွဲဘက်ဖြစ်နေသည့် နာကျင်မှုတို့ကိုလည်း မသိခဲ့ပါ။ စူးနင့်သောချစ်ခြင်းတွေ၏ အဆုံး သတ်က ရင်နင့်ခြင်းတွေဆိုတာကိုလည်း နားမလည်နိုင်ခဲ့ပါလေ။

တကယ့်ကို အရူးတစ်ပိုင်းဖြစ်ခဲ့ရတာပါ 'ကို'။ သည်းခြေ ပျက်ခဲ့ရပါသည့် နှလုံးသားမဲ့လူသားအဖြစ် ဘယ်နှနှစ်လောက် ရပ်တည် ခဲ့ရပါသလဲ။ ကျွန်မကို မချစ်တော့လို့ မကြင်နာတော့လို့ မတွယ်တာ နိုင်တော့လို့ သံယောဇဉ်မထားတော့တဲ့ လူတစ်ယောက်ကို မျှော်လင့် ခြင်းဆိုတာတွေက ဖြတ်တောက်ပစ်ခဲ့တာပါ။

နောက်ဆုံးတော့ . . . နောက်ဆုံးမှာတော့ . . . အချစ်ဆိုတာ ကို မခံစားဖူးသေးတဲ့ မလည်မဝယ် ကောင်မလေးကို လိုသလို လှည့် စားကစားသွားတယ်ဆိုတာပါပဲ။ နောင်တရနိုင်ပါသလား။ ရတာပေါ့ အဲဒီနောင်တအထုပ်အပိုးကြီးကို ရင်ထဲမှာ လေးပင်စွာ သယ်ပိုးသိမ်း ဆည်းထားခဲ့တဲ့ မိန်းကလေးအဖြစ် ရန်ကုန်ချိကာ ဆက်လက်ရှင်သန်နေခဲ့ ရတာပါလေ။

မီးဖိုခန်းမှာ ဖြည်းဖြည်းချင်း လျှောက်ကြည့်နေမိတာကို ရပ်လိုက်ပါ၏။ ဒီအခန်းမျိုးက သိပ်ကြီး အလှဆင်စရာမှ မလိုတာလေ။





အပေါ်ထပ်မှာမှ ဆင်စရာတွေ များမှာမို့ လှေကားသုံးထစ်မှ ညှိဆောင် ကို ပြန်တက်ခဲ့ပါသည်။ အပေါ်ထပ်ကိုက လှေကားခပ်ဝိုက်ဝိုက်ပုံစံ နှစ်စင်းတပ်ပြီးနေပြီမို့ မီးဖိုခန်းနှင့်နီးသည့် လှေကားဘက်မှ တက်ခဲ့မိ လေ၏။

မှန်တံခါးတွေ ဆင်ပြီးနေပြီမို့ အရောင်ဖျော့ဖျော့ လိုက်ကာ တွေ တပ်လိုက်ပါက လှပသွားမည်သာ။ အိပ်ခန်းတွေလည်း ဖွဲ့ပြီး နေသလို တံခါးတွေပါ တပ်ပြီးနေလေ၏။ Hotel ပုံစံ အခန်းဖွဲ့ထားပုံ ကိုက ဒီအိမ်ကို စိတ်ဝင်စားမှု ပိုစေလေ၏။ အစွန်ဆုံးအခန်းတွေကို တံခါးအသာတွန်းကြည့်ရင်း ကြည့်ဖြစ်ခဲ့ပါသည်။

အလင်းရောင်ဝင်တာ လေဝင်လေထွက်ကောင်းတာကအစ ပြည့်စုံနေလေ၏။ ခေါင်းရင်းဘက် အခန်းတံခါးကို တွန်းလိုက်စဉ် Lock ချထားသဖြင့် ရင်ထဲထိတ်သွားရပါသည်။ အလို! ဘယ်လိုဖြစ်ပြီး ပိတ်နေရပါသလဲ။ အရေးကြီးသည့် ပစ္စည်းတို့ကို ထည့်သိမ်းထားပါက သော့ခတ်နိုင်သဖြင့် Door lock လုပ်ထားတာကို ဒီတိုင်းထားလိုက်ပြီး မျက်နှာစာတန်း ဝရန်တာရှိရာဆီ ဆက်လျှောက်လိုက်ပါ၏။

နံရံတွေမှာ မီးဆိုင်းလှလှလေးတွေ ဆင်ဖို့ ညှိဆောင်မှာ ဆန်းသွဲ့ဖြင့် မီးအလှဆင်ဖို့ အခန်းတွေထဲမှာလည်း မီးချောင်းကျွေးကွေး လေးတွေဖြင့် လင်းစေပြီး ညအိပ်မီးပြာပြာလေးတွေ ထွန်းထားမို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဖြင့် ယောင်ယောင်လေး ပြုံးလိုက်မိပါသည်။ ဒီလောက် အကုန်အကျများပြီး ဆောက်ထားမှတော့ ပစ္စည်း special တွေဖြင့် အလှဆင်ဖို့ သုံးမည်သာ။

စောစောက ခြံထဲမှာ phone ပြောနေပါသည့် Boss မမကို မတွေ့ရပါချေ။ ကားက ရပ်ထားစဲမို့ အိမ်ထဲများ ဝင်လာပြီလား။ ကျွန်မကို လိုက်ရှာနေမှ အခက်ပဲမို့ အိမ်ထဲပြန်ဝင်ရန် စဉ်းစားပြီး ကိုယ်ကို လှည့်လိုက်မိ၏။ ရုတ်တရက် ဘွားခနဲ အနီးကပ်မြင်လိုက်ရပါသည့် ယောကျ်ားတစ်ယောက်၏ကိုယ်ခန္ဓာကြောင့် ရင်ထဲဆောင့်ခုန်ပြီး အထိတ်တလန့် ဖြစ်သွားရလေသည်။

"အမယ်လေး!"

အနောက်သို့ ဆုတ်မိစဉ် သစ်သားတုံးအပိုင်းအစကို နင်းမိကာ ယိုင်လဲကျလေ၏။ ကျွန်မ၏လက်မောင်းတစ်ဖက်နှင့် ခါးဇုန်ရာကိုပါ ဖျတ်ခနဲ ဖမ်းဆွဲထိန်းလိုက်ခြင်းကြောင့် လဲမကျသွားဖြစ်သော်ငြား ရှက်ရွံ့ကြောက်လန့်စိတ်ဖြင့် အမြန်ရုန်းထွက်လိုက်မိလေသည်။

"အို!"

"ရှီ"

"ဟင်!"

ဘုရားရေ! ဒီအသံ၊ ဒီရင်ခွင်၊ ဒီအငွေ့အသက်တို့က





ကျွန်မနှင့် တရင်းတနှီး ရှိခဲ့ဖူးပါ၏။ နှလုံးသားက တဆတ်ဆတ်ခုန်ခြင်းတို့ဖြင့် မြန်ဆန်ကုန်လေသည်။ မော့ကြည့်မိခြင်းက ခပ်စူးစူးအကြည့်တို့နှင့်အတူ အကြည့်ချင်းဆုံစည်းသွားစေပါ၏။ စက္ကန့်တွေ၊ မိနစ်တွေ၊ အဘယ်မျှ ကြာသွားမှန်းပင် မသိဘဲ ခဏမျှ ငေးကြောင်သွားရလေသည်။

"ရှီ အစစ်ပါပဲလား"

"ဘာလုပ်တာလဲ … လွှတ်ပါ"

"ရှီ"

"ရှင့်ကို ကျွန်မ မသိဘူး … လွှတ်လို့ ပြောနေတာ မကြားဘူးလား … ဖယ်!"

"ရှီ … ကိုယ်"

အတင်းရုန်းဖယ်ထွက်နေတာမို့ သူက လွှတ်ပေးလိုက်လေ၏။ အလို! ဘယ်လိုဖြစ်ပြီး သူက … သူက ဒီနေရာမှာ ရှိနေပါသလဲ။ ဘုရား! တကယ်ပဲ ကျွန်မ ထင်နေသည့်အတိုင်း ဖြစ်လာပါသလား။ ဒါဖြင့် Boss မမ ပြောသည့်လူက သူဖြစ်နေတာပေါ့လေ။ မမျှော်လင့်သည့် အခြေအနေဖြင့် မထင်မှတ်ထားပါဘဲ နောက်ထပ်တစ်ကြိမ် ပြန်ဆုံရလေပြီ။

"ရှီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒီတိုက်က"

"ကိုယ့်တိုက်ပါ ချို"

"ဩော် ... ဒီလိုမှန်း ကြိုသိရင်"

"နေပါဦး ... ကိုယ်ရှင်းပြတာကို နားထောင်ပါဦးလား ချို"

"မမ ပါလာတယ်ရှင့်၊ ရှင်နဲ့ စကားစမြည်ပြောရင်း အချိန်ဖြုန်းဖို့ မအားဘူး"

"မမဆိုတာ"

"Boss မမကို ပြောတာလေ ... ဒီဇင်ဘာနှင်း"

"ဩော် ... နှင်းလား"

မျက်နှာပျက်မသွားပါလား။ ဘာကြီးလဲ၊ တကယ်ဆို လက်ရှိတွဲနေပါသည့် ချစ်သူနှင့် အရင်က တွဲခဲ့ဖူးသည့် ကျွန်မကို အတူတွေ့တွေ့ရမှာမို့ စိတ်မပူဘူးတဲ့လား။ တကယ်ဆို ခပ်အမ်းအမ်းမျက်နှာနှင့် အားနာမှုတော့ ဖြစ်ရမှာလေ၊ အခုတော့ ဘာမှမဟုတ်သလိုနှယ် ကျွန်မကိုသာ တအံ့တဩဖြင့် ငေးနေလေ၏။ ရှင် ဘာသဘောလဲ ကိုမင်းနန္ဒ။

"ကျွန်မ သွားတော့မယ်"

"ဒါဖြင့် ကိုယ့်တိုက်ကို Decration ဆင်ပေးမှာ ချိုပေါ့လေ"

"ဟုတ်တယ်လေ ... သူနဲ့ချိုက သိနေကြတာလား"





သူ့နောက်မှ လိုက်ထွက်လာပါသည့် Boss မမကြောင့် ခန္ဓာကိုယ်က အလိုလိုတောင့်တင်းသွားရပါ၏။ သိလို့မဖြစ်ပါ။ ကျွန်မတို့ အတိတ်က ကျန်ခဲ့ပြီးပြီမို့ လက်ရှိပစ္စုပ္ပန်မှာ သူနှင့်ကျွန်မက သူစိမ်းသစ်သစ်အဖြစ်နှင့်သာ သိထားသင့်တာပါ။ ဒီအခြေအနေကို သူ သိနေမှာပါနော်။

"သိတယ်"

"မသိဘူး"

"ဟယ်! ဘယ်လိုဖြစ်ရတာလဲ၊ နှစ်ယောက်သားအဖြေက"

"မသိဘူးဆိုတာက အခုမှတွေ့ပြီး မိတ်ဆက်နေတုန်း မမရောက်လာလို့ပါ"

သူက နှုတ်ခမ်းတစ်ဖက်တွန့်၍ ပြုံးလိုက်လေ၏။ ကြည့်စမ်း! လူကို အသည်းယားစေတဲ့အပြုံးမျိုးနဲ့ ညို့နေပြန်တာလေ၊ သူ ဒီပုံစံမျိုး လုပ်ပြတိုင်း ကျွန်မနှင့် စကားများခဲ့ဖူးတာ မဟုတ်လား။ အခုလည်း အမင်တကာ ပြုံးတာမှန်း ကျွန်မ အလိုလိုသိနေပါ၏။ စိတ်တွေ ရှုပ်ထိုက်ပါဘိ။

"ဒါ မမပြောထားတဲ့တစ်ယောက်ပဲ ချို ... မင်းနန္ဒတဲ့၊ သူလည်း မှတ်ထားပေးနော် ... ဒါ နှင်းရဲ့တောင်ဝှေးလေး ရန်နုချိုပါ"

နှစ်ယောက်သား ဘာမှပြန်မဖြေဖြစ်ကြဘဲ ခပ်တည်တည်ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေမိကြလေ၏။ လူကသာ တည်ငြိမ်နေသော်ငြား ရင်ထဲမှာဖြင့် မုန်တိုင်းထန်နေရတာပါ။ ဦးနှောက်အတွင်းမှ အချက်ပေးသံတို့က အဆက်မပြတ် မြည်နေလေ၏။ သတိထားပေတော့ 'ရန့်ချို'။ ဒီလူနဲ့ သာ ဒီထက်ပိုပြီး ရက်ရှည်စွာ တွေ့နေရရင်ဖြင့် ဖုံးကွယ်ချင်သည့် အတိတ်ပုံပြင်က ပေါ်တော့မှာပါ။

ရှင့်ကိုမုန်းတယ် 'ကိုမင်းနန္ဒ'။ အဲဒီအပြုံးမျိုးပြုံးရင် ပိုပြီး မုန်းတယ်ရှင်။

❋ ❋ ❋



## အခန်း (၈)

ကြာတော့ ကြာခဲ့ပါပြီ။ သို့သော် မနေ့တစ်နေ့ကနှယ် သူ့ရင်ကို နွေးထွေးစေတုန်းပါပဲ။ ဖူးသစ်စအရွယ်, နုငယ်သည့်အပြုံး, ထန်းဆန်းသည့်အလှတို့နှင့်အတူ သူ့ရင်ကို လှုပ်ခတ်စေခဲ့တာလေ။ အဲဒီအချိန်က သူတို့အုပ်စု ကျောင်းတက်နေခဲ့အခြေအနေပါ။ အုပ်စုထဲမှာ မိန်းကလေးနှစ်ယောက်နှင့် သူအပါအဝင် ယောကျ်ားလေးသုံးယောက် ပေါင်းဖြစ်ကြလေ၏။

'နှံ့သာမှုံ'နှင့် 'ထက်မြက်'က အိမ်ကိုယ်စီမှ အသီးသီး ကျောင်းတက်ကြတာ ဖြစ်ပါသည်။ သူနှင့် 'ရဲရင့်ဇော်'က တိုက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ငှားပြီး နေရသလို တစ်နယ်ထဲမှ ကျောင်းလာတက်သည့် 'မေစံပယ်' က အဆောင်မှာနေခဲ့ကြတာပါ။ တစ်ကျောင်းတည်း တက်ဖြစ်တာမို့ ကျောင်းမှာ ဆုံဖြစ်ပေမယ့် တစ်နေရာဆီမှာ နေကြရတာပင်။

'မှုံ' နှင့် 'ရဲရင့်' တို့ ချစ်သူဖြစ်မှပင် သူတို့တိုက်ခန်းကို မကြာမကြာ လာတတ်သလို အခန်းသော့ယူထားပြီး သူတို့မရှိချိန်မှာ လာရှင်းလင်းပေးသလို ချက်ပြုတ်စားသောက်ဖြစ်ကြလေ၏။ အဲဒီနေ့ကလည်း သူတို့မရှိသည့် တစ်ညနေမှာ မထင်မှတ်ဘဲ 'ချို' နှင့် ဆုံခဲ့ရတာပါလေ။

❋

ပန္နည်းထုပ်ကို ကူသယ်ပေးရင်း လိုက်ခဲ့ရပါ၏။ ဝိတ်ရက်မှာ အိမ်အလုပ် ဝိုင်းကူပေးပြီး မမချုပ်နိုင်သည့် လိုက်ကာတွေကိုပါ 'ချို' ပဲ ချုပ်ပေးရတာပါ။ နည်းပညာတက္ကသိုလ်တက်ခွင့်ရသည့် မမက စာအများကြီး ကျက်ရပြီး ပင်ပန်းသဖြင့် အနိတ်လေးနှင့်အတူ 'ချို' သာ ကူညီပေးရတာ မဟုတ်လား။ ရိုးရိုးမေဂျာဖြင့် ကျောင်းအပြီးပြီး ခဲ့တာက 'ချို'အဖို့ ကံကောင်းတာပါလေ။





"ကိုဇော် ရှိနေမှာလား"

"မရှိဘူး ... အပြင်သွားဖို့ကိစ္စ ရှိတယ်တဲ့"

"ချိုက မြန်မြန်ကူလုပ်ပြီးတာနဲ့ ပြန်မှာနော်၊ အကြာကြီး မနေဘူး"

"အေးပါ ... တကတဲ့မှပဲ ... တစ်ယောက်တည်းလာရင် အကောင်းတတ်လို့ ခေါ်လာမိပါတယ်၊ တကယ်ကျိုကျောင်ကျတာပဲ"

"ကိုဇော်တို့က မမဘော်ဒါတွေကိုး၊ ချိုနဲ့မှ မဆိုင်တာ၊ စာအတူ ဆွေးနွေးရင်လည်း ဘာမှနားမလည်တဲ့ ချိုပဲ အူကြောင်ကြောင် ဖြစ်ရမှာ ပျင်းစရာကြီး"

"သင်တန်းဗီဇတ်လို့လည်း ခေါ်ခဲ့တာလေ ... ပျင်းစရာလား"

ကျွန်မမှာ နှာခေါင်းရှုံ့လိုက်မိပါ၏။ ကိုဇော်က အိမ်ကို မကြာခဏ လာနေကျမို့ ခင်မင်ရင်းနှီးနေတာ အမှန်ပါ။ အနိတ်လေး 'ဒေါ်မွှေးတင်မှုံ' ကလည်း မမနှင့်ကိုဇော်ကို သဘောတူသဖြင့် အိမ်မှာ ခေါ်တွေ့ခွင့် ရနေတာ မဟုတ်ပါလား။ အခုတော့ မမက ကိုဇော့် တိုက်ခန်းကို ဝင်ထွက်နေရတယ်လို့။ လူကြီးတွေသိရင် အဆူခံရမှာ မို့ပြီး 'ချို' ကို အဖော်ခေါ်ခဲ့တာမှန်း သိနေပါသည်။

အကြောင်းပြချက်ပြဖို့ပေါ့လေ။ ဦးနှောက်ကောင်းတဲ့ မမ ဖြစ်နေတာကိုး။ အဖော်ခေါ်ရင်လည်း ဘာကိုမှ မသိနားမလည်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက်အရွယ်လေးကို ရွေးမခေါ်ပါဘဲ အရွယ်ရောက်ပြီးခါ သည့် ကျွန်မကို ခေါ်ခဲ့ရတာပါလိမ့်။ ညီမဖြစ်သူကိုတော့ တွေ့ရလျှင် ကြိုက်သွားမှာကို စိုးရိမ်တတ်သည့် မကာ အားကျချင်အောင် ရှေ့ဆောင် လမ်းပြလုပ်နေတာကို မသိသလိုပါပဲလား။

"မမ"

"ဘာလဲဟာ . . . မောရတဲ့ကြားထဲ"

"ဓာတ်လှေကားရှိတဲ့ တိုက်ခန်းမှာ မနေဘူးလား။ မမရော ဒီလောက်လှေကားထစ်တွေ အများကြီးတက်ရတဲ့ တိုက်မှာ နေရတယ် လို့၊ ပြီးတော့လည်း အပေါ်ဆုံးထပ်တဲ့ . . . စိတ်ညစ်စရာကြီး"

မမက ခပ်တိုးတိုး ရယ်လိုက်လေ၏။ ကျွန်မ စကားများ ဘာများ အမှားပါလို့ပါလဲ။ အိမ်မှာ အမြဲပြောနေကျစကားက 'သိမ် ကလေးဆန်တုန်းပဲ' တဲ့လေ။ စာကျက်စရာများသည့် မမက ကူမလုပ် ပေးနိုင်တာမို့ အန်တီလေးနိုင်းသမျှ တောက်တိုမယ်ရမှန်သမျှကို ကျွန်မချည်း ဒိုင်ခံလုပ်ပေးနေရတာပါ။ နွတ်မှ ပွစိပွစိပြောမိပေမယ့် လက်က အခဝင်သင့် လုပ်တတ်တာ ကျွန်မရဲ့အကျင့်ပါပဲ။ ဒါတောင် ကလေးဆန်သည်ဟု မြင်နေကြတုန်းပဲလား။

"သူတို့ ပြောင်းဖို့ရှိပါတယ် ချိုရယ်။ ကျောင်းတက်နေရတုန်း မို့ ခဏပဲ နေနေတာပါ"





"ဟွန်း! ရှိစမဲ့ weight တွေတော့ ကျပါပြီ"

"ညည်းလိုက်တာဟယ် . . . အတွားလေးကျနေတာပဲ"

လေးလွှာကို ရောက်ပြီမို့ မမက ထောင့်ဆုံးအခန်းကို သော့ ဖွင့်လိုက်ပါ၏။ ရောက်နေကျ မမက ဘာမှမဆန်းတော့ပေမယ့် ကျွန်မ က အခုမှရောက်တာမို့ စပ်စုချင်စိတ်ဖြင့် တိုက်ခန်းထဲဝင်ကာ လှည့် ပတ်ကြည့်ရင်း နှာခေါင်းရှုံ့မိပြန်ချေပြီ။ ယောကျ်ားလေးနှစ်ယောက် နေတဲ့ အခန်းတဲ့။ ရှုပ်ပွနေတာ မဟုတ်ပါလား။ ဒါကြောင့်လည်း ဒေါ် တစ်လတစ်ကြိမ် လာရှင်းလင်းသန့်စင်ပေးဖို့ တာဝန်ယူထား ရတာလေ။

"ကြည့်ပါဦး . . . ကြွက်သိုက်လား၊ ငှက်သိုက်လားမှန်း မသိ အောင် ရှုပ်ပွသရနေတာပဲ"

"ပြောတာထက် လက်တွေ့လုပ်တာက ပိုအလုပ်ဖြစ်တယ်လေ၊ ချိုရယ်၊ ဧည့်ခန်းနဲ့အိပ်ခန်း တာဝန်ယူမှာလား။ ဒါမှမဟုတ် အချက် အပြုတ် တာဝန်ယူမှာလား . . . ပြော"

"ဟင်! အိပ်ခန်းကြီးတော့ မရှင်းပေးချင်ပေါင်၊ လန့်စရာ ကြီး။ ဧည့်ခန်းတော့ ရှင်းပေးမယ်"

"ဒါဆိုလည်း ပြီးရော၊ ဒါရှင်းပြီးရင် မမနဲ့ ချက်တာ ကူလုပ် ပေးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"Ok!"

တာဝန်ခွဲယူပြီး မမက မီးဖိုခန်းဘက် ဆက်ဝင်သွားလေ

တကယ်တမ်းကြတော့က အချက်အပြုတ်လုပ်ရ ဆေးကြောရတာ

မဟုတ်ပါလား။ မထူးပါဘူးလေ၊ အိပ်ခန်းကို အရင်ရှင်းပြီးမှ ညေ

ပြန်လာရှင်းရုံပေါ့။ အရင်ဆုံး အိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်စဉ် 

ယောက်အိပ်ခုတင်ကြောင့် မျက်လုံးပြူးသွားရပါ၏။ တစ်ယောက်

ခုတင်စီ မအိပ်ကြဘဲ ဘာလို့များ အတူတူ အိပ်ရတာပါလိမ့်။

'ချို' တို့ ညီအစ်မတောင် အရွယ်ရောက်တာနှင့် အိပ်ရ

အိပ်ဖြစ်တာပါ။ မမကတော့ 'ချို'မှာ ကိုယ်ငွေ့နွေးနွေးလေး ရှိလို့

မိုးအရမ်းရွာလွန်းသည့်ညမျိုး၊ ဆောင်းတွင်း အရမ်းအေးလွန်းသ

ရက်မျိုးမှာ အတူခေါ်သိပ်တတ်လေ၏။ 'ချို'က ကိုယ့်အသားကို 

ထိလျှင် ယားတတ်ကျင့်ရှိတာမို့ သိပ်မကြိုက်လှပါ။ ကိုယ့်အစ်

ဘာမှပြောတာပဲ ရှိပါသည်။

"ချို"

"ရှင်!"

"ဘယ်မှာလဲ"

"အိပ်ခန်းထဲမှာ ရှင်းနေတယ်"

"လျှော်စရာတွေ ဖယ်ထားလိုက်နော်၊ မမပဲ လျှော်မယ်"





"အင်းပါ"

"အိပ်ခန်းရော၊ ဧည့်ခန်းပါ ရှင်းပြီးရင် ချုပ်ထားတဲ့လိုက်ကာ

တွေ တပ်ထားနှင့်နော်"

"ဟုတ်!"

အိပ်ရာခင်းပါ ခပ်ညစ်ညစ်ဖြစ်နေသဖြင့် ဖယ်ထုတ်လိုက်ပါ၏။

ခေါင်းအုံးစွပ်တွေပါ ချွတ်ပြီး အခန်းထဲသို့ ဝင်နေပါသည့်နေရောင်မှ

ခံရှေ့ပြီး တင်ထားလိုက်ပါသည်။ တို့လို့တွဲလောင်းတင်ထားသမျှ

ဆောင်းဘီတွေ၊ ပုဆိုးတွေပါ အကုန်လုံးလျှော်၊ တောင်းထဲသို့ ဆွဲထည့်

လိုက်ပါ၏။ ဒါဖြင့် ... Towel ကရော သန့်ပါ့မလား။

ဒီတိုင်းလိပ်တင်ထားမှတော့ အနံ့အသက် ဘယ်ကောင်းတော့

မှာလဲ။ တဘက်အကြီးတွေက သူတို့ခါးမှာ ပတ်ကြတာမို့ ယူပြီး တောင်း

ထဲ ပစ်ထည့်လိုက်ပါ၏။ အလတ်စား Towel က ဖျော့ဖျော့နှင့် ခရမ်းကိုယ်

အပေါ်ပိုင်းသာ သုံးတတ်သဖြင့် လှမ်းယူ၍ အနံ့ခံလိုက်မိပါသည်။ နံနေ

ရင်တော့ လျှော်ရမှာမို့ပါဘဲ။

"ဟင်"

အံ့ဩသွားမိပါ၏။ ထင်ထားသလို အနံ့ပြင်းနေတာ မဟုတ်

ဘဲ ခပ်သင်းသင်းလေး မွှေးနေတာမို့ပါလေ။ Shampoo နံ့လား၊

Body spray နံ့လားဟု သေချာအာရုံစိုက်လိုက်ပေမယ့် မဟုတ်ပါ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တကယ့် ကိုယ်သင်းနံ့ပါပဲ။ ကိုဇော်လား . . . ဒါမှမဟုတ် နောက်တစ်ယောက်များလား။

အတွေးဖြင့် ကျွန်မ ပြုံးလိုက်မိပါ၏။ အတော် ရှုးကြောင်ကြောင်နိုင်သည့်ကိစ္စပါပဲ။ သူ့စိမ်းယောကျာ်းလေးကိစ္စကို တွေးလိုက်ခ်တာက ရှက်စရာကြီးပါလေ။ တဘက်ကို သုံးလေးချက် ခါလိုက်ပြီး ပြန့်အောင်လှန်းထားလိုက်ပါသည်။ လျှော်စရာတွေကို ရေချိုးခန်းထဲဝင်ကာ အရောင်စွန်းစေမည့် ဘောင်းဘီပုဆိုးတို့ကို ပုံထားလိုက်ပြီး အကျီအရောင်ဖျော့တွေကို တစ်ဇလုံ, မွေ့ရာခင်း ခေါင်းအုံးစွပ်၊ ဖော် လုံးစွပ်တို့ကို သပ်သပ်ဇလုံဖြင့် ထည့်စိမ်ထားလိုက်ပါ၏။ ဆပ်ပြာမှုန့်ကိုပါ များများဖျော်ထည့်ထားလိုက်ပါသည်။ ဒါမှ မမလျှော်သည့်အဝတ် ကိုးစင်နေအောင်ပါလေ။

"ချို"

"ရှင်! မမ"

"ဝက်သားက ဘယ်လိုချက်မှာလဲ"

"ဆီပြန်ချက်မှာ မဟုတ်လား . . . လုံးပြီး နယ်လိုက်လေ မမရာ"

"အာလူးကရော"

"ကျစ်! လာပြီ . . . လာပြီ"





ဟင်းချက်တိုင်း သိပ်မကျွမ်းကျင်သည့် မမက ချက်နည်းပြုတ်နည်းတွေ မေးနေပါရောလား။ အိပ်ခန်းရှင်းပြီးသလောက်ဖြစ်ပြီမို့ အထားကာ မမရှိရာဆီ လိုက်ဝင်ခဲ့ပါ၏။ ကျွန်မ လုပ်နေတာက ပြီးတော့မှာ ဖြစ်ပေမယ့် မမကဖြင့် မီးဖိုခန်းထဲမှာ ပလုံစီ အလုပ်ရှုပ်နေတုန်းပါလေ။

"လှီးထားပြီးပြီလား"

"ဟင့်အင်း . . . အရင်ပြုတ်ရမလား မေးတာ"

"မပြုတ်နဲ့တော့လေ၊ တစ်ခါတည်း လုံးချက်လို့ဖြစ်တာပဲ၊ ဘာအရင်ကြော်နေတာလား"

"အေး"

"ငါးက နောက်နေ့စာအတွက် မဟုတ်လား။ ဒီနေ့ စားမယ့်ဟာ အရင်ချက်မှပေါ့၊ မမ plan ကလည်း မ good ဘူးကွာ"

"ငါးက ဈေးသည် ကိုင်ပေးလိုက်တာကိုးဟဲ့! လွယ်တာပေါ့"

"ချဉ်ပေါင်ရော"

"မွှေထားပြီးသား . . . မှုစ်လည်း ပြုတ်ထားတယ်"

"ဘယ်နှရေလဲ"

"နှစ်ရေလောက်ပဲ၊ အာလူးလည်း နွာထားပြီးသား"

"ပြီးရော . . . ချို ready လုပ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ငါးကြော်ဒယ်အိုးဘေးမှာပင် စောင့်နေသည့် မမက ဘာ အလုပ်မှ မပြီးပါလေ။ ဒါကြောင့် အန်တီလေးက မမကို အိမ်ရှင်းတာ သာ ကူလုပ်နိုင်းပြီး မီးဖိုချောင်ကိစ္စကို 'ချို'နှင့်သာ အတူလုပ်လေ့ရှိ တာပါ။ အချိန်တိုတိုနှင့် အလုပ်ပြီးတာကို မမက မလုပ်တတ်တာကိုး။

ဈေးဝယ်လာတာမို့ ပစ္စည်းအစုံပါသဖြင့် ချက်ပေးလို့ရတာပါ။ ယောက်ျားလေးတွေက မချက်တတ်သလို အပြင်မှာပဲ အဆင်သင့် ဝယ်စားပြီး ထမင်းကို ပေါင်းအိုးဖြင့် ချက်စားကြတာပါ။ မမလာမှသာ အိမ်ထမင်းဟင်းကို အရသာရှိရှိ စားခွင့်ရပါသတဲ့။

ကဲ . . . လက်စွမ်းပြကြစို့ ချို။

ဝက်သားသုံးထပ်သားကို အနေတော်လေးသာ တုံးလိုက်ပြီး ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတောင်းပြီး အရောင်တင်မှုန့်၊ နွှင်း မှုန့်တို့နှင့်အတူ ဆီ၊ ဆား၊ ဟင်းချက်မှုန့်တို့ဖြင့် နယ်ကာ ရေစစ် လေးသာ ထည့်ထားပါ၏။ အာလူးကို ထက်ဝက်ပိုင်းပြီး ပြန်ခြမ်းကာ ရေစင်စင်ဆေးပြီး ရေအကြည်ဖြင့် ပြန်စိမ်ထားလိုက်ပါသည်။ မှို[illegible] အနေတော် ပြန်ဖြတ်ပိုင်းကာ (စောစောက တောင်းပြီးသား) ကြက် သွန်ထောင်းနှင့် ရောနယ်လိုက်ပါ၏။ ဆီ၊ ငံပြာရည်၊ ဟင်းခတ်မှုန့်[illegible] လိုသလောက် မှန်းကာ ပြင်ဆင်ထားလိုက်ပါ၏။

ဂေါ်ဖီပန်းပွင့်၊ ပဲသီးတောင့်၊ ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ [illegible]





သားစုပ်တို့ကို နည်းနည်းစီ လှီးချတ်ဖြတ်တောက်လိုက်ပြီး အစိမ်းကြော် ဖို့အတွက် ပြင်ဆင်ထားပါသည်။ ဒါက နောက်ဆုံးမှ ကြော်ရမှာမို့ တစ်အိုးပြီးတစ်အိုး ဆက်တည်ရုံသာ ရှိပါတော့သည်။ "လျှာရင်းမြက် ရော ဘာဟင်းချက်ရမှာ" ဆိုသည့် မမစိတ်ကူးကို ချိုပင် ပြင်ဆင်ပေး ရတာ မဟုတ်ပါလား။

"ချဉ်ရည်ဟင်းအိုးက ဒီတိုင်းတည်ရုံပဲနော်၊ ဆူလာရင် မြည်း ပြီး လိုတာထပ်ထည့်ပါ၊ ပြီးရင် နံနံပင်အုပ်ပြီးမှ ချလိုက်၊ ဝက်သားကို တစ်ရည်နဲ့နှပ်မှ အာလူးရောပြီး ရေနည်းနည်းထပ်ထည့်ပြီး တည်လိုက်၊ အာလူးနူးရင် မဆလာဖြူးအုပ်လိုက်နော်၊ အားလုံးပြီးမှ အစိမ်းကြော် ကို ကြော်ပါ"

"အေးပါ . . . ချိုက မြန်သားပဲ"

"အိမ်မှာ လုပ်နေကျကိုး မမရဲ့၊ အားလုံးပြီးရင် ဆေးကြော ပေးတော့"

မမကို မှာခဲ့ပြီး လုပ်လက်စနေရာကို ပြန်ထွက်ခဲ့ပါ၏။ အဝတ် လျှော်ချိန် မလျှော်ဖြစ်ရင် ညဘက်ပြန်အိပ်ချိန်မှာ ပြဿနာရှိနိုင်တာမို့ 'ချို'ပင် အကုန်လျှော်ပြီး အပြင်ဘက်ဝရန်တာမှာ ထုတ်လှန်းလိုက်ရ လေသည်။ နောက်ဆုံးမှ ဧည့်ခန်းကို တံမြက်စည်းလှည်း ဖုန်သုတ်ရှင်း လင်းပြီးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ညြော် . . . မေ့တော့လေ"

မမပြောထားသည့်အတိုင်း ပြုတင်းပေါက်ကိုကာကွေတင်ချ်သတိရကာ တစ်ပေါက်ချင်း လိုက်တင်ပေးနေမိပါသည်။ ပြတင်းပေါက်တွေက ကြီးပြီးမြင့်သဖြင့် ခွေးခြေခုံဖြင့် ယူကာ မမှီတမှီ တပ်ရလေ၏။ အဝင်ဝဘေးရှိ အိပ်ခန်းတံခါးဝမှာ လိုက်ကာတပ်နေစဉ် တံခါးက ရုတ်တရက် ပွင့်သွားလေတော့သည်။

"မို!"

"အမယ်လေး"

ရုတ်တရက် အော်ခေါ်လိုက်သံကြောင့် နံပေါ်မှ ရုတ်တရက် ယိုင်ကျလာစဉ် လူတစ်ယောက်က 'ချို'ကို ဆီးပွေ့ဖမ်းလိုက်လေ၏။ ရင်ထဲမှာ ဒိန်းခနဲမြည်သံတို့နှင့်အတူ လူက ထူပူရှက်အမ်းသွားရလေတော့သည်။ အလို! ဒီကိုယ်သင်းရနံ့က ချိုအတွက် ရင်းနှီးနေသလိုပါပဲလား။

❋ ❋ ❋



# အခန်း (၉)

ခပ်အိအိနွေးနွေး ရင်ခွင်ကိုယ်က သူ့ရင်ဘတ်ထဲမှာ တွေ့ဆိုက်မိထားတာပါ။ ဖြူဆွတ်ဆွတ် မျက်နှာလေး တွေးခနဲ နီရဲသွားတာကို အနီးကပ် မြင်လိုက်ရလေ၏။ ယေနေ့လွန်းပါသည့် ချစ်စရာကောင်းမလေးက သူ့ရင်ခွင်ထဲ အလိုလိုရောက်လာရတယ်လို့။ မင်း ဘယ်သူလဲ ကောင်မလေးရယ်။

"အို! လွှတ်ပါ"

"မှန်! ဟာ! . . . ဒါက ဘယ်လိုဖြစ်ရတာလဲကွ၊ ဟောဒါ . . . ချိုပါလား"



www.burmeseclassic.com

www.burmeseclassic.com



"သူလဲကျလာလို့ ဖမ်းလိုက်တာ"

"လွှတ်ပေးပါဆိုနေမှ"

"ဟုတ်သားပဲ"

ပန်းကျော့ရုံသာရှိလောက်မည့် ဆံပင်စင်းစင်းလေးတွေကို နှစ်ဖက်ခွဲ၍ ခပ်မြင့်မြင့်လေး စည်းထားတာမို့ ရှိရင်းစွဲ အသက်ထက် ပို၍ နုငယ်နေသည့်နှယ်ပါ။ 'ချို'တဲ့။ အမည်နှင့်လိုက်ဖက်သည့် အသံ ချိုချိုလေးကို ပိုင်ဆိုင်ထားပါသည်။ မိန်းမချောလေးဟု သူမှတ်ချက်ချ လိုက်မိလေ၏။ တင်းတင်းကျပ်ကျပ် ပွေ့ထားမိတာမို့ ရှက်ရွံ့မျက်နှာမူ နေဟန်လေးကိုက ပိုပြီး ကြည့်ကောင်းနေသည့်နှယ်ပါ။

ရင်တွေ အဆမတန် ခုန်ပေါက်နေတာကို မင်းလေး သိပါရဲ့ လား 'ချို'။

"မှုံရော"

"နောက်ဖေးမှာ"

ကိုဇော်က ဘာမှထပ်မပြောဘဲ မမရှိရာဆီ ဝင်သွားလေတော့ ၏။ ဘယ်လိုလဲ . . . ချိုနဲ့သူ့ကို ဒီအတိုင်း နှစ်ယောက်တည်း စိတ်ချ လက်ချထားခဲ့ရပါသလား။ လူက ခုချိန်ထိ ရှက်အမ်းအမ်းဖြစ်နေတုန်း ပဲမို့ သူ့မျက်နှာကို မော့မကြည့်ဝံ့သေးပါချေ။ ရင်ထဲမှာ တကယ့်ကို တစ်မျိုးကြီးပါပဲ။ သူကလည်း အလိုက်တသိ ရှောင်သွားတာမျိုး မရှိ





ဘဲ 'ချို' ရှေ့မှာ ဆက်ပြီး ရပ်နေတုန်းပဲမို့ နေရခက်လှလေ၏။

"နာမည်က ချိုတစ်လုံးတည်းပဲလား"

"ရန်နုချိုပါ"

"ဪ . . . မှုံညီမလေးပေါ့လေ"

"အင်း"

"ကိုယ့်နာမည်လည်း မှတ်ထားပေးနော် . . . မင်းနန္ဒတဲ့"

လက်တစ်ဖက်ကမ်းပေးလိုက်စဉ် သူမက ပြန်၍ မနှုတ်ဆက် ပါဘဲ လက်နှစ်ဖက်စလုံးကို နောက်ပစ်၍ ဝှက်ထားလေ၏။ မှုံညီမ လေးက မာနအကြီးစားလေးပါပဲလား။ အတွင်းဘက်မှ ခေါ်သံသဲ့သဲ့ ကြောင့် မျက်ဝန်းတို့ကို ဖျတ်ခနဲ လှန်၍ကြည့်လိုက်လေသည်။ အလို! လှပသက်ဝင်လွန်းပါသည့် မျက်ဝန်းပိုင်ရှင်လေးပါပဲလား။

"ချိုရေ!"

"လာပြီ မမ"

လှစ်ခနဲ ပြေးဝင်သွားဟန်ကြောင့် သူ ပြုံးလိုက်မိလေ၏။ ကလေးဆန်သည့်ဟန်တွေ ရှိနေဆဲ အရွယ်လေး မဟုတ်ပါလား။ တစ် အိမ်လုံး သန့်ရှင်းသပ်ရပ်ကာ မိုးပြာရောင်ဖျော့ဖျော့တို့ဖြင့် သစ်လွင် တောက်ပနေလေ၏။ 'မှုံ' မကြာခဏ လာဖြစ်ပေမယ့် သူတို့တိုက်ခန်း က ဒီလောက်အထိ လင်းလက်တောက်ပတာမျိုး မရှိသေးပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"ရောက်လာပြီလား . . . ခဏနားပြီး ရေချိုးတော့လေ၊ နေ့လယ်စာ စားရအောင်"

"ဘာတွေချက်ပြီးပြီလဲ"

"စားရင် သိမှာပေါ့ နန္ဒရယ် . . . မှိုညီမနဲ့ တွေ့ပြီးပြီ မဟုတ်လား"

"တွေ့သပေါ့ . . . တွေ့တာမှ ပွေ့ပွေ့ပိုက်ပိုက်နဲ့"

"ဟော့ကောင်! ရဲရင့်"

"Sorry ! ဘာမှမဟုတ်ဘူး"

အလုပ်ပြီးလျှင် စောစောပြန်ပါမည်ဆိုမှ အိမ်ရှင်တွေ ပြန်ရောက်လာပြီမို့ ထွက်ရခက်ချေပြီ။ ပြီးတော့ မမကလည်း ကိုဇော်နှင့်ဆုံလျှင် ချက်ချင်းပြန်မည်မထင်ပါ။ တကယ်ပါပဲ။ ကျွန်မက ဒီမှာ အကြာကြီးမနေဘူးဟု ကြိုပြောထားတာတောင်မှ အခုလိုဖြစ်ရတယ်လို့။ ရင်တွေတုန်လိုက်တာနော်။ အခုထိ သူနှင့်မျက်လုံးချင်း မဆုံအောင် သတိထားနေရတုန်းပါပဲ။ ရေခဲသေတ္တာအသေးမှ ထုတ်ထားသည့် ရေသန့်ဗူးကို ကိုင်လိုက်စဉ် ကျွန်မလက်ခုံပေါ် လာအုပ်ကိုင်လိုက်မိသည့် လက်က သူ ဖြစ်နေပြန်လေ၏။

"ဟော!"

မမရော ကိုဇော်ပါ ရယ်နေချေပြီ။ သူက ကျွန်မလက်ကို





လွှတ်ပေးလိုက်လေ၏။ ဖန်ခွက်နှစ်ခု ယူလိုက်ပြီး ရေတစ်ဝက်စီခန့် ထည့်ကာ သူ့ကို တစ်ခွက်လှမ်းပေးလိုက်ပါသည်။ ခုချိန်ထိ အကြည့်တစ်ခါသာ ဆုံဖူးသည့် သူက ကျွန်မကို ငုံ့ကြည့်နေမှန်း စိတ်ထဲမှ အလိုလို သိနေပါ၏။

"ချို"

"ရှင် မမ"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး"

"အမြဲတမ်း ပေါက်ပေါက်လျော်နေတဲ့သူက အခုမှ ငြိမ်သက်နေရတယ်လို့"

"Sorry ပါ ချို၊ မတော်တဆ ဖြစ်သွားရတာပါ"

သူ ခပ်တိုးတိုး ပြောတာကို ကြားပေမယ့် မသိသလိုနေလိုက်မိပါ၏။ ကိုဇော့်ကိုတော့ စကားပြော ရင်းနှီးပေမဲ့ ဤသူစိမ်းကိုဖြင့် ထရင်းတနှီး မနေချင်တာ ဘာကြောင့်များပါလိမ့်။ ခေတ်ပေါ်စဉ်ကတည်းက အနေအထား မမှန်သည့် အခြေအနေမျိုးနှင့် ဆုံခဲ့ရလို့များလား။ တော့နှစ်ဟန်ဖြင့် မျက်စောင်းတစ်ချက်ကိုသာ ထိုးလိုက်မိလေတော့သည်။

"ဟောဗျာ! ချိုက အဲဒီလိုလည်း လုပ်တတ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ 'ကို'"

"နန္ဒကို မျက်စောင်းထိုးလိုက်လို့လေ"

"ချိနော် . . . ကိုယ့်ထက် အကြီးကို"

"ချို ဘာလုပ်မိလို့လဲ မမရဲ့"

"ငါ သိပ်မပြောချင်ဘူးနော်"

"ကဲပါ . . . ရေ အရင်ချိုးပြီးမှ ထမင်းစားကြစို့"

နှစ်ယောက်သား အိပ်ခန်းဆီသို့ ဝင်ခဲ့ကြလေ၏။ အခန်းတ
ခုလုံး ရှင်းလင်းသန့်ပြန့်နေသဖြင့် သဘောကျသလို ပြုံးမိစဉ် 'ရဲရင်'
က အထိတ်တလန့် ထအော်လေတော့သည်။ ခါတိုင်းလည်း မကြ
မကြာ 'မှုံ' လာလုပ်ပေးတတ်ပေမယ့် ဒီတစ်ခါက ပိုပြီး သန့်ရှင်းနေ
သလိုပါပဲလား။

"ဟာ! . . . မှုံ့တော့ လုပ်ချလိုက်ပြီ"

"ဘာဖြစ်တာလဲ"

"အိမ်နေဘောင်းဘီတွေ တစ်ထည်မှ မရှိတော့ဘူးကွ။ ခ
ရေ့မှာ ကျွတ်ကျမှ ကျိုင်တက်မှာ"

"မှုံ့ကိုကျ မရှက်ဘူးလား"

"ဒေါက်! ဒေါက်!"

"အထဲက နှစ်ယောက် မြန်မြန်လုပ်ကြလေ၊ ဒီမှာ ဗိုက်





ဆာနေပြီ"

မှုံ လာအော်နေပြီမို့ ရေချိုးခန်းဆီ အလုအယက်ပြေးဝင်လိုက်
ကြရပါ၏။ သူက ရေပန်းမှ ချိုးပေမယ့် ရဲရင့်တာ ရေဖလားဖြင့် အုတ်
ကန်ထဲမှ ခပ်ချိုးနေလေသည်။ ရင်ဘတ်ထဲမှာ ခုချိန်အထိ ခုန်နေ
တုန်းပါပဲလား။ မိန်းကလေးတွေနဲ့ အတူတူ ကျောင်းတက်ခဲ့တာ ပေါင်း
လိုက်ရင်တော့ အများကြီး ရှိခဲ့ပါ၏။ သို့သော် သူ့ရင်ကို ဤသို့လှုပ်ခတ်ဖို့စေ
သည့် မိန်းကလေး တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါချေ။

ဒီအရွယ်အပျော်ထွဲတာမျိုး မရှိဘူး မထင်ပါနှင့်။ အီစီကလီ
ချစ်ခြင်းမေတ္တာ စကားပြောခဲ့တာမျိုးလည်း ရှိပါတယ်။ ရင်ခုန်သံကို ဥပမာပြုပြီး
... ညာတာညာဖြင့် လျှောက်သွားလျှောက်စား ရုပ်ရှင်ကြည့်တာမျိုး
... တော့ တော်တော်များများ ရှိခဲ့တာပါ။ အဲဒီတွဲဘက်တွေနဲ့ 'ချစ်တာ'
... သည့် စကားမျိုး မပြောဖြစ်ပါဘဲ ဒီလိုပဲ နားလည်မှုနဲ့ တွဲခဲ့ကြတာ
... ဖြစ်လေသည်။ လမ်းခွဲကြတော့လည်း ပေါ့ပေါ့ပါးပါးဘဲ မထင်မှတ်
... ပြန်ဆုံမိကြရင် "သူငယ်ချင်း" ဟူသည့် ခေါင်းစဉ်နှင့် ဘေးမှ
... ထိုင်သူကို မိတ်ဆက်ပေးရုံသာ။ မည်သည့်ဝန်ထုပ်ဝန်ပိုးမှ မရှိ
... ဘဲ ပေါ့ပေါ့ပါးပါးလေးသာ ဖြစ်လေ၏။

ရင်ခုန်ခြင်း အတတ်ပညာကို အနည်းနဲ့အများတတ်မြောက်
... ပျော် ဒီတစ်ကြိမ်ကို စိတ်လှုပ်ရှားမှုမျိုး မရှိခဲ့ မဖြစ်ခဲ့ပါ။ ကြက်သီး
... ဖြန်းခနဲ ထသွားတာ၊ နားထဲ လေတွေ တဟောဟော ထွက်သံ



www.burmeseclassic.com

www.burmeseclassic.com



မိုးဖြင့် အုနေတာ၊ ရင်ဘတ်ကြီးအတွင်းမှ အသည်းနှလုံးအစုံ ခုန်ပေါက်ကွဲထွက်တော့မည့်နှယ် ဆူညံနေတာမျိုး ဘာကြောင့် ဖြစ်ရပါသလဲ။

အထိအတွေ့ကြောင့်ဟု လွယ်လွယ်နှင့် မသတ်မှတ်စေချင်ပါ။ ဒီအရွယ်မှာ ဒီလိုကိစ္စမျိုးက အဆန်းမှ မဟုတ်တာဘဲ။ လက်ကိုင်တာ, ပခုံးဖက်တာ, ပါးကို နမ်းတာလောက်က အပျော်တမ်းစုံတွဲတွေအတွက် ရိုးလွန်းသောကိစ္စတွေပင် မဟုတ်ပါလား။ ရုပ်ရှင်ရုံထဲမှာပဲဖြစ်ဖြစ်, ကားစီးလျှင်ပဲဖြစ်ဖြစ်, နီးနီးကပ်ကပ် ထိုင်ပြီး လက်မောင်းချင်းထိထားတာမျိုးလည်း ရှိခဲ့တာလေ။

တကယ့်ကို ဆန်းကြယ်သည့်အရာမျိုးပါပဲလား။ တစ်ခေလေးသာ မြင်တွေ့ခဲ့ပါသည့် ကောင်မလေးက သူ့နှလုံးသားအစုံကိုပါမက ဦးနှောက်ထဲကိုပါ ဝင်ရောက်အုပ်စိုးနေလေပြီ။

မင်း ဘယ်သူလဲ 'ရနံ့ချို'။

ချစ်ခြင်းခေါ်စေညွှန်ရာ Angel လေလား။

သို့တည်းမဟုတ် …

ပြုစားတတ်သည့် စေတမန်လေလော့။

"ဟာ! နန္ဒ"

"ဟင်!"

"မင်း ဘာဖြစ်နေတာလဲ … ဒီအတိုင်း ငြိမ်နေတာ ကျော





ဖြစ်နေပြီ … ငါပြောနေတာ မကြားဘူး"

"ဘာလဲ"

"ရေပိတ်တော့လေကွာ၊ မင်း ရေဆက်ဖွင့်နေရင် ငါ ဘယ်လိုထဲမှာခိုးဝတ်လို့ရပါ့မလဲ"

"အေးပါ"

"ဘာတွေအတွေးလွန်နေမှန်း မသိတော့ပါဘူး"

သူ ရေပန်းခေလုတ်ကို လှမ်းပိတ်လိုက်စဉ် ရဲရင့်က ထွက်သွားသည်။ ရေသုတ်တဘက်တွေကိုပါ အကုန်လျှော်လိုက်သဖြင့် သူတို့ဘော်ဒုက္ခရောက်ကုန်တာပါ။ ရဲရင့်တစ်ယောက် ဆူပွက်နေတာပြောပါနှင့်တော့။ သူက ခပ်အေးအေးနေသည့်ပုံစံဖြင့်သာ လုပ်စရာတို့ ဆက်လုပ်လိုက်လေသည်။

"မုံ့ရော မစားဘူးလား"

"မောလွန်းလို့ ဘယ်စားနိုင်ပါတော့မလဲ၊ နင်တို့ပဲ စားကြ၊ သောပြီးပြီ"

"ရှိသမျှ အကုန်လျှော်လိုက်တာ ကျိုင်ပဲ"

"ဘာဖြစ်လို့လဲ … မုံ့လျှော်တာမဟုတ်ဘူး။ ချိုလျှော်လိုက်ညနေဆို အကုန်ခြောက်လောက်ပြီ"

သူတို့မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ အတွင်းခံတွေက



www.burmeseclassic.com

www.burmeseclassic.com



အစ အကုန်လျှော်ပေးတာ 'မုံ့' မဟုတ်ဘဲ 'ချို' တဲ့လေ။ မုံ့က သူ ငယ်ချင်းမို့ သိပ်ရှက်စရာမလိုပါဘဲ သူမကိုတော့ သူ အတော်မျက်နှာ ပူမိတာ အမှန်ပါ။ သူစိမ်းစိမ်းကလေးဟု အဘယ့်ကြောင့် သူမကို ခံစားမိရပါသနည်း။

"အတူတူ မစားဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မစားချင်လို့ပေါ့"

"ကိုယ့်ကြောင့်လား"

ဆတ်ခနဲ မျက်စောင်းခဲလိုက်တာကြောင့် သူ ပြုံးလိုက်မိ သည်။ အာဂကောင်မလေးပါပဲ။ စားပွဲထက် ချဉ်ရည်ဟင်းခွက် ပြင် ပေးပြီးနောက် သောက်ရေမန်ခွက်တွေပင် ထည့်ပေးပြီးနေလေပြီ။ မုံ့ ဝင်မစားပေမယ့် ဘေးမှာ လာထိုင်စောင့်ပေးလေ၏။

"ဒီတစ်ခါ တယ်ဟုတ်ပါလား။ ဟင်းတွေ အများကြီးပဲ"

"အရသာမြည်းကြည့်ပါဦး။ ချို မပြန်ခဲ့ဦးနော်"

"အင်းပါ"

တကယ်ပဲ အရသာရှိနေသဖြင့် သူရော၊ ရဲရင့်ပါ ထမင်း အတော်စားဖြစ်လေ၏။ အိမ်ရှင်မလက်ရာဆိုတာ ဒါမျိုးကို ပြောတာ





ထင်ပါရဲ့။ အသားဟင်းအီမှာကို ချဉ်ရည်ဟင်းဖြင့် ထိန်းထားပေးတာ ဆိုက အဆင်ပြေနေတာပါ။ ရဲရင့်ပင် မုံ့ကို မချီးမွမ်းဘဲ မနေနိုင်တော့ ပါလေ။

"မုံ့လက်ရာ အတော်စွမ်းလာပါလား"

"ဟင်း ဟင်း ... အဲဒီအစပ်အဟပ်က ချိုလုပ်ပေးတာ 'ကို' ရဲ့ မုံ့က ချိုလောက် အိမ်မှုကိစ္စ မနိုင်ဘူး"

"ဘယ်လို"

"အနိုတီလေးက မုံ့ကို တာကျက်ဖို့ပဲ အမြဲပြောပြီး ချိုကိုရည်း အတုန်သင်ပေးလို့ သူပဲ ကျွမ်းကျင်နေတာလေ"

"ဪ"

"မုံ့ချက်ရင် ကြာဦးမှာ၊ သူ အကုန်ပြင်ပေးလို့ (၁၂) နာရီနဲ့ နေတ်စာ စားရတယ်မှတ်"

သူတို့ အတူတူ တီးတိုးရယ်ဖြစ်လေ၏။ အရွယ်ငယ်ငယ် ကောင်မလေးက အစ်မထက်ပင် တော်နေသတဲ့လား။ အံ့ဩဖွယ် ကောင်းလေစွ။ ရုတ်တရက် ကြည့်ရင်ဖြင့် ကလေးဆန်သည့် ဟန်ပန် နှင့် ဘာကိုမှ အလေးအနက်မရှိသလို ကောင်မလေးက အိမ်မှုကိစ္စတွေ အကုန်လုပ်နိုင်သတဲ့လေ။

သူတို့ ထမင်းစားပြီး ဧည့်ခန်းသို့ ပြန်ထွက်လာစဉ် သူမ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာခင်းတွေ၊ ခေါင်းအုံးစွပ်တွေ ခြောက်နေပြီမို့ မီးပူတိုက်ပြီး အိပ်...
ကို ပြန်ခင်းပေးပြီးချေပြီ။ အလုပ်ကို ဖယ်ဆက်သလို ခပ်မြန်မြန်...
တတ်တာကအစ မှုံ့ထက် သာလွန်နေတာ အမှန်ပါပဲ။

ညနေခင်းဆက်တို့ စားပွဲထက်မှာ ရေခဲသေတ္တာထဲမှ (အ...
သင့် လှီးထည့်ထားပါသည့်) သရက်သီးဝင်းမှည့်ပန်းကန်ကို ယူ...
ပေး၏။ ဝမ်းနုံးစာတွေချည်း စားဖြစ်ပေမယ့် ဟင်းထဲမှာ ချင်းနိုင်...
သုံးထားတာမို့ ပူရန်မလိုပါချေ။ နေ့လယ် (၁) နာရီကျော်မှာ ညီ...
နှစ်ယောက် ပြန်သွားစဉ် မှုံ့က နှုတ်ဆက်ပေမယ့် သူမက ဘာမှ...
ပါလေ။ မျက်နှာလွှဲထားသလို စိမ်းကားရက်ပါပေ့ 'ချို'။

❋ ❋ ❋

## အခန်း (၁၀)

"ငါ့ကို စောင့်ဦးလေ"

ရဲရင့်က သူ့ကို လှမ်းကြည့်ရင်း မျက်မှောင်ကြုတ်ပြလေ၏။ တစ်ခါမှ အိမ်လည်မသွားတတ်သည့်သူက ဒီတစ်ကြိမ်မှ မှုံ့တို့အိမ်ကို လိုက်ချင်လို့တဲ့လေ။ ထူးဆန်းနေတာ မဟုတ်လား။ ရှပ်အင်္ကျီကြယ်သီးကို တပ်နေရင်း အပြေးအလွှား လိုက်ခဲ့မိပါ၏။

"ဘယ်လိုဖြစ်ရပြန်တာလဲ"

"ဘာဖြစ်လို့လဲ"

"မင်းပဲ မှုံ့နဲ့ငါ သွားတွေ့ရင် ပျင်းစရာကြီးဆို၊ အခု ဘာ




www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးပေါက်ရတာလဲ"

"လိုက်ချင်လို့ပေါ့ကွ"

"ဟ! မှုံနဲ့က ကျောင်းမှာလည်း တွေ့နေရတာပဲလေ၊ ဘာ
ဆန်းလို့လဲ"

"မင်းတောင်မှ မှုံ့ဆီ အခုသွားတာ မဟုတ်လား"

"မှုံနဲ့ငါက သမီးရည်းစားလေကွာ"

"လေများတယ်ကွာ . . . မင်းသွားမှာလား မသွားဘူးလား
ဒါပဲပြော"

"သွားမှာ . . . သွားမှာ"

"အဲဒါဆို ပြီးရောပေါ့၊ မှုံနဲ့ပေါင်းပြီး ပဲရေပွလုပ်တာတော့
ပြီ"

"ဘာကွ! မှုံကို ငါ ပြန်ပြာမှာနော်၊ ပေးစရာရှိလို့ သွားရတာ
ကွ၊ တမင်အကြောင်းရှာတာ မဟုတ်ဘူး"

"နောက်ဆုံး ဒီဘူတာပဲ ဆိုက်တာပါကွာ"

"ကျစ်! ဒီကောင်တော့"

တိုက်လှေကားထစ်တို့ကို ခပ်သွက်သွက် ဆင်းခဲ့ကြပါ
ညနေစောင်းမို့ ဒီအချိန် သူမအိမ်မှာ ရှိနေမည်လား။ ဒါမှမဟုတ်
သင်တန်းသွားပြီး တက်နေမလား မသိပါ။ ရှိနေမည်ဟုသည့် ...





ထင့်ချက်ဖြင့် သွားဖို့ ပြင်မိတာပါ ချို။ အချစ်ဆိုသည့်အရာ မြားနတ်
မောင်၏မြားတံက သူ့ရင်ကိုမှ တည့်တည့်မတ်မတ် လာပစ်ရတယ်လို့။

"နှို"

"ဘာလဲ"

"ငါ အကြာကြီး နေဖြစ်မှာနော်"

"အေးပါ"

"ထမင်းလည်း စားချင်ရင် စားဖြစ်မယ်"

"မင်းက ဘာအထာလဲကွ၊ မှုံက ငါနဲ့လည်း သူငယ်ချင်းပဲ၊
မင်းပုံစံက ငါလိုက်တာကို မကျေနပ်သလိုမျိုး ပြောနေပါလား"

"မဟုတ်ပါဘူး . . . ကြာရင် မင်းပျင်းမှာစိုးလို့ပါ"

ကားဂိတ်မှာ Taxi စောင့်နေရင်း စကားများရပြန်လေ၏။
ရည်းစားလုဘက်လည်း မဟုတ်ရပါဘဲ ဒီကောင် ပြဿနာရှာချင်နေ
တာလေ။ တစ်အုပ်စုထဲမှာ 'စံပယ်' နှင့် 'မှုံ' သာ မိန်းကလေးနှစ်
ယောက်ပါပြီး ကျန်သည့် သုံးယောက်က ယောကျ်ားလေးတွေပါ။
သူရော 'ထက်မြက်' ပါ သူငယ်ချင်းမိန်းကလေးကို မကြိုက်ကြဘဲ
'ရဲရင့်'သာ ၅၂၈ စည်းကို ဖျက်ပြီး 'မှုံ့'ကို ချစ်ခဲ့ခြင်း ဖြစ်လေသည်။

အမှန်တော့ ရည်းစားဖြစ်သည့် ရဲရင့်တို့စုံတွဲကို သူနှင့်ကျန်
နှစ်ယောက်က အလိုက်တသိဖြင့် ရှောင်ပေးရမှာပါ။ သို့သော် သူက



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်နှင့် တိုက်ခန်းငှားတာလည်း အတူတူမို့ အလိုက်မသိသလိုနှယ် ဘယ်သွားသွား 'ပါလေရာငပိ' ဘဝ ဖြစ်နေရလေသည်။

"ငါ လိုက်ချင်လို့ လိုက်လာတာလေကွာ"

"နန္ဒ"

"ပြော"

"မင်း ... ကျစ်! ငါထင်သလိုတော့ မဟုတ်လောက်ပါဘူး နော်"

"ဘာကိုလဲ"

"မှူ့ကိုများ"

"ဘာ! ဟား ဟား ဟား ဟား"

သူ မအောင့်နိုင်တော့ဘဲ ဟားတိုက်ရယ်မောလိုက်မိပါ၏။ ထင်မှထင်တတ်ပါပေ့။ သူသာ မှူ့ကို စိတ်ဝင်စားပါက 'ရဲရင့်' ထက် အရင်ပြောပြီး အရင်ဦးနိုင်တာလေ။ အုပ်စုထဲမှာ သူက အသားအရေ အနည်းငယ်မျှ ညိုပြီး အရပ်လည်း မြင့်ကာ ရုပ်ရည်ရှုပကာအစ ပိုကြည့်ကောင်းသည့် လူငယ်ပင် မဟုတ်ပါလား။ အပြောလည်း ခပ်ပြတ်ပြတ် ပြောတတ်ကာ မျက်ဝန်းအကြည့်ဖြင့် တစ်ချက်ညှိုလိုက်ရုံဖြင့် မိန်းကလေးတွေ ပုံကျလာတတ်တော့ ထုံးစံပါ။ ဒါကို သိထားပါလျက်နှင့် စိုးရိမ်ရတယ်လို့။





တကယ်ဆို သူ့ရင်ကို လှိုက်ဖိုလှုပ်ရှားစေသည့် မိန်းကလေးက သူမတစ်ဦးတည်းသာ ရှိနေတာပါလေ။ အသားလေး ဝင်းဖါပြီး ဆံနွယ်လေးတွေ နက်မှောင်တာကစပြီး ဂရုပြုမိလိုက်တာပါ။ အမှန်ဆို မိန်းမပီသပြီး မဟာဆန်ဆန် လာပါသည့် 'နံ့သာမှုံ'နှင့် မည်သို့မှ မထင်ရလေအောင် သူမအလှက တစ်မျိုးဆန်းနေတာပင်။

မှူ့က ယဉ်၏။ တင့်တယ်လှပ၏။ ချောမောရှုမဝသည့် အလှတရားတို့ဖြင့် အယဉ်ဆင့်ပေ၏။ ချိုက ချစ်စရာကောင်း၏။ ငယ်နုပျို မျစ်၏။ စွဲဆောင်မှုရှိသည့်အရာတို့ဖြင့် ပြည့်စုံ၏။ သွယ်လျမြင့်မား၏။ ထက်မြက်တည်တံ့၏။ အပြုံးရှာသော်ငြား (ပြုံးခဲသော်ငြား) ပြုံးလျှင် ဘဝင်ကို ခိုက်စေ၏။ ဒီတော့ ဒီလူ၏ရင်ဘတ်ထဲမှ နှလုံးသားကို ဘုတ်ခနဲ ပြုတ်ကျစေလေ၏။

အသေချာဆုံးပြောရလျှင်ဖြင့် 'ရန့်ချို' ကို 'မင်းနန္ဒ' ချစ်မိနေပြီဆိုတာပါပဲ။

"လျောင်တာလား"

"မဟုတ်ပါဘူးကွာ၊ မင်း သံသယဝင်တာကို သဘောကျမိလို့ပါ၊ ဟိုမှာ မှူကြားရင် လျှာကိုက်မိတော့မှာပဲ"

"ငါလည်း မဖြစ်စေချင်ပါဘူး။ တော်ကြာ ဘော်ဘော်ချင်း ခိုက်ရန် ဒေါသဖြစ်ရင် ပြဿနာအကြီးကြီး ဖြစ်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



Taxi တစ်စီး လာနေပြီမို့ သူ လှမ်းတားလိုက်ပါ၏။ လောကမှာ မိန်းမတွေ ဒီလောက်များပါလျက် ညီအစ်ကိုတွေ, သူငယ်ချင်းတွေ မိန်းကလေးတစ်ယောက်တည်းကို ဝိုင်းလုကြိုက်ပြီး ပြဿနာရှုပ်တာလောက် ရယ်စရာကောင်းတာ မရှိတော့ပါ။ အချစ်ဆိုတာ မျက်ကန်းတစ္ဆေတဲ့လား။ မဖြစ်နိုင်ပါလေ။ ဒီမျက်စိနဲ့ မြင်ပြီး နှလုံးသားက သိမှသာ ချစ်တယ်ဟူသည့်စိတ်က ဦးနှောက်ကို သတင်းပို့ပေးတာ အမှန်ပါပဲ။

ဒါကိုပဲ အချစ်မှာ မျက်စိမရှိဘူးဆိုပြီး ပြောရတယ်လို့။ အခုလည်း ချစ်သူကို ဥစ္စာခြောက်နေသည့် 'ရဲရင့်' ကြောင့် သူ ရယ်မိတော့တာလေ။ သူငယ်ချင်းဖြစ်သူနှင့် ပြိုင်ဘက်ဖြစ်ရလေအောင် သူက 'နှံ့သာမှုံ' ကို အရူးအမူးဖြင့် တစ်ဖက်သတ်ကျိတ်ချစ်နေသည့်လူမှ မဟုတ်တာပဲ။ ရှုပ်ပါ့ 'ရဲရင့်ဇော်'။

"မင်း ဝန်မခံဘူးလား"

"ဟာ ... ဘာကိုဝန်ခံရမှာလဲ"

"မှုံ့ကို မြားဦးတည်တာမျိုး မဟုတ်ဘူးဆိုတာ"

"ကြဲကြဲဖန်ဖန် တွေးပူနေပြန်ပါပြီ၊ စိတ်ချ ... မင်းမှုံ့ကို ယောင်လို့တောင်မှ အိပ်မက်ထဲ ထည့်မမက်ဘူး"

"တော်သေးတာပေါ့"

"ဒါပေမဲ့ ... အမျိုးတော့ တော်ချင်တော်သွားနိုင်တယ်"





"ဘယ်လို ... ဟာ! ... မင်း ... မင်း ... ချိုကိုများ"

သူရယ်နေပြန်သဖြင့် 'ရဲရင့်' က သူ့လက်မောင်းကို လက်သီးဖြင့် ခပ်ဖွဖွထိုးလိုက်လေ၏။ Taxi ပေါ်မှာ ဆယ်ကျော်သက် ချာတိတ်တွေနှယ် စနောက်ပျော်မြူးနေတာကို Taxi driver ဦးလေးကြီးပင် အားကျသည့်နှယ် လိုက်ရယ်လေသည်။ ဘဝကို ဒီလိုပဲ တစ်သမတ်တည်း အပျော်တွေနဲ့သာ အုပ်မိုးခြုံလွှမ်းထားနိုင်လျှင် အဘယ်မျှ ကောင်းလိုက်ပါမည်နည်း။

"နန္ဒ ... နန္ဒ တွေ့မယ့်တွေ့တော့လည်း မတန်မရာ စာအလေးကို အခြောက်နဲ့ ချိန်ရတယ်လို့"

"ချိုက ဒီလောက်ကြီးလည်း မငယ်ပါဘူးကွာ"

"အမယ် ... အမယ် နာမည်ရွတ်ကတည်းက လေသံထဲမှာ သကာရည်တွေ တစ်ပိဿာလောက် ရောပါနေပြီး မင်းထက်တော့ ငယ်တာပဲကိုး"

"ချိုချင်လို့ပေါ့ကွာ"

"ဟာ! ဒီကောင် ကဗျာတွေ စာတွေဖတ်တတ်နေပါရောလား။ သွားပြီ ... မင်းနန္ဒတော့ သွက်သွက်ခါ ဂေါက်ပါရောလား"

"မဦးမချွတ်နဲ့"

ကားက အိမ်သေးသေးလေးရှေ့မှ ရပ်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကားခ ရှင်းပေးပြီး နှစ်ယောက်သား ကားပေါ်မှ ဆင်းလိုက်ပါသည်။ ရဲရင့်က အိမ်ရှင်နှယ် ခြံတံခါးအသေးလေးကို ဖွင့်ဝင်သွားလေ၏။ သူက အနောက်မှ ခပ်ဖြည်းဖြည်း လိုက်ဝင်ခဲ့ပြီး ဝန်းကျင်ကို ဝေ့ဝဲလေ့လာ လိုက်မိပါသည်။

ကြည့်လေရာ မျက်စိအေးပြီး ချစ်စရာရှုခင်းမျိုး ဖြစ်နေတာ ဘာကြောင့်ပါလဲ။ အိမ်ကလေးက ခပ်သေးသေးဖြစ်သော်ငြား သူ့ တစ်ကိုယ်လုံးကို နွေးထွေးလုံခြုံသွားသည့်နှယ်ပါ။ မေတ္တာတွေအပြည့် ရှိနေသည့် သုခဘုံလေးနှယ်ပါလေ။ ဤအိမ်သေးသေးလေးထဲမှာ သူ ချစ်သော 'ချို' နေတာတဲ့လား။

"သြော်"

မသိစိတ်က နောက်ကျောမလုံသည့်နှယ် ဖြစ်စေသဖြင့် ရုတ်တရက် လှည့်ကြည့်လိုက်မိပါ၏။ တကယ်ပင် သူ့ကောင်မလေး က အပြင်မှ ရောက်လာတာလေ။ ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာမှုတို့ နှင့်အတူ အပြုံးတို့ကို ဖောဖောသီသီ သုံးမိသော်ငြား ခပ်ရှုးရှုး အကြည့်ကိုသာ လက်ဆောင်အဖြစ် သူ ပြန်ရရှိလေ၏။ ခပ်စိမ်းစိမ်း ပါပဲလား ချို။

"ကျောင်းက ပြန်လာတာလား"

"မဟုတ်ဘူး ... သင်တန်းက"





ဒါပဲလား။ ဒီထက် ပိုပြောစရာ စကားတို့မရှိသလို တစ်ဦးကို တစ်ဦး ကြည့်နေမိလေ၏။ လမ်းကို ပိတ်ရပ်ထားသလို ဖြစ်နေမှန်း သိသော်ငြား အလိုက်တသိဖြင့် ဖယ်မပေးဖြစ်ပါ။ သူ့မနှုတ်မှ တစ်စုံ တစ်ခု ခွင့်တောင်းတာကို လိုချင်လို့ပါပဲ။ ဒီအသံချိုချိုလေးကို သူ ဘယ်မျှ ကြားချင်သလဲဆိုသည့် တောင့်တမှုကို သူကိုယ်တိုင်ပင် သိလေ၏။

"အိမ်ပေါ်မတက်ဘူးလား"

"မှုတို့ အေးအေးဆေးဆေးတွေ့ရအောင်လို့ပါ"

"အန်တီလေး ရှိနေတာများ ... အပိုပြောနေပြန်ပါပြီ"

"ဒါဖြင့် ချို့ကို စောင့်နေတာဆိုရင်ရော"

မနှစ်မြို့က်သည့်နှယ် မျက်မှောင်တွန့်ချိုးသွားပါ၏။ 'မှု' ရဲ့ သူငယ်ချင်းမို့ 'ရဲရင့်' ကို ဆက်ဆံသလိုပင် တရင်းတနှီး ရှိစေချင်ပါ သည်။ ဖော်ရွေသည့်အပြုံးမျိုးဖြင့် သူ့အပေါ် ပြောဆိုစေချင်တာ သာဘာကြီးသလိုများ ဖြစ်နေပြီလား။ 'စွဲလမ်းစေတာက လောဘ' သူ ဘုရားဟော တရားထဲမှာပါနေပါလျှင် 'ချို့'အပေါ် စွဲလမ်းခြင်းကို 'လောဘ' ဟု သတ်မှတ်နိုင်မည်သာ။ ချစ်လွန်းလို့ပါ "ချို"။

"ဒီလောက်ကြီး မရင်းနှီးဘဲနဲ့များ"

"ဒီထက်ပိုပြီး ရင်းနှီးချင်တယ်ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



“ချိုက ယောက်ျားလေးတွေနဲ့ သိပ်အရောမဝင်တတ်ဘူး”

“မျက်နှာလိုက်တာပဲ၊ ရဲရင့်ကိုတော့ ချို ဂရုစိုက်တာ ကိုယ့်မျက်မြင်ပါ”

“ကိုဇော်က မမနဲ့ပတ်သက်တဲ့ သူကိုး”

“ဒါဖြင့် ကိုယ်ကရော မှုံနဲ့ မပတ်သက်လို့လား”

မျက်စောင်းခဲ့ပြလေ၏။ ချောင်ပိတ်သည့် မေးခွန်းတို့ကို လှလှပပလေး ရှောင်နိုင်သည့်အထိ သူ၏ကောင်မလေးက စကားကြွယ်ပါသည်။ မဆီမဆိုင် ‘ရဲရင့်’ နှင့်ပြိုင်ပြီး နေရာယူချင်နေတာကို သူမလည်း သိနေမည်သာ။ ဒီတစ်ခါတော့ ဆံပင်ကို မြင့်မြင့်လေးတစ်ချောင်းတည်း စည်းထားတာမို့ လည်ကုတ်အပေါ်မှာ လှုပ်လီလှုပ်လဲ့လေး ဖြစ်နေလေ၏။ သွေးကြောစိမ်းလေးတွေ မြင်နေရပါသည့် လည်တိုင်သွယ်သွယ်လေးကို သူငေးခနဲ ကြည့်နေမိလေသည်။ ရင်တွေ အခုန်မြန်လာသည့်နှယ်ပါ။

“ဟော! သမီးငယ် ပြန်လာပြီ၊ အတော်ပဲ … ညနေစာစားကြရအောင်၊ ညီ့သည်ကို တစ်ခါတည်း ခေါ်လာခဲ့ ချို”

“ချို့ညီ့သည်မှ မဟုတ်တာ အန်တီလေးရဲ့”

“ဘယ်သူ့ညီ့သည်ပဲဖြစ်ဖြစ် အိမ်လာတဲ့ညီ့သည်ပဲဟာ စကားကို ကတ်သတ်မပြောနဲ့စမ်း ချို”





မကျေမနပ်ဖြင့် နောက်ထပ် မျက်စောင်းလေးက ထပ်ရောက်လာပြန်လေ၏။ အောက်နှုတ်ခမ်းကို သွားဖြင့် ကိုက်ထားဟန်လေးက အစ ကလေးဆန်စိတ်ကို ပြသနေပါသည်။ အိမ်မှာ အလိုလိုက်ထား၍ ကလေးလို ဆိုးပြနေတုန်းပဲလား။ သို့သော်ငြား မိန်းမဆန်သည့် ပုံရိပ်တို့က သူ့မတစ်ကိုယ်လုံး လွှမ်းနေတာ မြင်သာစေလေ၏။

Blouse လက်ဖောင်းပန်းနုရောင်လေးနှင့် လုံချည်အပျော့သားက အဖြူခံမှာ နှင်းဆီပွင့် ပန်းဆီရောင် ခပ်ကျဲကျဲလေး ရိုက်ထားတာမို့ ပန်းနုရောင် ညနေခင်းအလှက ပိုပြီး ပြည့်စုံစေသည့်နှယ်ပါ။ မျက်နှာမှာ လူးထားသည့် သနပ်ခါးရေကျဲက ပြယ်လုလုဖြစ်နေသော်ငြား ပါးပြင်မို့မို့လေးထက် ဟိုဒီကျန်ရှိနေသေးတာကိုက တစ်မျိုးလေး လှနေသည်သာ။ အလို! ဘယ်လိုဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို သူ အနုစိတ်ကြည့်နေတာပါလိမ့်။ ခက်ချေပြီကော “ခင်းနု”။

“အိမ်ပေါ်တက်မယ်လေ … ဗိုက်မဆာလည်း နေခဲ့ပေတော့”

သူ့ဘေးမှ ဖြတ်လျှောက်ရန် ပြင်လိုက်စဉ် ခန္ဓာကိုယ်ပါးပါးလေးက သူ့လက်မောင်းကို ဝင်တိုးပြီး ယိုင်လဲလေ၏။ နောက်ထပ်တစ်ကြိမ်ဖြစ်တာ မှန်ပေမယ့် ဒီတစ်ကြိမ်လည်း သူမကို လဲမကျစေဆိုပါ။ လက်မောင်းသွယ်သွယ်လေးကို အမြန်လှမ်းဆွဲထိန်းပေးလိုက်မိသည်။



www.burmeseclassic.com

ဒီတစ်ခါတော့ သူမနှုတ်မှ 'အို!' ဟူသည့် အာမေဋိတ်သံမျှ ထွက်မလာပါချေ။ ရင်ဘတ်ဆီသို့ ခပ်ပြင်းပြင်း လာထုလိုက်သည့် လက်သီးဆုပ်သေးသေးလေးကိုသာ ရလိုက်လေ၏။ နာကျင်စေလို့ ပဲလား။ သေချာတာကတော့ သူ့ကို အပြစ်ပေးချင်သည့် ဟန်ပန်ပါ ပဲလေ။

❋ ❋ ❋



## အခန်း (၁၁)

ခုတင်ထက် မှောက်ခုံလေးလှဲနေရင်း သင်တန်းစာရွက်တို့ကို မှန်လှောဖတ်ကြည့်နေစဉ် မမက အခန်းထဲ ဝင်လာလေ၏။ လက်ထဲမှာ ဖျော်ပြီး ထည့်လာပါသည့် coffee နံ့က တစ်ခန်းလုံး သင်းပျံ့သွားစေလေသည်။ သူများတကာတွေကဖြင့် ညအိပ်ကာနီး နွားနို့ပူပူလေး (သို့မဟုတ်) ကော်ဖီအုတ်ပူပူတစ်ခွက်တော့ သောက်ကြမည်သာ။ ကျွန်မကဖြင့် ကော်ဖီတစ်ခွက်လောက် မသောက်ဖြစ်ရင် အိပ်ချင်လို့ မလွယ်ကူတော့သည့်နှယ်ပါ။

"ချို"

www.burmeseclassic.com



"အင်း"

"ပြောစရာ ရှိတယ်"

"ပြောလေ"

မမကို မော့မကြည့်ဖြစ်ဘဲ စာမေးပွဲဖြေရမှာမို့ အရေးကြီးသည့် စာတမ်းတို့ကို အမှတ်အသားလုပ်နေမိ၏။ 'ဇင်မာ' နှင့် phone ဆက်ပြီး တိုင်ပင်ရမှာက များနေသလိုပါပဲ။ အားလုံးပြိုင်ဆိုင်နေကြ ပေမယ့် သူငယ်ချင်းဖြစ်သူနှင့်တော့ အမြဲတိုင်ပင်ပြီး လေ့လာဖြစ်သော သည်။

"အဲဒါ ခဏဖယ်ထားလို့ မရဘူးလား"

"Exam ရှိတယ်လေ မမရာ"

"သင်တန်း exam က ဒီလောက် အရေးကြီးလို့လား"

"ကြီးတာပေါ့ ... ထူးထူးချွန်ချွန်အောင်ပြီး လက်မှတ်ရမှ ကုမ္ပဏီမှာ ဝင်ခွင့်ရမှာ မမရဲ့၊ မမတို့လို ဟိုနေရာ ဒီနေရာမှာ လိုတယ် ဆိုပြီး အပြိုင်ခေါ်ခန့်တဲ့ အခွင့်အရေးမျိုး ချို့မှာမှ မရှိတာ"

မမက ခုံဆွဲထိုင်နေပြီမို့ ပြောချင်သည့်စကားက အသေ ရှိနေပြီမှန်း ရိပ်မိလိုက်ရပါ၏။ ဘာများ အရေးကြီးစကား ပြောမလို့ပါလဲ။ အန်တီလေးက အသက် (၄၅) နှစ်ပြည့်ပါက (ချို့လည်း အလုပ်ဝင်ပြီးပါက) သာသနာ့ဘောင်ကို တစ်သက်တာ ဝင်ချင်သည်





ပြောထားတာ ချို့ အသက်တန်းဖြေစဉ်ကတည်းပါ။ ဒီထက်ပိုပြီး အရေးကြီးတာ ဘာများကျန်သေးပါသလဲ။

"အန်တီလေးကိစ္စလား"

"မဟုတ်ဘူး ... ဒါပေမဲ့ အန်တီလေးရဲ့အကြံဉာဏ်တော့ ပါတယ်"

"ဘာများလဲ"

မော်က်ခုံဖြစ်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်မိပါ၏။ မမ မျက်နှာက ခါတိုင်းထက် ပိုပြီး လေးနက်ဟန် ရှိနေခြင်းကြောင့်ပါပဲ။ ဘာလဲ ... လက်ထပ်ကြတော့မှာများလား။ မဟုတ်သေးပါဘူး။ အန်တီ လေး ယောဂီဝတ်ခါနီးမှသာ မင်္ဂလာဆောင်ဖို့ တိုင်ပင်ကြတာလေ။ ဘာတိုများ ပြောချင်လို့ပါလိမ့်။

"မေးစရာရှိတယ်"

"အင်း ... မေးလေ"

"နန္ဒကို ဘယ်လိုမြင်သလဲ"

"ဗဲ!"

ထင်မထားသည့်အမေးကြောင့် အံ့သြသွားရပါ၏။ 'နန္ဒ' ပဲလား။ စဆုံစဉ်ကတည်းက ခန္ဓာကိုယ်ချင်း အနီးစပ်ဆုံး ထိခဲ့ရသည့် ယောက်ျားကြောင့် ကျွန်မရင်တွေ အခုန်မြန်ခဲ့ရတာလေး သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ငွေ့နွေးနွေး၊ သူ့ကိုယ်သင်းနံ့မွှေးမွှေးတို့က 'ရန်နိုင်'၏စိတ်ကို ထွေပြားရှုပ်ထွေးစေခဲ့ရတာ မဟုတ်ပါလား။ နှုတ်သွက်လွန်းပါသည့် ကျွန်မ၏နှုတ်ကို ဆွံ့အစေခဲ့တာ အမှန်ပါလေ။

"သူက ဘာဖြစ်လို့လဲ၊ မမလက်ထပ်မယ့်သူက ကိုဇော် မဟုတ်ဘူးလား"

"ကျစ်! စကားကို ဝေ့မပြောစမ်းပါနဲ့"

"မမပြောတာ ချိုမှ နားမလည်တာ"

"ဒါဖြင့် ဒဲ့တိုးပြောရမလား"

"ပြောပေါ့"

"နင့်ကို နန္ဒ စိတ်ဝင်စားနေပြီ"

"အာ"

မျက်နှာ ရဲခနဲဖြစ်သွားရပါ၏။ နားရွက်တွေပါ ထူပူလာသည် အထိ ရှက်အမ်းသွားရပါသည်။ ဘာကြီးလဲ။ ညီမဖြစ်သူကို ဒီလိုကြီး လာပြောတာက ရှက်စရာကြီးပါလေ။ အာရုံက သူ့ကို ဖျတ်ခနဲ မြင်ယောင်လိုက်မိတာမို့ ခေါင်းကို ခါလိုက်မိပါ၏။ 'ချို' ကို အာရုံနောက် အောင် မပြုစားချင်ပါနဲ့လား။

"ဟယ်! တကယ်ပြောနေတာဟဲ့"

"မမကလည်းကွာ ... စာမေးပွဲဖြေရမယ့်လူကို အာရုံ ယာ





နောက်ပြီ"

"ဩော် ... အစ်မက စေတနာနဲ့လည်း လာပြောရသေး တယ်၊ ကျောင်းမှာ မင်းနန္ဒဆို ပစ်ကျချင်တဲ့ မိန်းမတွေ တစ်ပြုံကြီး။ အဲဒီထဲကမှ နင် မဟာကံထူးရှင်ဆု ထပေါက်တာပဲ ချို"

"သူက ဘာမို့လို့လဲ၊ ထိတ်ထိတ်ကြဲ သူဌေးသားလည်း မဟုတ်၊ ရုပ်ပါစတားမင်းသား Mdel လည်း မဟုတ်ဘဲနဲ့"

"ကြည့်စမ်း! ကိုယ့်ထက်အကြီးကို အထင်တသေးပြောရ လား"

မိန်းမတွေပစ်ကျတဲ့ရုပ်နဲ့လူတဲ့လား။ စိတ်မချရပါလား 'ကိုမင်း နန္ဒ'။ လူကို ညှို့ငင်ယူသလို အကြည့်မျိုး၊ အပြုံးမျိုး ပိုင်ဆိုင်ထားတာ ကိုတော့ ကျွန်မ လက်ခံပါသည်။ လက်ရဲဇက်ရဲနှင့်လူကို ထိမိကိုင်မိ မွှေပိုက်မိတာမျိုးကိုမှ ကျွန်မ ဖြစ်ခဲ့ရတယ်လို့၊ ကလ္လိယတွေနှင့် ပတ်သက်လာလျှင် ဆရာကြီးပေါ့လေ။

"အထင်သေးတယ်တော့ မဟုတ်ပါဘူး၊ ဒီလိုပဲ အမြင်နဲ့ ပြောလိုက်မိတာပါ"

"နင့်သဘောရော"

"ဘာကြီးလဲ"

"သူ့ကို သဘောကျလားလို့ မေးနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဟယ်! ချိုကလဲ"

"အဲဒီလို ယောကျ်ားမျိုးကို ချိုမှ သဘောမကျတာ"

"ဘယ်လို"

"ဟုတ်တယ်လေ . . . မိန်းမတိုင်း သဘောကျ နှစ်ခြိုက်နေမှတော့ ဘယ်လိုလုပ် စိတ်ချရပါ့မလဲ၊ ကိုယ့်ကိုယ်ကိုယ် အထင်တကြီးနဲ့ ဘဝင်မြင့်တဲ့ ယောကျ်ားမျိုးဆို ပိုပြီးတောင် ကြည့်မရတာ"

"ချိုကလည်း သူက အဲဒီလိုလူမှ မဟုတ်တာ"

"မမက ကြားကနေ အာမခံချက်မပေးနဲ့လေ၊ ဒီအရွယ်ရောက်မှတော့ သူ အပျော်တွဲခဲ့တဲ့ မိန်းကလေးတွေ အနည်းအများတော့ ရှိမှာပဲ . . . မဟုတ်ဘူးလား"

"အဲဒါကတော့"

"ဘာလဲ . . . ယောကျ်ားလေးပဲ၊ ဒီလောက်တော့ ရှိမှာပေါ့ဆိုပြီး ကာပြောချင်သေးလား။ ချိုတ အသက်အရွယ်ငယ်သေးတာမှန်ပေမယ့် ဘာမဆို လေးလေးနက်နက်တွေးတတ်တာ မမလည်း သိပါတယ်၊ အချစ်ဆိုတာကို ပေါ့ပေါ့တွေးပြီး အပျော်နဲ့ မွေ့လျော်တတ်တဲ့ မိန်းကလေးမျိုးထဲမှာ ချိုမပါဘူး မမ၊ ဒီလိုပဲ . . . အချစ်ကို အလေးအနက်မထားတတ်ကဲ ကစားစရာလို သဘောထားတတ်တဲ့ ယောကျ်ားမျိုးကိုလည်း သဘောမကျတာ၊ မနှစ်မြို့ဘာ၊ စိတ်ထဲမထားတတ်တာ ချိုဘာသာဗေဒပဲ"

မမက ကျွန်မကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေလေ၏။ ကိုဇော်ကိုတော့ မမ မည်သို့အဖြေပြန်ပေးခဲ့သည်မသိပါ။ အစိတ် မမနှလုံးသားဖြင့် မည်သို့ပင် ဆုံးဖြတ်ပါစေ၊ ကျွန်မကတော့ ကိုယ်မှန်သည်ဟု ယူဆထားပါသည့် အယူအဆကို အလွယ်တကူဖြင့် လျှောက်တတ်ပါချေ။

ဒါကြောင့်လည်း 'ရန့်ချို' ကို ခေါင်းမာသည့်သူဟု အများက သတ်မှတ်ကြတာပါပဲ။ ကိစ္စမရှိပါ။ လူဆိုတာ ကိုယ့်သမိုင်းကို ကိုယ်တိုင်ပဲ ရေးရမှာ မဟုတ်ပါလား။ ပြီးစလွယ်ရေးသည့် ဘဝစာမျက်နှာမျိုးကို ကျွန်မ၏ဒိုင်ယာရီမှာ မရှိစေချင်တာ အမှန်ပါပဲ။

"တကယ်ပဲ နန္ဒကို မချစ်နိုင်တာလား"

မမကို မျက်လုံးဝင့်ကြည့်လိုက်မိပါ၏။ ညီမဖြစ်သူကို ချစ်ပါသည့် မမက အဘယ်ကြောင့် သူမှသူဆိုပြီး ချိုနှင့်သဘောတူတယ် ဖြစ်နေရတာပါလိမ့်။ ဆွဲဆောင်မှုရှိသည့် Model boy မျိုးကို ချိုလည်း သဘောကျနှစ်မြို့က်တတ်ပါ၏။ အထူးသဖြင့် ယောကျ်ားဆိုလျှင် ဖြူဖွေးနေသည့် Colour skin မျိုးကို မနှစ်သက်လှပါ။ အနည်းငယ် အညိုရောင်သန်းတာမျိုးကမှ ပိုပြီး ကြည့်ကောင်းသလို ဝိုခန့်သည်ဟု ချိုး

မွှမ်းစရာပါ။

ဒါဖြင့် သူကရော . . . ဟုတ်ပါတယ် . . . ကျွန်မ သဘောကျနှစ်မြို့က်မိသည့် အသားရောင်, အရပ်အမောင်း, ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားပါ၏။ ချွေးနံ့တွေနံ့ပြီး ဘီယာဗိုက်မျိုးနှင့် အဆီတွေစု ဆူဖြိုးတာမျိုး၊ မျက်နှာဖောင်းပွနေတာမျိုး မရှိသည့် ကျစ်ကျစ်လျစ်လျစ် Body က မိန်းမသားတွေအတွက် မက်လောက်စရာပါလေ။

သို့သော် . . . ကျွန်မကို သူ မြင်ဖူးကြားဖူးသည့် မိန်းမတွေနှင့် တစ်တန်းတည်းထားပြီး အထင်တသေးဖြင့် စဉ်းစားမိတာကိုတော့ စိတ်ခုစရာပါပဲ။ 'ဒီချာတိတ်လေးလောက်က ငါ့တစ်လှည့်စာလေးပါ' ဟူသည့် အထာမျိုးဖြင့် လျှော့တွက်ထားတာကိုက အတော်လေး လွန်သည်ဟု ထင်ပါ၏။

ထိရှလွယ်သည့် အရွယ်မဟုတ်တော့သော်ငြား ကျွန်မနှလုံးသားက ယခုတိုင် ဒဏ်ရာမရှိဘဲ လတ်ဆတ်လန်းဆန်းနေတုန်းပါ။ အနှစ် (၂၀) အထိ ရှင်သန်လျှောက်လှမ်းနေသည့် ဘဝလမ်းမှာ မည်သည့်အမှားမျိုးမှ မဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ထိန်းမတ်နိုင်ခဲ့သလို ရင်ဘတ်ထဲမှ နှလုံးသားကိုလည်း ဘယ်သူ့စိမ်းကိုမှ ရော့အင့်ဟူ၍ မပေးခဲ့ဖူးသေးပါ။

မချစ်တတ်သေးပါ။





မချစ်ခဲ့သေးပါ။

မချစ်ရဲ မချစ်ဝံ့တာဆိုလျှင် ပို၍သေချာပေမည်။

"ချို"

"မမက သူငယ်ချင်းဘက်က လိုက်ပြောပေးတာ လွန်တာပေါ့ မျက်နှာလိုက်လွန်းတယ် မထင်ဘူးလား"

"ကိုယ့်ညီမမို့လို့ ဒီစကားမျိုးပြောရတာပါ ချို။ မင်းနန္ဒဟာ ငြင်းစရာ မလိုတဲ့ ယောကျ်ားတစ်ယောက်ပဲဆိုတာ ချို သိထားသင့်တယ်"

"ဘာကြောင့်"

"တစ်ဦးတည်းသော သား။ အတော်အသင့် ပြည့်စုံတယ်၊ ချရမယ့်တွဲ၊ သူလျှောက်လှမ်းမယ့် ခရီးလမ်း။ သူပိုင်ဆိုင်မယ့် အရာတွေက မိန်းမသားတွေအတွက် အားကိုးဖွယ်ရာပါ ချို"

အားကိုးဖွယ်ရာတဲ့လား။ ဟင့်အင်း . . . ကျွန်မ မထင်ပါ။ ဒီလိုအကြည့်၊ ဒီလိုခနဲ့ပြုံးမျိုးနှင့်လူကို ရင်ထဲထည့်ထားလို့ စိတ်ချနိုင်ပါ့မလား။ ကွယ်ရာမှာ ဘယ်သူ့ကို ဘယ်သူစိမ်းမိန်းကလေးကိုများ ကြည့်သည့် ပုံစံမျိုးနှင့် ဇာတ်လမ်းတွင်နေမလဲ မမှန်းဆနိုင်ပါလေ။ ကျွန်မက တွေးပူတွေးကြောက်တတ်သည့် မသိနားမလည်သည့် ကလေးမျိုး မဟုတ်သော်ငြား ရင်ပူမှာ နှလုံးသားလောင်ကျွမ်းမှုကိုဖြင့်

www.burmeseclassic.com



အထူးသတိထားနေတတ်သူဖြစ်လေ၏။

အားကိုးယုံကြည်ပြီးမှ ထင်ထားသလို မဖြစ်ခဲ့ရင် ဘယ့်နှယ်လုပ်ရပါ့မလဲ။ မမရဲ့သူငယ်ချင်းဆိုတာလောက်နဲ့ အားမခံလို့မှ မရတာလေ။ အလို ဘယ်လိုဖြစ်ပြီး မျက်စိတခဲ့ မြင်ကြည့်နေမိတာပါလိမ့်။ လွန်နေပြီ 'ရန်ချို'။

ခုချိန်ထိ 'မင်းနန္ဒ' ထံမှ 'ချစ်တယ်' ဟူသည့်စကားကို အသေအချာ ကြားနေရတာ မသိသေးတာလေ။ အတော်ရှုပ်ထွေးသည့် အတွေးပါပဲလား။

"အန်တီလေး သိတယ်ပေါ့"

"သိတယ် . . . ဟိုနေ့က သူ့အမူအရာတွေက ဒီလောက်သိသာနေတာ၊ မသိဘဲနေမလား"

"ကိုဇော်ကရော"

"သူကိုက သဘောတူနေတာ"

"အတော်ကောင်းတာပဲ၊ အခုနေ မဲခွဲရင်တောင် ချိုက သုံးမဲ တစ်မဲနဲ့ အပြတ်အသတ် ရှုံးနေပြီ"

"ဟင်း ဟင်း . . . မမက အတင်းအကျပ်ကြီး တိုက်တွန်းတာမျိုး မဟုတ်ပါဘူး။ အကယ်၍များ သူ့ဘက်က ဖွင့်ပြောလာရင် ချို့မှာ အဖြေအဆင်သင့်ရှိနေအောင် စဉ်းစားထားနိုင်ဖို့ ကြိုပြောတာပါ"





"အင်းလေ . . . မမ ကြိုအသိပေးထားတော့ ကိုယ့်ပြီး ရှောင်နိုင်တာပေါ့"

"ချိုကလဲ"

"မမပဲ အတင်းအကျပ် မတိုက်တွန်းဘူးဆို"

"ဒါကတော့ သဘောပြောတာလေ"

"ညီအစ်မချင်းမို့ ဘာမဆို ရင်ဖွင့်ပြောတတ်တဲ့အကျင့်ကို ဒီနေ့ကစပြီး မြင်ရတော့မယ်"

"ဘာရယ်"

"ဟုတ်တယ်လေ . . . မမက သူ လွှတ်ထားတဲ့ Spy လည်း ဖြစ်ချင်ဖြစ်နေမှာကိုး"

"ဟဲ့!"

"တစ်ခုတော့ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါ့မယ်၊ ချိုက ကိုယ့်ကို သည်းသည်းလှုပ်ချစ်တာမျိုးမဟုတ်ဘဲ အပေါ်ယံနဲ့ ဟန်လုပ်ပြောတာမျိုးကို လုံးဝမကြိုက်တာပဲ၊ နောက်ထပ် အဲဒီတိုက်ခန်းကို လိုက်ဖို့ ချို့ကိုမခေါ်ဖို့ မမကို ပြောလိုက်ပါရစေ"

"ဒါ . . . သူ့ကို လုံးဝလက်မခံဘူးဆိုတဲ့ သဘောလား"

"ဒါက ချို့ကိစ္စပါ၊ မမလူကြီးက ချို့ကို ချာတိတ်လေးဆိုပြီး သွေးတွက်ထားတာ အသိသာကြီးပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ငါ့လူကြီး မဟုတ်ပါဘူး"

မမက အထိတ်တလန့် ငြင်းဟန်ဖြင့် ပြောပြီး အခန်းထဲ
ထွက်သွားလေတော့၏။ စာကြည့်စားပွဲထက် တင်ခဲ့ပါသည့် ခပ်
နွေး ကော်ဖီကို မော့၍ သောက်လိုက်မိပါသည်။ ခါးသက်သက် အ
သာက လည်ချောင်းတစ်လျှောက် စီးဝင်သွားလေ၏။ အချိုအရသာ
ရှိရုံလောက်သာ ပါဝင်ပြီး ခါးစိမ့်စိမ့် အရသာကသာ ပိုကဲလွှမ်းနေ
သည်။

အချစ်ဆိုတာကရော ထိုသို့ပင် ခါးသက်သက်လေပဲလား
ပြောကြတာဖြင့် နီနီရဲရဲ ပန်းသီးလေးလို ချိုတဲ့အရသာပဲ ရှိတာဆို
သို့သော် ထိုသစ်သီးအတွင်းမှာ ဘာရှိမည်ဆိုတာကို ဘယ်သူက ကြ
ပြီး သိနိုင်မှာတဲ့လဲ။ နှင်းဆီတစ်ပွင့်ကို ခူးချင်ပါက ဆူးစူးမှာကို ကြောက်
၍ မဖြစ်ပါ။ အခုလည်း ကျွန်မအဖြစ်က ရှေ့မှာ ရောက်လာသည့်
နှင်းဆီခိုင်ကို ငေးရုံသာ တတ်နိုင်တာပါလေ။

'မင်းနန္ဒ' ဆိုသည်ကား ဖူးတိုင်းကြိုက်သည့် နှင်းဆီခိုင်
ကို။

❋ ❋ ❋



## အခန်း (၁၂)

'ရဲရင့်' က သူ့နောက်မှလိုက်ပြီး လှမ်းခေါ်လိုက်ပါ၏။
Canteen မှာ မုံ့နှင့် အတူထိုင်တာမို့ ရှောင်ဖို့ စိတ်ကူးပြီး ထွက်မလို့
ပြီဆိုနေမှ မျက်စိက လျင်လိုက်တာနော်။ 'မုံ' ရော 'ရဲရင့်' ပါ မျက်နှာ
ကောင်းကြပါလား။ ဘာများဖြစ်လို့ပါလိမ့်။ သူ့လက်ကို ဆွဲခေါ်နေပြီ
မို့ ဆိုင်ထဲမှာ ဝင်ထိုင်ရလေတော့၏။

"ဘယ်လိုဖြစ်ရတာလဲ"

"အင်း ... ဒီလိုပါပဲ"

"တိုက်ခန်းရှာနေပြီဆို"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဘာလဲ . . . ရဲရင့်နဲ့အတူ မနေချင်တော့တဲ့သဘောလား

နော်"

"မဆိုင်လိုက်တာကွာ၊ မင်းမိန်းမ ယူကာနီးအထိ နေလို့

တယ်ကွ၊ ဘယ့်နှယ်! ရှိသမျှအကုန်လုံး မှုံကို ပြောသလား"

"ပြောတော့ ဘာဖြစ်လဲ၊ အဲဒါမှ မင်းရင်ထဲကို အရှင်သား

မြင်ရမှာ"

"ဘာ"

"ချို့ သိသွားပြီ"

"ဟာ! သေစမ်း! ငါက ယောကျ်ားချင်းမို့ ရင်ဖွင့်တာ၊

နှုတ်လုံသင့်တာပေါ့ကွ"

"အမယ် . . . မှုံ့ကို ဖုံးထားလို့ရမယ်များ ထင်နေလား

ဘယ်ရမှာလဲ၊ ငါးခွန်းတောင် မအစ်လိုက်ရဘူး၊ အကုန်ပေါ်တာ"

"မျက်နှာပူပြီး ရှောင်ချင်တယ်ဆိုပြီး ပြောမှပေါ့"

"ရဲရင့်"

"Weather တော့ သိပ်မကောင်းဘူး"

"ဘယ်လို . . . ချို့က ဘာတဲ့လဲ"

နှစ်ယောက်သား အသံတိတ်သွားကြပါ၏။ ဘာလဲ . . .





ကတော့ ဘာ sign မှ မပြသေးဘူးပေါ့။ စိတ်လျော့ပြီး မေးမိတာက

သူ့အမှားပါပဲ။ ဘယ်မိန်းကလေးက အခုပြော အခုပြန်ကြိုက်ပါ့မလဲ။

အထူးသဖြင့် မျက်နှာတည်သည့် သူမက ပိုပြီး မာနကြီးမှာ အမှန်ပါ

လား။

"No တဲ့လား"

"ပစ်ပစ်ခါခါသဘောမျိုးတော့ မဟုတ်ပါဘူး နုနုရယ်"

"ဖေဖေမမ ပြောမပါနဲ့ မှုံ့ ညီမမို့ သူ့အကြောင်း မှုံ့အသိ

ဖြစ်မှာပါ၊ ဘာကြောင့်လဲ သိခွင့်ရမလား"

"အင်း"

အအေးပုလင်း ထပ်ရောက်လာပြီမို့ ပိုက်တစ်ကာ ဆေးလိုက်

၏၊ Coffee မသောက်ဖြစ်သည့်အခါမျိုးမှာ သူ စွဲစွဲမြဲမြဲသောက်လေ့

ရှိသည့် အချိုရည်က sparkling ပါပဲ။ ရှုတတအရသာက လည်

ချောင်းတွင်းသို့ ပူဝင်သွားလေသည်၊ ဝေဒနာက ပိုဆိုးလာသလိုပါပဲ

လား။

"အားမနာတမ်း ပြောရမလား"

"ပြော"

"နင့်ပုံစံက သူ့အပေါ် အလေးအနက်မထားသလိုပဲတဲ့၊

တော့ ပြောပွေမယ့်ရုပ်နဲ့ ပုံစံမို့ သဘောမကျတာက အဓိကပဲ"

www.burmeseclassic.com



"ဘာ ... အဲဒီလိုကြီး ပြောတယ်"

"အေး"

ပက်ပက်စက်စက် အဝေဖန်ခံရပါပေါ့လား။ မြာဝွေ့မယ့်ရှုပ်တဲ့လား 'ချို'။ အထင်သေးလှချည်လား။ သူ့ကို သဘောကျသည့် မိန်းကလေးတွေက သူ့ဝန်းကျင်မှာ အများကြီးရှိတာ မှန်သော်ငြား တစ်စုံတစ်ယောက်ကိုမျှ စိတ်ထဲမှာ သဘောမကျခဲ့တာလေ။ ယေဘုယျ တုန်းက အပျော်တွဲမိတာမျိုး ရှိတာမှန်ပေမယ့် အရအရွယ်မှာဖြင့် ပညာကို ကြိုးစားသင်ယူနေတာမို့ အချစ်ရေးကိစ္စကို ဒုတိယနေရာမှာထားဖြစ်ခဲ့တာပါ။

ဒီအချိန်အခါမှ အချစ်ဆိုတာ နဖူးတွေ့ ဒူးတွေ့ ကြုံကြိုက်မိကာမှ ဒီလိုမျိုးဖြစ်ရတယ်လို့။ ရင်ခုန်မိတာ အမှန်ပါ ချို။ မျက်ဝန်းလဲ့လဲ့လေးနဲ့ အပြုံးယဲ့ယဲ့လေးကို မျက်ခနဲ မြင်ခွင့်ရပြီး ဒီရင်ဘတ်ကြီးထဲမှာ ဒိန်းခနဲ ပြည်သံပြည်ဟည်းခဲ့တာကို မင်း မသိဘူးလား။ အချစ်ဆိုသည့်အရာကို ပထမဦးဆုံးအကြိမ်မှာမှ သိရှိခဲ့တာလေ။

"ငါ့အကြောင်းကို သူ ဘာများသိလို့လဲ"

"ချိုက မှုံနဲ့ ညီအစ်မဆိုပေမယ့် စိတ်ဓာတ်က မတူတာ အမှန်ပဲ နော်။ မှုံက စိတ်ပျော့တယ်၊ ချိုက စိတ်မာတယ်၊ ဘယ်လောက် အထိ မာနိုင်သလဲဆိုရင် မှုံတို့မိဘနှစ်ပါးစလုံး ဆုံးသွားရင်း Acid...





...ပြီး ဆုံးခဲ့တုန်းက ချိုက (၈) တန်းပဲ ရှိသေးတာ၊ အဲဒီသတင်းကြားတုန်းက မှုံကသာ ချုံးပွဲချ ငိုခဲ့ပေမယ့် ချိုက မျက်ရည်တစ်စက်မှ မကျဘူး"

"ဘယ်လို"

"လူရှေ့မှာ ငိုတာမျိုးမလုပ်ဘဲ ကွယ်ရာမှာ လူမသိအောင် ...ိုတ်ငိုတတ်တဲ့အကျင့် ရှိခဲ့လို့ပဲ"

ဘုရားရေ! လူမမြင်ကွယ်ရာမှာမှ မျက်ရည်ကျပြီး ငိုတတ်...တဲ့လား။ မင်း ဘယ်လိုမိန်းကလေးပါလဲ 'ချို'။ လျှို့ဝှက်ချက်ရှိတဲ့ ...န်းကလေးမျိုးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့တဲ့သူကိုမှ ဒီလိုမိန်းက...လေးကို စိတ်ဝင်တစားနဲ့ ချစ်မိသွားရတယ်လို့။ မင်းပေါ် ကိုယ်က ...စိတ်ဝင်စားအောင် စွမ်းဆောင်နိုင်ပါလား 'ရန့်ချို'။

အချစ်စစ်ဆိုတာကို တစ်ကြိမ်တစ်ခါမှ မကြုံတွေ့ခဲ့ရတဲ့ ကိုယ့်...တွက် မင်းက အချစ်ဦးလည်း ဖြစ်သလို၊ အချစ်တွေ အခုံးမဲ့နဲ့ ...ရတဲ့ အချစ်ဆုံးလည်း ဖြစ်ပါတယ် 'ချို'။ ဒါကို လွယ်လွယ်နဲ့ ...ယုံဘူးတဲ့လား။ စိတ်ဓာတ်စစ်ဆင်ရေးများလား။ စိမ်ခေါ်ရင် ဘွာမခတ်...ပါ။

လူဆိုတာ လွယ်လွယ်နဲ့ရတာမျိုးကို တန်ဖိုးမထားတတ်တာ...တာပဲ။ ကိုယ်ကတော့ ခက်ခက်ခဲခဲနဲ့ ရှာရတာမျိုးကို ပိုသဘောကျ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပိုပြီး ပိုင်ဆိုင်ချင်စိတ် ဖြစ်လာပါတယ်။ 'မပေးဘူး' ဆိုတဲ့ စိတ်ကူးကို ရိုက်ချိုးဖျက်ဆီးရုံပေါ့ ချို။ ဘယ်လောက်ဝေးဝေးမှာ ရပ်ကြည့်နေမှာလဲ။ မင်းနဲ့ အနီးဆုံးကိုရောက်အောင် တိုးလာဖို့က ကိုယ့်တာဝန်ပဲ မဟုတ်ပါလား။

"ဖွဲလည်း တအားရှိတယ်၊ သူလုပ်ချင်တာ သူဖြစ်ချင်တာကို ဘယ်သူ ဘယ်လောက်ပဲတားတား မရရအောင် လုပ်ယူတတ်တာမျိုး"

"ကြိုက်တယ်"

"ဘာ"

"အဲဒီစိတ်ဓာတ်လေးကို ကြိုက်တယ်လို့ ပြောတာလေ"

"နင် ရူးနေပြီလား"

"ရူးမှတော့ ချစ်တတ်ပါ့မလား မှုံရယ်၊ ဦးနှောက်ကောင်းသေးလို့ ဒီရင်ဘတ်ကြီးထဲက ချစ်တတ်တာပေါ့"

"ပေါပါ့ကွာ"

"ခေါင်းမာတာကိုလည်း ကြိုက်တယ်၊ ဖွဲကြီးတာကိုလည်း နှစ်သက်တာပဲ၊ ခံစားချက်ကို ဘယ်လောက်ထိ ထိန်းနိုင်မယ်ဆိုတာကိုလည်း သိချင်တယ်၊ အထူးသဖြင့် မာနလေးကြီးတာကို ပိုသဘောကျတာ၊ သူ့ကို ပိုချစ်လာအောင် သိမ်းသွင်းဆောင်နိုင်တယ်"

"ဟာ! ... သွားပြီ၊ ဒီကောင်တော့ ဆေးမရှိတော့ဘူး"





သူငယ်ချင်းနှစ်ယောက်က သူ့ကို တအံ့တသြဖြင့် စိတ်လည်းတိုကြပြီး လှောင်တော့ မလှောင်ကြပါ။ အရူးအမူးချစ်မိပါရောလား ချို။ ပထမတော့ ဒီအတိုင်း ချစ်စရာလေးဟု ပေါ့ပေါ့လေး တွေးထားသမျှကို မင်းက ချိုးဖျက်နိုင်ခဲ့တာလေ။ တကယ်ကိုပဲ မင်းက ကိုယ့်အတွက် ပုန္နာဆန်တဲ့ မိန်းကလေးဖြစ်နေပါရောလား ချိုရယ်။

"လွယ်တော့ မလွယ်ဘူး"

"ခက်တာကိုမှ ကိုယ်က ပိုင်ချင်တယ်ဆိုရင်ကော"

"ချိုက အခုချိန်ထိ ချစ်သူတစ်ယောက်မှ ထားဖူးတာ မဟုတ်ဘူး နန္ဒရဲ့"

"အဲဒီလို အတွေ့အကြုံမရှိမှ ချစ်တတ်လာအောင် သင်ပေးဖို့ရမှာ"

"နေပါဦး ... ချိုက ချစ်သူမရှိခဲ့ဘူးဆိုတော့ မှုံကရော"

"လက်ချိုးရေလို့ရအောင် ထားဖူးတယ်ရှင် ... သိပြီလား"

"သေစမ်း!"

'ရဲရင့်' တစ်ယောက် ကိုယ့်မေးခွန်းနှင့်ကိုယ် ပြန်အရိုက်ခံရသေပြီ ဟုတ်ပါတယ်။ သူတို့ ယောက်ျားလေးတွေက အပြင်မှာ ဘယ်လောက်ပဲ ပွေရှုပ်ခဲ့ဖူးပါစေ၊ ကိုယ်လက်ထပ်ရမယ့် သူ၊ ကိုယ်ပိုင်ဆိုင်ချင်တဲ့ မိန်းကလေးကိုဖြင့် ချစ်သူ တစ်ခါမှ မထားဖူးသေးသည့် ရွှေကြက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ကင်း သဲလည်းစင်တာကိုသာ ဖြစ်ချင်ကြတာပါ။ သဘာဝပေပဲလား

သူကတော့ အတ္တဟုသာ ခေါင်းစဉ်တပ်ချင်ပါ၏။

"အဲဒီတော့ ချစ်ရမှာ ကြောက်တယ်ဆိုပါတော့"

"အမှန်ပဲ"

"တကယ်ပဲ တစ်ယောက်တလေလေးတောင်မှ မချစ်ဖူးသေး

တာလား"

"ခြော် ... တကယ်ပါဆို"

"ဘာဖြစ်လို့လဲ ... ရင်ခုန်ဖို့များ မေ့နေတာလား"

"မှုံပြောပြီးပြီလေ ... ရည်မှန်းချက်ကြီးကြီးထားတတ်ပါတယ်

ဆို၊ မှုံပြောတဲ့နေ့ကတောင် Exam ရှိတာ နောင့်ယှက်လို့ဆိုပြီး အပြ

တင်လိုက်သေးတာ၊ ချိုက သူရည်ရွယ်ထားတဲ့ ပန်းတိုင်ရှိရာဆီ

တည့်တည့်မတ်မတ်သွားတတ်တဲ့ လူစားမျိုး။ ပိတ်ပင်တားဆီးထား

မှန်းတယ်"

သူ ခေါင်းညိတ်လိုက်စဉ် 'ရဲရင့်' က သူ့ပခုံးကို ပုတ်လိုက်

လေ၏။ ကွယ်ရာမှာ မရှိတဲ့လူအကြောင်းပြောလျှင် အတင်းတဲ့။ ကိုယ်

တို့ မင်းရဲ့အကြောင်းတွေ ဝေဖန်ပြောဆိုနေတာကို သိများ သိနေလေ

ချို။ တစ်စစ ပိုချစ်, ပိုတွယ်တာ, ပိုမြတ်နိုးလာအောင် ဘာကြောင့်

စွမ်းဆောင်နိုင်ပါသလဲ။





"ပြီးတော့ ရှိသေးတယ်"

"ဘာတဲ့လဲ"

"သူ့ကို အပေါ်ယံ မဟုတ်ဘဲ သည်းသည်းလှုပ်ချစ်တာမျိုး

ကိုပဲ လိုချင်တာတဲ့"

"အားပါး!"

"အချစ်စစ်နဲ့ မချစ်နိုင်ရင် အခုကတည်းက နောက်ဆုတ်ဖို့

ပြင်ထားပေတော့ မင်းနန္ဒ။ ချိုက လွယ်လွယ်နဲ့ ရနိုင်မယ့် မိန်းကလေး

မဟုတ်ဘူး"

"ငါက သူ့အပေါ် အပေါ်ယံပါးပါးလေး စိတ်ဝင်စားတယ်လို့

ထင်နေတာလား"

"ထင်တာမဟုတ်ဘူး ... ဒဲ့ကိုပြောတာ"

"မလွယ်ပါလား"

"ချိုက စကားကို လှအောင်မပြောတတ်ဘူး နန္ဒ။ ရင်ထဲရှိ

တဲ့အတိုင်း မျက်စိနဲ့ အမြင်အတိုင်း ချပြောတတ်လို့ အပေါင်းအသင်း

နည်းတာပါကြည့်၊ လက်ရှိ သူ့အထာ သူ့သည်းညည်းကို ခံနိုင်ပြီး

အတူပေါင်းနိုင် 'ဇင်မာ' တစ်ယောက်ပဲ ရှိတယ်"

"အဲဒီကောင်မလေးကို မနာလိုလိုက်တာ"

"ဟဲ့!"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ... သူနဲ့အမြဲ စကားပြောခွင့်၊ အတူသင် တန်းတက်ခွင့်၊ အတူတူသွားလာခွင့်ရတဲ့ ကောင်မလေး မဟုတ်လား ငါ့ထက်သာနေမှတော့ ခံပြင်းတာပေါ့"

"ရှုးတာ ... ရှုးတာ ... မနိုင်ဘူး"

"ငါ့အကြောင်း ဘယ်လောက်ထိ ပြောထားသလဲ"

'မုံ'က သက်ပြင်းရှိုက်လိုက်မိလေ၏။ စိတ်ဓာတ်ကလည်း တူလွှဲနီးလိုက်တာနော်။ ဖွဲကြီးတာ၊ ထက်သန်တာ၊ အားလျှော့တယ် တာက အစ တူကိုတူနေတာကို။ စိတ်မဝင်စားပါဘူးဟု ဒီလောက် ကြိုပြောနေကာမှ ရှေ့ကို ပိုတိုးဖို့ တွန်းအားဖြစ်ရတော့ယ်လို့။ စိတ်ကြီး နဲ့ ငါနဲ့ ညစ်ရပါလားနော်။

"ဒီလိုပဲ ... ပြောသင့်သလောက် ပြောပြတာပေါ့"

"ဒါနဲ့ပဲ ပစ်ပစ်ခါခါကြီး ပြန်ပြောလိုက်တာလား"

"ဟုတ်တယ်"

"ပြတ်သားတယ်ပေါ့လေ"

"နောက်ကို မုံ စကူမပေးနိုင်တော့ဘူးနော်၊ ကြိုပြော ပါရဲ့"

"မုံကလည်း ဒါတော့ ဘယ်ဖြစ်ပါ့မလဲ၊ ကိုယ့်တက်မှာ မုံ ယောက်ပဲ ရှိတာကို"





"ဟော့ကောင်! ... ငါတစ်ကောင်လုံး ဝတ်တုတ်ကြီး ရှိသေး တယ်"

"မဲ့ခွဲရင်တော့ သုံးမဲတစ်မဲနဲ့ သူ့ဘက်က ရှုံးနေပြီတဲ့၊ ဒါပေ မဲ့ ... ဖွဲက မသေးဘူး"

"ကိုယ်သဘောပေါက်ပါတယ်၊ နှင်းဆီပွင့်ကို ခူးချင်မှတော့ ဆူးရှုးမှာ ကြောက်နေလို့ ဘယ်ရပါ့မလဲ မုံ"

"နောက်ကို နင်တို့တိုက်ခန်းကို သွားရင် သူ့ကို မခေါ်နဲ့ လိုက်ဘူးတဲ့"

- "ရှောင်တာဆိုရင်တော့ အခြေအနေကောင်းပါတယ်"

"ပေါ့ပေါ့မတွေးနဲ့ နင့်ပြ အစစ မုံ့ကို ဘာမဆို တိုင်ပင်သမျှ ဆင်ခြင်တော့မှာတဲ့"

"ဘာလို့လဲ"

"မုံက နင့်ရဲ့ Spy တဲ့လေ ... ကဲ!"

ကောင်းပါလေရော ... အစ်မဖြစ်သူကိုပါ လျှို့ဝှက် Spy တဲ့လား။ မိန်းကလေးတစ်ယောက်အတွက် ရှောင်ရှားဖို့ စဉ်းစားထား တဲ့ ယောကျ်ားဆိုတာ အမြင်ကတ်လို့ရော၊ မုန်းလို့ရော၊ မကြည့်ချင် လို့ရောဆိုပြီး သတ်မှတ်လို့ရတာမှ မဟုတ်တာလေ။ ချစ်မှုသေးနေ့ လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် မချစ်ဝံ့လို့လားဆိုသည့် သံသယက အကြီးကြီးပါ ချို။

"ငါကတော့ ငါ့ကိုယ်ကို ငါယုံတယ် မှို"

"ဘာရယ်"

"ချို့ကို မရရအောင် ပိုးပန်းပြီး ချို့အချစ်ကို ရနိုင်ဖို့ ကြိုး စားမယ်ဆိုတာကိုပေါ့"

တကယ်ပါ ချို။

မင်းရဲ့အနီးဆုံးကို လှမ်းလာတဲ့ ကိုယ့်ခြေလှမ်းတွေကို ဘယ်လို နည်းလမ်းမျိုးနဲ့ တားနိုင်မှာလဲ။ အချစ်ဆိုတာ တားဆီးလို့မရတဲ့အရာ ဆိုတာကို မင်း သိသင့်ပါတယ်။ မချစ်ဖူးသေးရင် ချစ်ဖူးအောင် ကိုယ် သင်ပေးပါ့မယ်၊ မချစ်ဝံ့ မချစ်ရဲရင်လည်း ရဲဝံ့လာအောင် ကိုယ်လမ်းပြ ပေးပါ့မယ်၊ ပထမဦးဆုံး နှလုံးသားနဲ့ အရှူးအမူးချစ်တတ်လာဖို့ ကိုယ် ဖွင့်ဆောင်ပေးမှာပါ 'ချို'။

ချစ်ခြင်းမှာ ရိုးသားမှုရှိဖို့လိုတာ မှန်ပေမယ့် တစ်ခါတလေ တော့ ရိုးသားမှုကို မေ့ထားသင့်တာပါလေ။

❋ ❋ ❋



## အခန်း (၁၃)

'ထက်မြက်'ဓါးဟားတိုက်ရယ်မောသံက သူ့ကို လှောင်နေ သည့်နှယ်ပါ။ သူတို့အုပ်စုထဲမှာ 'ထက်မြက်' က မိဘဂုဏ်အရှိန်အဝါ ကြီးပြီး စီးပွားရေး အတော်တောင့်တင်းသည့် လူငယ်ပါ။ ငွေကိုလည်း ရွှင်အောင် သုံးနိုင်သဖြင့် မိန်းကလေးအများစု၏ဂရုပြုမှုကိုလည်း အခံ ရဆုံးဖြစ်လေ၏။

"နန္ဒ ... နန္ဒ ... ကြိုက်မယ့်ကြိုက်တော့လည်း ကိုယ့်ထက် ငယ်တာကိုမှ ရွေးကြိုက်ရတယ်လို့၊ အရိုးနုတော့ ဝါးလို့ အဆင်ပြေ မယ်ပေါ့လေ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ ပြောတော့မယ်"

"ကျောင်းက ကောင်မလေးတွေက စာရင်းမရှိဘူးလား ဆေးက ဘုရားစီရော၊ Eco Queen သျှန်ဒီရော၊ ပြီးတော့ ရှိသေး တယ်လေ၊ ဆေးဝါးကျွမ်းကျင်တက်နေတဲ့ ဟိုကောင်မလေး ဘာတဲ့ စန္ဒြာလား"

"တော်စမ်းပါကွာ"

"ဘာလဲ ... အားလုံးဖွဲ့နဲ့ဆန်ကွဲလား၊ မင်းကမှတော့ Sandwish တွေ၊ ဘာဂါတွေကိုပစ်ပြီး ပဲလှော်ရှုရှုလေးမှ ရွေးကြိုက်ရ တယ်လို့ အံ့ပါ့ကွာ"

"မင်းပြောမှပဲ ငါ့ချိုက အကောင်ဖြစ်လိုက်၊ ဝါးစရာဖြစ်လိုက် နဲ့ ရစရာမရှိတော့ဘူး"

"ဟား ဟား ဟား ... နာတတ်တယ်ပေါ့လေ"

"သူ့ညီမကို မှိုချိုးမျှစ်ချိုးပြောတာများ ပြန်သိရင် မင်းကို မုံ့သတ်မှာ"

"ဘယ်လိုသွားတွေ့မိတာလဲ"

သူ ပြုံးရုံသာ ပြုံးလိုက်မိတော့၏။ သူငယ်ချင်းဖြစ်သူ၏ညီမ ကိုမှ ချစ်မိသွားရတာကို။ အပြောခံရပေမပေါ့။ အခုချိန်ထိ ဘာအကြ အမည်း သည်းသည်းကွဲကွဲ မသိရသေးပါဘဲ သူ့အခြေအနေက အေး





တက်ကြီး ဖြစ်နေရတာပါ။ Exam ရှိလို့တဲ့။ ကိုယ် မနည်းကြိုးအောင့် ထားတာကို မင်း မသိလေရော့သလား ချိုရယ်။

"ဒီလိုပေါ့"

"အောင်မာ ... ရှုပ်ကိုက မို့ရတဲ့မျက်နှာနဲ့ ဆိုစမ်းပါဦး။ အခြေအနေထူးပြီလား"

"ထူးအောင်လုပ်ဖို့ မင်းဆီ ကားလာငှားတာလေ"

"ယူစေဗျာ ... Ok ရင် တစ်ဝိုင်းကျွေးဖို့သာ ကတိပေး"

"ငါ အပျော်အပျက်လုပ်တာမျိုး မဟုတ်ဘူးနော်၊ ထက် မြက်"

"အေးပါ ... စပယ်တော့ လွှမ်းတော့မှာပဲ"

"ကျစ်! နားစမ်းပါကွာ၊ အဲဒီ ပြာကလစ်စိန်ကို မစဉ်းစား ပါရစေနဲ့"

"(၅၂၈) က ခိုင်မာမှန်း ငါလည်း သိပါတယ်၊ မင်းသာ စိတ်ခိုင်ခိုင်ထားဖို့ ကျင့်ဦး ရော့! ကားသော့"

'ထက်မြက်' လှမ်းပေးလိုက်ပါသည့် ကားသော့ကို ယူ၍ ဆက်တီခုံမှ ထရပ်လိုက်ပါသည်။ ဖလောလောဆယ် သူစီးနေမည့် တိုက် ခန်းအသစ်ကို လစဉ်ငွေပေးချေနေတုန်းမို့ ကားဝယ်ဖို့ မဖြစ်သေးပါ။ မိဘတွေက ပေးနိုင်သော်ငြား လက်ဖြန့်တောင်းရသည့်အရွယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့တာမို့ ကျောင်းတစ်ဖက်နှင့် ပွဲစားလုပ်ငန်းကို တစ်ဖက်တစ်လမ်း လုပ်ရင်း ငွေရှာနေတာလေ။

တွေ့ကြစို့ 'ရန်ချို'။

တိုက်ရှေ့မှာ ရပ်ထားသည့် ကားအဖြူလေးပေါ်တက်ပြီး မောင်းထွက်ခဲ့ပါ၏။ သင်တန်းမှာဖင် စာမေးပွဲဖြေရတာမို့ 'မှုံ' ကို နေရာမပေးပြီး သူမရှိရာဆီ အမြန်ဆုံး လှမ်းလာခဲ့ပါသည်။ ညနေစောင်းမို့ မှောင်သွားရင်လည်း စိတ်မပူဖို့ အိမ်ကို ဆက်ဆက်ပြန်ပို့ဖို့ မှုံ့ကို ကတိအထပ်ထပ်ပေးခဲ့ရတာပါ။

ကိုယ်တော့ တိုက်ပွဲစပြီ 'ချို' ...

အချစ်မှာ သတ္တိရှိဖို့လိုတယ်လေ။

❋

သင်တန်းခန်းမထဲမှ ထွက်လိုက်ပါ၏။ ဒီလို Certificate တွေရဖို့ ဘယ်လောက် အပင်ပန်းခံပြီး ကြိုးစားခဲ့ရပါသလဲ။ 'ဇင်မာ' နှင့်အတူ စကားတပြောပြောဖြင့် တိုက်လှေကားထစ်တို့ကို ခပ်သွက်သွက် ဆင်းခဲ့ပါ၏။





သင်တန်းတစ်ခုပြီးတိုင်း သက်ပြင်းမှုတ်ထုတ်ပြီးမှ စိတ်အေး ရတာပါ။

"Form ဘယ်တော့တင်မှာလဲ"

"Net ထဲမှာပဲ ရှာကြည့်ကြတာပေါ့၊ ငါတို့နဲ့ သင့်တော်မယ့် အလုပ်က သုံးလေးခုတည်း ရှိတာပဲဟာ"

"တစ်ပြိုင်တည်း ခေါ်ရင်ကော"

"Interview လား"

"အင်းလေ"

"အဆင်ပြေသလို လှုပ်ရှားရုံပေါ့ဟာ၊ ညဘက်အားရင် phone ဆက်ဦး"

"အေးပါ"

'ဇင်မာ့' ကို လက်ပြ၍ နှုတ်ဆက်လိုက်ပါ၏။ ကားစီးရမည့် မှတ်တိုင်မတူတာမို့ 'ဇင်မာ'က ကားလမ်းကူးရင်း တစ်ဖက်ကားမှတ်တိုင်ကို လျှောက်သွားလေသည်။ 'ဇင်မာ' ဟိုဘက် platform ပေါ် ရောက်မှပင် စိတ်ချပြီး ကိုယ်စီးရမည့် ကားမှတ်တိုင်ဆီ ဆက်လျှောက်လိုက်ပါ၏။

"ချို"

"အမယ်လေး! ... လန့်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားသည့် ကားပေါ်မှ တံခါးဖွင့်ပြီး ဆင်းရင်း ကျွန်မကို ခေါ်လိုက်တာက ရုတ်တရက်မို့ လန့်သွားရတာပါ။ အလို! ဘယ်လိုဖြစ်ပြီး ကျွန်မသင်တန်းရှိရာကို ရောက်လာပါသလဲ။ မမ ကြိုတင်သတိပေးထားတာမို့ လူက အလိုလို အချက်ပေးသံကြားပြီး သတိထားမိတာပါ ... Danger တဲ့ 'ရန့်ချို'။

"Sorry! လန့်သွားလား ... ချို့ကို လာကြိုတာလေ"

"လာကြိုတာ"

"အင်းလေ"

"မမခိုင်းလိုက်လို့လား"

"မဟုတ်ပါဘူး ... ကိုယ်က သူများ အမိန့်ပေးတိုင်း လုပ်တတ်တာမှ မဟုတ်တာ"

တွေ့လား။ စကားပြောတာကိုက ခပ်ရှင့်ရှင့်ပုံစံမျိုးနဲ့လေ။ တကယ်ဆို လိုက်ပို့ပေးပါရစေဆိုပြီး လေသံပျော့လေးနဲ့ ပြောရမှာ မဟုတ်လား။ ကျွန်မကို ခခယယနဲ့ ပြောဖို့ မလိုအပ်ပါ။ သို့သော် လူကို ချာတိတ်လေးဆိုပြီး အထက်စီးက ဆက်ဆံချင်တာကိုတော့ စိတ်ခုမိလေ၏။ ဗီဇဆိုတာ ဖျောက်ရခက်သားလား။

"ပြီးရောလေ ... မလွှတ်တာ မဟုတ်ရင် ရှင့်ကားကို လိုက်စီးစရာ မလိုဘူးပေါ့"





"အာ ... ချိုကလည်း အဲဒီလိုမလုပ်ပါနဲ့ ကိုယ်က ပြောစရာရှိလို့ လာကြိုတာပါ"

"ကောင်းပြီ ... ဒါဆိုလည်း ပြောလေ၊ နားထောင်ပေးမယ်"

"ဒီမှာပဲလား"

"ဒါပေါ့"

သူ့ကားအနီးမှာပင် မတ်တတ်ရပ်လျက် လက်ပိုက်ထားလိုက်ပါ၏။ လူမြင်ကွင်းကြီးမှာ ပြောရဲ ပြောဝံ့ရင် ပြောကြည့်လိုက်ပါ။ ကျွန်မက 'ရှင်ခေါ်ရုံနဲ့ ခွေ့ခနဲ ဝမ်းသာအားရလိုက်မယ့် မိန်းမတွေထဲက တစ်ယောက်လို့များ ထင်ထားပါသလား'။ 'ရန့်ချို' ကို အများကြီး လေ့လာထားသင့်ပါတယ်ရှင်။

"လူမြင်ကွင်းကြီးထဲ ပြောဖို့မှ မသင့်တာချိုရဲ့"

"မပြောချင်လည်း ရတယ်လေ"

"နေပါဦး ... ဒီတိုင်းထားမသွားနဲ့လေ"

"ရှင်နော် ... တဆိတ်ရှိ လက်ပါတတ်တဲ့အကျင့်ကို ဖျောက်ပါ ကျွန်မ မကြိုက်ဘူး"

"ဒါကတော့ ချိုက ကိုယ်လက်ပါအောင် လုပ်တာကိုးလို့"

လှည့်ထွက်ရန် ခြေလှမ်းပြင်လိုက်စဉ် သူက ကျွန်မလက်မောင်းကို လှမ်းဆွဲလိုက်သဖြင့် လက်ကို ရိုက်ဖယ်လိုက်မိပါ၏။ 'ချို'



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်တဲ့လား။ ထားပါတော့လေ . . . အမှတ်တမဲ့ဆိုတာက မထင် မှတ်ဘဲဖြစ်တတ်သည့်သဘောမျိုးပေကို။ လူရှေ့မှာ လက်ကာထား ပြီး တားနေသည့် ဖွဲကဖြင့် ဩချမိပါရဲ့။

"ဒီမှာ မပြောရဲဘူးလို့များ ထင်နေလား"

"ဘယ်လို"

"ချို့ကို"

"ဟိုးထား . . . ဟိုးထား . . . ဆက်မပြောနဲ့ . . . မဖြစ်ဘူး"

"ကိုယ်တောင် ဘာမှမပြောရသေးဘဲ ကြိုငြင်းတာတော့ မရိုက်ပါဘူး ချိုရာ"

"ရှင်နော် . . . မပြောနဲ့ဆိုနေမှ"

အနီးနားမှ သင်တန်းတွေပါ တစ်ပြိုင်တည်း ဆင်းကြပြီ ဝန်းကျင်မှာ လူငယ်တွေ အများကြီးဖြစ်လာတော့၏။ သူနှင့်ချို့ ပြုံးစိစိဖြင့် လှည့်ကြည့်သွားကြပါသည့် မိန်းကလေးတွေကြောင့် စိတ်တိုလာရပါသည်။ ကျွန်မတို့ကို မည်သို့ထင်မြင်မည်မသိပေမယ့် ဘာဆိုတာကို မှန်းဆကြည့်နိုင်တာကို။ ရှင်နဲ့တော့ ခက်ပါရဲ့နော်။

"ချိုပဲ ခုနက ပြောဆို"

"မပြောနဲ့"

"မပြောလို့မရဘူး . . . မအောင့်ထားနိုင်တော့ဘူးကွ"





"ကိုမင်းနန္ဒ"

"ဗျာ"

ဝန်းကျင်မှ ရယ်သံတွေ ထွက်လာလေတော့၏။ အခြေအနေ နဲ့ အချိန်အခါ နေရာကို ကြည့်ပြီး လှုပ်ရှားတတ်ပါရဲ့။ ပညာသားပါ ပါတယ်ရှင်။ ဖြတ်သန်းလာသည့် ဘဝလမ်းက အနည်းနဲ့အများတော့ သွားပြားပေတာကို။ သူ့ကို မျက်စောင်းဝင့်ကြည့်မိစဉ် သူက ကားရှေ့ ခန်းတံခါးကို အဆင်သင့်ဖွင့်ပေးနေလေပြီ။ သေလိုက်ပါတော့ 'ရန်ချို'။

"တက်ပါချို"

"ပါသွားပြီဟော့!"

"အိမ်လည်း ပြန်ပို့ပေးဦးနော်၊ တစ်ခါတည်း မနိုးပြေးပါနဲ့!"

ကျွန်မ မျက်နှာရဲရဲနီသွားရပါ၏။ ကားဂိတ်မှ ကောင်လေး တွေ သိုက်ဝါစနောက်မှုက ရဲတင်းလွန်းတာကို။ ဒီကားပေါ်မှ မလိုက် ရင် အဲဒီအုပ်စုနဲ့ Bus အတူ စီးရတော့မှာလေ။ မျက်နှာတွေ ပူ လာတာနော်။ တစ်ကိုယ်လုံး ရေနွေးပူထဲကျသွားပြီ ထင်လိုက်ရသလို ပါပဲ။

"Aircon ဖွင့်ထားပါတယ် ချိုရဲ့၊ ပူလို့လား"

"မဟုတ်ပါဘူး"

လက်က ယောင်ယမ်းပြီး ခတ်လိုက်မိသဖြင့် စိတ်ထဲမှ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ် ပြောနေမိတော့၏။ သတိထားပါဆိုနေမှပဲ အမှုအရာထ ပြမိရတယ်လို့။ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ခဏမျှ ငြိ နေလိုက်ရပါသည်။ စိတ်အေးအေးထားပါ 'ချို'။ မဟုတ်ရင် အမှား ဆိုတာတွေ ဖြစ်လာတတ်တာ မဟုတ်လား။ လူက အငိုလိုလိုပင် ရှုံ့ လာပြီး အာခေါင်တွေခြောက်ကာ ရေဆာလာသည့်နှယ်ပါ။

"ချို"

"အင်း"

"ရောက်ပြီ"

"ဟုတ်လား"

အပြင်ကို အရင်မကြည့်သေးပါဘဲ ကားတံခါးဖွင့်ကာ အပြ ဆင်းလိုက်မိပါ၏။ မြေသားနေရာကို မနင်းမိဘဲ ကွန်ကရစ်ခင်းထား ပါသည့် platform ပေါ် ခြေချလိုက်မိမှ သတိဝင်သွားရတော့သည်။ ဘုရားရေ! ရောက်ပြီဆိုပြီး ဘယ်ကိုများ သူခေါ်လာတာပါလိမ့်။

"အပေါ်ထက်ကြစို့"

"ဘယ် ... ဘယ်ကိုလဲ"

"ကိုယ့်တိုက်ခန်းကိုပေါ့ ချိုရဲ့ ... ဘာဖြစ်လို့လဲ"

"တိုက်ခန်း"

"အင်းလေ"





"ဟင့်အင်း ... မလိုက်ဘူး"

"ရော်! ကိုယ်ဝယ်ထားတဲ့ တိုက်ခန်းအသစ်ကို ပြချင်လို့ပါ။ အရင်တိုက်ခန်းကိုတော့ ရောက်ဖူးပြီး"

"အဲဒီ ... အဲဒီတုန်းက မမနဲ့အတူ လာတာလေ"

"ဟုတ်တယ်လေ ... အခုလည်း ကိုယ်ပါ လာတာပဲဟာ၊ ဘာကြောက်စရာလိုလို့လဲ"

ကြည့်စမ်း! ပြောပုံက ပေါ့ပေါ့တန်တန်နဲ့ပါလား။ မိန်းမပျို လေးတစ်ယောက်ကို ဘယ်သူမှ ရှိမနေတဲ့နေရာဆီ ခေါ်လာရပါ သလား။ မဆင်မခြင်လုပ်ရပ်မျိုး အခုလို သူ လုပ်ဝံ့မည်ဟု ထင်မထား တာ အမှန်ပါ။ လေးစားတည်ကြည်သည့် လူကြီးတစ်ယောက်လို အမူအကျင့်မျိုး ရှင့်ဆီမှာ မရှိဘူးလား 'ကိုမင်းနန္ဒ'။

"မလိုက်ဘူးဆို ... လုံးဝမလိုက်ဘူး"

"ကိုယ့်ကို မယုံဘူးလား"

"ဟုတ်တယ်"

"ကောင်းကွာ ... ကြောက်ရော ကြောက်နေသလား"

သူမ ပြန်မဖြေပါလေ။ ရဲဝံ့ပါသည်ဆိုသည့် တောင်မလေး၏ ချုပ်ရိုက်နေပုံက သနားဖွယ်ရာလေးပါပဲ။ စိမ်ခေါ်ရင် ဘွားမခတ် ကြူးဆိုတာကို မင်း မသိဘူးလား 'ချို'။ မာမာလေးဖြစ်နေတဲ့ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျော့လေးဖြစ်သွားအောင် ကိုယ့်ချစ်ခြင်းတွေနဲ့ ပြုပြင်ပေးချင်[illegible] ပါလော။

"အိမ်ကို ပြန်ပို့ပေးမှာပါ ချို။ မှုံကို ခွင့်တောင်းပြီးမှ [illegible] ခေါ်လာခဲ့တာပါ"

"အို! မမက မမ၊ ချိုက ချိုပဲ တူမှမတူတာ၊ အဲဒီမမကလည်း[illegible] ချိုကို သူစားတဲ့ မုန့်များ မှတ်နေလားမသိဘူး။ သူစိမ်းလက်ထဲ ယုံ[illegible] ကြည်ကြည်နဲ့ ထည့်လိုက်ရဖာယ်လို့ မုန်းလိုက်တာ"

"ကိုယ့်ကိုရော"

"မုန်းတယ်"

သူ တီးတိုးရယ်လိုက်ရင်း သူမလက်ကို ဆွဲကာ Lift[illegible] ဝင်လိုက်ပါ၏။ ကွန်ဒိုအသစ်မို့ လာနေသည့် လူဦးရေက အနည်းအကျဉ်[illegible] လေးသာ ရှိပါသည်။ မုန်းတယ်တဲ့လား 'ချို'။

❋ ❋ ❋



## အခန်း (၁၄)

စဉ့်တီတုံးထက်မှာ ရေဆေးထားပါသည့် အသီးအရွက်တို့ကို တစ်ခုချင်း လှလှလေးဖြစ်အောင် အခွံနွှာတန်တာ နွှာ၍ လှီးနေပါ၏။ ရှုံ့လာဥနီကို အချောင်းလေးတွေ လှီးသလို ပဲတောင့်ရှည်ကို တဖွေ ထောင်းလေးတွေဖြစ်အောင် ဂရုတစိုက်ဖြင့် သေချာဖြတ်လိုက်ပါသည်။ ဖြတ်ထားပြီး ရေစိမ်ထားပါသည့် မှျစ်ဝါအတုံးလေးတွေကိုပါ အခွံရင့် ထားဖယ်ကာ ခပ်မျှင်မျှင်လေးဖြစ်အောင် လှီးလိုက်ပါ၏။

ခရမ်းချဉ်သီး ဝင်းရောင်လေးနှစ်လုံးကို အနေတော်အကွင်း လေးတွေ လှီးနေစဉ် နောက်ကျောဘက်မှ ခါးကို သိုင်းဖက်ခြင်း ခံ



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ရလေသည်။ ပြီးနောက် ကျောပြင်ကို ကပ်လိုက်ပါသည့် ခပ်အေးအေး ခန္ဓာကိုယ်နှင့်အတူ လည်တိုင်နေရာမှာ နွေးခနဲဖြစ်သွားရလေသည်။ ရေစိုခန္ဓာကိုယ်ကြီးနဲ့ ဒီတိုင်းရောက်လာပြန်ပါရောလား။

"အာ … ယားပါတယ်ဆိုနေမှ"

"ဒီလောက် ကျင့်ပေးနေတာတောင် ကျင့်သားမရသေးဘူးလား"

"ကိုနော် … ချို့လက်ထဲမှာ ဓားရှိနေရင် သတိထားဖို့ ဘယ်နှခါပြောရမလဲ"

"ဘာဖြစ်လို့လဲ"

"လန့်ပြီး ယောင်ယမ်းထိုးမိမှာစိုးလို့ပေါ့"

"ချိုသာ သတ်ဝံ့ရင် ကိုယ်သေရဲပါတယ်ကွာ"

"ကြည့် လျှာအရိုးမရှိတိုင်း ပြောပြန်ပြီ … အဲဒါတွေပေါ့"

"အဲဒါလေးကိုပဲ ချိုချစ်နေရတာ မဟုတ်လား"

ကျွန်မ ရယ်လိုက်မိတော့၏။ အခုထိ အနားကပ်နေတာကို မဖယ်ပေးတာမို့ လက်ထဲမှ လုပ်လက်စအလုပ်ကို ရပ်လိုက်ရတော့သည်။ ပြောတော့ 'ချို'က အငယ်ဆိုပြီး သူချည်း အလိုလိုက်ခံနေတော့တာလေ။ ဘေဇင်မှာ လက်ဆေးပြီး လက်သုတ်ဝတ်ဖြင့် သုတ်ရင်း ကိုယ်ခန္ဓာကို လှည့်လိုက်ပါ၏။





"ရေသုတ်ပေး"

"ဒီလက်နှစ်ဖက်က ဘာလုပ်ဖို့လဲ"

"ချို့ကို ဖက်ထားရလို့ မအားဘူး"

"ဟယ်! စကားတတ်လွန်းတယ်၊ တကယ်ပါပဲ … အဲဒါမို့ကအိမ်ထောင်ကျမှ လုပ်ပေးရတာရှင့်"

"အခုကြိုကျင့်ထားတော့ ပိုမကောင်းဘူးလား"

မွှေးပွတဘက်ဖြင့် မျက်နှာကို ခပ်ဖွဖွသုတ်ပေးလိုက်ပါ၏။ ရင်ဘတ်ဆီမှ ချို့ကို ပွေ့ဖက်ထားသဖြင့် ရေစက်သိပ်မရှိတော့ပါ။ ကျောပြင်ကိုပါ သုတ်ပေးစဉ် သူ တွန့်ခနဲဖြစ်သွားလေသည်။ ချို့က အသားထိရင် ယားတတ်သည့်အကျင့်ရှိသည်ပြောကာမှ သူပါ ခါးထိရင် ယားလာတတ်တာလေ။

"မမြင်ရင် ဆုတော့မှာပဲ"

"ဘာကိုလဲ"

"ကို ဆိုးနေပုံကိုပေါ့"

"ပြောစရာလား … မနာလိုရင် ဖြိုင်ချစ်ပြရုံပေါ့ … အနေသာကြီးပဲ"

"တတ်တယ်"

"ချို့ရဲ့ကိုယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အအေးမိဦးမယ် ... အဝတ်အစား သွားဝတ်တော့လေ။ စောစောစီးစီး ထမင်းကြော် စားချင်တယ် ပူဆာလို့ အရဲကိုပြီး လာခဲ့ရတာရှင့်၊ ချိုက သူများ အထင်အမြင်သေးတာမျိုး ခံချင်တာ မဟုတ်ဘူး"

"အဲဒီသူများတွေက ချို့ကို ဂရုတစိုက်နဲ့ ချစ်ကြလို့လား။ ကိုယ်က ချစ်တာလား ပြော"

ဝန့်တိုစိတ်က မလွယ်ပါလေ။ လမ်းသွားရင်း လူငယ်ကောင်လေးတွေ လှည့်ကြည့်မိတာနှင့် ပခုံးကို မလွှတ်တမ်းဖက်ထားတတ်တာ မဟုတ်ပါလား။ ကိုဇော်နှင့် စကားပြောနေရင် နှစ်ယောက်တည်းဖြစ်တာကို မမတောင် သတိမထားမိပါဘဲ ချိုနှင့်ကိုဇော်ကြားမှာ လာပိတ်ရပ်ကာ မကျေမနပ်ကြောင်း ပြတတ်သည့် သူပါပဲ။ ခဲအိုတော်ရမည့်လူကို သိထားပါလျက်နှင့် တမင်လုပ်ပြနေသည့်နယ်မို့ တစ်ခါတလေ မျက်နှာပူစိတ်အိုက်ရပါသည်။

သို့သော် ... သူ့ကို ချစ်မိသွားရပါသည့် ကျွန်မမှာလည်း အပြစ်ရှိနေတာ မဟုတ်ပါလား။ သူ့အကျင့်၊ သူ့စရိုက်ကို သိသိကြီးဖြစ်ပါလျက်နှင့် ခေါင်းညိတ်လက်ခံခဲ့မိတာလေ။ တကယ်တမ်းမှာ 'မင်းနန္ဒ'က လူဆိုးလေးပါပဲ။ ဆိုးမှန်းသိပြီး မျက်စိစုံမှိတ်ချစ်မိသည့် 'ချို'က ပိုပြီး ဆိုးတဲ့ကောင်မလေးပါလေ။





"အသားနဲ့စားမှာလား။ ကြက်ဥ! ကြော်ပေးရမှာလား"

"ချို့သဘောလေ ... ကိုယ့်အတွက် စားဖို့က အဓိကမဟုတ်ဘူး"

"ဒါဖြင့် ဘာအဓိကလဲ"

"သိချင်လား"

"No! no! ကို အလုပ်ပြီးအောင်သာ လုပ်ပါ"

"ကြောက်တယ်ပေါ့လေ"

သူမ ကျိတ်ပြုံးနေမည်ဟု သူထင်ပါ၏။ အခန်းထဲမှ လှမ်းပြောနေရင်း အဝတ်ဗီရိုကို ဖွင့်လိုက်ပါသည်။ 'ချို' သေချာစီထားပေးသည့် အဝတ်အစားတို့က သေသပ်ကျနနေလေ၏။ အရင်က ဖြစ်သလိုရှိတာဆွဲယူဝတ်ခဲ့ပေမယ့် အခုတော့ဖြင့် ချိုကိုယ်တိုင် တွဲပေးထားသည့်အတိုင်း Fashion ကျကျ ဝတ်တတ်နေပြီ။

သွားပွတ်တံ၊ Towel, ဘီး, ခေါင်းလိမ်းဆီ, ရေမွှေး, body spray စသည့် သေးသေးမွှားမွှားကအစ ဘယ် brand (ဘယ်တံဆိပ်) ကောင်းသည်ဆိုပြီး ဝယ်ပေးကာ အစီအစဉ်နှင့် ထားပေးတာလေ။ sport shirt, T-shirt, ရိုးရိုး shirt, style pants, Jeans, shoes တွေကိုပါ သူ့အကြိုက် ရှာဝယ်ပေးပြီး အစီအရီ ပြင်ပေးတတ်လေသည်။

မျက်စိကြည့်လေရာ 'ချို' လက်နှင့် မထိကိုင်ဖူးသည့်အရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ မရှိသည့်နှယ်ပါ။ အစကတော့ 'ဟင့်အင်း' ဆိုပြီး ခေါင်းချည်း ခါပြနေပါသည့် ခပ်မာမာကောင်မလေးခေါ်မာနကို သူ ချိုးပြမှသာ 'အင်း' ဟူသည့်အဖြေကို ရရှိခဲ့ရတာ မဟုတ်လား။ ဆိုးမှန်းသိသော်ငြား ချစ်လွန်းလို့ ဆိုတာကိုဖြင့် ချို နားလည်မည်ထင်ပါသည်။

အဲဒီနေ့က သူ့အခန်းသစ် (ကွန်ဒိုမီနီယံ) ကို မရမက ခေါ်ခဲ့တာ၊ ပရိဘောဂတွေ သိပ်မစုံသေးသော်ငြား နှစ်ယောက်ထိုင် ဆက်တီထက် သူမကို ထိုင်စေပြီး သူပါအတူ ပူးပူးကပ်ကပ် ထိုင်လိုက်မိတာ၊ ဘယ်သူမှ မသင်ပေးရပါဘဲ 'ချစ်တယ်' ဟူသည့် စကားတစ်ခွန်းကို ထပ်ခါထပ်ခါ ပြောရင်း အတင်းအကျပ် အဖြေတောင်းခဲ့သည့် ရလဒ်က အောင်မြင်ခဲ့ပါ၏။

'အဖြေမပေးရင် ပြန်မလွှတ်တော့ဘူး' ... 'ချိုပြန်မချစ်ရင် ကိုယ်သေမှာ' ... 'အရင်က မိန်းကလေးတွေနဲ့ အပျော်တွဲဖူးတာ မှန်ပေမယ့် ချို့ကိုမှ တကယ်ချစ်မိသွားတာ' ... 'ရင်ဘတ်ကြီးကို ခွဲကြည့်လိုက်ရင် ချိုမြင်နိုင်တယ်' ... 'တကယ့်ကို လေးလေးနက်နက်နဲ့ နှစ်နှစ်ကာကာချစ်တာပါ' ... 'ချိုနဲ့ဝေးဖို့ တွေးတောင်မတွေးရဲဘူး' ... စသည့်စကားလုံးတို့က ရင်ဘတ်ထဲက ဖြစ်တည်လာသည့် အစစ်အမှန်တွေပါပဲ။

အလိမ်အညာတွေ မဟုတ်ရပါဘူး။ အိမ်ကို သတင်းပို့ပြီး





ပြောဖြစ်သည့် မိန်းကလေးနာမည်က 'ရနံ့ချို' ပါ။ မိဘတွေက 'ချို' ကို ခေါ်လာပြဖို့ ပြောပေမယ့် ကျောင်းမပြီးသေးသည့်သူ၊ မလိုက်ချင်သေးဘူးဟု ပြောသည့် 'ချို' ကြောင့် အကောင်အထည်မဖော်ဖြစ်သေးတာပါ။

အချစ်အကြောင်း မသိသေးပါဟု ဆိုသည့်ကောင်မလေးကို နှင့်နှင့်သည်းသည်းချစ်ပြသည့် Lesson တွေ အများကြီး သင်ပေးနေတာ မဟုတ်လား။ ဤမျှ သည်းသည်းလှုပ်လွန်းလို့ 'ရဲရင့်' ပင် သူတို့စုံတွဲကို ကြည့်မရဖြစ်နေတာလေ။ ဒီကမ္ဘာမှာ သူ့လောက် 'ချို' အပေါ် ချစ်နိုင်သည့် ယောကျ်ားမျိုးက နောက်တစ်ယောက်တောင် ရှိဦးမလား။

"မမတို့ ဘုရားဖူးပြီးရင် ဒီကိုလာမှာပဲလား"

"အင်း ... ဟုတ်တယ်"

"ကိုရော ... အပြင်သွားဖို့ ရှိလား"

"မရှိလို့ ချို့ကို အိမ်လာဖို့ ခေါ်တာပေါ့၊ နားရက်ကို မနည်းနေအောင် ရှာထားတာ"

"ချို အကြာကြီး မနေဘူးနော်"

"ဘယ်ရမှာလဲ"

"တကယ်ပြောတာ ... ဒီမှာလည်း ဘာမှမယ်မယ်ရရ



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာမှမရှိတာ၊ ချက်ပြုတ်ပြီးတာနဲ့ ပြန်မယ်နော်"

"မရပါဘူး ... ညနေမှ ပြန်ပို့မယ်၊ ချစ်တောင်မှ မချစ်ရသေးဘူး ... ပြန်ဖို့ ပြောနေပြီ"

"ကိုနော် ... အပြောရဲပြန်ပြီ"

ထမင်းဝိုင်းပြင်ပြီးနေပြီမို့ စားပွဲဘေးရှိ ခုံကို ဆွဲယူထိုင်လိုက်ပါ၏။ ကြွေပန်းကန်ပြန့်ပြန့်အကြီးမှာ ပြင်ပေးထားသည့် ထမင်းကြော် special ပါပဲ။ အသားမထည့်ပေမယ့် ကြက်အူချောင်းကို ပါးပါးလှီးကာ ရောကြော်ထားပေးလေသည်။ ကြက်ဥ half-fried ကို အနှစ် သိပ်မကျက်အောင် ကြော်တတ်တာလည်း ချိုက ဆရာကြီးပါပဲ။

ဖွန်းနှင့် ခက်ရင်းကို ပန်းကန်ဘေးမှ ချပေးလိုက်ပြီး သခွားသီးနှင့် ကြက်သွန်နီ ငရုပ်သီးစိမ်းတို့ကို ပါးပါးလှီးကာ သံပရာရည် ညှစ်ထားပါသည့် အချဉ်ပန်းကန်လေးပါ ပြင်ပေးလေ၏။ ဒီလိုအတိုင်းသာ နေ့စဉ် စားခွင့်ရပါလျှင် သူတော့ လူဖြစ်ကျိုး နပ်လေပြီ။ အိမ်မှာတောင် ဤသို့ ကျကျနန စားခဲ့ရတာမှ မဟုတ်တာကိုး။

"ကြည့်စမ်း! ... လက်သည်းတွေ ရှည်နေပြန်ပြီ"

"ချိုမှ မညှပ်ပေးတာကိုး"

"ဘာမဆို ချိုပဲလား။ ကိုယ့်အားကိုယ်မကိုးတတ်တော့ဘူးလား"





"ဒါပေါ့ ... ချိုတစ်ယောက်လုံး ရှိနေတာပဲကို၊ ကိုယ်က ချိုသုံးဖို့အတွက် ငွေကို ဖောဖောသီသီ ရှာပေးဖို့ တာဝန်ယူထားတယ်၊ ချိုက ချိုပိုင်တဲ့ ကိုယ့်တစ်ကိုယ်လုံးကို ပြုစုပေး ... ဒါပဲ ..."

မျက်စောင်းခဲလိုက်မိပါ၏။ ဘေးရှိခုံကို ဆွဲထုတ်ကာ လက်ချင်း ပုတ်ပြလိုက်သဖြင့် သူ့အနီးမှာ ဝင်ထိုင်လိုက်ရလေသည်။ မိန်းမလေးတွေပဲ စကားတတ်တယ် ထင်ထားပါလျက် ဘယ်လိုဖြစ်ပြီး သူက ယောကျ်ားလေးတန်မယ့် နှုတ်သွက်နေရပါသလဲ။ ဗိုက်ထဲမှာ သိပ်ကြီး မဆာပေမယ့် သူချဲ့ကျွေးသည့် ထမင်းကြော်ကို စိတ်ကျေနပ်အောင် အနည်းငယ်တော့ စားရလေ၏။

"ဒီနေ့ ဘာဟင်းနဲ့ စားရမှာလဲ"

"ကြည့်! breakfast စားနေရင်းတောင်မှ တွေးနေပြန်ပြီ၊ ချိုချက်ရှာမြင်တာနဲ့ ဗိုက်ဆာရောလား"

သူက နှုတ်ခမ်းတွန့်ရုံမျှ ပြုံးပြလေ၏။ ထိုသို့ ပြုံးလိုက်တိုင်း ချွန်မ အသည်းတွေ ကလိကလိဖြင့် ယားလာမိတာလေ။ လူကို မြူဆွယ်လာအောင် စကားနှင့်ပါမက အပြုံးနှင့်ပါ ဆွဲဆောင်နိုင်တာ တော့လား။ စိတ်မရှည်ဘဲ ရင်ပူစရာ မဖြစ်ချင်လို့ ချစ်သူမထားချင်သည့် ချို့ တို့မှ သူ့ သိမ်းပိုက်ချင်ရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"မပေးချင်ဘူးလား"

"ဘာကိုလဲ"

"တစ်သက်တာ မဟုတ်သေးဘူး ... နောက်ဘဝအထိ ချစ်ဖို့"

"လောဘကလည်း ကြီးမှ"

"လက်ထပ်ချင်ပြီကွာ"

"ဘယ်ရမှာလဲ ... မမတို့ အရင်ယူဖြစ်ပြီး နောက်တစ်နှစ်မှ ယူလို့ရမယ်၊ Senior အတိုင်းပဲ ကျော်လို့မရဘူး"

"ကိုယ်က တမင်ကျော်လိုက်မယ်ဆိုရင်ကော ဘယ်လိုလဲ"

"ကိုနော် ... မဆိုးရဘူး"

"ဟင်းဟင်း ... စတာပါ၊ မှုတို့က ဒီဇင်ဘာဆိုရင် ကိုယ်တို့ ဇန်နဝါရီဆို Ok လား"

"နှစ်နှာနေပါဦးမယ်နော်"

သူ breakfast စားပြီးစဉ် ဆေးစရာရှိတာကို ဆေးကြော သန့်စင်လိုက်ပြီး ဟင်းအိုးတွေ ပြင်ထားတာကို တည်ထားလိုက်ပါ ကိုဇော်တစ်ယောက် အပြင်က ပြန်လာတိုင်း 'ဆာတယ်ဟေ့!' ဟု အော်ရင်း ရောက်လာတတ်တာလေ။ ယောက်ျားလေးတိုင်း ဗိုက်ဆာ တတ်တာ အစာခြေမြန်လို့ ထင်ပါရဲ့။





"အပျင်းတက်မယ် မကြဲနဲ့ ... Clipper ရော"

"Draw ထဲမှာ"

ညှော်ခန်းရှိ နှစ်ယောက်ထိုင် ဆက်တီထက် ထိုင်လျက် သူ ဆောင့်နေသဖြင့် ကော်ဖီခွက်ကို ယူပြီး အံဆွဲထဲမှ လက်သည်းညှပ်ကို ထုတ်ယူလိုက်ပါသည်။ ဆက်တီစားပွဲအောက်ထပ်ထဲမှ ဂျာနယ်တစ် စောင်ကို ယူလိုက်ပြီး သူ့ဘေးမှာ ဝင်ထိုင်လိုက်၏။ လူကောင်ကြီးပြီး ကလေးလို ဆိုးသည့်သားမျိုးကို သူ့မိဘတွေ မွေးထားရတယ်လို့။

"အဟမ်း! အဟမ်း!"

"ချောင်းသံမပေးနေနဲ့"

"ပြောလို့မရဘူးလေ၊ ဘာလုပ်နေမှန်းမှ မသိတာ၊ ဟော! ဟွလား"

ရွှေတိဂုံစေတီသွားဖူးပြီး ပြန်လာသည့် ကိုဇော်နှင့်မမက ဧည့်ခန်းထဲ ဝင်လာပြီး အသံပေးလိုက်လေ၏။ လက်သည်းညှပ်ပေး နေစဉ် သူက 'ချို့' ကို ကော်ဖီခွက်ကိုင်ကာ သောက်စေသည့်အချိန် မှ ထိုက်တိုက်ဆိုင်ဆိုင် ရောက်လာတာပါ။ ခြေသည်းပါညှပ်ပေး ၍ ဧော်ဇောပေါ် ဆင်းထိုင်စဉ် မမက မနစ်သက်သည့် အကြည့်ဖြင့် ကြည့်လိုက်လေ၏။

"မင်းတို့ လွန်ပြီမထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ . . . ငါတို့က ဘာမဟုတ်တာများ လုပ်နေလို့
. . . ပြောပါဦး"

"အမြင်ကတ်လို့ဟေ့ . . . အမြင်ကတ်လို့"

"အဲဒါဆိုလည်း မကြည့်နဲ့ပေါ့ကွာ"

"ဆာလိုက်တာ"

"အကုန်ကျက်နေပြီလေ၊ အမဲသားပြုတ်ကြော်ရယ်၊
ခြောက်နဲ့သီးစုံပဲကုလားဟင်းရယ်၊ ရှောက်သီးသားထောင်း လုပ်ပေး
တယ်၊ မမကို ပြင်ကျွေးနိုင်း"

"Good! တယ်တော်တဲ့ ခယ်မပါပဲလား . . . အား"

"ကောင်းတယ် . . . မတော်သေးခင် ခေါ်ချင်ဦး"

မမက ကိုဇော့်ဗိုက်ကို လိမ်ဆွဲ၍ ထမင်းစားခန်းရှိရာ
ခေါ်သွားလေ၏။ ခြေသည်းလက်သည်းညှပ်ပြီး အမှိုက်ပုံးထဲသွား
ကာ လက်ဆေးရန် အတွင်းဘက် ဝင်မိစဉ် ကိုဇော်၏ 'နန္ဒကို
ချစ်သလောက် ကိုယ့်ကို တစ်ဝက်လောက် ချစ်ပါလား' ဟု ပြော
ခပ်သဲ့သဲ့ကို ကြားလိုက်ရလေသည်။

❋ ❋ ❋



## အခန်း (၁၅)

တကယ်တော့ သူနှင့်ကျွန်မ စချစ်မိကတည်းက အမှားဆို
သာကို သိထားသင့်တာပါ။ တိုက်တွန်းမှုဆိုတာ ဝန်းကျင်က အဘယ်မျှ
အားသာနေပါစေ ကာယကံရှင်ကိုယ်တိုင် စိတ်မပါလျှင် ဘာကိုပါစရာ
အကြောင်းမှ မရှိတာလေ။ 'ဘယ်သူမပြု မိမိမှု' ဟူသည့် စကားပုံက
ကျွန်မအတွက် တမင်ရေးထားသလိုပါပဲ။

သုံးနှစ်ကျော်ချစ်ပြီး လေးနှစ်မြောက်မှာ စေ့စပ်ခဲ့သည့်
နှင့်ကိုဇော်က မည်သည့်ပြဿနာမှမရှိဘဲ ချစ်လမ်းခရီးဖြောင့်ဖြူး
ခဲ့တာပါ။ သူနှင့်ကျွန်မက တစ်နှစ်ကျော် နှစ်နှစ်နီးပါး ချစ်သက်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ပါ၏။ 'အချစ်ကြီးက အမျက်ကြီးတတ်ပါ၏' ဆိုသည့် စကားလုံး တွေကို ကြားဖူးပေမယ့် နားမလည်ခဲ့ပါချေ။

ကျွန်မအပေါ် သည်းသည်းလှုပ်ချစ်ပြသည့် သူက မထင်မှတ် သည့်အချိန်၊ ထင်မထားသည့်နေရာမှာ ကျွန်မကို သစ္စာဖောက်သိ မည်ဟု ဘယ်ထင်ထားမိမှာလဲ။ အထူးသဖြင့် ဝန်တိုစိတ်တို့ဖြင့် ကျွန်မ ကို မျက်စိဒေါက်ထောက်ကြည့်နေသည်နှယ် ဂရုစိုက်လွန်းပါသည့် သူ ကို သံသယမြူမှုံတစ်မှုံမျှပင် မဖြစ်ခဲ့ဖူးတာ အမှန်ပါ။ တရှိုက်မက်မက် စွဲလမ်းခဲ့ဖူးသည့် အိပ်မက်တွေက တဒင်္ဂခဏလေးမှာပင် ကျွန်မမျက်စိ ရှေ့မှာ ပျောက်ကွယ်ပျက်စီးခဲ့ရပါသည်။

'ရန့်ချို' အတိတ်က ခါးသည်းလွန်းလှေစွ။

"ချိုတို့ညီအစ်မ တစ်လတစ်ခါတော့ လာဖြစ်မယ်၊ မ မအားရင်လည်း ချိုပဲ မမေ့မလျော့လာပါ့မယ် အန်တီလေး"

"အေးပါကွယ် … သမီးတို့သာ ကျန်းမာရေး ဂရုစိုက်ကြပါ"

"လိုအပ်တာရှိရင် မွန့်ကိုပဲဖြစ်ဖြစ် ချို့ဆီဖြစ်ဖြစ် phone ဆက်နော်"

"အေးပါ … စိတ်ချ"

"နေထိုင်မကောင်းဖြစ်ရင် ကျိတ်ပြီး ငြိမ်မနေနဲ့ဦး"

"ရိပ်သာမှာ ဆေးခန်းရှိပါတယ် မွန့်ရယ်"





မမက ထုံးစံအတိုင်း မျက်ရည်စက်လက်ဖြစ်နေလေပြီ။ လာခေါင်ချိန်အထိတောင်မှ မစောင့်ချင်ဘဲ ယောဂီအရှင်ဝတ်ဖို့ နေဟု ပြောနေမှတော့ သံယောဇဉ်ကြိုးကို ဖြတ်နိုင်သွားပါက လူ ကြောင်ဘဝကို ရာသက်ပန်စွန့်တော့မှာလေ။

"ကိုဇော် လာမှာလား"

"မလာဘူး … အန်တီလေးကမှ မခေါ်စေချင်တာ"

"မှာစရာရှိတာ မှာပြီးပြီလေကွယ်၊ တွေ့စရာ ဘာများလိုလို့ ချစ်ချစ်ခင်ခင်နေကြပါ၊ အထူးသဖြင့် ချိုက စိတ်ဆတ်တတ်လို့ မချောဘဲ သတိပေးနေရတာ"

"ရိပ်သာအထိ လိုက်ပို့ပေးလို့ မရဘူးလား"

"ပစ္စည်းအများကြီး သယ်သွားတာမှ မဟုတ်တာ၊ အင်္ကျီ နဲ့ ယောဂီလုံချည်လေးငါးစုံဆို လောက်ပါတယ်၊ စားစရာသောက် တွေကို သမီးတို့ ကြိုပို့ပေးထားပြီပဲ၊ အားလုံးပြည့်စုံပါတယ်"

အားလုံးပြည့်စုံတယ်တဲ့လား။ မိဘတွေ မရှိတော့ကတည်းက ကြီးဘဝနှင့် ကျွန်မတို့ညီအစ်မကို ပြုစုစောင့်ရှောက်ပေးခဲ့တာပါ။ ချင်းပြီး ဘွဲ့ရပြီးသလို အလုပ်လည်း ရနေပြီမို့ ခုတော့ စိတ်ချလက် မှတ်ဆက်နေလေပြီ။ ညနေခင်း နေအေးချိန်သွားမည်မို့ Taxi ကြိုမှာထားပြီး စောင့်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အနံ့တီလေးရှေ့မှာ ပုံပုံလေးထိုင်လျက် ကန်တော့ကြရင်း စကားတို့က ပြောစရာမရှိတော့သည့်နှယ်ပါ။ မမက မျက်ရည်သုတ် လိုက်, ငိုလိုက်, ပြောလိုက်ဖြင့် စကားပြောဖြစ်သေးပါ၏။ ကျွန်မမှာသာ မျက်ရည်လည်း ကျမလာပါဘဲ ငူငိုင်နေမိလေသည်။

"ချို"။

"ရှင်"

"သမီးက ငယ်လွန်းသေးတော့ ဘာမဆို စိတ်မြန်လက်မြ နဲ့ ထလုပ်တတ်ကျင့်ရှိတယ်၊ အဲဒါကို ကြိုးစားပြင်ရမယ်၊ မောင်နှ လည်း ချိုနဲ့စိတ်တူလို့ တွဲမိကြတာ၊ တစ်ယောက်နဲ့တစ်ယောက် သည် ခံပြီး နားလည်မှုရှိပါစေ ချို . . . ကြားလား"

"ဟုတ်!"

"မှူ့ကိုတော့ အထူးတလည် မှာစရာမရှိပါဘူး။ အကယ် ရိပ်သာကို လာရင်း အနံ့တီလေး တရားစခန်းဝင်ချိန်နဲ့ ကြုံတာ ရှိခဲ့ရင် တွေ့ဖို့ မစောင့်ဘဲ လှူစရာရှိတာကို လှူခဲ့ပါ၊ သမီးတို့ အချိန်သိပ်မရှိကြတာ သိလို့ မှာရတာ"

"ဟုတ်ကဲ့ပါ အနံ့တီလေး"

"အနံ့တီလေး စိတ်ချပါရစေ"

ညီအစ်မနှစ်ယောက်သား ခေါင်းညိတ်ပြလိုက်ရပါ၏။ အ





မှာ ကားရပ်သံ ကြားနေရပြီမို့ အနံ့တီလေးက နံမှာ ထိုင်နေရာမှ ရပ်လိုက်ပါသည်။ မမက ထိုင်နေရင်းမှ မျက်ရည်တွေ တပေါက်ပေါက် ကာ ငိုချလိုက်လေ၏။ အဝတ်ထည့်ထားပါသည့် အိတ်ကို ကျွန်မပင် တာ အနံ့တီလေးနောက်မှ လိုက်ခဲ့ရလေသည်။

ကားနောက်ခန်းတံခါးကို ဖွင့်ပေးကာ အနံ့တီလေးကို တက် ပါ၏။ ပြီးမှ အိတ်ကို ဘေးနေရာမှာ တင်ပေးလိုက်ပြီး တံခါးကို ပိတ်လိုက်ပါသည်။ Taxi ကားဆရာကို ကားခပေးရင်း ရိပ်သာ ည်ကို ရွတ်ပြကာ လမ်းသေချာညွှန်လိုက်ရလေ၏။ ကားလေး င်းထဲမှ ထွက်သွားတာကို အငေးသား ကြည့်နေမိပါသည်။

အပြီးထွက်သွားတာပါလား။ တစ်လတစ်ကြိမ်လေး မျက်နှာ ရို့ သွားတွေ့မှာကိုတောင် မမျှော်လင့်ရန် ပြောသွားတာလေ။ ယဆိုသည့် ကြိုးကို လွယ်လွယ်နှင့် အနံ့တီလေး ဖြတ်နိုင်ပါ ရင်ကို အေးမြငြိမ်းချမ်းစေသည့် အရာတစ်ခုကို အသက် (၄၀) အရွယ်နှင့်ပင် ရှာတွေ့ခဲ့တာပါလေ။

သက်ပြင်းကို ရှိုက်ထုတ်လိုက်မိပါ၏။ ခြံတံခါးအသေးလေးကို အိမ်ရှိနေရာကို ခြေလှမ်းဖြည်းဖြည်းဖြင့် လျှောက်လိုက်ပါသည်။ တွေ ဆုတ်ယုတ်ကုန်ပြီလား။ လေကားထစ်တွေကို တက်ပြီ ထဲရောက်စဉ် မမက ရှိုက်နေတုန်းပါပဲလား။ အငယ်ဖြစ်သည့်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချိုက စိတ်မာပေမယ့် အကြီးဖြစ်သည့် မမက စိတ်တအားပျော့တာကို။

"ချို"

"ရှင်"

"အန်တီလေးအတွက် ကြော်ပေးထားတဲ့ ဟင်းတွေ ရှိသေးတယ် မဟုတ်လား"

"အများကြီး ကျန်သေးတယ်လေ"

"ဒါဆို သူတို့ဆီ ဗူးနဲ့ထည့်သွားပေးလိုက်ပါ၊ ဒီမျက်နှာကြီးနဲ့ ငါ သွားလို့မဖြစ်ဘူး"

"ပြီးရောလေ . . . ချိုပဲ သွားလိုက်မယ်"

ငါးခြောက်သေးသေးလေးတွေ၊ အာပြခြောက်တွေ၊ ပုစွန်ခြောက်တွေကို တစ်ခုစီ အချိုကြော်တာကြော်၊ အစပ်ကြော်တန်တာကြော်ထားသလို ဘာလချောင်ကြော်တွေပါ များများလုပ်ထားတော့ ဟင်းတွေက အများကြီး ရှိပါသေး၏။ မီးဖိုအောက် ဗီရိုထဲမှ ဆေးကြောသိမ်းထားပါသည့် Plastic ဗူးတို့ကို ထုတ်ကာ တစ်မျိုးစီ ဖိသိပ်ထည့်လိုက်ပါသည်။ ကျွန်မတို့ညီအစ်မက အချိန်မရွေး ချက်တတ်ပေမယ့် သူတို့နှစ်ယောက်က အပြင်မှ ဝယ်စားလေ့ရှိတာပါ။

"မြန်မြန်သွား မြန်မြန်ပြန်လာခဲ့နော်"





"အင်းပါ"

အန်တီလေးကိုယ်စား မမက ပူပန်စွာ မှာလိုက်လေ၏။ Plastic ခြင်းတောင်းထဲမှာ ဗူးတွေကို စီထည့်ကာ အိမ်မှထွက်ခဲ့ပါသည်။ အန်တီလေးကို လိုက်ပို့ပေးရန် ရေချိုးအဝတ်အစားလဲထားတာမို့ ဘာမှပြင်ရန် မလိုပါချေ။ Taxi ကို လှမ်းတားလိုက်ပြီး တက်စီးခဲ့ပါသည်။ ကွန်ဒိုရှေ့မှာ ကားရပ်စဉ် ကားခရှင်းလိုက်ပြီး Lift ရှိရာဆီ လျှောက်ဝင်ခဲ့ပါ၏။

"ဟင်!"

ကျွန်မဘေးမှ ကပ်မောင်းသွားပါသည့် ကားပြာလေးကြောင့် တအံ့တသြဖြင့် ကျန်ရစ်ခဲ့ရပါသည်။ ကားထဲမှာ သူနှင့်အတူ စီးသွားသည်က မိန်းကလေးဖြစ်နေခြင်းကြောင့်ပါပဲ။ ဘေးဘီကို မကြည့်ပါဘဲ နှစ်ယောက်သား ရယ်မောပြောဆိုနေပုံက မိုးမမြင် လေမမြင်နယ်ပါ။

ဘယ်သူလဲ . . . ဘယ်ကလဲ။ ဘာကြောင့် သူရှိနေပါသည့် ကွန်ဒိုထဲမှ နှစ်ယောက်အတူ ထွက်လာရပါသလဲ။ ဝမ်းကွဲညီမလေလား။ မေးခွန်းတို့က ဦးနှောက်ထဲမှ တသီကြီး ထွက်လာလေ၏။ Lift ခလုတ်ကို မှားနှိပ်မိလိုက်သဖြင့် ထွက်လိုက်မိစဉ် သူ့တိုက်ခန်းမဟုတ်ဘဲ တစ်ထပ်လိုသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေနေနေပြီဖြစ်သဖြင့် Lift က အလိုလို Auto ဖြင့် အောက်ထပ်သို့ ပြန်ဆင်းသွားလေပြီ။ ရင်မောနေပါသည့် လူကို ပိုပြီး အမောဆို့စေပါရောလား။ ခြေလှမ်းတို့ကို အနိုင်နိုင်သယ်လျက် အပေါ် တစ်ထပ်ကို အားတင်းတက်ခဲ့ရပါသည်။ သူ့တိုက်ခန်းရှေ့မှာ သော့ မဖွင့်ဖြစ်သေးပါဘဲ အချိန်အတော်ကြာ ရပ်နေခဲ့မိ၏။

'ကို' ... 'ချို့' ကွယ်ရာမှာ 'ချို' မဟုတ်တဲ့ မိန်းကလေးမျိုး နဲ့ ရယ်မောပျော်ရွှင်နေပါသလား။ 'ချို'နဲ့ မကောလွဲပြီး ဘယ်မိန်းကလေး ကိုမှ အဝင်မခံတဲ့ ဒီတိုက်ခန်းထဲကို သူစိမ်းမိန်းမတစ်ယောက်ကို ဝင် ခွင့်ပြုတယ်ပေါ့။ ချို့အနီးမှာ တခြားယောကျ်ားတွေရှိတာကို မမြင်ချင် ဘူးဆို။

'ကို'ကလွဲပြီး ဘယ်သူစိမ်းယောကျ်ားကိုမှ မပြုံးပြဖို့၊ စကား မပြောဖို့ အရောမဝင်စေဖို့ စည်းကမ်းချက်တွေ သတ်မှတ်ထားပါလျက် ... 'ကို့'ကိုမှ မျက်လုံးချင်းဆုံခွင့် ... 'ကို့'ကိုမှ ရင်ခုန်ခွင့်၊ 'ကို့'ကိုမှ ကိုယ်စိတ်နှလုံးသုံးပါးအစုံ ပုံအပ်ပြီး ချစ်ခွင့် ... 'ကို့'ကိုမှ ဘဝထာ သက်တာ လက်တွဲခွင့်ပေးခဲ့ပါလျက် ... အခုတော့ အဲဒီစည်းကို သူ ကပင် ဖောက်လေပြီ။

"ဂလောက်!"

တံခါးဖွင့်သံက ခါတိုင်းထက်ပင် ကျယ်လောင်နေသယောင်





ပါ။ တိုက်ခန်းကျယ်ကြီးက ပိုပြီးများ တိတ်ဆိတ်နေသလိုပါပဲလား။ ဧည့်ခန်းဆက်တီမှာ တော်တော်ကြာကြာ ထိုင်နေမိ၏။ စောင့်ရမှာ လား။ ဟင့်အင်း ... မမက မြန်မြန်ပြန်လာဖို့ မှာလိုက်တာလေ။ ခြင်းတောင်းကို 'မ' လိုက်ပြီး မီးဖိုခန်းရှိရာ ဝင်လိုက်ရပါသည်။ လုပ် ရမည့်အလုပ်ကိုတော့ ပြီးအောင် လုပ်ရမှာကိုး။

ဧည့်ခန်းမှာရော ထမင်းစားခန်း (မီးဖိုချောင်) မှာပါ ဧည့်သည် တို့ ဧည့်ခံထားပါသည့် အအေးဗူး၊ ကော်ဖီခွက်၊ ဘာတစ်ခုမှ ရှိမနေ ပါ။ ဒါဖြင့် ခဏတစ်ဖြုတ်လာတဲ့ ဧည့်သည်မဟုတ်ဘူးပေါ့။ ဘုရားရေ! ကျွန်မ ထင်ထားသလိုမျိုးများ ဖြစ်နေပြီလား။

ရင်ထဲမှ တဒုန်းဒုန်း မြည်သံတို့နှင့်အတူ ဟင်းဗူးတွေကို သိမ်းဆည်းပြီး ရေခဲသေတ္တာကို ဖွင့်ကာ ရေတစ်ဗူးယူ၍ ငှဲ့သောက်ရန် ခွက်ကို လှမ်းယူလိုက်စဉ် လက်ထဲမှ ချော်ကျသွားလေ၏။ နမော် နမဲ့ မလုပ်တတ်ပါသည့် ရန့်ချိုအတွက် နိမိတ်ပြချေလေပြီ။

"ခွမ်း!"

"အ!"

ဖန်ကွဲစက ခြေခုံပေါ် စဉ်လေ၏။ လူက ထိုင်ချလိုက်ပြီး ဖန်ခွက်အကွဲအကြေကို ကောက်ယူမိစဉ် လက်ကို စူးပြန်လေသည်။ အနာတရတွေက ဆက်တိုက်လို ဖြစ်နေပါလား။ အကွဲစတွေ သိမ်း

www.burmeseclassic.com



ဆည်းလှည်းကျင်းလိုက်ပြီး ခေါးမှုရှာရန် အိပ်ခန်းရှိရာဘက် လျှောက်ခဲ့ပါ၏။ အခန်းဝမှာ တံခါးကို မဖွင့်ရဲသေးဘဲ မျက်စိမှိတ်လျက် ဆုတောင်းလိုက်မိလေသည်။

'ချို'ထင်သလို မဖြစ်ပါစေနဲ့ . . .။

"ကျွီ"

တံခါးက အသာပင် ပွင့်သွားလေ၏။ အိပ်ရာကို မကြည့်ရဲသလို မရဲတရဲဖြင့် ကြည့်မိစဉ် နှလုံးခုန်သံက ပို၍မြည်ဟည်းလာလေသည်။

ပြန့်မနေပါဘဲ အနည်းငယ် တွန့်ကြေနေပါသည့် အိပ်ရာခင်းကြောင့် အသက်ရှူရပ်သွားရပါ၏။ မဟုတ်သေးဘူး . . . မနက်ကတည်းက အိပ်ရာကို သေချာမဖြန့်ဖြစ်တာမျိုး ရှိနိုင်တာပဲ။

စိုးရိမ်ရာဘက် ကွေ့ဝင်လိုက်စဉ် ခြေထောက်မှာ တစ်စုံတစ်ရာ လာငြိလေ၏။ ကျွန်မ ငုံ့ကြည့်မိစဉ် နှလုံးသွေးကြောတို့ပေါက်ထွက်ကုန်သည့်နှယ်ပါလေ။ အမျိုးသမီးသုံးအတွင်းခံ Bra အနက်ရောင်ကြိုးက ကျွန်မ၏ခြေမမှာ လာငြိနေတာကြောင့်ပါပဲ။ လူက ခြေမခိုင်တော့ဘဲ ကြမ်းပြင်ထက် ပုံကျသွားလေတော့သည်။ ရက်စက်ပါ့ 'ကို' ရယ်။

"ဂျလောက်!"





"ချိုလား . . . ချို ရောက်နေလား"

အပြင်မှ ပြန်လာသံက နားထဲမှာ သေချာမကြားရသလိုပါ။ ထပ်ပီပြည်သံတို့ကသာ ကျယ်လောင်စွာ မြည်နေတာပါလေ။ ခြေသံက အနောက်ဘက် လျှောက်သွားပြီး ခဏအကြာမှာ အိပ်ခန်းဆီ လှမ်းလာသံကို ကြားလိုက်ရပါ၏။ ခန္ဓာကိုယ်ကို မနည်းအားယူလျက် ထရပ်လိုက်စဉ် အိပ်ခန်းတံခါးက ပွင့်သွားလေသည်။

"ချို"

လူက ဆတ်ခနဲဖြင့် သတိအနေအထားဖြစ်သွားသလို အခန်းသို့ ရောက်လာပါသည့် သူ့ကို မော့ကြည့်လိုက်မိလေ၏။ ဘာအမှားမှ ဆုပ်ထားသလို ဟန်ဖြင့် ကျွန်မကို ပွေ့ဖက်ရန် ပြင်လိုက်ပါသည့် သူ့မျက်နှာကို လက်ဖြင့် အားကုန်ရိုက်ချလိုက်မိတော့သည်။

"ဖြန်း!"

"ဟာ! ချို . . . ဘာဖြစ်"

"ရှင်နဲ့ကျွန်မ အခုချိန်ကစပြီး ပြတ်ပြီ၊ ကျွန်မကို ဘယ်တော့မှ မဆက်သွယ်နဲ့တော့၊ လိုက်ဒုက္ခပေးဖို့ ကြံမယ်ဆိုရင် ကျွန်မ အသောင်းကိုပဲ ရှင်မြင်စေရမယ်"

"ချို . . . မဟုတ်ဘူး!"

အခန်းတွင်းမှ ပြေးထွက်ခဲ့တော့၏။ သူနှင့်အဝေးဆုံးကို သွား



www.burmeseclassic.com

www.burmeseclassic.com



အထိ လွင့်စဉ်ခဲ့ရတာပါလေ။ ရှုးရှုးမှူးမှူးချစ်ခဲ့မိသည့်အတွက် အလျှ အလိမ့်၊ အလဲအကွဲ၊ သည်းသည်းမည်းမည်း၊ နာနာကျင်ကျင်၊ ကြေကြေကွဲကွဲနဲ့ ရင်ကွဲခဲ့တာကို ဘယ်သူများ သိခဲ့ပါသလဲ။

❋ ❋ ❋



## အခန်း (၁၆)

ခေါင်းက တစစ်စစ်ကိုက်နေလေ၏။ တစ်ညလုံး ကောင်းကောင်းအိပ်မပျော်ဖြစ်တဲ့ အိပ်ရာထက် လူးလှိမ့်နေသဖြင့် အိပ်ရာလည်း ကြေမွရှုပ်ပွနေလေပြီ။ မေ့ထားပါသည်ဆိုသည့် အကြောင်းအရာက အရိပ်မမြင်ရပါဘဲ ကျွန်မရှေ့ကို ရုတ်တရက်ရောက်လာတာလေ။ သို့သော် ဒီလောက်နှစ်အတော်ကြာ (သုံးနှစ်ကျော်) ခဲ့သည့်ကာလနှင့် အမင်မျက်ကွယ်ပြုခဲ့သော်ငြား အဘယ်ကြောင့် ကျွန်မနှလုံးသားက အခုန်မြန်နေခဲ့ရပါသလဲ။

ဟိုတုန်းကလို ရင်ခုန်မြန်နေစဲပါ။ ဟိုတုန်းကအတိုင်း ဒီကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ငွေ့ကို မှတ်မိနေဆဲပါ။ ဟိုတစ်ချိန်က ဆုံတွေ့ဖူးခဲ့သလို မွေ့မွေ့ပိုက် ပိုက်အခြေအနေမျိုးနဲ့ နောက်ထပ်တစ်ခါ ပြန်ကြုံရတယ်လို့။ ဟိုတုန်းက နင့်နင့်သည်းသည်း ချစ်ခဲ့မိသည့် နှလုံးသားက စူးစူးနင့်နင့်ဖြင့် နာကျင်စွာ မှတ်မိနေတုန်းပါလေ။

"တောက်!"

မကျေမနပ်ဖြင့် တက်ခေါက်လိုက်စဉ် စားပွဲထက်မှ phone က အချက်ပေးသံ မြည်လာလေ၏။ အလုပ်သွားဖို့အတွက် Alum ပေးထားတာက အချိန်ကိုက်ပါပဲ။ ခက်တာက ခါတိုင်းလိုမျိုး မဟုတ် ပါဘဲ စိတ်မကြည်လင် ကိုယ်လက်မအီမသာဖြစ်နေရတာပါ။ အိပ်ရာမှ လူးလဲထကာ ရေချိုးရန် ပြင်လိုက်ပါ၏။

ဒီနေ့ နောက်ကျမှ အလုပ်လာလည်း ရသည်ဟု Boss မမ ခွင့်ပြုထားတာပါ။ ရေချိုးပြီးချိန်အထိ မမကို မတွေ့ရသဖြင့် အလုပ် သွားပြီမှန်း သိလိုက်ပါသည်။ မင်္ဂလာဆောင် ဖိတ်စာဝေနေသည့်ကိစ္စ ဖြင့် မမတို့ အလုပ်ရှုပ်နေမှန်း သိပေမယ့် မကူညီဖြစ်ပါ။ ကျွန်မအတွက် နှင့် မမ၏အိမ်ထောင်ပြုဖို့ အစီအစဉ် ကြန့်ကြာခဲ့တာကို အားနာစိတ် ဖြစ်ခဲ့ရပါသည်။

မမအခန်းထဲဝင်၍ အဝတ်အစားလဲကာ အလုပ်သွားရန် ပြင် လိုက်ပါ၏။ အမြဲတမ်း စနစ်တကျလုပ်ကျင့်ရှိသော်ငြား ဒီမနက်ဖြင့်





ဘိုဟာမေ့ ဒီဟာကျန်ဖြင့် အမေ့မေ့ အလျော့လျော့ဖြစ်ကာ ကိုယ့်ကိုယ် ကိုယ် ဒေါသဖြစ်ရလေသည်။ အလုပ်ကို ယူသွားရန် ပစ္စည်းတွေ ရှိအောင်စစ်ပြီးမှ phone ကို လှမ်းယူစဉ် အသံမြည်လာလေ၏။

"ဟယ်လို"

"Good morning, cho"

မျက်နှာက အလိုလိုမှဲ့ကျသွားရပါသည်။ ရင်ထဲမကောင်းဖြစ် သည့်အချိန်၊ နေထိုင်မကောင်းသလိုဖြစ်နေချိန်မှာတောင် သူ့ကို ဘာ ကြောင့် သတိမရမိပါလိမ့်။ လက်တွဲဖော်, တိုးတိုးတိုင်ပင်ဖော်, ရင်ဖွင့် ဖော်အဖြစ် ခွင့်ပြုပြီး တွဲနေပါသည့် သူ့ကို သတိရဖို့ မေ့နေတာက အပြစ်ပါပဲ 'ရန့်ချို'။

"တွေ့ချင်တယ်"

"ဘယ်လို"

"တွေ့ချင်တယ်လို့ ပြောတာလေ"

"ဟာ! အခုလား"

"အင်း"

"မောင်က အခု ဆေးရုံသွားတဲ့လမ်း . . . ကျစ် . . . မဟုတ် သေးဘူး။ အခုလာပြီ ချို။ မိနစ်နှစ်ဆယ်၊ ဒါမှမဟုတ် နာရီဝက်လောက် ကြာရင်လည်း စောင့်နိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"Ok! မောင်လာပြီး ချို့အတွက် အချစ်တွေ အများကြီး
သယ်ဆောင်လာမယ်"

phone ကို ပိတ်လိုက်ပြီး အိမ်တံခါးတွေကို ပြတင်းပေါက်
လိုက်ပိတ်ကာ ရေခဲသေတ္တာကို စစ်ကြည့်လိုက်ပါ၏။ အသား
ဟင်းသီးဟင်းရွက်တွေ မဝယ်ဖြစ်သေးတာမို့ Main switch ကို
ပိတ်လိုက်ပါသည်။ ညီအစ်မနှစ်ယောက်စလုံး တစ်နေကုန် အပြင်ရော
နေတာမို့ လျှပ်စစ်မီးနှင့် ပတ်သက်ပြီး save ဖြစ်အောင် အမြဲသ
ထားဖြစ်လေ၏။

အိမ်ပြင်ဝရန်တာမှာ ရပ်လိုက်ပြီး အိမ်တံခါးကို သော့
လိုက်ပါသည်။ လက်မှနာရီကို တစ်ချက်ကြည့်လိုက်ပါ၏။ နံနက်
နာရီကျော်နေပြီမို့ သူ့ကို နှောင့်ယှက်သလိုများ ဖြစ်သွားပါသလား
နားလည်မှုဆိုတာထက် ကိုယ့်ကိုယ်ကိုယ် စည်းကမ်းတွေနှင့်
ခတ်နေမိခဲ့တာလေ။ သူ့အပေါ် မတရားသဖြင့် ဆုံးဖြတ်ထားတာ
ဘာကြောင့် မတွေးမိပါသလဲ။

"တီ!"

ကားဟွန်းသံပြုလိုက်ပြီး ကားပေါ်မှ သူဆင်းလိုက်
ဝရန်တာမှ လှေကားသုံးထစ်ကို ဖြည်းဖြည်းချင်း ကျွန်မ ဆင်းလိုက်





သည်။ ခြံတံခါးအသေးလေးကို ဖွင့်၍ သူဝင်လာစဉ် ဖြည်းဖြည်းချင်း
လှမ်းနေသည့် ခြေလှမ်းတို့ကို မြန်လိုက်သလို သူ့ရှိရာဆီ ဦးတည်လိုက်
မိလေ၏။

"ချို"

ရင်ခွင်တွင် မှီဝင်လာသည့် သူမကို သူ ပွေ့ဖက်ထားလိုက်
မိပါ၏။ မျက်ဝန်းအစုံ မှေးမှိတ်လျက် ငြိမ်သက်နေသည်က အကြာ
ကြီးပါလေ။ အသားချင်းထိဖို့ဝေးစွ။ လက်ကလေးကိုင်ချင်တာတောင်
မှ အရိပ်တကြည့်ကြည့်ဖြင့် ကိုင်ခွင့်ရသည့် အခွင့်အလမ်းက နည်းပါးလွန်း
လေ၏။ ဒီတစ်ကြိမ်တစ်ခါမှ ဘယ်လိုဖြစ်ပြီး သူ့ချစ်သူက သူ့ရင်ခွင်
ထဲ အပြေးဝင်ရောက်လာပါသလဲ။

အတော်နီးကပ်စွာ ရှိနေတာမို့ ရင်ခုန်သံတို့ကို အတိုင်းသား
ကြားမိပါသည်။ ဘာစကားမှမပြောပါဘဲ ငြိမ်နေတာမို့ အလိုက်တသိ
ဖြင့် သူပါ ငြိမ်နေရလေ၏။ သို့သော် ... ချစ်ခြင်း၏စေတသိတ်က
နှိုးဆော်မှုကြောင့် သူမနဖူးလေးကို ငုံ့မွှေးလိုက်မိပါသည်။

'ချို' စိတ်မဆိုးပါစေနှင့်။

"ချို ... နေမကောင်းလို့လား"

ခေါင်းကို အသာခါပြလေ၏။ ရင်ထဲမှ လှိုက်မိတက်လာသည့်
ဆန္ဒပြင်းကို ဖက်ထားခြင်းကြောင့် အတွင်းမှ လှုပ်ရှားမှုကို သူ ခံစား



www.burmeseclassic.com

www.burmeseclassic.com



မိလေသည်။ စိတ်ထဲမှ ကျိတ်ရှိုက်နေလေသလား။ အစ်မဖြစ်သူ အိမ်ထောင်ပြုမှာ မှန်ပေမယ့် အတူတူ မခွဲဘဲနေဖြစ်မှာမို့ သူမ ကြေကွဲစရာ အကြောင်းမရှိပါ။ ဒါဖြင့် မည်သို့သော အကြောင်းအရင်းက သူမကို ဤသို့ ခံစားစေပါသလဲ။

ရင်မောရပါ၍ 'ချို' ရယ်။

"ဘာဖြစ်လို့လဲဟင်"

ခေါင်းခါပြန်လေ၏။ အစစအရာရာ ပွင့်ပွင့်လင်းလင်း ပြောတတ်ပါသည့် မိန်းကလေးက မပြောချင်သည့်အရာမျိုးကို မျိုသိပ်ထားကွယ်ကျင့်လည်း ရှိတာလေ။ မှုပေခံစားဖို့ဆိုတာ ကာယကံရှင်ကိုယ်တိုင်က ဖွင့်ပြောမှသာ ကူညီနိုင်တာမျိုးပါ။ အခုတော့ သူ၏ ချို က ရင်ထဲမှာ တနင့်တပိုးကြီး ကျိတ်မှိတ်ခံစားနေရသည့်နှယ်ပါလေ။

"အလုပ်သွားရမှာလား"

"အင်း"

"မောင် လိုက်ပို့ပေးမယ်၊ Breakfast စားပြီးပြီလား"

"ဟင့်အင်း"

"ဒါဖြင့် တစ်ခုခု အရင်သွားစားကြတာပေါ့"

"မောင်"

"ဗျာ"





ရင်တွင်းမှ ဒိန်းခနဲပြည့်လေ၏။ အလို ... 'ချို'က ... 'ချို'က ... သူ၏ချိုက သူ့ကို 'မောင်'တဲ့လေ။ ဒီသညာကို မကြားခဲ့ရ သူသုံးဖြစ်ပေမယ့် 'ချို' နှုတ်မှ တစ်ကြိမ်တစ်ခါမှ မခေါ်ဖြစ်ခဲ့တာ အမှန်ပါ။ အခုတော့ ဘယ်လိုဖြစ်ပြီး ဘယ်လိုသဘောမျိုးနဲ့ ခေါ်ဖြစ်တာပါလဲ။

ထူးဆန်းလေစွ 'ချို'။

"ပြောလေ ချို"

"ဟင့်အင်း ... ဘာမှမဟုတ်တော့ဘူး"

"သွားရအောင်"

ခြံတံခါးကို ဂလန့်ပြန်ထိုးလိုက်ပြီး ကားတံခါးကို သူ ဖွင့်ပေးလိုက်ပါ၏။ သူမကို အရင်တက်စေပြီး တစ်ဖက်တံခါးမှ ကားမောင်းခုံ သူ ဝင်လိုက်ပါသည်။ ကားစက်နှိုးစဉ် သူမကို တစ်ချက်ငဲ့ကြည့်လိုက်မိ၏။ မျက်ကွင်းတွေ ညိုနေတာမို့ ညက ကောင်းကောင်းမအိပ်ဖြစ်မှန်း သိလိုက်ပါသည်။ စိတ်မကြည်ဘူးလား။ ခန္ဓာကိုယ် မကျန်းမာတာမျိုး ဆိုသော ကုသပေးနိုင်ပေမယ့် အတွင်းစိတ်မှ ဒဏ်ရာမျိုးက ကုသဖို့ အတွက် သူ မကျွမ်းကျင်ပါချေ။

"ကော်ဖီသောက်မှာလား"

"မသောက်ချင်ဘူး"

"Ok!"



www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီး Coffee ဆိုင်မှာ မရပ်ဖြစ်တဲ့ အအေးရောင်းသည့် ဆိုင်ရှေ့မှာ ကားကိုရပ်လိုက်ရပါ၏။ အချို မကြိုက်သည့် ကောင်မလေးအတွက် သီးစုံဒိုမီနိုတစ်ခွက် မှာဖြစ်လေသည်။ သူက ထောပတ်သီးဖျော်ရည်ကို သောက်ဖြစ်ပါ၏။ စုံတွဲနှစ်ယောက်က နှစ်မျိုးမှာတာမို့ ကောင်လေးက ပြုံးလိုက်လေသည်။

အအေးခွက်ထဲမှ အသီးတို့ကို မွှေနှောက်နေရင်း သူမ မသောက်ဖြစ်ပါ။ စိတ်နှင့်ကိုယ် မကပ်သလို ငူငိုင်ငိုင်ဖြစ်နေလေသည်။ ဘာတွေခံစားနေရပါသလဲ ချို။ ကိုယ်စားယူလို့ရရင် 'ချို့'ဝေဒနာတွေကို 'မောင်' ယူလိုက်ချင်ပါရဲ့။ နည်းနည်းလေးတော့ ဖွင့်ပြောစေချင်ပါတယ်။

“ချို”

“ဟင်”

“ဘာဖြစ်နေသလဲ ... ပွင့်ပွင့်လင်းလင်းပြောမှ မောင် ကူညီနိုင်မှာ”

သက်ပြင်းကို ရှိုက်ထုတ်လိုက်မိပါ၏။ အရာရာ ပွင့်လင်းသင့်တာ မှန်ပေမယ့် တချို့ကိစ္စမျိုးကိုက ဖွင့်ပြောဖို့ မသင့်လျော်ပါချေ။ အထူးသဖြင့် ကျွန်မ တမင်မေ့ထားခဲ့ပါသည့် အတိတ်က အခုပစ္စုပ္ပန် နှင့် ပတ်သက်တာမှ မဟုတ်ဘဲ။ သူ့အတွက် စိတ်အနှောင့်အယှက်ဖြ





မျိုးကို ကျွန်မ မလိုလားတာ အမှန်ပါ။

တစ်ကြိမ်တစ်ခါ အသည်းကွဲခဲ့ဖူးသည့် မိန်းမတစ်ယောက်အပေါ် မျက်စိစုံမှိတ် ယုံကြည်စွာ ချစ်မိသူ့ည့် 'ညီထွဋ်သာ'၏ချစ်ခြင်းသာ ဖြူစင်လွန်းတာ မဟုတ်ပါလား။ ကျွန်မအပေါ် အလိုလိုက်ပြီး ပြောခဲ့ဖော တွေ့ချင်တာ, အမြဲတစေ အသံကြားချင်တယ်ဆိုပြီး phone ဆက်တာမျိုး စိတ်အနှောင့်အယှက် ပေးတာမျိုး တစ်ခါမှ မလုပ်ခဲ့ပါ။ ဖြ လကြာ ရှိနေသည့် တွဲဖက်အဖော်အမွန်ကောင်လေးရဲ့စိတ်ဓာတ်က ကြည်ပျော့ပျောင်းလွန်းတာပါလေ။

“ချိုပြောဖူးတယ် မဟုတ်လား”

“ဘာကိုလဲ”

“ပြောချင်တာထက် ပြောသင့်ပြောထိုက်တာကိုပဲ ပြောမယ် ဆိုတာလေ”

“မောင်က ချို့စိတ်ကို မပိုင်ဘူးဆိုတာ သိပါတယ် ချို ဒါပေမဲ့ အသေးလေးပဲဖြစ်ဖြစ် ချို့စိတ်ကို ပြေစေအောင်စေချင်တဲ့ စေတနာနဲ့ ပြောတာပါ”

“သိပါတယ်”

“ဘာဖြစ်လို့လဲ ချိုရယ်”

“နောက်မှပြောပါ့မယ် ... အလုပ်သွားရမှာမို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဖျော်ရည်သောက်ဦးလေ"

"တော်ပြီ"

"ဒါဖြင့် မောင့်လိုက်ပို့ပေးမယ်"

အဒေါ်းဖိုးရှင်းကာ ထရပ်လိုက်ပါ၏။ ကျွန်မလက်မောင်းကို သူလာတွဲပေးမယ့် မရှုန်းဖယ်ဖြစ်ပါ။ စိတ်မကြည်လင်သလို မျက်နှာလည်း ညှိုးနေတာမို့ သူက ဘာမှစကားဆက်မပြောပါချေ။ ကုမ္ပဏီရှေ့အထိ ကားမောင်းပို့ပြီးမှ လက်ပြကာ ဆေးရုံ duty ဝင်ရန် ပြန်လှည့်မောင်းသွားလေ၏။

မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်စဉ် 'ဖင်မှာ'က 'ရွှေဝါ' တို့နှင့်အတူ အလုပ်ရှုပ်နေလေသည်။ Order မှာထားသည့် ပစ္စည်းတွေက အခုတလော များနေတာကိုး။ Boss မမက နားနားနေနေမှ လာရှင်းမှာထားပေမယ့် မနက် (၁၀) နာရီမကျော်အောင် ဂရုစိုက်ပြီး လာခဲ့ရတာပါ။ ကိုယ်က လုပ်ငန်းရှင်မဟုတ်သည့် လခစားဝန်ထမ်းပဲ မဟုတ်လား။

"ရောက်လာပြီလား"

"အင်း"

"တစ်ခုခုဖြစ်လာလို့လား . . . မျက်နှာမကောင်းဘူး"

"နောက်မှပြောမယ်"





ခဏအကြာမှ Boss မမ ရောက်လာပြီမို့ အချိန်အကဲ သတိထားရင်း ရုံးခန်းထဲ လိုက်လာပါ၏။ မမမျက်နှာက လန်းလန်းဆန်းဆန်းပဲမို့ ပြောရအဆင်ပြေမည်ဟု ခန့်မှန်းမိပါသည်။ ပြဿနာဆိုတာ ကိုယ်က ကြိုမြင်နေရင် ကြိုရှောင်ရှားရမှာ မဟုတ်ပါလား။

"မမ"

"ပြောလေ ချို . . . ဘာပြောစရာရှိလို့လဲ"

"မမရဲ့မိတ်ဆွေအိမ်ကိစ္စ ပြောချင်လို့ပါ"

"ကိုမင်းကို ပြောတာလား"

"သူ့အိမ်အတွက် Decration ဆင်ဖို့ သွားတာ ဖင်မှာ့ကို လွှတ်ပေးလို့ရမလားလို့ပါ"

မျက်ဝန်းလေးလှဲ့လာရင်းမှ အံ့ဩသွားလေ၏။ ခါတိုင်း ဘယ်တော့မဆို မမ ခိုင်းသမျှ မညည်းမညူ လုပ်ပေးနိုင်ခဲ့ပါလျက် ဒီတစ်ကြိမ်တောင်းဆိုမှု ငြင်းပယ်မှုတွေ လုပ်လာတာက အဆန်းတကြယ်ဖြစ်နေတာပါ ချို။ ဘယ်တတ်နိုင်ပါ့မလဲလေ။

"ဘာဖြစ်လို့လဲ ချို၊ သူနဲ့လည်း ချိုက ရင်းနှီးသလောက်ရှိနေပြီပဲဟာ၊ ချိုမဟုတ်တဲ့ တခြားလူကို လွှတ်လိုက်ရင်"

"ဖင်မာလည်း ကျွမ်းကျင်တဲ့သူပါ မမ၊ ချိုတို့ အတူတူ အင်တာနီးပြီးခဲ့ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေကွယ်၊ ချိုက တို့ ပိုပြီးအားကိုးစိတ်ချရတဲ့သူပဲဘာလဲ ... နေမကောင်းဖြစ်ပြီး စိတ်မကြည်လို့လား။ နားချင်လည်း (၃) ရက်လောက် နားလိုက်လေ၊ တို့ ခွင့်ပြုပါတယ်"

လေပူကိုသာ မှုတ်ထုတ်လိုက်မိတော့၏။ အားကိုးစိတ်ချသတဲ့လား။ အဲဒီလို မိန်းကလေးက မမရဲ့လူနဲ့ အတိတ်မှာ ပတ်သက်ခဲ့ဖူးတာကို မမမှ မသိခဲ့တာလေ။

❋ ❋ ❋



## အခန်း (၁၇)

"ဒီမှာ CEO အတွက်ပါ"

ရွှေအိုရောင်ဖိတ်စာလေးက သူ့စားပွဲထက် ရောက်လာလေ၏ 'မှုံ'က (မျက်နှာပူရှုံ့ပဲလားမသိ) လာမပေးဘဲ 'ရဲရင့်' သာ သူ့အတွက် လာပေးတာပါ။ မင်္ဂလာပွဲတဲ့လား။ ဟိုစဉ်ကဖြင့် 'မှုံ'တို့က December ဆို ကိုယ်တို့က January ဆိုပြီး သူမကို ပြောခဲ့တာလေ။ အနှိုင်းစရာတွေက အများကြီး ရှိနေတုန်းပါပဲလား ချို။

"ဒီတစ်ကြိမ်တော့ အတည်ဖြစ်ပြီပေါ့လေ"

"ဟုတ်တယ် ... ချို့ကိုပြီး ငါတို့ကိစ္စကို အကန့်အသတ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်ခဲ့ရတာ၊ ဒီတစ်ခါတော့ ချိုကိုယ်တိုင် တိုက်တွန်းလို့ ဖြစ်သွားရတာပဲ"

"မှုံနဲ့ ငါ အေးအေးဆေးဆေး စကားပြောချင်တယ်"

"အိမ်ကိုတော့ လာခွင့်ပြုမယ် မထင်ဘူး နန္ဒ"

မျက်နှာက အလိုလိုမဲ့သွားရပါ၏။ ရန်သူကြီးတစ်ယောက်နှယ် မြင်ထားပါသလား။ မုန်းတယ်, မေ့တယ်ဆိုပြီး ကျောခိုင်းလာခဲ့ဖြစ်ခဲ့တာမှ မဟုတ်တာ ချိုရယ်။ လိုက်နှောင့်ယှက်ပါက အလောင်းပဲမြင်ရမယ်တဲ့လား။ ခြိမ်းခြောက်တာမျိုး မဟုတ်ပါဘဲ အကြင်နာမျက်ဝန်းတို့က မီးတောက်တစ်ခုနှယ် ရဲရဲနီနေခဲ့တာလေ။

စိတ်မောပါသည်ဟူသည့် မိန်းကလေးကို အချစ်တွေနှင့် အရှည်ပျော်ကျသွားအောင် လုပ်ပေးခဲ့ရတာက နှစ်နှစ်ခန့်ရှိခဲ့တာပါ။ ဘယ်လောက်များ တုန်အောင်ချစ်ခဲ့ရပါသလဲ။ အသည်းအသက်မက ချစ်ခဲ့ရသည့် ချစ်သူက အထင်မှားပြီး ရုတ်တရက် လမ်းခွဲခဲ့ရတာကို သူ့မာနကို ရိုက်ချိုးပစ်လိုက်သလို ခံပြင်းခဲ့ရတာ အမှန်ပါ။

တကယ်ဆို ရှင်းပြတာကို နားထောင်ပေးသင့်တာပေါ့။ ဘာက ဘယ်လိုအကြောင်းလဲဆိုတာကို ဖွင့်ပြောနိုင်ဖို့ အခွင့်အရေးတောင် မရခဲ့ပါ။ သူငယ်ချင်းတွေကတစ်ဆင့် ရှင်းပြပြန်တော့လည်း 'မင်းနန္ဒ'ဆိုတာကို နာမည်တောင် မကြားချင်ဘူးဟု ခါးခါးသီးသီး





ငြင်းဆန်သတဲ့။

ချိုးမွဲချင်ပြီး စိတ်ကောက်တတ်တာကို ချော့နိုင်ပေမယ့် လက်သီးဆုပ် အံကျိတ်ပြီး မျက်ရည်မကျအောင် ထိန်းထားတာက အသက်ကို ဖိုပြီး အန္တရာယ်ထိခိုက်တတ်တာပါ။ သူ့ချစ်ချိုက ထိုသို့ပင် ဝေဒနာကို လူသိမခံဘဲ ကျိတ်ခံစားခဲ့ပါသတဲ့။ 'ကိုယ့်ကိုယ်ကိုယ် သတ်သေမည်' ဟူသည့် စကားတစ်ခွန်းက အဘယ်မျှ ထိရောက်ခဲ့ပါသလဲ။

"ငါ, ချိုနဲ့ တွေ့ပြီးပြီ"

"ဘာ"

'ရဲရင့်' အံ့ဩသွားလေ၏။ မည်သို့များ အဝိုဟာယ်ကောက်ကြပါမလဲ။ မိန်းမဆန်သည့်ဟန်တို့ ကွယ်ပျောက်နေပြီး ယောက်ျားဆန်သည့် ဟန်တို့က 'ချို' တစ်ကိုယ်လုံးကို ဖုံးကွယ်ထားခဲ့တာပါ။ ဆံပင်ကို ယောက်ျားလေး style ခပ်တိုတိုညှပ်ပြီး sport shirt အဝါရောင်ဖျော့လေးကို style pants နှင့်တွဲပြီး ဝတ်ထားပုံက နိုင်ငံခြားက International Model တွေအတိုင်း ပုံရိပ်ထင်ဟပ်နေတာပါလေ။

သူ ခြွေဝယ်ပြီး ခေါက်နေစဲတိုက်၏အခန်းတွင်းမှာ (အိမ်ကို ထိုးဖွင့်သမျှ စဉ်ဆေးပြီး) ခဏမျှ Dreambed ပေါ်က် မှေးခနဲအိပ်ပျော်ခဲ့တာက ကံကောင်းသွားတာများလား မသိပါ။ ကားဝင်လာသံကို ကြားလိုက်ပါဘဲ လှေကားမှတစ်ဆင့် အပေါ်ထပ်သို့ တက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ခြေသံကို ကြားလိုက်ရခြင်းပါပဲ။ ဆိတ်ငြိမ်သော အရပ်ဒေသမှာ ခပ်ဖွဖွ နင်းလျှောက်လာသည့် ခြေသံတို့က သူ့နှလုံးသားကို နွေးနွေးလေးငြိမ်း အခုန်မြန်စေလေ၏။

ဝရန်တာဘက် ထွက်သွားမှန်း သိတော့မှ အခန်းတွင်းက အပြင်သို့ လိုက်ထွက်မိခဲ့ခြင်းပါပဲ။ တိုက်အောက်ဖက်ကို ငုံ့ကြည့်ရင်း တစ်စုံတစ်ယောက်ကို ရှာနေဟန်ကြောင့် ခပ်စောင်းစောင်း ဖြစ်သွား ပါသည့် မျက်နှာကို ဖျတ်ခနဲ မြင်လိုက်ရလေ၏။ ဒီမျက်တောင်ကော့ ကော့လေးနှင့် ဒီနှာတံချွန်ချွန်၊ ဒီနှုတ်ခမ်းဖူးဖူးလေးက သူ့ရင်ကို ထိရှ ခဲ့ဖူးသည့် မိန်းကလေးမှန်း သိသာစေတာ မဟုတ်ပါလား။

အထူးသဖြင့် သူ မကြာခဏ ငုံ့နမ်းခဲ့ပါသည့် လည်တိုင်သွယ် သွယ်လေးထက်မှ မှည့်နက်လေးက ရင်ကို ပိုခုန်စေခဲ့တာလေ။ ထို တုန်းကလို ကလေးဆန်သည့် ပုံစံမျိုး မဟုတ်တော့ပါဘဲ အရွယ်ရ တည်ငြိမ်မှုဖြင့် 'ချို့'အလှတရားက သူ့ရင်ကို အေးမြစေတုန်းပါပဲ အချစ်တွေ မကုန်ဆုံးနိုင်အောင် ချစ်ခဲ့တာပါ ချို့။

"ဘယ်မှာ တွေ့ခဲ့တာလဲ"

"ဒီလိုပဲ အကြောင်းရှိလာလို့ပါ"

"အဲဒီအကြောင်း မှို့ကို မပြောဘူးထင်တယ်"

"သိပ်မကြာသေးဘူး . . . ဒီရက်ပိုင်းမှာပဲ ဆုံခဲ့တာ"





"စကားကောင်းကောင်းပြောလို့လား"

သက်ပြင်းရှိုက်ရင်း ခေါင်းခါပြလိုက်ပါ၏။ အသည်းနင့်အောင် ချစ်ခဲ့ပြီးမှ မကြည့်ချင်အောင် မုန်းတယ်တဲ့လား။ ပြောရင် ပြောသလို လုပ်တတ်သည့်အကျင့်က သူနဲ့တူအောင် ရှိခဲ့တာလေ။ ခေါင်းမာတာ လည်း တူ၊ စိတ်မာတာလည်း အတူတူ၊ စွဲလမ်းမှုကြီးတတ်တာမျိုး လည်း တူပြီး မာနထားတတ်တာပါ ဘာဖြစ်လို့ တူတာပါလိမ့်။

ဒီလောက် စိတ်တူကိုယ်တူ ချစ်ခြင်းတူ သံယောဇဉ်တွယ် တာတတ်လည်း တူခဲ့ပါလျက် ရုတ်တရက် သံသယဖြစ်သွားတာနဲ့ ဖြေရှင်းချက်တောင်မှာ အခွင့်မပေးဘဲ ကျောခိုင်းပြီး လမ်းခွဲခဲ့တာမို့ 'မင်းနန္ဒ'၏ရင်သန့်သည့်ဘဝသစ်ပင်က မီးရှို့သတ်ခံရသလို ဖြစ်ခဲ့တာ လေ။ ယောကျ်ားမို့ မျက်ရည်မကျဖြစ်ခဲ့ပေမယ့် ရင်နာခဲ့ရတာ အမှန် ပါပဲ။

မချစ်တော့ဘူး မုန်းလိုက်ပြီလို့များ ထင်ထားပါသလား။ မှားသွားပါလိမ့်မည်။ 'ရန့်ချို့' ဆိုသည့် မိန်းကလေးကို 'မင်းနန္ဒ' ဆို သည့် သူက အခုချိန်ထိ စိတ်နာနာနဲ့ ချစ်နေတုန်းပါပဲ။ ဘယ်လိုပါလဲ ချို့။ ဒီကကောင်ရဲ့ ရင်ဘတ်ကို ရက်ရက်စက်စက်နဲ့ အစိမ်းလိုက် ခွဲသွားခဲ့တာ မဟုတ်လား။ အဲဒီလို ရက်ရက်စက်စက် စိမ်းကားတဲ့ အောင် မင်းကို ဘယ်မိစ္ဆာကများ အမိန့်ပေးခဲ့ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မှုန့်တွေ့မှဖြစ်မယ်"

"ကြိုလည်း စဉ်းစားထားဦး။ မှုံက ငါတို့အတွက် သူငယ်ချင်းဖြစ်တာ မှန်ပေမယ့် သူ့ညီမနဲ့ ပတ်သက်လာရင် အချိန်မရွေး ရန်သူဖြစ်သွားနိုင်တယ်"

"အေးပါ . . . ငါ သိပါတယ်"

'ရဲရင့်'က အလုပ်ရှိသေးတာမို့ သူ့အနီးမှ ထွက်သွားလေတော့၏။ သူငယ်ချင်းတွေနှင့် လမ်းခွဲခဲ့ပြီး နိုင်ငံခြားမှာ နှစ်နှစ်ကျော် အလုပ်သွားလုပ်ပြီး ငွေရှာနိုင်ခဲ့တာပါ။ မိဘတွေက နယ်ကိုပြန်နိုင်အောင် ပေမယ့် ရင်ဘတ်ထဲမှအနာကို ကျိတ်မြေရှင်း စိတ်လေတာကို မြေ သာအောင် နေခဲ့ရတာပါလေ။

အချစ်တွေ ပုံပေးခဲ့သမျှ ပြန်ရခဲ့တာက ဥပေက္ခာတရားထဲ လာ။ အချစ်ကြီးလို့ အမျက်ကြီးရမှာ မှန်ပေမယ့် စိတ်စေတသိတ်တ အမိန့်ပေး၍ မရခဲ့ပါ။ ပါးပြင်ကို ပြန်စမ်းလိုက်မိတိုင်း 'ချို' ရိုက်ခဲ့ပါသည့် အားပြင်းပြင်းအဟာရကို စဉ်းစားမိတုန်းပါပဲ။ အနမ်းတွေပေးခဲ့မှုသည့် ပါးပြင်ကို 'ချို' မှ ရိုက်ရက်ရတယ်လို့ ရက်စက်ပါ့။

Phone သံမြည်လာတာမို့ ယူကိုင်လိုက်မိပါ၏။ အခုတလော ဆက်သွယ်နေဖြစ်သည့် 'ဒီဇင်ဘာကုမ္ပဏီ'၏ MD 'ဦးသက်နှင်း' ရဲ့ တစ်ဦးတည်းသောသမီးဖြစ်သည့် 'ဒီဇင်ဘာနှင်း' ပါပဲ။ နိုင်ငံခြားမှာ





ဝင်လုပ်ဖြစ်စဉ်က Boss အရှင်းရှင်းချိတ်ပြီး သူ့ကို ဒီကုမ္ပဏီမှာ လွှဲ လိုက်တာပါ။

အရင်ဆုံး လူကြီးကို သွားတွေ့ရတာမို့ 'အန်ကယ်ဦးသက် နှင်း'က သူ့ကို သဘောကျသလို သမီးဖြစ်သူ 'နှင်း'နှင့် လက်ဆက် အချင်မှန်း စိတ်ထဲမှ သိနေပါ၏။ ပညာတတ်, ဥစ္စာရှိ, ရုပ်ရည်ရူပကာ ပြည့်စုံသည့် 'နှင်း'က အပြစ်ပြောစရာရှာလို့မရသည့် မိန်းမချောလေး ပါ။ သို့သော် . . .

ကိုယ့်နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းရှိသည့် မိန်းကလေးက တစ်ယောက်တည်းသာ ရှိခဲ့တာပါ 'ရန့်ချို'။

"ဟဲလို . . . နှင်း ပြောလေ"

"အလုပ်များနေမလားလို့"

"ရပါတယ် . . . ပြောစရာရှိလို့လား"

"အင်း . . . ဆိုပါတော့"

Phone နဲ့ပဲ ပြောမှာထင်ပါရဲ့။ တွေ့ချင်ရင် အပြင်မှာ Date တွေ့လို့ရပါသည်။ သူက ဒီမှာ ဝန်ထမ်းဖြစ်နေပေမယ့် 'နှင်း'က ကုမ္ပဏီကို ဦးဆောင်နေသူမို့ ပိုအလုပ်များသည့်လူပါပဲ။ ပြောစရာ ရှိတဲ့။ ဘာများပါလိမ့်။ 'ချို'နှင့် ဆက်နွယ်နေသည်က 'နှင်း'နှင့် ဆက်နေတာမို့ စိတ်ဝင်တစား နားထောင်ရတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ နှင်း ... အပြင်မှာတွေ့ပြီး ပြောဖို့များလား"

"ဟင်းဟင်း ... ကိုမင်းက တွေ့ချင်လို့လား"

"ဩော် ... မဟုတ်ပါဘူး ... နှင်းမအားတာ အချိန်မရတာ ကိုယ်လည်း သိတာပဲ၊ အလိုက်သိရမှာပေါ့"

"ကျေးဇူးပါရှင်"

"ကိစ္စက"

"ကိုမင်းရဲ့တိုက်က ပြီးနေပြီလား"

"လက်စသတ်နေပြီလေ ... ဘာဖြစ်လို့လဲ"

"ဩော် ... Decration ဆင်ဖို့ အမြန်လိုနေပြီလားလို့ပါ"

"မြန်လေ ပိုကောင်းလေပေါ့ နှင်းရယ်၊ ခြံထဲမှာ အပင်တွေ စိုက်ဖို့ အလှဆင်ဖို့တွေ အများကြီး ပြင်ဖို့ ကျန်သေးတယ်"

"သုံးလေးရက်လောက် စောင့်နိုင်မလား"

ရင်ထဲမှာ ထိတ်ခနဲ လန့်သွားရလေ၏။ ဘာလဲ ... 'ချို' မအားလို့လား။ ဒါမှမဟုတ် မလာနိုင်ဘူးဆိုပြီး ငြင်းလေသလား။ တစ်ခုခုကိုတော့ မဖြစ်မနေ လုပ်တော့မယ်မှန်း ကိုယ်သိနေပါတယ် ချို။ ဟန်မဆောင်တတ်ပါဘဲ ကိုယ့်ရှေ့မှာ ဘယ်လိုစိတ်မျိုးနဲ့ ဘယ် ပုံစံနဲ့များ နေနိုင်မှာတဲ့လဲ။

"ဘာကြောင့်လဲ"





"ဩော် ... သိပ်အထွေးအထူး မဟုတ်ပါဘူး။ ချိုက နေလို့ သိပ်မကောင်းတာနဲ့ ပေးနားထားလို့ပါ၊ တခြားလူကို"

"No! no! ကိုယ်က 'ရန်နုချို' နဲ့ပဲ အပ်ချင်တာ နှင်းရဲ့၊ သူနဲ့မှဖြစ်မှာ"

"ဟုတ်တယ် ... နှင်းလည်း ချို့ကိုပဲ စိတ်ချလို့လေ၊ သူက သူ့အစား ဇင်မာ့ကို လွှတ်စေချင်တာ"

"ဘယ်ဖြစ်ပါ့မလဲ ... ရန်နုချိုနဲ့ကိုယ်က ရင်းနှီးသလောက် ရှိနေပြီလေ"

"ဟုတ်ပါတယ် ... နှင်းလည်း ဒါကြောင့်မို့ ပြောနေတာပါ၊ ချိုက နှင်းအားကိုးရတဲ့ ဝန်ထမ်းဆိုလည်း ဟုတ်တယ်၊ ညီမလေးဆို လည်း မှန်တယ်၊ ဘယ်အလုပ်ပဲ နိုင်းနိုင်း၊ လှည့်ကြည့်စရာမရှိအောင် ကို သေသပ်တယ်၊ သူပြင်ဆင်ပေးသမျှ အိမ်ရှင်တွေတိုင်း စိတ်တိုင်း ကျခဲ့တာချည်းပဲ"

"တော်တယ်ဆိုပါတော့လေ"

"ဟုတ်တယ်၊ ဘာလဲ ... ကိုယ့်ငါးချဉ်ပဲ ချဉ်တယ် ပြောနေ လို့လား"

"အမှန်ပဲလေ"

နှစ်ယောက်သား phone ပြောရင်းဖြင့် ခပ်တိုးတိုးရယ်မိလေ



www.burmeseclassic.com

www.burmeseclassic.com



၏ စိတ်ထားဖြူစင်သည့် မိန်းကလေးပါပဲလား။ ကိုယ့်ကိုယ်ကိုယ်သာ မြှင့်တင်ပြီး ပြောတတ်ကြပေမယ့် သူတစ်ပါးအပေါ် ချီးမွမ်းတတ်သည့် အကျင့်ဆိုတာ လူတိုင်းမှာ မရှိကြပါလေ။ အထူးသဖြင့် ကိုယ့်ဝန်ထမ်း ၏ဂုဏ်ကို ဖော်တတ်သည့် Boss မျိုးက လုံးဝမရှိသလောက်ပါပဲ။

ဘယ်လိုလဲ 'ချို'။ ရှောင်ရှားဖို့ ပြင်နေပြီလား။ ကိုယ်နဲ့ ပြန် တွေ့စဉ်က အကောင်းအတိုင်းကြီး ရှိနေပါလျက် ချက်ချင်းကြီး နေ မကောင်းပါဟူသည့် အကြောင်းပြချက်က မလုံလောက်တာကို မင်း မသိဘူးလား ချို။ မျက်နှာပူတာလား။ ဒါမှမဟုတ် ခပ်ရှင်းရှင်း၊ နေချင် လို့ မပတ်သက်ချင်တာမျိုးများလား။

သို့တည်းမဟုတ် တစ်ချိန်တစ်ခါက ရင်ခုန်သံမျိုး ထပ်ဖြစ် မှာစိုး ကြိုမြင်နေပြီး သတိပေးချက်နှင့် ရှောင်ဖို့ ဆုံးဖြတ်ထားတာများ လား။ တစ်ယောက်ရဲ့ခံစားချက်, တစ်ယောက်ရဲ့ရင်တွင်းမှ သံယော ဇဉ်, တစ်ယောက်ရဲ့နှလုံးသားစည်းချက်ကို တစ်ယောက်က အလိုလို နားလည်ပြီး ခံစားနိုင်တာမို့ပဲ ထပ်ပြီး မဖြစ်ချင်လို့များ တမင်တကာ သတိထားပြီး ရှောင်ချင်တာပေါ့လေ။

Sorry ပါ ချို။ မင်း မည်သို့ပင် ဆုံးဖြတ်ထားပါစေ ကိုယ်က တော့ မင်းရဲ့အနီးဆုံးကို နောက်တစ်ကြိမ် ပြန်ရောက်နိုင်ဖို့အတွက် ခြေလှမ်းပြင်တော့မှာမို့ပါပဲ။ 'အခွင့်အလမ်းဆိုတာ ဘဝတစ်ခါကို





တစ်ကြိမ်တစ်ခါသာ ခေါက်လေ၏' တဲ့။ သို့သော် ကိုယ့်အတွက်ကဖြင့် နောက်ထပ်တစ်ကြိမ် လမ်းဖွင့်ပေးပြီဟု ယုံကြည်ချက်က ခိုင်မာနေပါ ပြီ ချို။

"ထင်တယ် ... နှင်းရဲ့ချိုက ဘယ်သူမှမမြင်နိုင်တဲ့ Attraction မျိုးကို ပိုင်ဆိုင်ထားတာကို။ သူနဲ့ဆုံဖူးသမျှ လုပ်ငန်းရှင်တိုင်း သူ့ကိုပဲ သဘောကျပြီး ကြိုဖိတ်ခေါ်ယူကြတာချည်းပဲ"

"ဒါကြောင့်မို့ နှင်းက တောင်ရေးလေးလို့ ပြောတာကိုး"

"ဒါပေါ့"

"ဒါဖြင့် နှင်းတို့လုပ်ငန်းစမှာပဲ တွေ့ကြမယ်လေ၊ ချို သက်သာ မှ အလုပ်ဆင်းနိုင်မှာပဲ လုပ်ပါစေ"

"စောင့်နိုင်တယ်ပေါ့လေ"

"အင်းပေါ့ ... အလုပ်လုပ်တဲ့နေရာမှာ စိတ်ရှည်သည်းခံနိုင် မှ ရှိမို့လည်း လိုအပ်တာ နှင်းသိမှာပါ"

"Tycoon (လုပ်ငန်းရှင်ကြီး) ပီသပါပေ့ ... တကယ်ပါပဲ"

"ပြောင်းပြန်မပြောပါနဲ့ နှင်းရဲ့"

စိတ်ရှည်ရမှာပေါ့ ချို။ အခြေအနေနဲ့ အချိန်အခါကို သေချာ စောင့်နိုင်မှ အခွင့်အရေးဆိုတာကို ကိုယ်ပြန်ရမှာလေ။ ပြောစရာတွေ ရင်ထဲမှာ အပြည့်ရှိနေပါတယ် ချို။ ဖြေဖြေလည်းလည်းနဲ့ လွမ်းလင့်



www.burmeseclassic.com

www.burmeseclassic.com



တကူ ပြီးနိုင်မည်မှန်း မျှော်လင့်မထားမိပါ။ အခက်အခဲဆိုတာ နေရာတိုင်းမှာ မလွဲမသွေ ကြုံရမှာပဲ မဟုတ်လား။

ကိုယ်တို့ ဆုံကြပါစို့။ လွမ်းမောဖွယ်ရာ အတိတ်ကို ပြန်ငဲ့ကြည့်ချင်လည်း ခဏလောက် လှည့်ကြည့်ကြတာပေါ့။ နာကျင်ခြင်းတွေကို အဆုံးသတ်ပါရစေ။ ဒဏ်ရာတွေရှိတာကိုလည်း ကိုယ့်ချစ်ခြင်းဆေးတန်ခိုးနဲ့ ပျောက်ကင်းစေပါ့မယ်။ မင်းတစ်ယောက်တည်းကိုသာ ကိုယ့်အသက်နဲ့ထပ်တူထပ်မျှ ချစ်ခဲ့ရတာပါ 'ချို' ရယ်။

❋ ❋ ❋



## အခန်း (၁၈)

ပစ္စည်းတွေ သေချာစစ်ကာ စက္ကူပုံးတွေထဲသို့ စီထည့်နေပါ၏။ 'ဖင်မာ' က ကျွန်မကိုကြည့်ပြီး ဘာစကားမှ ထပ်မပြောပါချေ။ သွားချင်ပါဘူးဟု ဒီလောက်ပြောနေပါလျက် ဟိုကနေ By name နဲ့ ခေါ်ရတယ်လို့။ မတွေ့ချင်လို့ ရှောင်တာ ရှင်မသိဘူးလား။ ခေါင်းစားတဲ့နေရာမှာ လာတူကြတဲ့လူနှစ်ယောက်အတွက် ပြန်ဆုံစရာလမ်းက ရှိနိုင်တာလေ။

"နင် ဘယ်သူ့ကို ခေါ်သွားမှာလဲ"

"အသက်နဲ့ရိုးကျော်တို့အုပ်စုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သွားလို့ဖြစ်ပါ့မလား"

"မတတ်နိုင်ဘူးလေ၊ Reason မှ ပြလို့မရတာ"

"ဟိုမှာ သူနဲ့ဆုံရင်ကော"

"မီးစင်ကြည့်ကရုံပေါ့"

"Boss နဲ့ ပတ်သက်နေတယ်ထင်လား"

"သေချာသလောက်ပဲ"

နှစ်ယောက်သား ငြိုင်တူ သက်ပြင်းရှိုက်လိုက်မိကြလေ၏။ နားရက်နှစ်ရက်ကို ပြည့်ပြည့်ဝဝယူပြီးပြီမို့ တာဝန်ကျေပွန်အောင် လုပ်ပေးရမှာပါ။ ဒီ Boss မမနှင်းက အလုပ်စဝင်စဉ်ကတည်းကစပြီး အဆင်ပြေချောမွေ့ခဲ့တာမို့ နောက်ထပ် အလုပ်တစ်ခုပြောင်းဖို့ မတွေးဖြစ်ခဲ့ပါချေ။ အခုတော့ သူနှင့်ပတ်သက်သည့် အတိတ်ကြောင့် မျက်နှာပူစရာတွေ ဖြစ်လာရင် ဘယ်ကောင်းပါ့မလဲ။ စဉ်းစားရပြီကော 'ချို'။

"ချို"

"အင်း ... ပြောလေ"

"နင်တို့ ပြန်တွေ့တာကို မမ သိပြီလား"

"သိတယ်၊ သိတယ်ဆိုတာက ကိုဇော်ကို သူပြောလိုက်လို့ သိသွားတာ"

"ဘာတဲ့လဲ"





"ငါ့စိတ်နဲ့ ငါ့ကိုယ်ပဲ ခုံးဖြတ်တဲ့၊ မမလည်း wedding ကိစ္စနဲ့ ရှုပ်နေတော့ ငါလည်း သေချာမပြောဖြစ်ပါဘူး။ ပြောစရာလည်း ရှိမှ မရှိတာကိုး"

"ချိုရေ"

"ရှင်! မမ"

"မသွားခင် ခဏလာဦးနော်"

"ဟုတ်ကဲ့ မမ"

ရုံးခန်းတံခါးကို အသာဟရင်း လှမ်းခေါ်လိုက်သဖြင့် ပုံးပိတ်တာကို လက်စသတ်လိုက်ရလေ၏။ အလေးအပင်လာသယ်မှာက ယောကျ်ားလေးတွေ ရှိတာမို့ သိပ်ကြီးမပင်ပန်းပါလေ။ Uniform ကို သေသပ်စေရန် ပြင်လိုက်ပြီးမှ ရုံးခန်းရှိရာဆီ လျှောက်လာခဲ့ပါ၏။ တံခါးခေါက်သံ သဲ့သဲ့ပြုကာ ရုံးခန်းတွင်း ဝင်လိုက်ပါသည်။

"အခုပဲ လာလိမ့်မယ် ... ဒါပဲနော်"

"ခဏလောက် ထိုင်ဦး၊ ချို"

Phone ပြောတာကို ချလိုက်ပြီး ခုံကို ရှေ့ဆွဲထိုင်လိုက်လေ၏။ ခါတိုင်းထက် ပိုပြီးများ လန်းဆန်းတက်ကြွနေသလိုပါပဲလား။ Boss မမျက်နှာက ဝင်းပကြည်လင်နေတာပါလေ။ ဪ ... ချစ်ခြင်းက စိတ်ပျို့ကိုယ်နုစေသည့် ဆေးစွမ်းတစ်လက်ဆိုတာ မှန်နေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသဘောရလဲ"

"ရှင်"

"သူ့ကို ဆုံပြီးလို့ မေးတာလေ ချိုရဲ့၊ ချို့အမြင်ကို မေးနေတာ၊ သူ့ကို ဘယ်လိုမြင်သလဲလို့"

မျက်နှာထက် ခပ်နွေးနွေးဖြစ်သွားရပါ၏။ ခါတိုင်းဆို အလုပ်နှင့် ပတ်သက်သမျှ ဒိုးဒိုးဒေါက်ဒေါက် ဖြေနိုင်ပါလျက် အခုတော့ မေးတာနဲ့ ဘာမှမသိသလို ကြောင်တောင်တောင်ဖြစ်သွားတာလေ။ ဘုရားရေ! သူ ဘာမှပြောပြထားဘူးလား။ မမသာ သိထားရင် ဒီလို မေးခွန်းကို မေးမှာမဟုတ်ပါ။ သူ့ကို ဘယ်လိုမြင်သလဲတဲ့။

"ဟယ် ... ဘာဖြစ်လို့လဲ ချို ... တို့ရှက်လာပြီ"

"ဩော် ... ရုတ်တရက်မို့ပါ မမ၊ ဘာဖြေရမှန်းမသိလို့ စဉ်းစားနေတာ"

"အမြင်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောပါ ချို၊ ဒက်ဒီက သူနဲ့တို့ကို သဘောတူထားလို့ မေးတာပါ"

"အင်း"

ဦးနှောက်ထဲ အမြန်စဉ်းစားရပါ၏။ မုန်းတီးခါးသီးသည့်စိတ်ဖြင့် ပြောရင်တော့ အပျက်တွေချည်းသာ ထွက်လာတော့မှာပါ။ ဘယ်ဖြစ်ပါ့မလဲ။ အမှန်ပြောရင် ရှာပြင်ထွက်နေရသတဲ့။ ကိုယ့်အလုပ်ရှင်





ဖြစ်နေပါသည့် မမနှင်းကို အလိုလိုက် အကြိုက်ဆောင်ပြီး ပြောမှသာ အဆင်ပြေမှာ အမှန်ပါပဲ။

"ဘယ်လိုပြောရမလဲ၊ မမ၊ အသားအရေဖြူပြီး သူက ချည်းနုညှိုညှိုတယ်"

"ယောကျ်ားလေးဆို ညိုမှ ကြည့်ကောင်းတာဆို"

"အရပ်အမောင်းလည်း လိုက်ပါတယ်"

"ဒါပဲလား"

"ချိုတို့က စကားသုံးလေးခွန်းပဲ ပြောဖြစ်တာမို့"

"အသံကရော"

"အင်း ... အသံရော လူပါ ယောကျ်ားပီသပြီး ကြည့်ကောင်းတယ်ပဲ ဆိုပါတော့"

"ချို့ချစ်သူကရော"

ထင်မထားသည့် စကားကြောင့် အလန့်တကြား ဖြစ်သွားရပါ၏။ 'ချို့ ချစ်သူကရော' တဲ့။ ဆန့်ကျင်ဘက် အဖြေပဲထွက်တော့မှာပေါ့လေ။ မာနမထားတတ်သူ, အနေဲအေးသူ, သူတစ်ပါးအပေါ် စာနာနားလည်ပေးတတ်သူ ... အထူးသဖြင့် ကျွန်မအပေါ်မှာ အနှံ့ထားခံပြီး လိုက်လျောစွာကြင်နာသည့်သူ ဟူသည့် ကောင်းသတင်း ရုပ်ပုံတွေသာ ပြည့်နေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကသာ သူနှင့် ဘာမှမဆိုင်သည့် ပစ်ချက်တို့နှင့်သာ ရှိနေတာ မဟုတ်ပါလား။ Boss မမ၏အပြုံးက ကျွန်မစိတ်ကို မသက်မသာ ဖြစ်စေလေ၏။ အတိတ်ကို မတူးဆွချင်သည့် လျှို့ဝှက်ချက်ကို ဖုံးကွယ်သိုဝှက်ထားမှုက ဘယ်အချိန်ထိ တည်ရှိနေပါ့မလဲ။

“အင်း . . . မောင်က ကလေးအထူးကုဆိုတော့ ယော်ဂုဏ်ရော ကြင်နာစိတ်ပါ ပိုရှိတဲ့သူပါ။ ချို့ သိပ်မပြောတတ်ဘူး မမရဲ့၊ တစ်ယောက်တစ်မျိုးစီမို့လေ”

“မောင်တဲ့လား . . . ချို့ထက် ငယ်တယ်ပေါ့လေ”

“လပိုင်းလောက်ပဲ ကွာတာမျိုးပါ”

“ဪ”

“ချို့ သွားလို့ရပြီလား၊ မမ”

“Ok ချို့ . . . အဆင်ပြေအောင် လုပ်ပေးပါနော်”

“ဟုတ်!”

ကုမ္ပဏီရုံးသုံးကားအလတ်ပေါ် ပစ္စည်းတွေတင်ကာ ထွက်လာခဲ့ပါ၏။ သက်မကို ကျိတ်ရှိုက်လိုက်ပြီး စာရင်းတွေ တစ်ခါပြန်စစ်ကြည့်နေမိသည်။ လိုအပ်တာမရှိအောင် လုပ်ပေးရမှာ မဟုတ်လား။ တွေ့ဖို့ဆိုလည်း တွေ့ရုံပေါ့လေ။ ဘာဖြစ်လဲ။ မသိချင်ယောင်ဆောင်လို့မှ မရတာကို။ ခပ်စိမ်းစိမ်း ပြောရုံပဲပေါ့နော်။





ကားကို ခြံဝင်းထဲ ကွေ့ဝင်ကာ ပစ္စည်းတွေ အရင်ချနိုင်ရန်ပါ၏။ အိမ်ထဲသို့ ပစ္စည်းပုံးတွေ သယ်နိုင်ပြီး ကားကို ပြန်လွှတ်လိုက်ပါသည်။ အရင်ဆုံးဖွင့်သည့် ပုံးက ဧည့်ဆောင်အတွက်မို့ ဧည့်ခန်းမှာပင် မျက်နှာကြက်, နံရံ, ဆင်ဝင်စသည့်နေရာတို့မှာ မီးဆိုင်းတွေ၊ ပန်းဆွဲတွေ ဆင်ရန် ပြင်လိုက်ကြပါ၏။

“လျှာထားတဲ့အပေါက်နဲ့ ကွက်တိဖြစ်အောင် ကြိုးတပ်ပေးနော်၊ သားကို မပုံစေနဲ့ တည့်အောင်ကိုင်ထားလေ၊ စောင်းနေတယ်၊ နည်းနည်းပြန်ရွှေ့ . . . ဟုတ်ပြီ . . . ကျော်မြင့်ဦးရေ”

“ဗျာ! . . . မချို့”

“အဲဒီနံရံမှာ မီးအိမ်တဲဝတ်တာ ဒွါကြိုးမတပ်လိုက်နဲ့၊ လှေကားအောက်ကို စိုက်စိုက်လေး လုပ်ပေး”

“ဟုတ်ကဲ့”

အချိန်ဘယ်လောက်ကြာမှာလဲ။ အလွန်ဆုံးကြာ တစ်လပေါ့။ ဒီအိမ်မှ သူလာကြည့်မှာပါပဲ။ ဟိုလူညွှန်၊ ဒီလူပြောဖြစ် အလယ်ခန်းအောက်သို့ ပုံးတစ်ပုံးရွှေ့ကာ ပစ္စည်းဘယ်နှခုသုံးရမလဲ စဉ်းစားနေစဉ် အသံပြာလေးဝင်လာလေ၏။ ကြည့်စမ်း! ကုမ္ပဏီမှာ ရှိနေရမည့်လူက ဘယ်လိုဖြစ်ပြီး ဒီအချိန်ကြီး ရောက်ချလာတာပါလိမ့်။

“ချို့ရော”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ!"

"ရန့်ချို မပါလာဘူးလား"

"ပါပါတယ်ခင်ဗျ ... အလယ်ခန်းမှာပါ"

'ကျော်မြင့်ဦး'က Supervisor ပီပီ ကျွန်မရှိရာဆီ ညွှန်လိုက်လေပြီ။ အလုပ်လုပ်နေတာကို မစစ်ဆေးပါဘဲ ဘာလို့ လူကိုရှာနေရပါသလဲ။ အဝင်ဝဘက်ကို ကျောပေးလျက် ပုံးထဲမှ ပစ္စည်းတို့ကို တစ်ခုချင်း အပြင်မှာ စီနေလိုက်ပါသည်။ ရှောင်ချင်ပါသည်ဆိုမှ တမင်လာတွေ့ပါပြီကော။

"ချို"

အနောက်မှ သိုင်းဖက်လိုက်တာမို့ ရင်ထဲမှ ဒိတ်ခနဲ လန့်ပြီး ရုန်းလိုက်ပါ၏။ ခုက္ခပါပဲ။ ဒူးထောက်ထားသည့် အနေအထားမို့ ရုတ်တရက် ရုန်းထွက်လို့မရပါချေ။ ခပ်တင်းတင်း ဖက်ထားသည့် အနေအနေကြောင့် ဂျူနီယာဝန်ထမ်းတွေ တွေ့သွားရင်ဖြင့် ပြဿနာအကြီးအကျယ်ဖြစ်တော့မှာပါပဲလား။

"ရှင်နော် ... ဒါ ဘာလုပ်တာလဲ ... ဖယ်!"

"မကျေနပ်ရင် အော်လိုက်လေ"

"အလုပ်လာလုပ်တာရှင့်၊ ရှင်နဲ့ ပလူးပလဲလုပ်ချင်လို့လာတာမထင်နဲ့။ လူကြီးလူကောင်းဆို သိက္ခာရှိရှိနေတတ်မှပေါ့"





လက်တို့က ဆတ်ခနဲ ဖယ်သွားလေ၏။ ဒီလိုပဲ ဖြစ်ရမယ်လေ။ 'ရန့်ချို' က ရှင်တစ်ချက် နှုတ်လိုက်ရုံနဲ့ နူးအိပြီး ပါလာမယ့် ဟင်းနုနွယ်ရွက်မှ မဟုတ်တော့တာကို သိမှပေါ့။ သူက ကျွန်မရှေ့မှာ တည့်တည့်ရပ်လိုက်လေ၏။ လူက သတိအနေအထားဖြင့် ကြမ်းပေါ်ထိုင်ရာမှ မတ်တတ်ထရပ်လိုက်ရပါသည်။

"ဘယ်လိုပြောလိုက်တာလဲ ချို။ မတွေ့ရတဲ့ နှစ်နှစ်ကျော်ကာလကို ကိုယ် ဘယ်လိုဖြတ်သန်းခဲ့ရတယ် ထင်သလဲ"

"ကတ်တလောက်ထဲက ရှင်ရွေးထားတာ ဒီအလယ်ခန်းအတွက် မှန်တယ်မဟုတ်လား"

"စကားမလွှဲနဲ့ ချို။ ကိုယ် အလေးအနက် ပြောနေတာပါ"

"လေးတာတွေ နက်တာတွေ ကျွန်မ စိတ်မဝင်စားဘူး။ ကျွန်မအလုပ်ချိန်ကို ကျေးဇူးပြု၍ မနှောင့်ယှက်ပါနဲ့"

"ဒါဖြင့် phone နံပါတ်အသစ်နဲ့ Off ရက်ပြောပါ ချို"

တွေ့လား ... ဘယ်တော့မဆို သူ့ဘက်ကိုပဲ တွေးတတ်ပြီး သူများဘက်ကို မတွေးပေးတာလေ။ အဲဒါတွေကြောင့် ရှင့်ကို မုန်းတာပါ 'ကိုမင်းနန္ဒ'။ ရှင့်ရဲ့နဂိုဗီဇက ဘယ်တော့မှ ပြောင်းလဲပါ့မလဲ။ ဒီလို တစ်ဖက်စောင်းနင်း အပြောတွေနဲ့ပဲ 'ဒီဇင်ဘာနှင်း' ကို ဆက်ခံသတဲ့လား။ ဘယ်တူပါ့မလဲနော်။ ကျွန်မက အညာတရမိန်းကလေးဖြစ်

www.burmeseclassic.com



ပြီး ဟိုက တော်ဝင်နှင်းဆီပွင့်လေးပါလေ။

"မပေးနိုင်ဘူး ... ရှင်နဲ့ ဒီလောက်ထိ ရင်းနှီးစရာမှ မရှိတာ"

"ချို!"

"ဒီကို ရှင်လာတာ ကျွန်မကို နှောင့်ယှက်ရုံသက်သက်ပဲ လား။ ကျွန်မ လုပ်ငန်းလုပ်နေတာကို စစ်ဆေးဖို့ မဟုတ်ဘူးလား"

"ပြေပြေလည်လည်ပြောရင် ကိုယ်အတင်းအကျပ် လုပ်ပါ့ မလား"

"ပြေပြေလည်လည် ပြောရအောင် ကျွန်မတို့က ပတ်သက် ဆက်နွယ်နေတာမှ မဟုတ်ဘဲ၊ စောစောကလို အပြုအမူမျိုးကို မမှန်း သိသွားရင် ဘယ်လိုရှင်းပြမှာလဲ"

"I don't care"

"ရှင် ဂရုမစိုက်ပေမယ့် ကျွန်မက ဂရုစိုက်ဖို့ လိုတယ်ရှင့် Boss နဲ့ မျက်နှာပျက်ရမယ့်ကိစ္စမျိုးဖြစ်ခဲ့ရင် ကျွန်မရဲ့အနာဂတ် ဘယ်လောက်ထိနိုက်သွားမလဲ၊ စာနာစိတ်ရှိသင့်တာပေါ့"

သူ၏ရှုးရှုးအကြည့်က ကျွန်မထံ ရောက်လာလေ၏။ မျက်မှောင်ကိုပါ ကျုံ့ထားတာမို့ အတော်လေး ဒေါသဖြစ်နေပြီမှန်း ခန့်မှန်းမိပါသည်။ မှန်တာပြောတော့ ခံရခက်နေပြီပေါ့။ သက်ဆိုင်သူ ရှိနေပါလျက် လူကို ဤသို့မြူမှုတာတော့ လွန်နေတာ အမှန်ပင်။





"မင်းက ကိုယ်နဲ့နှင်းကို ဘယ်လိုမြင်နေလို့လဲ"

"ဒါတော့ ရှင်ကိုယ်တိုင် သိမှာပေါ့ ... မေးစရာလား"

"အထင်မှားပြန်ပြီလား ချို၊ နှင်းနဲ့ကိုယ် ဘာမှမပတ်သက် ဘူး"

"အဲဒါ ရှင့်ကဏ္ဍလေ၊ ကျွန်မနဲ့မှ မဆိုင်တာ"

"ချို!"

လက်မောင်းကို ကိုင်ရန် ရွယ်လိုက်စဉ် ကျွန်မက နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ရပါ၏။ ရင်နှင့်နှင့် အလွမ်းတွေက ဖြည်ချပြ ရအောင် အနေအထားမျိုးက ဝေးကွာနေခဲ့ပြီလေ။ သူက ရှေ့ကို ဆက်တိုးလာသဖြင့် မျက်စိမှိတ်ကာ အမြန်ပြောလိုက်ရလေတော့သည်။

'မောင်' စိတ်မပူပါစေနှင့် ...

"ကျွန်မမှာ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့သူ ရှိနေပြီ"

"ဘာ!"

ရင်ထိတ်စွာဖြင့် အော်သံက သိပ်ကြီး တုန်ယင်မနေပါချေ။ ဘာပဲဖြစ်ဖြစ် သူ့အခြေစိုက် ရပ်သွားတာတော့ အမှန်ပါပဲ။ တော်ပါသေး ရဲ့ 'ရန်ချို'။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

“တောက်!”

တက်ခေါက်သံ ခပ်ပြင်းပြင်းကြောင့် ‘မှုံ’ရော ‘ရဲရင့်’ ဓါ
လန့်သွားကြလေ၏။ သူ့တိုက်ခန်းကို ‘မှုံ’ တို့ကို လက်ဖွဲ့ရန် ချည်နှောင်
ထားတာမို့ ဒီနေ့ ချိန်းထားမိကတည်းက ရင်ထဲမှာ မုန်တိုင်းမွှေနေရတယ်ထို့
ရက်စက်ပါ့ ‘ချို’။ မင်းမို့ လုပ်ရက်တယ်ကွာ။

“စိတ်ရှည်ရှည်ထားပါ နန္ဒရာ”

“ငါမေးတာကိုသာ ဖြေစမ်းပါကွာ”

“သူပြောတာ အမှန်ပဲ”





“ဘာ!”

“ဟုတ်တယ် နန္ဒ . . . ချို အမှန်ပဲပြောတာ”

“သူနဲ့ကြိုက်တာ ဘယ်သူတဲ့လဲ၊ ဘယ်က ကောင်လဲ၊
ဘာလုပ်တဲ့လူမို့ ချို့စိတ်ကို ဆွဲခေါင်သွားနိုင်တာလဲ”

မေးခွန်းတို့က တရစပ် ထွက်လာလေ၏။ ဘာမဆိုင် ညာ
ဆိုင်ဖြင့် ‘မှုံ’တို့ကို အဖျားခတ်မိတာတော့ အားနာမိပါ၏။ သို့သော်
. . . ဒီလောက်သုံးနှစ်နီးပါးကာလမှာ သူတောင် အချစ်သစ်ထပ်မရှာ
ဘဲ နေဖြစ်တာလေ။ ဘယ်လိုဖြစ်ပြီး သူ၏ချိုက အချစ်သစ်နှင့် နောက်
ထပ်ချစ်တင်းနှော ဖြစ်ရတာပါလဲ။ ရင်နာစရာပါပဲလား ‘ချို’။

“မှုံ”

“မပြောချင်လို့ တမင်ဖုံးထားတာမျိုး မဟုတ်ပါဘူး နန္ဒရယ်၊
ညီထွေးရုံကို အဖြေပေးလိုက်တာ (၆) လလောက်ပဲ ရှိသေးတယ်”

“နင်က မတားဘူးလား၊ နည်းနည်းပါးပါး ပြောသင့်တာပေါ့
မှုံ”

“မတားဖြစ်ဘူး . . . တားဖို့လည်း မလိုဘူးလို့ ယူဆထား
ထို့ပါ”

“ဘာ”

“မင်းအတွက်နဲ့ ချို တော်တော်ကြာကြာ ခံစားခဲ့ရတာပါ



www.burmeseclassic.com

www.burmeseclassic.com



နန္ဒ အလူးအလိမ့်နဲ့ ဒဏ်ရာကို ကျိတ်ခံခဲ့ရတာကွ၊ သူ့ကို သနားလွန်းလို့ ငါတို့ လက်ထပ်ဖို့ကိစ္စကို ဒီလောက်အဝေးကြီးကို ရွှေ့ခဲ့ရတာပဲ ကြည့်တော့"

မတားဘူးတဲ့လား။ တားဖို့မလိုဘူး ယူဆသတဲ့လေ။ သူငယ်ချင်းတွေတောင် သူ့ဘက်မှာ မရှိတော့ပါလား။ ချစ်သူက စွန့်ခွာသွားသော်ငြား ဘာပဲဖြစ်ဖြစ် သူ့ဘက်ကို 'ရဲရင့်' နှင့် 'မှံ' တော့ နားလည်ပေးနိုင်မည်ဟု မျှော်လင့်ထားတာလေ။ ဖှနောက်ကျသွားပြီလား။ ဟင့်အင်း! ... မဖြစ်နိုင်ဘူး။ 'မင်းနန္ဒ'ရဲ့ဘဝမှာ နောက်ကောက်ကျခြင်းဆိုတာ ရှိရိုးထုံးစံမှ မဟုတ်တာပဲ။

"ဒေါက်တာ ညီထွန်းသာကို ရွေးချယ်ဖို့ မှံကိုယ်တိုင် တိုက်တွန်းခဲ့တာပဲ"

"ဒေါက်တာ ညီထွန်းသာ"

"ဟုတ်တယ်"

"ဘယ်ကနေ ဘယ်လို တွေ့ခဲ့တာလဲ၊ ဒီလောက် အချိန်တိုလေးနဲ့ ချိုက အလွယ်တကူပါသွားစရာအကြောင်းမှမရှိတာ၊ လုံးဝမဖြစ်နိုင်တာကြီး"

"အဲဒါတွေကြောင့် နင်နဲ့ချို မဖြစ်တာပဲ"

"ဘာပြောတယ်"





"ချိတ်ချိတ်ချင်းမို့ ချိတ်မိတာပေါ့ နန္ဒ၊ နင်ပစ်သွားတဲ့ ဒဏ်ရာနဲ့ ကောင်မလေးရဲ့စိတ်ကို စာနာမပေးနိုင်ဘူးလား"

"ဘယ်လို! ငါက ပစ်သွားတာ"

"မှန်တယ်လေ"

"မှားတယ် ... မှားတာမှ အကြီးကြီး။ ချိုကသာ ငါ့ကို အကြောင်းပြချက်မဲ့ ပစ်သွားခဲ့တာပါ မှံ။ သူ့ရိုက်ခဲ့တဲ့ ဒဏ်ရာက ပါးပေါ်မှာပဲ နာရတာ မဟုတ်ဘူး၊ ဟောဒီ ရင်ဘတ်ကြီးထဲမှာ သေရာပါ ကျန်ခဲ့ရတာကွ"

ရင်ဘတ်ကို တဖုန်းဖုန်း ထုပြလိုက်မိပါ၏။ ကာယကံရှင်လောက် ဘယ်သူက နားလည်မှာတဲ့လဲ။ သုံးနှစ်ပဲလား 'ချို'။ သုံးနှစ်ပြည့်အောင်တောင် မစောင့်နိုင်ဘဲ သူမဟုတ်တဲ့ တခြားတစ်ယောက်ကို အတ်ခနဲ ခေါင်းညိတ်လိုက်ရပါသလား။ ဒီလောက်အထိ မင်းက အညှာခွယ်ရတယ်လို့၊ ကိုယ့်တုန်းကဆို မင်းဆီက အဖြေပြန်ရဖို့ အဘယ်မျှကြိုးစားခဲ့ရပါသလဲ။ မတဲရားသဖြင့်ပါပဲလား ချိုရယ်။

"ဒါက နင်တို့နှစ်ယောက်ကြားက ကိစ္စလေ၊ မှံတို့မှ မသိတာ၊ ချိုအပေါ်မှာ နင် သံစွာမရှိဘူးဆိုပြီး ရင်ကွဲမတတ် ငိုခဲ့တဲ့နေ့ကို ခုချိန်ထိ မြင်ယောင်နေမိတုန်းပါ။ မှံပြောခဲ့ဖူးပါတယ် နန္ဒ၊ ချိုဟာ ဘယ်တော့မှ လူရှေ့သူရှေ့မှာ မျက်ရည်ကျတတ်လေ့ရှိတဲ့ ကလေးမျိုးမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကြောင့် နင့်အတွက်နဲ့ မှုံညိုမ အသည်းကွဲခဲ့ရတာ တစ်သက်တာပဲ နောင်တဆိုတာ တစ်ကြိမ်တစ်ခါပဲ ရသင့်တဲ့အရာမျိုးပါ နန္ဒ။ သူ့ဘဝ သူ့လမ်းကို သူ့စိတ်တိုင်းကျ လျှောက်ပါစေတော့လား"

နောင်တတဲ့လား။ ဒါဖြင့် ကိုယ်ဆိုတဲ့ကောင်ကရော နောင်တ မရဘူးလို့ မင်းထင်နေပါသလား ချို။ နောင်တတွေ တစ်သီကြီး ရခဲ့ တာ အမှန်ပါ။ ဖြေရှင်းချင်ပေမယ့် ဖြေရှင်းခွင့်မရခဲ့တာ၊ ဖွင့်ရှင်း မစောင့်မိဘဲ အဝေးကို လွင့်ခဲ့မိတာ။ အဆက်အသွယ်လုပ်ဖို့ မကြိုး စားပါဘဲ အလုပ်တွေသာ ဖိလုပ်ခဲ့တာ။ ချစ်သူထံ မြန်မြန်ပြန်ချင်းကပ် ဖို့ မစဉ်းစားပါဘဲ တမင်မျက်ကွယ်ပြုထားတာတို့က အရှိန်ပြင်းသည့် ဒုံးကျည်နှယ် သူ့ထံ ရောက်လာတော့တာလေ။

"ငါ ခွင့်မပြုနိုင်ဘူး"

"နန္ဒ"

"သူ အထင်လွဲသွားခဲ့တာကိုတောင်မှ ဖြေရှင်းဖို့ အခွင့်မပေး ခဲ့တာ"

"အဲဒါဆိုလည်း ယောကျ်ားလေးအချင်းချင်း ရင်ဖွင့်ရမှာပေါ့"

"ငါ့မှာလည်း မာနနဲ့ပါ ရဲရင့်"

"အေး . . . အဲဒီမာနကို မဟုတ်တဲ့နေရာမှာ ထားမိလို့ ဒီ အခုလို ဖြစ်လာရတာ မမြင်ဘူးလား။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်





တတ်မှပေါ့"

"ငါမှ မမှားတာ"

"မင်းကိုယ်မင်း လိပ်ပြာလုံရုံနဲ့ မရဘူးလေ"

"သူ ဒီလောက် သဘောထားသေးလိမ့်မယ်လို့မှ ထင်မထား ဘာကိုး"

"နင်ပြောနေတာ မှုံညိုမနော်၊ နင့်ထက် အငယ်ဆိုတာလည်း ထည့်တွက်ထားဦး။ ချို့စိတ်ကို နင်အသိဆုံးပဲ၊ ဒီလောက် အပြစ်တင် နေမှတော့ လမ်းခွဲခဲ့တာ မှန်ကန်တာပဲဟာ"

"မှုံ!"

"မာနချင်းပြိုင်လို့သာ ဘာအကျိုးထူးမှာလဲ နန္ဒ။ မင်းတို့သာ ထက်ပိုပြီး ပွင့်လင်းခဲ့ရင် ဒီလိုဖြစ်စရာအကြောင်း ဘာမှမရှိဘူး"

သူမျက်နှာကိုအုပ်လျက် ခေါင်းကို ငုံ့ထားလိုက်ပါ၏။ အပြစ် တွေက သူ့အပေါ်မှာပဲ ပုံချကြတယ်လို့ . . . ဘယ်လိုလဲ ချို၊ တကယ် ဆိုရင် သူ့ဘက် ကိုယ့်ဘက်ကို မျှတစွာနဲ့ ချွေးနွေးပြီး နားလည်မှု ပေးမှာပါ။ အခုတော့ဖြင့် အပြစ်တွေက သူ့ဆီမှာပဲ ရှိရမှာလား။

စိတ်ဆိုးစိတ်ကောက်တိုင်း ချော့ဖို့အတွက်က သူ အဆင်သင့် ပါ။ သို့သော် ရှာကြံအပြစ်ရှာသည့်အကျင့်က သဘောထားသေးသိမ် သူမနှစ်သက်ပါလေ။ မျက်လုံးစိမ်းတို့ဖြင့် ကြည့်ပြီး ဘာမပြော၊



www.burmeseclassic.com

www.burmeseclassic.com



ညာမပြောဖြင့် ပါးကိုရိုက်ချခဲ့တာ ဘယ်သူလဲ။ မုန်းတယ်လို့ ပက်ပက်စက်စက်ပြောရအောင် အပြစ်ကြီးကြီးမားမားမှ သူ မလုပ်ခဲ့တာလေ။

"သူကရော ပွင့်လင်းခဲ့လို့လား။ တကယ်ဆို အကြောင်းမှ ချက်တော့ ရှင်းရှင်းလင်းလင်း ပြောခဲ့သင့်ပါတယ်"

"အဲဒါ အခုမှ ဘာလုပ်လို့ရမှာလဲ၊ နင်သာ မပြောမဆိုနဲ့ ပျောက်သွားတာ"

"ငါ ပြောပြီးပြီလေ ... ငါ မမှားဘူးလို့"

"ဒါဖြင့် မှုံညီမကပဲ မှားတယ်ပေါ့လေ"

"မှားတာပေါ့ ... အခုတောင် နောက်တစ်မျက်နှာ ပြောင်းရဲတာပဲ ကြည့်"

"ဘာ"

"နန္ဒ"

"ငါ့ကို ချစ်ပါတယ်လို့ ပြောခဲ့တဲ့ မိန်းကလေးက ဒီလိုလွယ် လွယ်နဲ့ ရင်ခွင်ပြောင်းတတ်တာ မင်းသိပေါ့ မှုံ မျက်နှာပြောင်းရဲတယ် လို့"

"ဟာ! ... နန္ဒ"

"မြန်ကြစို့ ကို၊ သူ ရန်တွေ့တာကို ထိုင်နားထောင်ပြီး အ မဖြုန်းနိုင်ဘူး။ ဒီလောက်နဲ့ တော်သင့်ပြီ"





"နေပါဦး မှုံရယ် ... ပြီးအောင် ပြောပါစေဦး"

ဆက်တီမှ ဖျတ်ခနဲ ထရပ်လိုက်ပါသည့် 'မှုံ့'လက်ကို 'ရဲရင့်' က ဆွဲထားပြီး တားလိုက်လေ၏။ ဒီလောက် နှစ်အကြာကြီး ပေါင်းချုံကြပါသည့် သူငယ်ချင်းတွေတောင် သူ့အချစ်ရေးကိစ္စကြောင့် သွေးကွဲကုန်ပါရောလား။ မင်းကတော့ အချစ်သစ်နဲ့ ပျော်နေပြီး သူ့မှာဖြင့် အလွမ်းဒဏ်ရာတွေနဲ့ နှစ်နေရတယ်လို့။ မတရားသဖြင့်ပါပဲလား 'ရန့်ချို'။

"ငါတို့ကို ဒီခေါ်တာ ဘာကိစ္စက အဓိကလဲဆိုတာကိုသာ ပြောပါ နန္ဒ"

"အမှန်က တိုက်ခန်းကို လက်ဖွဲ့ပေးဖို့ ရည်ရွယ်ပြီး ခေါ် လိုက်တာပါ။ ဒါပေမဲ့ ... ရုတ်တရက် ငါ့ရင်ထဲ မုန်တိုင်းထန်သွားရလို့ အခုလို ဖြစ်ကုန်တာ"

"မှုံ လက်မခံဘူး"

"ဘာရယ်"

"လက်မခံသင့်ဘူးလို့ ယူဆလို့ပဲ၊ အကျိုးလိုလို့ ချောင်းရေ လောင်းချင်ရင် ပွင့်ပွင့်လင်းလင်းပြောပါ နန္ဒ"

"ဘယ်လိုဖြစ်ရတာလဲ ... ငါ့ဘက်က အရိုးသားဆုံး အ ဝင်ဆုံးနဲ့ လက်ဖွဲ့ပေးတာပါ မှုံ၊ အထင်မလွဲပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ချိုပြောတဲ့စကားကိုပဲ မှုံ ပြောမယ်, နန္ဒ"

"ဘာလဲ"

"တန်ဖိုးကြီးတာကို ယူမိရင် အဲဒီတန်ဖိုးနဲ့ညီမျှတဲ့ အရင်း အနှီးအကြီးကြီးနဲ့ ပေးဆပ်ရတယ်တဲ့"

"ဘာ"

"မှုံညီမကို လက်လွှတ်ပေးလိုက်ပါတော့"

"ငါ မမေ့နိုင်သေးဘူး။ ဒီလိုပဲ သူလည်း မေ့နိုင်လိမ့်မယ် မထင်ဘူး မှုံ။ ငါနဲ့ရှို ချစ်ခဲ့တာ အပေါ်ယံပါးပါးလေးမှ မဟုတ်တာ"

"မှန်တယ်လေ ... အဲဒီလို ပါးပါးလေးမဟုတ်ခဲ့လို့ မှုံညီမ အထူကြီး ခံစားခဲ့ရတာပေါ့၊ အရှုယ်နဲ့မမျှအောင် သေလုမျောပါး ဖြစ်ခဲ့ရတာကို နင် တွေးခဲ့ဖူးရဲ့လား"

"ဒါဖြင့် ငါကရော ... ဘာဆိုဘာမှလုပ်လို့မရအောင် တေ လေပေလွှင့်ခဲ့ရလို့ စိတ်ကို မနည်းထိန်းချုပ်ခဲ့ရတာပါ မှုံရဲ့"

"ငါတော့ ကြားထဲကနေ သေလိုက်ချင်တော့တာပဲ၊ ဖြည်း ဖြည်း ပြောကြပါလားကွာ"

ရဲရင့်က အနေခက်စွာဖြင့် ဝင်ပြောလေ၏။ ပေါက်ကွဲတယ် ဆိုတာ 'ယမ်း' ဆိုသည့် ပြဿနာနှင့် 'မီး'ဆိုသည့် တိုက်တွန်းသူရှိ မှသာ ဖြစ်ရိုးထုံးစံရှိတာပါ။ ဒီအတိုင်း တအုံ့နွေးနွေးဖြစ်လာသည့်





ခံစားမှုမှန်သမျှကို 'မှုံ'တို့ရေ့ မရှက်နိုင် အားမနာနိုင်ဘဲ ဖွင့်အံချမိတာ မဟုတ်ပါလား။ ကျေးဇူးပြု၍ သူ့ရင်ကို မြင်စေချင်, တနာစေချင်ပါရဲ့။

"နင့်ဘက်ကစပြီး သစ္စာမဲ့ခဲ့တာကို မမေ့ပါနဲ့ နန္ဒ၊ ချိုက အကြောင်းမဲ့ နင့်ကို လမ်းခွဲခဲ့တာ မဟုတ်ဘူး"

"ဘာ ... သစ္စာမဲ့တာ"

"ဟုတ်တယ်"

"ပြောစမ်းပါဦး ... ငါက ဘယ်သူနဲ့ ဘယ်လိုဖောက်ပြန်ခဲ့ လို့ သစ္စာမဲ့တယ် စွပ်စွဲရတာလဲ၊ ငါ့ဘဝတစ်လျှောက် အပျော်တွဲခဲ့ သမျှ မိန်းကလေးတွေအားလုံးကို ချိုနဲ့ စချစ်ချိန်ကတည်းက အကုန် အပြီးအပြတ် ဖျက်ခဲ့ပြီးပြီ မှုံ။ ဘာတစ်ခုတလေမှ တစ်မျှင်တစ်စလေး တောင် မရှိအောင် ရှင်းလင်းခဲ့တာ အရှင်းကြီးပဲ"

"ဒါက နင့်ဘက်က အတွေးလေ၊ သူ့ဘက်က အမြင်ကို လည်း ထည့်တွက်ဦးမှပေါ့၊ နင့်ကားပေါ်မှာ မိန်းမတစ်ယောက်နဲ့ ရယ် ရယ်မောမော တွေ့ခဲ့တဲ့နေ့ကို မှတ်မိသေးပါရဲ့လား"

"ဘာရယ်"

"အဲဒီနေ့က မှုံရော ချိုပါ မျက်ရည်မဆည်နိုင်ခဲ့ဘူး မှုံတို့ ညီအစ်မရဲ့အားကိုးရာဖြစ်တဲ့ အန်တီလေးကို ရိပ်သာဝင်ခွင့် တစ်ခေါက် တာ လောကုတ္တရာကူးခွင့် ပေးလိုက်ရတဲ့နေ့တစ်နေ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ အံ့ဩသွားရပါ၏။ ဒါဖြင့် အဲဒီနေ့က အဲဒီနေ့က သူ့ရဲ့ 'မေစံပယ်' တို့ ရှိခဲ့တဲ့အချိန်ပေါ့လေ။ တိုက်ဆိုင်မှုဆိုတာက ဤမျှအထိ ထိချက်ဖြစ်ရပါသလား။ တခြားရက်၊ တခြားအချိန်မျိုး မဟုတ်ပါဘဲ အန်တီလေး၏တူမတွေနှင့် နှုတ်ဆက်သည့်ရက်မှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ခဲ့ရတယ်လို့။ အဲဒီနေ့က ဘာဖြစ်ခဲ့တယ်ဆိုတာ သူပဲ သိခဲ့တာလေ။

"သူငယ်ချင်းမိန်းကလေးနဲ့ အတူတွဲတွေ့လိုက်တာနဲ့ ဖျတ်ဖျတ်လူးရအောင် မှုံ့ညီမက သဘောထားနေရသလား"

"အချစ်ကြီးလို့ အမျက်ကြီးခဲ့တာပါ နန္ဒ၊ နင့်ရင်ဘတ်ပေါ် လက်တင်ပြီး ပြန်စဉ်းစားကြည့်လိုက်ပါ၊ နင်နဲ့အဲဒီတစ်ယောက် သာမန်တွဲသွားရုံသာဆိုရင် ချိုက ဒီလောက်အထိ ရင်နာပြီး ရင်ကွဲစရာ မဖြစ်နိုင်ပါဘူး"

"ဘာ"

"ဒီထက်ပိုတဲ့ အခြေအနေမျိုးရှိခဲ့လို့"

"မဟုတ်ဘူး! ... လုံးဝမဟုတ်ဘူး"

"ဒါတော့ နင့်အပိုင်းပဲလေ၊ မှုံ့မှာ ဘာမှဆက်ပြောစရာ မကျန်တော့ဘူး ... ပြီးပြီ"

'မှုံ့' ထရပ်ပြီမို့ ရဲရင့်ပါ ထလိုက်လေတော့၏။ သူ့လက်မောင်းကို အားပေးသည့်နှယ် ခပ်သာသာပုတ်လိုက်စဉ် ပါးပြင်တက် မျက်ရည်က ပေါက်ခနဲ စီးကျသွားလေ၏။ အထင်လွဲခဲ့တာကို ရှင်းပြခွင့်တော့ ပေးခဲ့သင့်တာပေါ့ ချိုရယ်။

"ချိုကို ရင်နဲ့ရင်းပြီး ငါ ချစ်ခဲ့တာပါ"

"..."

"ညီထွဋ်သာနဲ့ ငါတွေ့ဖို့ ကိစ္စရှိနေပြီ"

"နန္ဒ ... မင်း"

"ငါချစ်သူကို ငါ့ရင်ထဲက ခွဲထုတ်သွားမှာကို လိုက်ပိုက်ကြည့်မနေနိုင်ဘူး။ အေး! ... လုလို့ရသွားတယ်ဆိုရင်တောင်မှ ငါသေမှပဲ ဖြစ်လိမ့်မယ်"

"ဟာ!"

"ချိုကို ငါပဲ ပိုင်တယ်၊ ချို့နှလုံးသားကို ငါပဲ အပိုင်ရထားတာပါကွာ"

'ရဲရင့်' က သူ့ပခုံးကို ခပ်တင်းတင်းဖက်ပေးထားလေ၏။ ပြောတော့ဖြင့် ယောက်ျားဆိုတာ မျက်ရည်မကျဘူးဆို။ ကျတော့ ဘာဖြစ်လဲ။ ဘယ်သူက တရားစွဲမှာမို့လဲ 'ရန်ချို'။

❋ ❋ ❋







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကားကို Hotel ဝင်းထဲသို့ ကွေ့ဝင်လိုက်ပါ၏။ ကားပတ်လမ်းကို မောင်းဝင်လိုက်ပြီး ကားပါကင်နေရာမှ ဝင်လိုက်စဉ် သူ့ကားနောက်မှ ပါလာသည့် ကားပါ ဘေးမှာယှဉ်ရပ်လိုက်လေသည်။ ကားတံခါးကို ဖွင့်၍ ဆင်းလိုက်စဉ် ကုန်းမြင့်ထက်၏လှေကားထစ်တွေမှ အဖြူရောင် အရိပ်ကို ဖျတ်ခနဲ မြင်လိုက်ရပါ၏။

အလို! မိုးထက်က နတ်သမီးတစ်ပါး ဘုံကြီးမြွတ်ပြီး ကျလာလေသလား။ ဂါဝန်ဖြူလွှလွှလေးကို ကြိုးသိုင်းဖိနပ်အမြင့်ဖြင့် တွဲဝတ်ထားပါသည့် မိန်းကလေးက ညနေဆည်းဆာအောက်မှာ အလှတိုးပြီး





အလင်းဖြာ နေသလိုပါလေ။ ရင်တွင်းမှ နှလုံးသား၏အချက်ပြသံက စည်းချက် မြန်ဆန်လာလေ၏။

ချစ်သူ ...
သတိရလွမ်းဆွတ်ခြင်းတွေနဲ့
တွံ့ပြန်ဆုံစဉ်ခဏ
ဒီရင်ဘတ်ထဲမှာ
ရင်ခုန်သံစည်းချက်မြန်ပြီး
အချစ်တွေ တိုးပွားနေတုန်းပါပဲ, ...

ဘုရားရေ! လှစ်ခနဲ ပြုံးလိုက်ပါသည့် အပြုံးက သက်ဝင်လောက်ပါလွန်းလေ၏။ ချိုက ... ချိုက သူ့ကို ပြုံးပြသတဲ့လား။ ဒီအပြုံးနုနုကို မျှော်လင့်တကြီးဖြင့် မြင်တွေ့ခွင့်တွေက ဘယ်လောက်များ ရှည်ကြာခဲ့ပါသလဲ။ လှေကားထစ်တို့ကို ဖြည်းဖြည်းချင်း ဆင်းလာနေပါသည့် သူမထံသို့ သူ ခြေလှမ်းလိုက်မိလေ၏။

"မောင်"

မြတ်စွာဘုရား! 'မောင်' တဲ့။ ခေါ်သံသဲ့သဲ့က သူ့ခြေလှမ်းတို့ကို တုံ့ခနဲ ရပ်သွားစေပါ၏။ ဘယ်သူ့ကိုများ ဤသို့ခေါ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သနည်း။ အံ့ဩမှင်တက်စွာဖြင့် သူ ငေးနေစဉ်မှာပင် သူ့အနီးမှ လူငယ်တစ်ယောက်က ဖြတ်လျှောက်သွားလေသည်။ ဒါဖြင့် … ဒီလူက ညီထွဋ်သာဆိုတဲ့ကောင်ပေါ့လေ။

"စောင့်နေတာ ကြာပြီလား၊ ချို"

"အင်းပေါ့"

'ညီ'လက်မောင်းကို တမင်ပင် ကျွန်မ ဆုပ်ကိုင်၍ မှီလိုက်မိပါ၏။ ကျွန်မနှင့် မလှမ်းမကမ်းမှာ လာနေပါသည့် သူ့ကို မြင်လိုက်ရလို့ပါပဲ။ မယုံဘူးဆိုရင် ကြည့်ထားပါ 'ကိုမင်းနန္ဒ'။ 'ရန့်ချို'မှာ ပိုင်ရှင်ရှိနေပြီဆိုသည့် သဘောနှင့်ပါ။ 'ညီ'က သဘောကျသည့်နှယ် ခပ်တိုးတိုးရယ်လိုက်လေသည်။

"အဲဒီလောက် လွမ်းတတ်နေပြီလား"

"အင်း"

"ဒါဆိုလည်း မမတို့ကို အားကျပြီး လက်ထပ်ကြစို့လေ မကောင်းဘူးလား"

"ဖြည်းဖြည်းပေါ့ မောင်ရဲ့"

"ဒါနဲ့ပဲ (၃၀) ပြည့်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"ရင့်အိုသွားရင် မောင် မချစ်ချင်တော့ဘူးမို့လေ"

"အမယ်လေးနော် … ပြောတတ်လိုက်ပုံ။ ဆံဖြူသွားတဲ့





ပါးရေတွန့်တဲ့အထိ အချစ်တွေ အတိုးချပြီး ချစ်နေမယ့်သူပါဗျာ"

ခပ်တိုးတိုးရယ်လိုက်ပါသည့် စုံတွဲလေးကြောင့် သူ အံကို ထင်းထင်းကျိတ်ထားလိုက်မိပါ၏။ Wedding မသွားဖြစ်တဲ့ Dinner ပွဲလာဖြစ်ကာမှ မှားပါပေါ့လား။ သူမပုံစံက သူမ မခံချိမခံသာဖြစ်စေရန် အမင်ရည်ရွယ်ပြီး လုပ်ပြနေသည့်နှယ်ပါ။ မင်းတော့ မီးမွှေးပြန်ပါရောလား 'ရန့်ချို'။

"တောက်!"

"ဟော! ဒေါ်သကျွန်မှာရ ရောက်လာပါပေါ့လား။ မတွေ့ရတာ ကြာပြီကော၊ မင်းနန္ဒ"

"ဪ … စံပယ်"

"Wedding မှာ မတွေ့လို့ မရှိဘူးထင်နေတာ"

"ပြန်ရောက်တာ သိပ်မကြာသေးဘူး"

"ဘယ်မှာဝင်နေပြီလဲ"

"December"

"တယ်ဟုတ်ပါလား … ဒါဖြင့် Snow နဲ့ တွေ့ဖူးပြီးပြီပေါ့လေ"

"အင်း … ရင်းနှီးသင့်သလောက် ဆိုပါတော့"

"ပိုင်းတွေ ပြည့်နေပြီ၊ ဟော! အတော်ပဲ … ဝို့ cousin



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ အတူထိုင်ရအောင်"

Hotel အဝင်ဝမှာ ဆုံလိုက်ရပါသည့် သူငယ်ချင်းက 'မေစံပယ်' ပါပဲ။ လသာဆောင်ခန်းမထဲမှာ ငှားပြီး စီစဉ်ထားတာမို့ အပေါ်ထပ်သို့ တက်ခဲ့ရလေ၏။ လူဦးရေကန့်သတ်ပြီး ဖိတ်ထားသဖြင့် စားပွဲဝိုင်းတွေမှာ လူပြည့်နေသဖြင့် 'စံပယ်' ခွဲခေါ်ရာဆီ သူ လိုက်လာခဲ့ရလေသည်။

အလို! 'စံပယ့်' Cousin ဆိုတာ 'ညီထွန်းသာ' ဖြစ်နေပါရောလား။

"ဒီမှာထိုင်လို့ရပါတယ်နော်"

"ဟာ! မမလာတယ်"

"ဒါပေါ့ ... သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေရဲ့ Dinner ပဲ၊ မလာလို့ ဘယ်ဖြစ်ပါ့မလဲ၊ နင်ကရော"

"ဟင်းဟင်း ... အမျိုးတော်ရမယ့်ပွဲမို့ပါ"

"ဘယ်လို"

"ကိုဦးကွယ်ရာမှာ တခြားလူနဲ့ တွဲတဲ့သတင်းကို ပို့ပေးရမလား"

"နင်နော် ... ဒါနဲ့ သူလေးက ဘယ်သူလဲ"

"ဒါလား ... ကျွန်တော့်အသက်"





"နားကြားပြင်းကတ်လိုက်တာဟယ်"

မျက်စိရှေ့တည့်တည့်မှာ ဝင်ထိုင်လိုက်ပါသည့် စုံတွဲကြောင့် ကျွန်မ အတော်စိတ်အိုက်သွားရပါ၏။ 'ညီ'အစ်မဝမ်းကွဲတဲ့လား။ မြင်ဖူးသလိုရှိသည်ဟု ထင်နေကာမှ သူ့လက်မောင်းကို မှတ်လိုက်၊ ရယ်ရယ်မောမောဖြင့် စကားပြောလိုက်လုပ်နေသည့် အမျိုးသမီးကြောင့် ဦးနှောက်ကို အလုပ်ပေးလိုက်ရလေသည်။

ကြည့်စမ်း! ... ဒါ လွန်ခဲ့သည့် (၃) နှစ်ကျော်က သူနှင့် တော်သက်ခဲ့ဖူးသည့် မိန်းမဖြစ်နေပါရောလား။ တိုက်ဆိုင်ရတယ်လို့ နော်။

"မိတ်ဆက်ပေးမယ်လေ ... ရှီး ဒါ မောင့်အစ်မဝမ်းကွဲ တော်တယ် ... 'မေစံပယ်' တဲ့၊ B.E နဲ့ ဘွဲ့ရထားတာ၊ တိုက်ဆောက် ဆောက်တော့ မသိဘူး။ အိမ်ထောင်ဆောက်ဖို့ကတော့ အပူတပြင်း ရှာနေတာ အမှန်ပဲ"

"ကောင်စုတ်! ... အစ်မကို ဖဲ့ပြန်ပြီ"

"ဒါက ကျွန်တော့်နှလုံးသား ... ရှန့်ရှီပါ"

"ဟုတ်ကဲ့"

"ချစ်စရာလေးနော်"

"မမ အလှည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ကြော် ... ဒါ, ငါ့ဘော်ဒါလေ၊ အခု လက်ထပ်တဲ့ မွှတို့နဲ့ တစ်အုပ်စုတည်းပေါ့၊ နာမည်က ... မင်းနန္ဒတဲ့ ... မမိုက်ဘူးလား"

ပေါ့ပေါ့ပါးပါး မိတ်ဆက်ပေးပါသည့် 'ညီ'မမကို အကဲခတ်နေမိပါ၏။ ဘာ့ယ်လိုကြီးလဲ ... ဘော်ဒါတဲ့လား။ သူငယ်ချင်းဆိုတာ 'စည်း' ဆိုသည့် တံတိုင်းနှင့် ကာထားရတာပါ။ အခုတော့ သူငယ်ချင်း 'မက'" ရည်းစား 'မကျ'ဖြင့် အိပ်ခန်းထဲ ဝင်ခွင့်ပေးခဲ့ရတယ်လို့၊ ဒါတွေကို တွေးလိုက်မိတိုင်း ကျွန်မနှလုံးသွေးတွေ ဆူပွက်လာသည့်နှယ် ပါလေ။

ဝင့်ရှိတော့လည်း ခံရုံပေါ့ 'ရန့်ရှိ'။

"နှံ့သာမွှေ့က ရှိ့မမပါ"

"ကြော်"

ဒါပဲလား ... မိန်းမချင်းမို့ မှုံပြီး စိတ်မဝင်စားသလို နေပြတာပဲလား။ ဒီလို ပေါ့ပျက်ပျက်နေတတ်သည့် အစ်မနှင့် 'ညီ'က မောင်နှမဖြစ်နေရတယ်လို့၊ 'လူကားလူ၏ ... သို့သော် ဆူးတွေကာရံထားသည့်အလှ' ဆိုတာမျိုးက 'မမေစံပယ်' ကို ညွှန်ပြနေသည့်နှယ် ပါလော။

မမ၏ညီမနှင့် ချစ်ခဲ့ဖူးပါသည်ဟု မပြောထားဘူးလား။





သူငယ်ချင်းဆိုပြီး ရင်ဖွင့်ပြီး ပြောတတ်ရင် ဒီအကြောင်းကိုပါ ပြောထားသင့်တာပါ။ ဘယ်ပြောချင်ပါ့မလဲ။ ဒါမှသာ ရှင်တို့နှစ်ယောက် နှစ်ပါးသွား Love story ခင်းလို့ရမှာကို။ အခုတော့ မျက်နှာပြောင်စွာဖြင့် ဘာမှမလုပ်ထားသလို ကျွန်မရှေ့မှာ တွဲပြီး လာထိုင်ပြနေရတယ်လို့၊ စိတ်တိုလိုက်တာနော်။

"ဘာဖြစ်လဲ ချို"

"ခေါင်းနည်းနည်း ကိုက်သလားလို့ပါ"

"ဗိုက်ထဲ အစာမရှိလို့ ဖြစ်တာလား။ တစ်ခုခု စားလိုက်လေ၊ ပြီးရင် ဆေးသောက်မှဖြစ်မယ်၊ ဘာသောက်မလဲ"

"ရှုတ်! ရှုတ်! ချာတိတ် ခဏလေး။ ဒီဝိုင်းကို ကော်ဖီခါး မိုင်ဝိုလေးတစ်ခွက်လောက် ဖျော်ပြီး လာပို့ပေးပါ၊ မြန်မြန်လေးနော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဘေးနားဖြတ်သွားပါသည့် waiter ကို သူ လှမ်းမှာလိုက်ပါ၏။ မျက်စိရှေ့တည့်တည့်မှာ အကဲပိုနေသည့် စုံတွဲကြောင့် ခေါသကို ရှည်ကြီး ထိန်းထားရတာအမှန်ပါ။ ခေါင်းလေးနည်းနည်းကိုက်သည်ဟု ပြောရုံဖြင့် ဒီဆရာဝန်ပေါက်စက ပျာပျာသလဲဖြစ်နေပြီ မဟုတ်လား။

နားထင်နေရာကို နှိပ်ပေးရတာတစ်မျိုး၊ နှုတ်မှလည်း တတွတ်တွတ်ဖြင့် အားပေးချော့မော့နေပုံက တစ်မျိုးဖြင့် မျက်စိနောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာပါလေ။

လုပ်ထားဦးပေါ့ 'ရနံ့ချို'။

"ဘာလဲ ... အားကျလို့လား"

"ဘယ်ကလာ"

"ငါလည်း ကိုဦးနဲ့ ရှေ့နှစ်ထဲ ယူဖြစ်လိမ့်မယ်၊ နှင်ကော"

သူ မဖြေဖြစ်ပေ။ Coffee မှာတာ ရောက်လာပြီမို့ သူ့ရှေ့သို့ ရွှေ့ပေးလိုက်ပါသည်။ 'ညီထွန်းသာ' က လွယ်လင့်တကူ ကော်ဖီခွေးအောင် မှတ်ပေးကာ သူမကို တယုတယ တိုက်နေလေ ဒီလိုပဲလား 'ညီထွန်းသာ'။ ငါ ချစ်ပြီးသား (မဟုတ်သေးဘူး) ငါ ချစ် နေစဲဖြစ်သည့် မိန်းကလေးကို ဒီလို အလွယ်တကူ ရမှာကိုတော့ ဘယ်လိုမှ မဖြစ်နိုင်တာလေ။

"ဖြည်းဖြည်းသောက်နော် ... ပူမယ်၊ ခဏလေး ... မောင် ဆေးသွားယူဦးမယ်"

'မသွားနဲ့' ဟု တားချင်သော်ငြား နှုတ်မှ ထွက်မလာ သူက လက်ပိုက်ထားပြီး ကျွန်မကို ခပ်ရှုရှုကြည့်နေလေ၏။ သေချာ 'ညီ' တစ်ယောက်လုံး ရှိနေပါလျက်နှင့် အကြည့်ရဲရတယ်လို့။ စိတ် တယ်နော်။

အခုနေ ရှင့်မျက်နှာကို ဒီကော်ဖီခွက်နဲ့သာ ပက်လိုက်ချင်





ပါရဲ့။

"ဒါနဲ့ မေးရဦးမယ်၊ နှင့်ကောင်မလေးနဲ့ အခြေအနေ ဘယ်လိုလဲ"

"ဘာမှမလဲသေးဘူး"

"နှင့်ဟာကြီးကလည်း သေချာရှင်းပြဖို့ရှိရင် ငါ ကူပြောပေးပါမယ်ဆိုတာ"

"မလိုပါဘူး"

"မလိုဘဲ ရှိမလား။ နှင်ပဲ သေလုမတတ် ချစ်တာပါဆို"

"ဟုတ်တယ်လေ ... အခုထိ ချစ်နေစဲပဲဟာ"

"အဲဒါဆို ဖြေရှင်းရမှာပေါ့"

"ဘာကိုဖြေရှင်းမှာလဲ ... မမနော်၊ ကိုဦးကွယ်ရာမှာ အရှုပ်ထုပ်တွေ လုပ်မနေနဲ့"

"ခင်းတော့ ကြားသွားပြန်ပြီ"

"ဆေးသောက်လိုက်နော် ချို။ ဖြည်းဖြည်းမျှောချလိုက် ... တော်ပြီ"

"ကြင်နာပြနေလိုက်တာ ... မနာလိုအောင်ပဲ"

"ချစ်တာကိုးဗျ"

'ညီ' ယူလာပေးသည့် ဆေးကို ရေအေးဖြင့် မျှောချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သော်ကြား လည်ချောင်းဝမှာ တစ်ဆို့နေသည့်နှယ်ပါ။ ဘာတွေလဲ ... အထင်လွဲမှုတွဲလား။

သူတို့နှစ်ယောက် ပြောနေသည့်ကိစ္စက ... လွန်ခဲ့သည့် (၃) နှစ်တာကာလ၏တစ်ညနေအကြောင်းမှန်း ကျွန်မ ရိပ်မိနေလေပြီ။

ရင်ထဲမှာ တဖြည်းဖြည်းဖြင့် တုန်ယင်လာလေ၏။ ဘုရားရေ! ကျွန်မ မသိခဲ့သည့်အကြောင်းက ရှိနေပါရောလား။

"နှင်း"

"မလိုဘူးလို့ ပြောပြီးပြီလေ၊ ကိုယ့်လိပ်ပြာ ကိုယ်လုံမှတော့ ဘာကိုမှ ရှင်းပြစရာမလိုဘူး။ အထူးသဖြင့် သဘောသေးသိမ်တတ်တာမျိုးကို မကြိုက်တာ"

ကြည့်စမ်း! ... ဒါ တမင်သက်သက်ကြီး ပြောနေသလိုပါပဲလား။ ယောကျ်ားဖြစ်ပြီး ဒီလိုရွံ့သလို စောင်းသလို နှိပ်ကွက်တာလောက် ကျွန်မ မြင်ပြင်းကတ်တာ မရှိတော့ပါ။

ဝန်တိုသည့် အမျိုးဆိုတာက မိန်းမတွေမှာသာ ရှိတတ်သည့် အကျင့်ဆိုး မဟုတ်ပါလား။

"မောင်ဆိုရင်ကော"

"ဟင် ... ဘာကိုလဲ"

"အဲဒီလို သဘောထားသေးတဲ့ မိန်းကလေးမျိုးကို ဆက်ချစ်





နိုင်မှာလားလို့ မေးတာလေ"

"ဩော် ... ချစ်နိုင်တာပေါ့ ချိုရဲ့၊ ကိုယ့်ကို ချစ်လွန်းလို့ ရှုတိုတာပဲလေ၊ သဘောထားသေးတာမှ မဟုတ်တာ၊ ပိုတောင်မှ ချစ်ဦးမှာ"

တောက် ... ငါနော်။ ဒင်းတို့နှစ်ယောက်ကိုတော့ အမှန် ကြိတ်ချင်စိတ်ဖြစ်လာနေပြီ။ မျက်စိရှေ့မှာ Cross ဖြစ်အောင် ချွဲပြနေတာ မဟုတ်ပါလား။ ဒီလောက် ဒွဲပြောနေတာကိုတောင်မှ သူမ တောင်လေးကို စစ်ကူတောင်းပြနေတာ မဟုတ်ပါလား။ ချစ်နိုင်သလောက် ချစ်ပြစမ်းပါ 'ရန်ချို'။ နောက်ဆုံးမှာ မင်း ခိုဝင်နားရမယ့် ရင်ခွင်က တစ်ခုတည်းပါပဲ။ အဲဒါက 'မင်းနှင်း' ဆိုတဲ့ ငါ့ရဲ့ရင်ခွင်ကျယ် ဆိုတာပါလေ။

"အဲဒီနေ့က အဲဒီလိုဖြစ်မယ်မှန်း ကြိုသိခဲ့ရင် နှင့်အခန်းမှာ ဒီ ရေမဝင်ချိုးဖြစ်ပါဘူး နှင်းရယ်၊ ဘူတာဆင်းကာနီးမို့ ဘူတာနဲ့နီးတဲ့ နှင့်တိုက်ခန်းကို ဝင်ခဲ့မိတာ ငါ့အမှားပါ။ ပိုပြီးမှားမိတဲ့အမှားက ငါ့ရဲ့ နမော်နမဲ့နိုင်တဲ့အကျင့်ကြောင့်ပါပဲ"

"ဆက်မပြောနဲ့တော့"

"ငါပြောတာမှားလို့လား။ ရေချိုးပြီး ကမန်းကတန်း ခရီးထွက်သွားမိတာနဲ့ နှင့်အခန်းထဲမှာ ငါ့အတွင်းခံ ကျကျန်ခဲ့လို့ နှင်တို့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဖြစ်ခဲ့တာလေ၊ အဲဒီ Bra သာ မရှိခဲ့ရင်"

"စံပယ် ‥ တော်တော့လို့ ပြောနေတယ်"

စားပွဲပိုင်းက အသံတို့ တိတ်ဆိတ်သွားလေ၏။ သူမ အကြည့် အစုံက ကော်ဖီခွက်ထဲမှာ စူးစိုက်နေလေသည်။ ဘယ်လိုလဲ 'ချို'။

❋ ❋ ❋



## အခန်း (၂၁)

မမတို့ Honeymoon ထွက်သွားပြီးမို့ အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါ၏။ ညဘက် တစ်ယောက်တည်း အိပ်ရမှာမို့ 'ဇင်မာ' က အလုပ်ပြန်လျှင် ကျွန်မနှင့်အတူ ပြန်လိုက်ပြီး အတူလာအိပ်ပေးလေသည်။ ဒီတစ်ခေါက် Off ရက်က ခါတိုင်းထက် ပို၍ အထီးကျန်နေသည့်နှယ်ပါလေ။

Dinner Night မှာ သူနှင့် 'မမေစံပယ်' တို့ ပြောကြသည့် စကားတို့က အမှန်တရားတဲ့လား။ ဘယ်မိန်းကလေးက ကိုယ့်သိက္ခာကျမည့် အမှန်တရားကို လူရှေ့သူရှေ့မှာ ဖွင့်ဟပြီး ပြောမှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



'မပြောနဲ့တဲ့' လာ။ ပြောဖို့မလိုဘူးပေါ့နော်။ ချစ်သူတွေကြားမှာ မာန ဆိုတာတွေ၊ အတ္တဆိုတာတွေ ထည့်တွက်စရာလိုပါသလား။

"သဘောထားသေးသိမ်တယ်" တဲ့။ ပြောရက်ပါပေ့ . . . 'ညီ' ပြော့သလို ချစ်လွန်းလို့ အူတိုတာ, မနာလိုတတ်တာကို ပိုချစ်ပြမယ် ဆိုသည့် စိတ်မျိုး မထားနိုင်ဘူးလား။ အကြီးနဲ့အငယ်ဆိုပြီး အထက် အောက်စည်းမျိုး မခြားဘဲ 'ကို' အပေါ် ပုံချစ်ခဲ့ရသလောက် 'ကို' ပြန်ပေးလိုက်တဲ့အရာက ဥပေက္ခာတရားသာလေ။

❋

Coffee ဆိုင်ဝင်းထဲသို့ ဝင်လာခဲ့ပါ၏။ မမတို့ Dinner ပွဲမှာ ဆုံခဲ့စဉ်ကတည်းက ဒီလူ၏အကြည့်အပြောတွေက သူ့ရင်ကို ဆွခဲ့သလိုပါ။ အထူးသဖြင့် ထိုလူပြောသမျှ စကားတို့ကို အကျအန ကောက်ပြီး တန်ပြန်ပြောဆိုနေပါသည့် 'ချို့'အပြုအမူတို့က သိသာစေ တာ မဟုတ်ပါလား။

ဘယ်လိုလဲ 'ချို' . . . 'ချို့' ရင်ထဲမှာ အခုချိန်ထိ အချစ်ဦး ဆိုတာက ရှိနေစဲပဲလားကွာ။





"ကိုယ် . . . ဒီမှာ"

လက်ထောင်ပြလိုက်ပါသည့် စားပွဲဝိုင်းဆီ လျှောက်လိုက်ရ ပါ၏။ တိုက်ဆိုင်မှုလေလား။ ဟိုတစ်ခါ ဒီစားပွဲ၊ ဒီနေရာမှာပင် 'ချို' ထံမှ အဖြေကို သူ ရခဲ့တာလေ။ အခုတစ်ခါမှာ ဘာများဖြစ်နိုင်မလဲ။ အချစ်ဦးနှင့် အချစ်သစ်၏တိုက်ပွဲကို 'ချို' မြင်ပါရဲ့လား။

"ထိုင်ပါ"

"ကျွန်တော့်ကို တွေ့ချင်တဲ့အကြောင်းက ဘာများလဲ"

"ချို့ကိစ္စပါ"

ရင်ထဲ ကျဉ်ခနဲဖြစ်သွားရပါ၏။ ခုထိ မပြီးပြတ်သေးသလိုပါ ပဲလား။ ပြီးခဲ့ပြီဆို . . . နှစ်နှစ်ကျော်၊ သုံးနှစ်နီးပါး ကွဲကွာခဲ့ပြီးမှ ရုတ်တ ရက် ပြန်ပေါ်လာတာနဲ့ 'ချို့' ကို ပြန်ပေးဆိုပြီး လာပြန်တောင်းရအောင် သူ၏'ချို'က အရုပ်မှ မဟုတ်တာလေ။ ပြီးပြီဆိုမှတော့ The end စာတန်းထိုးပြီး လိုက်ကာချလိုက်ရုံပေါ့။

အခုတော့ ဘယ်လိုဖြစ်ပြီး အရစ်ရှည်သည့် Drama ဇာတ် ထမ်းတွဲလို ဆက်ရန်ရှိသေးသည်ဆိုပြီး ပြောနေရတာပါလိမ့်။ 'ချို' ဆိုသည့် ပန်းပွင့်လေးကို ခူးဆွတ်ဖို့ ပိတုန်းတို့ရဲ့တိုက်ပွဲက သူနှင့် ဒီလူမှ လာဖြစ်နေရတယ်လို့။ ဒီလူ့ပုံစံက သူ့အပေါ် အနိုင်ရမည့် စစ်သူကြီးတစ်ယောက်နှယ် ရဲ့ရဲ့ခွာ ရင်ကော့ခေါင်းမော့ပြနေတာပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ရန့်ချိုက ကျွန်တော့်ချစ်သူပါ"

သူ ဟက်ခနဲ ရယ်လိုက်မိပါ၏။ လှောင်သည်ဟု ထင်ချင် ထင်ပါလေ။ ဒီဖြူဖတ်ဖြူလျော် ခပ်ညှက်ညှက် ဆရာဝန်လေးကိုများ မျက်စိကျပြီး ခေါင်းညိတ်လိုက်ရပါသလဲ။ မျက်မှန်ကြည်ကြည်လေးကိုပဲ စွဲဆောင်မှုရှိသည် ထင်နေပါသလား။ ဘယ်လိုပဲကြည့်ကြည့် ခပ်ချော ချောဖြင့် ယောက်ျားဆန်သည့် ပုံရိပ်တို့က နတ္ထိပါပဲ။

"သေချာလို့လား ညီထွန်းသာ၊ ချိုရင်ထဲမှာ တကယ်ပဲ မင်း ရှိနေတယ် ထင်နေလို့လား"

"ဒီမှာ ကိုမင်းနန္ဒ"

"ချိုအကြောင်းကို မင်း ဘယ်လောက်အထိ သိထားသလဲ"

အံကြိတ်လိုက်ပုံကြောင့် မကျေနပ်မှန်း သူ သိနေပါ၏။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ရန်သူဖြစ်လာမှတော့ တစ်ဖက်ရဲ့အားနည်းချက်ကို ရှာပြီး ပြရတော့မှာလေ။ တစ်သက်လုံး စာအုပ်တွေနဲ့ နပန်းလုံးခဲ့တာက အတူတူဖြစ်ပေမယ့် ခင်းက လူ့အသက်ကို ကယ်ရပြီး လက်မှာ ဆေး ထိုးအပ်သာ ကိုင်ရမှာပါ။ သူကဖြင့် အိမ်ဆောက်ပစ္စည်းတွေမျိုးစုံကိုင် ရပြီး လက်ဝါးပြင်က အသားမာတက်နေတာလေ။

ခေါင်းမာတာပဲ ပြိုင်ချင်တာလား။ ဒါမှမဟုတ် လက်ဘယ် လောက် မာသလဲ စမ်းဦးမလား။ သို့တည်းမဟုတ် နှလုံးရည်ချင်း





ပြိုင်ရင်လည်း welcome ပါ 'ညီထွန်းသာ'။ 'ချို' အပေါ်မှာ ငုံထား တော့ ချစ်သမျှ ပုံချပြရင်လည်း သူက ရှောင်ရမှာမှ မဟုတ်တာလေ။ အဆင်ပြေသလိုပေါ့နော်။

"ကိုယ့်ချစ်သူအကြောင်းပဲ ... မသိဘဲ ဘယ်ရှိပါ့မလဲ"

"ဒါဖြင့် ချို အကြိုက်ဆုံးအရောင်၊ ချို အကြိုက်ဆုံး အစား အစာ၊ အကြိုက်ဆုံးအရာတွေက ဘာများလဲ၊ ပြီးတော့ သူ အမုန်းဆုံး အရာက ဘာလဲဆိုတာ ပြောပါဦး"

နားထဲမှာ 'ချို'နှင့် စဆုံစဉ်က ပုံရိပ်နှင့်အသံတို့ကို ကြား ယောင်နေမိပါ၏။ 'အဆင်ပြေရင် တွဲကြမယ်' ဆိုပြီး သဘောမျိုးနဲ့ တွေ့ဖြစ်ခဲ့တာလေ။ 'ချို' ဘာကိုကြိုက်ပါသလဲ၊ ဘာကိုမကြိုက်သလဲ ဆိုတာ ရေးမကြီးပါ။ သေချာတာတစ်ခုကဖြင့် ဒီလူကို မုန်းသည်ဆိုတာ ပါပဲ။

"မပြောနိုင်ဘူးလား"

"အဲဒါ ခင်ဗျားကို ပြောစရာမှ မလိုတာ၊ အခုလက်ရှိ ပိုင်ရှင် က ကျွန်တော်ပါ"

"ချိုအကြိုက်ဆုံးအရောင်က ဖက်ဖူးရောင်ပါ၊ အကြိုက်ဆုံး အစားအစာက အခါ။ အချိုမကြိုက်လို့ အတတ်နိုင်ဆုံး ရှောင်တယ်၊ အမှုပ်ခါး ကြိုက်တယ်၊ ရေမွှေးဆို အနံ့သင်းရုံလေးပဲ ကြိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အနံ့ရူရင် ခေါင်းမူးတတ်ကျင့်ရှိတယ်၊ ကော်ဖီကို စွဲစွဲမြဲမြဲသောက်လေ့ ရှိတယ်၊ တစ်ရက်ကို အနည်းဆုံး (၄)ခွက် ပုံမှန်သောက်တတ်တယ်။ ညအိပ်ရာဝင်ခါနီးအချိန် ကော်ဖီတစ်ခွက်သောက်ပြီးမှ အိပ်လေ့ရှိတယ်။ ညကို စာအုပ်တစ်အုပ်ရဲ့အခန်း (၃) ခန်းလောက် ဖတ်ပြီးမှ အိပ်ပျော်တယ်၊ သူ့အိပ်ချိန်က ည (၁၁) နာရီကျော်ပါ၊ မနက်ကို (၅) နာရီခွဲ ပုံမှန်နိုးကျင့်ရှိတယ်၊ မိန်းမ သိပ်မဆန်ဘူး။ စကားပြော ပြတ်သားတယ်၊ ဆုံးဖြတ်ချက် ခိုင်မာတယ်၊ ခေါင်းမာတယ်၊ သူ မှန်တယ်လို့ ယူဆထားရင် ဘယ်လိုမှ နောက်မဆုတ်တတ်ဘူး။ အဲဒါ 'ရန့်ရှိ' ပဲ 'ညီထွန်းသာ'' '

သူ မျက်နှာ ကွက်ခနဲပျက်သွားရပါ၏။ ဤမျှအထိ သိထားတာတဲ့လား။ သူနှင့် (၆) လတာ တွဲဖြစ်ခဲ့ပေမယ့် 'ချို'အကြောင်းကို ဤမျှအထိ အတွင်းကျကျ သိမထားပါချေ။ ဒီလောက်အထိ သိထားရဲ့ သားနဲ့ 'ချို' နှင့် ဒီလူက ဘယ်လိုကံကြမ္မာကြောင့် လမ်းခွဲဖြစ်ခဲ့ရ သလဲ။ ချစ်သူ၏အရင်ဦးဆုံး ရင်ခုန်သံက သူ့အတွက် မဟုတ်ခဲ့တာတာ အမှန်ပဲလေ။

"ကျွန်တော် သိထားတဲ့ 'ချို'က စိတ်ထားနူးညံ့တယ်၊ တစ် ဖက်သားရဲ့စိတ်ကို ပိုသိတယ်။ ပိုဦးစားပေးတတ်လေ့ရှိတယ်၊ သူချစ် ချင်တာထက် ကျွန်တော်ဖြစ်ချင်တဲ့ဝေနကို ရှေ့မှာ ပထမထားပေးတယ်





ထိမ်ညှာဖုံးကွယ်တာကို မုန်းတယ်၊ သူ့အပေါ် မကျေနပ်တာရှိရင် သူ့ရှေ့မှာပဲ ပွင့်ပွင့်လင်းလင်း ပြောမှကြိုက်တယ်၊ သူ့နောက်ကွယ်မှာ ပြောတာကို လုံးဝမကြိုက်ဘူး။ အထူးသဖြင့် သူ မမြင်ချင်လို့ ကျော ပေးခဲ့ပြီးတဲ့ လမ်းကို ပြန်လှည့်ကြည့်ဖို့ စိတ်ကူးမျိုးမရှိဘူး။ ပြောပြီးတဲ့ စကားကို အသက်နဲ့ ထပ်တူ တန်ဖိုးထားတတ်တယ်၊ 'ရန့်ရှိ' ချစ်တဲ့ ယောက်ျားဆိုတာ ဒီကမ္ဘာပေါ်မှာ 'ညီထွန်းသာ' တစ်ဦးတည်းပဲ ရှိတာ အသေအချာပဲ''

သူ ဟားတိုက်ရယ်မောလိုက်လေ၏။ ပြိုင်ဆိုင်မှုဆိုတာက နေရာတိုင်းမှာ ရှိတတ်တာ မှန်ပေမယ့် အခုလိုမျိုး မိန်းကလေးတစ် ယောက်ကို သူစိမ်းတစ်ယောက်နှင့် ပြိုင်လုတာက သိပ်မရိုက်လှပါချေ။ ခက်ချေပြီကော 'မင်းနေ့'။ ကိုယ်ပိုင်ဆိုင်သည်ဟု ယူဆသတ်မှတ်ထား သည့် သက်ရှိလူသားတစ်ယောက်အတွက်နှင့် ဤသို့ အချင်းများ နေရမည်ဟု မမျှော်လင့်ခဲ့ပါ။

'ဝင့်'ဆိုတာများလား။ လောကမှာ အပေါများဆုံးက 'မိန်းမ' ဆိုပြီး ခပ်လွယ်လွယ် သတ်မှတ်ခဲ့ပါသည့် မူဝါဒက ပျက်လေပြီ။ မိန်းမပေါများသည်ကား မှန်၏။ အချစ်ကမူ ရှားပါးလွန်းတာပါ။ 'ရန့် ရှိ' ဟူသည့် မိန်းကလေးအပေါ် စွဲလမ်းမက်မောခြင်း။ ယုယတွယ်တာ ခြင်း။ နှင့်နှင့်သီးသီး ချစ်မိခြင်း၏ရေသောက်မြစ်က အခိုင်အမာမြဲနေ



www.burmeseclassic.com

www.burmeseclassic.com



တုန်းပါပဲလား 'ချို'။

"ချိုနဲ့မင်း ဘယ်လောက်အထိ နီးကပ်စွာနဲ့ နေဖူးသလဲ 'ညီထွန်းသာ"

"ခင်ဗျား"

"ရင်ခုန်သံချင်း ညှိဖူးသလား။ အသားချင်း ထိပြီး ဘယ်နှစ်ကြိမ်နဲ့, ဘယ်နှမိနစ်, ဘယ်နှနာရီအထိ ထိုင်ဖူးသလဲ။ ချို့နဖူး, ချို့ပါးပြင်, ချို့နှုတ်ခမ်း, ချို့လည်တိုင်, ချို့လက်မောင်း, ချို့လက်ရုံး, ချို့လက်ဖျား . . ."

"ခင်ဗျား တော်တော့ . . . ဆက်မပြောပါနဲ့"

"အဲဒီနေရာတွေကို ဘယ်နှခါ ဘယ်နှကြိမ်များ နမ်းရှိုက်ခွင့်ရပြီးပြီလဲ"

"ခင်ဗျား . . . ခင်ဗျား"

"ရေချိုးပြီးတိုင်း ချိုကိုယ်တိုင် ရေသုတ်ပေးတာကို ခံယူခဲ့ရလား။ ချိုကိုယ်တိုင် ချက်ပြုတ်ပြင်ဆင်ကျွေးတဲ့ ထမင်းဟင်းကို ဘယ်နှကြိမ် စားဖူးသလဲ၊ နှစ်လတစ်ကြိမ် အမြဲအသစ်လဲလှယ်ပေးခဲ့တဲ့ သွားပွတ်တံမျိုး၊ မနက် အလုပ်သွားတိုင်းဝတ်ဖို့ အဝတ်အစားကို Match ဖြစ်အောင် အဆင်သင့်ရွေးပေးတာမျိုး ဘယ်နှခါရှိခဲ့သလဲ"

"လှုယုတ်မာ . . . ခင်ဗျား တော်တော်ယုတ်မာလှချည်လား





ကိုယ့်ကို မချစ်တော့တဲ့ မိန်းကလေးတစ်ယောက်ရဲ့သိက္ခာကို အခုလို ချပြရဲတယ်ပေါ့လေ"

သူ့အင်္ကျီကော်လံစကို လှမ်းဆုပ်ကိုင်လိုက်သဖြင့် ခပ်မဲ့မဲ့ ပြုံးလိုက်မိပါ၏။ ထိုးရဲရင် ထိုးချလိုက်ပါ 'ညီထွန်းသာ'။ Action ဆိုတာရှိရင် တုံ့ပြန်မှုဆိုတဲ့ Reaction က ချက်ချင်းရှိလာမှာပါပဲ။ ပိုင်ရှင်ရှိပြီးသား ပန်းတစ်ပွင့်ကို ခွင့်မတောင်းဘဲ ယူထားတာက ခိုးမှုပဲ မဟုတ်ပါလား။

❋

'ဇင်မာ' phone ဆက်လိုက်တာနဲ့ Dream coffee ဆိုင်ဆီ အမြန်ထွက်ခဲ့ရပါ၏။ ပစ္စည်းသွားပို့ရင်း သူတို့နှစ်ယောက် တွေ့ဆုံနေတာကို သတိပေးလို့ပါပဲ။ 'နှင့်လူနှစ်ယောက် ဆုံနေပြီ ချို' တဲ့လေ။ ဘာကြောင့်လဲ၊ ဘာကိစ္စနဲ့များ တွေ့ရလို့လဲ။ နဂိုက ခပ်အေးအေး ဖြစ်တဲ့ 'ညီ' နဲ့ အမြဲပူလောင်ပြီး ပြဿနာရှာလေ့ရှိသည့်သူက ဆန့်ကျင်ဘက်ပင် မဟုတ်ပါလား။

Taxi ပေါ်မှ ဆင်းလိုက်ပြီး ကားရှင်းကာ ဆိုင်ဝင်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်ပါ၏။ တွေ့ပါပြီ။ ဒီကျောပြင်ကို မြင်လိုက်တည်းက ဘယ်သူ ဘယ်ဝါမှန်း ကြိုသိနေတာ ဘာကြောင့်ပါလဲ။ နှစ်ယောက်သား မျက်နှာ ချင်းဆိုင် ရပ်နေရာဆသို့ ခြေကို အမြန်လှမ်းလိုက်ရပါသည်။ ဘာမှ ကြီးကြီးမားမား မဖြစ်ပါစေနှင့်။

"ချိုချစ်တာ ကျွန်တော့်ကိုပဲ၊ ခင်ဗျား ဘာမှလိမ်လည်ပြော ဆိုမနေနဲ့၊ ခင်ဗျားကို မုန်းလို့ ... ခင်ဗျား သစ္စာမစောင့်လို့ သူ ချန် ရစ်ခဲ့ပြီးနေပြီ၊ အဲဒါကို လက်သင့်ခံမှပေါ့၊ သွေးရူးသွေးတန်းနဲ့ လျှောက် မပြောမနေပါနဲ့"

"မဟုတ်ဘူး ... မှားနေပြီ"

"မမှားဘူး ... အဲဒါ အမှန်တရားပဲ"

"ငါ့ကို တစ်ခါမှ ချို မစွန့်ခဲ့ဘူး ညီထွဋ်သာ၊ ဝေးခဲ့တယ်ဆို တာလည်း အနိုက်အတန့်ကာလတစ်ခုအထိပါပဲ၊ ချို့နှလုံးသားကို အပိုင် ရခဲ့တာ ငါပါ၊ ဒီလိုပဲ ချို့ရင်ထဲက တစ်နေရာကို နေရာယူထားသော လည်း ငါဆိုတဲ့ မင်းနန္ဒပဲ ညီထွဋ်သာ"

"ခင်ဗျား ... ခင်ဗျား"

"ရန့်ချိုကို ငါပဲ ပိုင်ဆိုင်စေရမယ်ဆိုတာကို မြဲမြဲမှတ်ထား လိုက်စမ်းပါ"

"ကဲကွာ! ... အဲဒီ ပိုင်ချင်ဦး"





"မောင် ... မလုပ်နဲ့!"

လက်သီးဖြင့် ရွယ်ထားပေမယ့် မထိုးဖြစ်တဲ့ သူ့ရင်ဘတ်ကို သာ ဆောင့်တွန်းလိုက်လေ၏။ အနီးသို့ရောက်လာသည်က သူ၏'ချို' မယ်ပါ။ ဘယ်ကနေ ဘယ်လိုသတင်းရသွားပြီး သူတို့ရှိသည့်နေရာကို မှတ်တရက် ရောက်လာပါသလဲ။

"ဒီလူ ... ဒီလူ ... အစော်ကို ယုတ်မာတယ် ချို"

ကလေးဆန်စွာဖြင့် သူမကို ပြောနေပါသည့် 'ညီထွဋ်သာ' ကြောင့် သူ စိတ်ပျက်စွာဖြင့် မဲ့လိုက်မိလေ၏။ ဒီလိုလူကိုများ ဘယ် လိုအားကိုးစိတ်နဲ့ ရွေးထားတာပါလိမ့်။ တကယ့်ကို စိတ်ပျော့ညံ့လွန်း သည့် လူငယ်ပါပဲလား။

"မင်းကမှ လက်ပါတာပါ, ညီထွဋ်သာ"

"တော်သင့်ပြီ ကိုမင်းနန္ဒ၊ ရှင် သူတစ်ပါးကို စိတ်ဒုက္ခပေး ရမှ နေတတ်တာလား"

"ဘယ်သူက ဒုက္ခပေးတာလဲ, ချို၊ ကိုယ်က မင်းတို့ကို ဒုက္ခ ပေးနေတာလား၊ မင်းတို့နှစ်ယောက်ကပဲ ကိုယ့်ကို ဒုက္ခပေးတာလား။ မှန်မှန်တတ ပြောစမ်းပါ"

"ရှင်နဲ့ မဆိုင်တဲ့ကိစ္စကို သွေးပူပြမနေပါနဲ့"

"ဘာလို့ဆိုင်ရမှာလဲ၊ ဆိုင်လို့ ပြောနေတာပေါ့ ချို"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ကျွန်မဇာတ်လမ်းက ပြီးခဲ့ပြီ၊ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါ ကိုမင်းနေ့၊ ရှင်နဲ့ကျွန်မ အခု မသက်ဆိုင်တော့တာကို ရှင် လက်ခံမှပေါ့"

"မရဘူး ... ဒီလိုလွယ်လွယ်နဲ့ မပြောပါနဲ့ ချို၊ ဘာမဟုတ်တဲ့ အထင်လွဲမှုလေးနဲ့ ကိုယ့်ကို မုန်းတယ်ဆိုပြီး မင်းထားသွားခဲ့တာပါ"

"ဟုတ်တယ် ... အဲဒါ အမှန်ပဲလေ"

"မမှန်ဘူး"

"ပြီးခဲ့တာတွေကို အခုမှ ပြောမနေနဲ့ ... မကြားချင်ဘူး"

"မကြားချင်လည်း ပြောရမှာပဲ ကိုယ့်မှာ ဘာအပြစ်မှမရှိတဲ့ မကျန်ရစ်ခဲ့နိုင်ဘူး ချို၊ မင်းနှုတ်ကနေ ချစ်တယ်ဆိုပြီး ပြောခဲ့တာ ကိုယ့်ကိုပါ၊ မင်းရင်ထဲမှာ နေရာယူထားတာ မင်းနေ့ပဲ၊ ညီထွန်းသာမှ မဟုတ်တာ"

"မဟုတ်ဘူး!"

"မဟုတ်ဘူးဆိုပြီး မျက်စိမှိတ် ငြင်းပြမနေပါနဲ့ ချို ... မျက်စိ ဖွင့်ကြည့်လိုက်ပါ၊ မင်းရဲ့နှလုံးသားကို မညာချင်ပါနဲ့၊ ညီထွန်းသာကို မင်း တကယ်မချစ်ဘဲနဲ့ လက်ထပ်ဖို့ စိတ်ကူးကို လွှင့်ပစ်လိုက်စမ်းပါ"





"အဲဒါ ရှင်ပြောစရာ မလိုပါဘူး။ ကျွန်မဘာသာ ဘယ်သူ့ယူယူ ... ရှင်နဲ့မှ မဆိုင်တာ"

"ဆိုင်တယ် ... ဆိုင်ရုံမက ပိုင်တောင်ပိုင်သေးတယ် ချို၊ မင်းအချစ်ကို ကိုယ်ပိုင်တယ်၊ မင်းရဲ့နှလုံးသားကိုလည်း ကိုယ်ပိုင်တယ်၊ အဲဒီလိုပဲ မင်းကို ကိုယ်ပဲ ပိုင်တယ်ချို၊ ရနံ့ချိုကို ပိုင်တာ မင်းနေ့တစ်ယောက်တည်းပါ"

"ကဲ! ... အဲဒါ ပိုင်ချင်ဦး"

"ဖြန်း!"

ပါးပြင်ကို ရိုက်လိုက်မိပြန်ပါ၏။ ဒါ ... ဒုတိယမြောက်ပါပဲ။ ချိုက သူချစ်သောချိုက သူ့ပါးကို ရက်ရက်စက်စက်ကြီး ရိုက်ပြန်သတဲ့။ အစကတော့ ချစ်တယ်ဆို ... ချစ်လွန်းလို့ နမ်းရှိုက်ခဲ့ဖူးပါသည့် ဒီပါးပြင်ကို ဘယ်လိုစွမ်းအားမျိုးနဲ့ စိမ်းသက် ခါးသည်းစွာ ရိုက်ရက်ပါသလဲ။

"ရိုက်ပါ ချို ... စိတ်ပြေတဲ့အထိ ရိုက်ရုံမက ကိုယ့်ကို သတ်ပစ်ချင်လည်း ရပါတယ်၊ မင်းပေးတဲ့ ဒဏ်ရာက ဒီပါးပေါ်မှာပဲ နာတာ မဟုတ်ဘူး ချို၊ ဒီနေရာကနေ မခံရပ်နိုင်အောင် နာရတာပါပဲ၊ ဒီရင်ဘတ်ကြီးထဲက နာတာကို မင်း သိပါရဲ့လား"

လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်းပြီး ပြောနေသည်မို့



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ကိုယ်လုံး တုန်နေလေ၏။ တစ်ယောက်ကိုတစ်ယောက် မမိုတ်မသုန် စိုက်ကြည့်နေကြသည်က 'မင်းနေ့' နှင့် 'ရန့်ချို' ရယ်ပါလေ။ ညီထွဋ်သာက ဘေးမှာ မဆိုင်သလိုနှယ် ရပ်နေရပါပြီကော။ ဘယ်လိုပါလဲ 'ချို'။

❋ ❋ ❋



## အခန်း (၂၂)

"ဒေါက်! ဒေါက်!"

ရုံးခန်းတံခါးကို အသာခေါက်လိုက်ပြီး ဖွင့်ဝင်လိုက်ပါ၏။ Boss မမက အလုပ်ရှုပ်နေရင်း မော့ကြည့်လေသည်။ လန်းဆန်းတက်ကြွသည့် ပုံရိပ်တို့ ပျောက်ကွယ်နေလေပြီ။ 'ရန့်ချို' ဆိုတာ လူတွေရဲ့နှလုံးသားကို နာကျင်အောင် ထိုးဆွသည့် ဆူးတစ်ချောင်းများ ဖြစ်နေလေပြီလား။

"မမ"

"ပြောလေ, ချို ဘာပြောချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေး လာတင်တာပါ"

ကမ်းပေးလာသည့် စာအိတ်ဖြူကြောင့် 'ဒီဇင်ဘာနှင်း' သက်ပြင်းရှိုက်လိုက်မိပါ၏။ ဒီချာတိတ်မလေးက 'မင်းနန္ဒ'ဏ်နရုံးသားတဲ့လား။ 'မင်းနန္ဒ' အသည်းအသက် ပုံချစ်ခဲ့သည်က 'နှင်း'၏ဝန်ထမ်းလေး 'ရန်နုံချို' ဖြစ်နေပါသတဲ့လေ။ သူ ဖွင့်ပြောစဉ်က အအုံ့ဩကြီး အုံ့ဩမိရင်း ဘာစကားမှ မပြောနိုင်အောင် ဆွံ့အခဲ့မိတာပါ။ 'နှင်း' လောက် မလှပ၊ 'နှင်း'လို မထက်မြက်၊ 'နှင်း'လောက် မချမ်းသာသည့် ကောင်မလေးဆီမှာ ဘာအရည်အချင်းနဲ့ ဘယ်လိုအစွမ်းအစများ ပိုင်ဆိုင်ထားလို့ပါလိမ့်။

"ဒါက ဘာလဲ ချို"

"နှုတ်ထွက်စာပါ မမ"

"ကျစ်! ...ချိုကလည်းကွယ်၊ အလုပ်နဲ့ကိုယ်ရေးကိုယ်တာကို ခွဲခြားတတ်မှပေါ့"

"လောလောဆယ် ဒီသုံးလအတွင်း ချို လက်ခံထားတဲ့ အလုပ်တွေအားလုံးကို အပြီးသတ်သွားပါ့မယ် မမ၊ ထွက်စာတင်ရင် (၃) လ ကြိုပြောဖို့ သတိပေးထားတာမို့ပါ"

"တို့က လက်မခံဘူးဆိုရင်ကော"

နှုတ်ဆိတ်နေလေ၏။ ယောကျ်ားလေးဆန်စွာ ပေါ့ပေါ့ပါးပါး





[illegible] အလုပ်လုပ်တတ်သည့် မိန်းကလေး။ မရိုမကဝ်တဲ ဖျားနာရင်တောင် leave ဘယ်သောအခါမှ ယူလေ့မရှိသည့် ကောင်မလေး။ အလုပ်ရှင် အပေါ် လေးစားရိုကျိုးပြီး အလုပ်အပေါ် အလေးထားလုပ်ဆောင်တတ်သည့် ဝန်ထမ်းလေးကို လက်လွှတ်ရမှာက 'နှင်း' အဖို့ နစ်နာစရာပါလေ။

"ဘာလို့ စောစောကတည်းက မပြောခဲ့တာလဲ"

"ချိုနဲ့သူ မပတ်သက်တော့တာ ကြာပါပြီ မမ၊ ဘာမှကို မဆိုင်တော့တာပါ"

"သူကတော့ အခိုင်အမာပြောနေတာပါ ချို"

ငိုထားပါသလား။ မျက်ခွံတွေ မို့နေတာမို့ အတော်လေး ငိုထားမှန်း သိသာလွန်းလေ၏။ စိတ်မာသည်ဟု ထင်ထားသည့် ခပ်တောင့်တောင့် 'ရန်နုံချို' က နောက်ဆုံးတော့ မိန်းကလေးက မိန်းကလေးပါပဲလား။

ကံကောင်းခြင်းဆိုတာက နေဥစ္စာရှိရုံ၊ ရုပ်ရည်ရူပကာ ပြည့်စုံရုံ ဉာဏ်ပညာပြည့်ရုံနဲ့ ရရှိတာမျိုး မဟုတ်တာလေ။

"အထင်လွဲခဲ့တယ်ဆိုတာ တစ်ကြိမ်သာ ဖြစ်သင့်တာပေါ့ [illegible] သူ့ဘက်က ဖြေရှင်းခွင့်လေးတောင် မပေးဘဲ လမ်းခွဲခဲ့ရတယ်လို့"

"အဲဒါ ကြာခဲ့ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်လေ . . . သူကမှ မမေ့နိုင်ခဲ့တာ၊ ချိုရော မေ့နိုင်လို့လား"

"ချို့မှာ . . . ချို့မှာ"

"ချို မချစ်တဲ့သူကို မျက်စိမှိတ်ပြီး လက်ခံလိုက်တာက အရှုံးလုပ်ရပ်ပဲ ချို။ မချစ်မနှစ်သက်သောသူနှင့် အတူနေခြင်း၊ ချစ်သောသူနှင့် ကွေကွင်းရခြင်းမည်သည် ဒုက္ခတဲ့၊ ချို့ကို အဲဒီဒုက္ခနှစ်မျိုးစလုံးနဲ့ မကြုံစေချင်ဘူး၊ တို့စေတနာကို နားလည်ပါ ချို"

ငိုင်ငိုင်လေးဖြစ်သွားရပါ၏။ အချစ်က ဤသို့ အမှားမျိုးဖြင့် ပရိယာယ်ဆင်တတ်ပါသလား။ ကိုယ့်ကိုယ်ကိုယ် မှန်သည်ဟု ယူဆပြီး မတ်မတ်ရပ်နေပါလျက် ယိုင်လဲပြိုကျအောင် လုပ်ဆောင်ရတယ်လို့။ တစ်ခါသာ ချစ်ခဲ့တာ အမှန်ပါ။

အဲဒီတစ်ခါတည်းနဲ့ပဲ . . . အချစ်ဆိုတာကို အရေးနိမ့်ခဲ့ရတာလေ။

"ကိုမင်းနန္ဒကို မချစ်ဘူးလား"

"ချို"

"တကယ်ရော မုန်းနိုင်လို့လား"

မုန်းသည်ဟု ပြောခဲ့ဖူးပါ၏။ လက်ပါသည်အထိလည်း ရှုံးလွှန်ခဲ့မိတာပါ။ တကယ်တမ်းများနေသည်က 'ချို' ဆိုတာကို သိလိုက်





ရင်ကတည်းက ဆောက်တည်ရာမရဖြစ်ခဲ့ရတာလေ။ ညီမဖြစ်သူဘက် လိုက်လျှောပေးခဲ့သည့် မမကပင် 'ချိုမှားသည်' ဟူ၍ ထောက်ပြခဲ့တာပါ။

လက်မခံချင်ပါဘဲ အဲဒီအမှားတွေက ထပ်ထပ်မှားရင်း နောင်တတွေအောက်မှာ 'ချို' ပိနေရလေပြီ။

ထွက်ပေါက်တွေ မရှိတော့ပါလား, ရန်ချို။

"ဒီညနေ အပြီးသတ်ပြီးရင် သူ့တိုက်ကို ချို အပ်ပါ့မယ်"

"ချို"

"ရှင် မမ"

"တစ်ခုပဲ ပြောပါ့မယ်၊ အဲဒီတစ်ခုလေးကိုပဲ အာရုံစိုက်ပြီး ဆုံးဖြတ်လိုက်ပါ ချို"

"ဘာများလဲဟင်"

"ဘဝကို ဦးနှောက်နဲ့ ဆုံးဖြတ်ပြီး အချစ်ကို နှလုံးသားနဲ့ ဆုံးဖြတ်တယ်ဆိုတဲ့ အကြံပြုချက်ကိုပါ"

"မမ . . . ချို"

"အပြည့်အဝတော့ မမှန်ပါဘူး ချို။ ဘဝဆိုတာ အချစ်ရှိမှ ပြည့်စုံတာပါ"

ရီဝေစွာ မော့ကြည့်လိုက်ပါ၏။ 'အချစ်' ဆိုသည့် ခေါင်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အကြံပြုတောင်းဆိုခဲ့ဖူးသည့် မမ 'ဒီဇင်ဘာနှင်း' ၏ခံသနစ ကျွန်ရင်ကို သိရှစေတာ အမှန်ပါ။ အချစ်ဆိုတာ ဘဝနှင့်ချီပြီး ကြီးကျယ်မြင့်မြတ်မှန်း 'ချို' နားမလည်ခဲ့ပါလေ။

❋





Taxi ကို ခြံရှေ့မှာပင် ရပ်ခိုင်းလိုက်ပါ၏။ ခြံထဲမှာ ညည်သည့်ကားမှ ရှိမနေတာမို့ စိတ်သက်သာစွာ သက်ပြင်းရှိုက်လိုက်မိလေသည်။ အောက်ထပ်ဧည့်ခန်းကို စစ်ဆေးကြည့်ရင်း လိုအပ်တာတို့ကို မှာနေရပါ၏။ ပန်းချီကားတွေ နေရာမှားနေတာမို့ ပြန်ရွှေ့ခိုင်းရပြီး အလယ်ခန်းကို စစ်ဆေးလိုက်ပါသည်။

"မချို"

"အင်း . . . ဘာလဲ"

"အိပ်ခန်းထဲထားဖို့ပန်းစည်း ကျန်သေးတယ်၊ သော့ရှာမတွေ့လို့ မထည့်ရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ခန်း"

"ဟုတ်ကဲ့"

"ထားထားလိုက်ပါ . . . အပေါ်တက်ရင် ယူသွားမယ်"

"အဲဒါဖြင့် ဒီမှာထားထားမယ်နော်"

မီးဖိုခန်းမှာ ဘေဇင်ဘုံပိုင်ခေါင်းကအစ အသေးစိတ် လှလှလေးမှာပြီး လုပ်နိုင်းတာမို့ ဒီအိမ်က ဒီလောက်အထိ ကြာရတာပါ။ 'ဟိုဟာမကြိုက်ဘူး၊ ဒီဟာ ပြန်လဲပေး' ဆိုပြီး သူမ ရောက်မလာသည့် ရက်တွေမှာ သူ ပြဿနာရှာလွှန်းသဖြင့် ကျွန်မတို့ဝန်ထမ်းတွေ စိတ်တော်ရှုပ်ခဲ့ရလေ၏။

'မင်းနေ့'ပဲလေ။ ဒီလောက်တော့ ရှိပေမပေါ့။

လှေကားရှိရာဆီ ပြန်လျှောက်ခဲ့ရင်း ဆက်တီဘေးမှာ ချထားပါသည့် စက္ကူပုံးကို 'မ'ယူလိုက်ပါသည်။ အလှပန်းခြင်းလေးတွေနှင့် သူမ စိတ်ကူးခဲ့ဖူးပါသည့် စာကြည့်မီးအိမ်လှလှလေးပါပဲ။ လှေကားထစ်တို့ကို သတိထားပြီး တက်လာခဲ့ပါသည်။ အားလုံးရှင်းလင်းပြီး အချောသပ်ပြီးပြီမို့ ဒီတစ်ခါတော့ ဖိနပ်ချွတ်ပြီးမှ အိမ်ထဲဝင်ခဲ့တာပါ။

အခန်းဝအနီးမှာ အံဆွဲသေးသေးလေးတွေပါသည့် ဗီရိုအရပ်လေးထားပြီး ထိုအပေါ်မှာ ပန်းအလှအိုးလေးတစ်ခု တင်လိုက်ပါသည်။

နောက်ဆုတ်၍ကြည့်ကာ မကြိုက်သဖြင့် ပန်းမှုရုပ်တုတစ်ခုဖြင့်





ပြန်လဲတင်လိုက်ပါ၏။ အံဆွဲအပေါ်ဆုံးအံကို ဖွင့်လိုက်စဉ် တင်ထားသည့်အတိုင်း အိပ်ခန်းသော့တွေ ရှိနေလေသည်။ တစ်ခန်းပြီးတစ်ခန်း ဖြည်းဖြည်းချင်းဝင်ရင်း ကျန်သည့် ပစ္စည်းတို့ကို စနစ်တကျ နေရာချလိုက်ပါ၏။

ထောင့်ဆုံးခန်းကို သော့ဖွင့်လိုက်စဉ် အခန်းတွင်းမှာ အိပ်ရာအခင်းနှင့်အား ပြင်ဆင်ထားသဖြင့် တွန့်ခနဲဖြစ်သွားရလေသည်။ ဘာလဲ . . . အိမ်ဖြင့် မပြီးသေးပါဘဲ ဒီမှာ သူက လာနေပြီတဲ့လား။ အခန်းတံခါးကို ဖွင့်ထားလိုက်ပြီး နံရံမှာ ပန်းခြင်း, ရေချိုးခန်းမှာ သွားပွတ်တံထည့်ရန် ဖန်ခွက်လှလှလေးနှင့် ဆပ်ပြာခွက်တို့ကို သူ့နေရာနှင့်သူ ထားလိုက်ပါသည်။

စက္ကူဗူးအရှည်ကို ဖွင့်လိုက်ပါ၏။ ဖော့ခံထားပါသည့် ဗူးအတွင်းမှ မီးအိမ်နှင့် မီးအုပ်ဆောင်းကို မကျိုးမပဲ့အောင် သတိထားကာ ထုတ်ယူလိုက်ပါသည်။ ပြီးမှ စာကြည့်စားပွဲထက် တင်လိုက်၏။ ပလပ်ပေါက်တစ်ရန် ကြည့်လိုက်စဉ် ပလပ်ခုံက နံရံထက် အတော်မြင့်မြင့်မှာ ရှိနေလေ၏။

ခုံခွဲလျက် တက်လိုက်ပြီး ပလပ်ခုံမှာ ပလက်ကို ထိုးလိုက်ပါသည်။ မီးခလုတ်ကိုပါ ဖိနှိပ်ဖွင့်လိုက်ပြီး မီးလင်း,မလင်း စမ်းကြည့်ရန် ခုံထက်မှ အသာဆင်းလိုက်မိ၏။ ခြေဖျားက ပါကေးငြမ်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



မထိဘဲ လူကို ဖမ်းလိုက်တာမို့ ရုတ်တရက် လန့်သွားရပါသည်။

"အို! ... ဘာလုပ်တာလဲ"

"ကျုမှာစိုးလို့ ဖမ်းထားတာလေ"

"ရှင်နော် ... ဘယ်လိုဖြစ်နေလဲ"

"ချို"

"မခေါ်နဲ့ ... မကြားချင်ဘူး။ လွှတ်! ဆိုနေမှ"

"မလွှတ်ချင်ဘူးဆို ဘာလုပ်မလဲ"

ကြည့်စမ်း! ဘယ်အချိန်က ကားဖြင့် ဒီကိုရောက်လာပါလိမ့်။ ပြတင်းပေါက်မှ ကြည့်လိုက်စဉ် သူ့ကားအပြာလေးက မြတ်ခင်းမှာ ရပ်ထားလေ၏။ အခန်းတံခါးမခေါက် အသံမပေးဘဲ ရောက်လာရတယ်လို့ သူ့လက်ထဲမှ ရုန်းနေပေမယ့် ရုန်းထွက်မရပါချေ။

"ကျွန်မလက်အကြောင်း ခုထိ ရှင်မသိသေးဘူးပေါ့လေ"

"ကျစ်! တဆိတ်ရှိ လက်ပါရသလား။ ငရဲကြီးလိမ့်မယ် ချို့ရဲ့"

"ကြီးပါစေ"

ခါးကို ကိုင်ဖက်ထားရာမှ 'ရှန့်ချို'၏ကိုယ်ကို ချီမြှောက်လိုက်လေ၏။ ဘယ်လိုလဲ 'ချို'၊ ဟိုအရင်တုန်းကလိုမျိုး နောက်တစ်ကြိမ် အချော့ထပ်တောင်းရဦးမှာလား။ အချစ်တွေ ပုံပေးခဲ့တုန်းကလို အခုလည်း





ရင်ခုန်သံက ထပ်တူပါပဲ 'ချို'။ မုန်းတယ်ဆိုတဲ့ စကားမျိုး ကိုယ့်ကို နောက်ထပ် ပြောဦးမှာလား။ စိတ်ကြိုက်သာ မုန်းလိုက်ပါ။ 'ချို' နမ်းရှိုက်ခဲ့ဖူးပါသည့် ပါးပြင်ကို ထပ်ရှိုက်ချင်ဦးမှာပဲလား။ ရှိုက်ချင်လည်း ရှိုက်ပါ ချို။

အဓိက,ကတော့ မင်းကို ကိုယ်ပိုင်ဖို့ တစ်ခုတည်းပါပဲ။

"ချို"

"လွှတ်လို့ ပြောနေတယ်နော်"

"အော်ဦးမှာလား ... အလုပ်သမားတွေ အကုန်လုံးကို ပြန်နိုင်းလိုက်ပြီ"

"ဘာ"

"ဟုတ်တယ်လေ၊ အိမ်အစ်ဖို့က ချိုတာဝန်ယူထားတာ မဟုတ်လား ... ဒီတော့"

အိပ်ရာထက် တင်လိုက်တာမို့ မျက်လုံးအစုံကျယ်သွားသည့် ကောင်မလေးက အထိတ်တလန့်ပါပဲလား။ ဟိုတုန်းကလို အကြမ်းနည်း မသုံးချင်သော်ငြား ဒီရိုတ်မာတောင့်တောင့် ကောင်မလေးက မီးနှင့် ထိမှသာ ပျော်ကျလာတော့မှာကိုး။

"ရှင် ... ရှင်နော်"

"မုန်းတယ်ပြောတဲ့အတွက် ဒဏ်ကြေးပါ ချို"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ခုလုံး ရဲရဲနီသွားရပါ၏။ အဲဒီလို အတင်းအကျပ် ပြုမူခဲ့တာကိုပဲ မုန်းခဲ့မိတာ။ ဒီလိုအကြမ်းနည်းနဲ့ အမြဲတောင်းခဲ့လို့ပဲ မုန်းချင်ခဲ့တာလေ။ မဟုတ်သေးဘူး ... ဒီလိုလူကိုပဲ ကျွန်မရင်ထဲမှာ မေ့မရအောင် ချစ်ခဲ့မိတာ မဟုတ်ပါလား။ ဘုရားရေ! ... ဘယ်လို ဖြစ်ပြီး အတွေးတွေ ယောက်ယက်ခတ်ကုန်တာပါလိမ့်။

"ရှင်နော် ... မမတို့သိရင်"

"သိပြီးပြီ"

"ဘာရယ်"

"မှုံ့ဆီမှာ ခွင့်ပြုချက်ရပြီးမှ လာခဲ့တာပါ ချို။ ပြောပါဦး ... ဟိုတုန်းကအတိုင်း ကိုယ့်ကို ချစ်နေတုန်းပဲ မဟုတ်လား"

"ဟင့်အင်း"

"ဟိုတုန်းကလို ရင်ခုန်သံ မြန်နေတုန်းပါပဲ 'ချို'ရာ၊ မညာ ချင်ပါနဲ့"

"မုန်းလိုက်တာ"

"ကြည့်စမ်း! ... ခုထိ ရေရွတ်တုန်းပဲလား"

"ကျွန်မကို ဘယ်အချိန်ထိ ရှင် ဒီလိုပဲ အနိုင်ပိုင်းနေဦးမှာ လဲ"

"သိတယ်ပေါ့လေ"





"အဲဒါကြောင့် ရှင့်ကို မုန်းတယ်လို့ ပြောတာ"

"ကောင်းပြီလေ ... ချစ်တယ်လို့ မပြောမချင်း ပြန်လွှတ် ပေးမယ် မထင်လေနဲ့"

"ရှင်နော်"

ကျွန်မဘေးမှာ လှဲချအိပ်လိုက်ပြီး ရုန်းလို့မရအောင် ဖက်ထား သည့်တွက် စိတ်တိုနေပါ၏။ နောက်ဆုံးတော့ မမတို့ကလည်း သူ့ဘက် တော်သားတွေပဲ ဖြစ်ကုန်တာလေ။ လူလည်ကြီးပါပဲလား ကိုမင်းနန္ဒ၊ ကျွန်မစိတ်, ကျွန်မနှလုံးသားကို ဘယ်အချိန်ထိ ရှင် ခြယ်လှယ်နေဦး မှာပါလဲ။

"ချစ်လား"

"မချစ်ဘူး"

"နောက်တစ်ဆင့်ကို တိုးလိုက်မယ်နော်"

"ကြည့်စမ်း! ရှင်နော်"

"January Wedding လုပ်မယ်လို့ ပြောတာပါ ချိုရဲ့၊ သိပ် လန့်သွားလား"

မျက်စောင်းလှလှလေး ရလိုက်ပါ၏။ နှုတ်ခမ်းဖူးလေးမှ အပြုံး ဖော့ဆိုပွာယ်ကို သူသိနေပြီမို့ သူမ ပါးပြင်နီနီလေးကို ဖတ်ခတ်လိုက်မိ တော့သည်။ 'ချို' မငြင်းဆန်၊ မရုန်းဖယ်တော့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



မေသူချိုအောင်

ရွှေပဒေသာစာပေ



## နောက်လထွက်မည့်စာအုပ်

**ဝင်း ချစ်မြောက်**

ရွှေပဒေသာစာပေ

www.burmeseclassic.com